
www.burmeseclassic.com



www.burmeseclassic.com





BURMESE CLASSIC .com



# လမင်းမှိုမှို

## ဒဏ်ရာအိပ်မက်မိုး




စီစဉ်သူ
မောင်ကျော်လှိုင်
စေတနာစာပေ

www.burmeseclassic.com

www.burmeseclassic.com





BURMESE CLASSIC .com



၁

ဟင့်အင်း ... ဟင့်အင်း ...
မဟုတ်ဘူး ... မှားနေပြီ ...
အားလုံး မှားယွင်းနေပြီ ...
အားလုံး မှားယွင်းနေတယ်ဆိုတာ ဆွတ်သိပြီ ...

"အတု"ရေ ...
ဆွတ်ချစ်တာ "အတု"ကိုလေ ...
ဆွတ်ချစ်သူက "အတု"လေ ...
နှစ်တွေချီပြီး အားလုံးမှားယွင်းနေခဲ့တာ ...
အားလုံးကို အခု ဆွတ် သိပြီ ...
ဆွတ် ... လက်မခံနိုင်ဘူး ...
ဒီအခြေအနေကြီးကို ဆွတ် လက်မခံပါရစေနဲ့ ...။

✧ ✤ ✧



www.burmeseclassic.com

www.burmeseclassic.com



အငြိုးတကြီး အုန်းအုန်းသည်းသည်းရွာနေသော မိုးသံက ဆူညံနေပါသည်။ လျှပ်စီးဝင်းဝင်းပြက်ပြီးလျှင် မကြာခင် ကျယ်လောင်သော မိုးခြိမ်းသံက ကပ်ပါလာသည်။ ပြတင်းပေါက်မှန်ချပ်ကတစ်ဆင့် သည်းကာမည်းနေသော မိုးမြင်ကွင်းကို လှမ်းမြင်နေရပါသည်။

မိုးထဲမှာ လေပါရောၡ သည်းနေသောအခါ ခြံထဲကအပင်တွေ ဒရီးဒယိုင် ယိမ်းဒိုက်ယမ်းခါနေကြတာကို မြင်နေရခြင်းက ဆွတ်ရဲ့ရင်တွေကို လှိုက်ဖိုကာ အလန့်တကြားဖြစ်စေသည်။ တဒိန်းဒိန်း ဆူညံသော ရင်ခုန်သံတွေက အပြင်ကမိုးသံနှင့်အပြိုင် ပြောင်းဆန်နေပါသည်။

"ဆွတ်"

"........."

"ဆွတ်လေး"





သုဝဏ်က ရှေ့တိုးလာကာ ဆွတ်ရဲ့ပခုံးနှစ်ဖက်ကို တင်းကျပ်ကျပ် ဆုပ်ကိုင်လိုက်ပါသည်။

"ဆွတ် ... ဘာဖြစ်နေတာလဲကွာ"

"........."

"ဘာဖြစ်လို့ ငါ့ကို အဲလိုကြီး စိုက်ကြည့်နေတာလဲ"

သုဝဏ်ရဲ့လက်များက ပခုံးမှတစ်ဆင့် ကျောပြင်ကိုကျော်ကာ သိုင်းဖက်လိုက်ပါသည်။ ဆွတ်က အလန့်တကြား ရုန်းကန်ကာ ခြေနှစ်လှမ်းလောက် နောက်ဆုတ်လိုက်၍ သုဝဏ်က ရှေ့ကိုပြန်လည်တိုးကပ်လာသည်။

"သုဝဏ်"

"ဆွတ်"

"ကျေးဇူးပြုပြီး နင် ... နင် ... ဟိုခုံမှာ ငြိမ်ငြိမ်ထိုင်နေပေးပါ သုဝဏ်"

"ဘာဖြစ်လို့လဲ ... ဘာဖြစ်လို့ ထိုင်နေရမှာလဲ၊ မထိုင်နေချင်ပါဘူး၊ မိုးတွေလည်း ရွာနေလို့ ကိုယ့်ချစ်သူလေးကြောက်နေမလားလို့ ကိုယ့်ချစ်သူကို ကိုဖက်ထားချင်လို့လေ၊ ဘာဖြစ်လဲ အဲဒါ"

သုဝဏ်က ဆွတ်ရဲ့ပခုံးနှစ်ဖက်ကို ထပ်မံဆုပ်ကိုင်လိုက်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



"သုဝဏ်ာ ... ငါ့ကိုလွှတ်ပါ"

"မလွှတ်ဘူးကွာ"

သုဝဏ်ာက ဆွတ်ရဲ့မျက်လုံးများကို စေ့စေ့ကြည့်ကာ ဖွတ်တိုးဖက်လိုက်ပါသည်။ ဝိုင်းစက်ချာချာလည်ကာ အထိတ်တလန့်ဖြစ်နေတဲ့ ဆွတ်ရဲ့မျက်လုံးများထဲက အရိပ်အရောင်ကို အသေအချာ စေ့ငှဲအဖြေရှာကြည့်မိသည်။ သူ့ကို စိမ်းစိမ်းကားကား ကြည့်နေတဲ့ မျက်ဝန်းများ။

"သုဝဏ်ာ ... လွှတ်နော်"

"ဟင့်အင်း ... မလွှတ်ဘူး"

"မေမေ"

ဆွတ်က အသံလေးကိုမြှင့်ကာ အော်ခေါ်လိုက်ပါသည်။ သုဝဏ်ာက ဟက်ခနဲ တစ်ချက်ရယ်လိုက်ရင်း ...

"ဘာဖြစ်နေတာလဲ ဆွတ်ရာ၊ နင့်အမေ မရှိဘူးလေ"

"မေမေရော ... မေမေ ဘယ်သွားတာလဲ"

"နင်တို့ဘကြီးအိမ် သွားတယ်"

"ဟင် ... ဘာသွားလုပ်တာလဲ၊ ကားပျက်နေတယ်လေ၊ သွားစရာကားမှ မရှိတာ"

"အေးလေ ... ကားပျက်နေလို့ အခု ငါရောက်လာတုန်း ငါ့အိမ်မှာ ခဏနေတုန်း ငါ့ကား ခဏယူပြီး သွားတာပေါ့"



BURMESE CLASSIC .com



"ဟင်"

"နင့်အမေရယ်၊ ဒရိုင်ဘာဦးကြည်ရယ်၊ နင့်ဘကြီးအိမ် ငါ့ကားယူပြီး သွားကြတယ်၊ နင်တို့အမျိုးတွေ အိမ်တွေအတွက် ဖိတ်စာအားလုံး သုံးဆယ့်ငါးစောင် ဘကြီးကနေ တစ်ဆင့်ပဲ ပေးခိုင်းမယ်တဲ့ ဆိုပြီး ..."

"ဖိတ်စာ ! "

ဆွတ်ရဲ့မျက်လုံးများက ခပ်လှမ်းလှမ်း ညှိခန်းထောင့်က မှန်စားပွဲညိုညိုလေးထံ ရောက်သွားပါသည်။ စားပွဲလေးပေါ်မှာ ရွှေရောင်ဖိတ်စာတစ်ထပ်ဟာ အပုံလိုက်ရှိနေသည်။

ဒါ ... မင်္ဂလာဆောင်ဖိတ်စာတွေပဲ။

"အင်း ... ဖိတ်စာတွေလေ၊ တကယ်ဆို ဝေတဲ့ရက်က နောက်တောင်ကျနေပြီ၊ တစ်ပတ်လောက်ပဲ လိုတော့တာ၊ ငါတို့ဘက်ကိုတော့ ကုမ္ပဏီရုံးကကောင်လေးတွေကိုမှာပြီး ဝေခိုင်းလိုက်ပြီ၊ အန်တီဖြူကတောင် နင်တို့ဘက် ဖိတ်စာတွေပါ ကူဝေပေးပါဦးတဲ့"

ဖိတ်စာ ...။

ဆွတ် ရင်ထဲ တဒိန်းဒိန်းမြည်သံက ပိုမိုမြည်ဟည်းကျယ်လောင်လာသည်။ ဝေတောင်ဝေနေပြီ။ မင်္ဂလာဆောင်က နောက်တစ်ပတ်တဲ့။ အို ... ဘယ်ဖြစ်ပါ့မလဲ၊ ဘယ်ဖြစ်နိုင်ပါ့မလဲ။



www.burmeseclassic.com

www.burmeseclassic.com



"ဆွတ် … နေကောင်းရဲ့လား"

သုဝဏ်က ဆွတ်ရဲ့ပခုံးကို သိမ်းဖက်လိုက်ပြန်သည်။ ဆွတ်က သုဝဏ်ရဲ့လက်များကို ဖြုတ်ဖယ်ချကာ လှည့်ထွက်လိုက်ပါသည်။

"ဆွတ် … ဘာဖြစ်နေတာလဲကွာ"

"………"

ဆွတ်ရဲ့ခန္ဓာကိုယ်လေးက တဆတ်ဆတ်တုန်ယင်လာပါသည်။ ဒီလိုတင်းကျပ်တဲ့ အထွေးအပွေ့တွေ။ ပါးပြင်ထက်က၊ နှုတ်ခမ်းလွှာများပေါ်က ဖိကပ်မွှတ်သိပ်သောအနမ်းတွေ။ ဒါတွေ ဘယ်နှကြိမ်တောင်လဲ။ နေ့ပေါင်း ရက်ပေါင်း လပေါင်းများစွာ၊ နှစ်တွေတောင်ရှိလာတဲ့အထဲ အကြိမ်ကြိမ် အထပ်ထပ် အဖန်ဖန်အခါခါ။

အို … ခွင့်လွှတ်ပါ … ခွင့်လွှတ်ပါ အတုရယ်။

ဆွတ် … ဆွတ် တကယ်ကို မသိခဲ့တာပါ။

"ဆွတ်"

"သုဝဏ် … နင် … နင် ကျေးဇူးပြုပြီး ငြိမ်ငြိမ်ထိုင်နေပါ"

"ဘာဖြစ်လို့လဲ ဆွတ်၊ နင် ဘာဖြစ်နေတာလဲ"

ဆွတ်က မူးဝေလာတဲ့ခေါင်းကို လက်နှစ်ဖက်နှင့် အုပ်ကိုင်ကာ အာရုံထဲ မြင်ယောင်လာတဲ့ မြင်ကွင်းဟောင်းတွေ၊





တလှုပ်လှုပ်ပြေးနေတဲ့ စိတ်အလျဉ် အသိတွေကြားထဲ ခန္ဓာကိုယ်ရော စိတ်အစဉ်ပါ တုန်ခါလာခဲ့သည်။

"သုဝဏ် … ငါ … ငါ …"

"နင် ဘာဖြစ်လဲ … ဆွတ်"

"ငါ ပြောစရာတွေရှိတယ်၊ မေမေ ပြန်လာရင် ပြောပြစရာတွေ"

"ဘာတွေလဲ ဆွတ်"

သုဝဏ်ရဲ့မျက်နှာပြင်ပေါ်က အပြုံးတွေက ဖျတ်ခနဲလျော့ကျကာ ဆွတ်ရဲ့မျက်နှာကို စိမ်းစိမ်းစူးစူး စိုက်ကြည့်နေပါသည်။

"ငါ … ငါ …"

"………"

"အခု ငါသိပြီ … ငါသိပြီ သုဝဏ်"

"ဘာ … နင် ဘာသိတာလဲ"

သုဝဏ် မျက်နှာကပျက်ကာ ဆွတ်ရှိရာဆီ ထပ်မံတိုးကပ်လာပါသည်။

"ဆွတ် နေကောင်းရဲ့လား"

"ဖယ်ပါ … ငါ့ကို လွှတ်ပါ သုဝဏ်၊ ငါနေကောင်းတယ်"

"ဆွတ်လေး"



www.burmeseclassic.com

www.burmeseclassic.com



သုဝဏ်က ဆွတ်ရဲ့ ကိုယ်လုံးကလေးကို ခပ်တင်းတင်းကျပ်ကျပ်ဖက်ထားလိုက်ရင်း ...

"ဆွတ် ... နင်က မိုးတွေအရမ်းရွာရင် မိုးတွေတအားခြိမ်းရင် သိပ်ကြောက်တတ်တာလေ၊ နင်အခု အရမ်းကြောက်နေတာလား ... ဟုတ်လား၊ မကြောက်နဲ့နော် ဆွတ် ငါ ရှိတယ်၊ အဲဒါကြောင့် နင့်ကို ငါဖက်ထားတာ၊ နင်ကြောက်မှာစိုးလို့ သိလား"

သုဝဏ်က တင်းတင်းဖက်ကာ ဆွတ်က ရုန်းကန်နေတာမို့ ခြေထောက်ချင်းရှုပ်ယှက်ယိမ်းယိုင်ကာ နှစ်ဦးသားဆိုဖာရှည်ပေါ် လဲပြိုကျသွားရပါသည်။

"သုဝဏ် ... နင့်လက်ကိုလွှတ်"

"ဟင့်အင်း ... မလွှတ်ပါဘူး၊ နင်ကြောက်နေတာ မဟုတ်လား"

"မကြောက်ဘူး၊ ငါ ဘာမှမဖြစ်ဘူး"

သုဝဏ်ရဲ့နှုတ်ခမ်းများက ဆွတ်ရဲ့ပါးပြင်ပေါ်တိုးကပ်ဖိအပ်လာပါသည်။ ဆွတ်က ခေါင်းကလေး ယမ်းကာ ရုန်းရင်းဖယ်ရင်း ဝမ်းနည်းထိတ်လန့်စိတ်ကြောင့် မျက်ရည်များရစ်ဝိုင်းလာရသည်။





သုဝဏ်ရဲ့အပွေ့အဖက် အချုပ်အနှောင်က ရုန်းရခက်လောက်အောင် တင်းကျပ်လာတဲ့အခါ ဆွတ်သည် ကတုန်ကယင်အသံလေးနှင့်ပင် ...

"မမိငယ် ... မမိငယ်"

တတ်နိုင်သမျှ အသံမြှင့်ပြီး အော်ခေါ်ပါသည်။ မေမေမရှိရင်တောင်မှ မမိငယ်တော့ ရှိမှာပေါ့။

"မမိငယ် မီးဖိုမှာ ထမင်းချက်နေတယ် ဆွတ်၊ လေတွေအရမ်းတိုက်နေလို့ မီးဖိုဘက်ကူးတဲ့ တံခါးကို ပိတ်ထားမယ်လို့ပြောပြီး ငါပိတ်ထားတယ်၊ နင့်အသံလည်း သူကြားမှာမဟုတ်ဘူး ဆွတ်"

"နင် ... နင် ... တံခါးကို သော့ချထားတာလား"

"ဟင့်အင်း ... ငါ သော့ချမထားပါဘူး"

ဆွတ်က အားတင်းကာ ရုန်းကန်နေရင်း ဝဲရစ်နေသော မျက်ရည်တို့က ပါးပြင်တစ်ဖက်တစ်ချက်ပေါ် ကသီကရီ သွယ်တန်းစီးလိမ့်ကျလာခဲ့ပါသည်။

"ဆွတ် ... နင် ဘာဖြစ်လို့ ငိုရတာလဲ"

"နင် ... နင် ငါ့ချစ်သူမဟုတ်ဘူး၊ မဟုတ်ဘူး သုဝဏ်"

"ဘာ"

"နင် အဲဒါကို မသိဘဲနေမလား၊ နင် အသိဆုံး၊ နင် အသိဆုံးပဲ"



www.burmeseclassic.com

www.burmeseclassic.com



"........."

"နင် လူလိမ် ... လူညာ"

ဆွတ်မျက်နှာပေါ် မှိုးထားသော သုဝဏ်ရဲ့မျက်နှာပေါ်မှာ မျက်ဝန်းများက ရုတ်တရက် စိမ်းတောက်အေးစက်သွားပါသည်။

"နင် ဘာတွေပြောနေတာလဲ ဆွတ်၊ နင်ရူးနေလား"

"ဟင့်အင်း ... မရူးဘူး၊ ငါ့ကို အရူးဆိုပြီး လှည့်စားနေတာက နင်၊ နင် ... နင် သစ္စာမရှိဘူး သုဝဏ်၊ နင် အားလုံးအပေါ် သစ္စာမရှိဘူး"

ဆွတ်က တသိမ့်သိမ့် ရှိုက်ငင်လိုက်ပါသည်။

"ဘာတွေပြောနေတာလဲ"

"ငါ ဘာတွေပြောနေလဲ နင် အသိဆုံးပဲ"

"မသိပါဘူး၊ ဘာတွေပြောနေမှန်းကို မသိဘူး"

"အားလုံးထဲမှာ အစစအရာရာ အစအဆုံးကို လုံးစေ့ပတ်စေ့ သိထားတာဆိုလို့ နင် ... နင်ပဲရှိတာ သုဝဏ်၊ အားလုံးကို သိသိနဲ့ နင်ညာခဲ့တာ၊ နင်သစ္စာမဲ့ခဲ့တာ၊ နင်သိပ်ရက်စက်တာပဲ၊ နင် ငါတို့အပေါ် သစ္စာမရှိဘူး သုဝဏ်"

"နင် မိုးတွေအရမ်းသည်းပြီး မည်းမှောင်နေလို့ ကြောက်ပြီး စိတ်တွေယောက်ယက်ခတ်နေတာ ဆွတ်"





"မဟုတ်ဘူး ... မဟုတ်ဘူး"

"ဟုတ်တယ်၊ ဆေးသောက်ပြီး အိပ်ရင်အိပ်လိုက်လေ ဆွတ်လေး ... နော်၊ အိပ်ရာထဲသွားမလား၊ နားလိုက်လေနော်"

"ဟင့်အင်း ... မသွားဘူး"

ရုတ်တရက် သုဝဏ်က ဆွတ်ကိုပွေ့ချီဖို့ ကြိုးစားလိုက်ပါသည်။

"ဟင့်အင်း ... ဟင့်အင်း ... လွှတ်"

ဆွတ်က ရုန်းလည်းရုန်း သုဝဏ်ရဲ့ရင်ဘတ် ပခုံးများကိုလည်း လက်လှမ်းမီရာ ရိုက်ပုတ်ထုရိုက်မိသည်။

"ဆွတ် ... ဘာဖြစ်နေတာလဲ၊ ငါ ချစ်လို့သည်းခံနေတာနော်၊ ငြိမ်ငြိမ်နေစမ်းပါ"

"ဟင့်အင်း ... မနေဘူး၊ နင် ငါ့ကို အခုလွှတ်မလား မလွှတ်ဘူးလား"

"မလွှတ်ဘူးဆိုကွာ၊ နင် ဒီလိုဖြစ်နေရင် ပိုတောင်မှမလွှတ်သေးတယ်၊ မလွှတ်ဘူး"

ဆွတ်က တသိမ့်သိမ့် ရှိုက်ငင်လိုက်ပါသည်။ သန်မာတဲ့ သုဝဏ်ရဲ့လက်မောင်းများအကြားမှာ လွှတ်အောင်လည်း



www.burmeseclassic.com

www.burmeseclassic.com



မရုန်းနိုင်ပါ။ ကိုယ့်ချစ်သူရယ်လို့ ယုံမှတ်အားကိုးစိတ်နှင့် ညင်ညင်သာသာ ပါးအပ်မှေးမှိန်ခဲ့သော ဤရင်ခွင်ကို အခုတော့ နာနာကြည်းကြည်း ထုရိုက်တွန်းဖယ်နေမိသည်။

"မမိငယ်"

ဘယ်လောက်ပဲ တိုးအော်အော် ပြင်းထန်သည်းမည်းလှတဲ့ မိုးသံလေသံကြားမှာ ဆွတ်ရဲ့အသံကို မမိငယ် ကြားနိုင်ဖို့ မလွယ်။ ကြားတယ်ပဲ ထားပါဦး။ အိမ်ရှေ့ဘက်ကို ဘယ်လိုလုပ်ပြီး လာမလဲ။ သုဝဏ်က တံခါးကို ပိတ်ထားလိုက်ပြီလေ။

ရက်စက်လိုက်တာ သုဝဏ်ရယ်။

"မမေ်ရေ ... မမိငယ်ရေ"

"နင် ဘာဖြစ်နေတာလဲ၊ ငါ စိတ်တိုလာပြီနော်၊ အန်တီတို့ မမိငယ်တို့ကို နင်က ခုလိုကြုံးအော်ခေါ်နေရအောင် ငါက ဘာမို့လို့လဲ၊ ငါက လူဆိုးသူခိုးမို့လို့လား၊ ငါက နင့်ချစ်သူ သိရဲ့လား၊ နင်နဲ့ မကြာခင် လက်ထပ်တော့မယ့် နင့်ချစ်သူ"

"မဟုတ်ဘူး ... မဟုတ်ဘူး"

"ဟုတ်တယ်၊ နင့်ကိုသိပ်ချစ်တဲ့ သုဝဏ် သိရဲ့လား"

"မညာပါနဲ့ ... မညာပါနဲ့ သုဝဏ်"





"ငါက ဘာလို့ ညာရမှာလဲ၊ စိတ်တိုလာပြီနော်"

"နင်သိပါတယ်၊ နင်မသိဘဲ မနေပါဘူး၊ နင်အသိဆုံးပါ သုဝဏ်၊ ငါ့ချစ်သူက 'အတု'ပါ"

"ဘာ'အတု'လဲ"

"အတုလ ... နင့်ရဲ့အချစ်ဆုံးသူငယ်ချင်း အတုလလေ၊ အတုနဲ့ ငါ ချစ်သူတွေဆိုတာ နင် သိပါတယ်၊ သိသိရက်နဲ့ သုဝဏ်ရယ်၊ နင် လုပ်ရက်တယ်၊ ရက်စက်လိုက်တာဟာ"

"ဆွတ်"

သုဝဏ်ရဲ့မျက်နှာက သွေးရောင်ဖျော့တော့ကာ ဖွေးဆုတ်သွားသည်။

"ဆွတ် ... နင် ဘာတွေပြောနေတာလဲ"

"ငါ ဘာတွေပြောနေတာလဲ နင်အသိဆုံး၊ ငါ ဒါတွေကို တစ်သက်လုံး ပြန်မပြောနိုင်တော့ဘူးလို့ နင်ထင်နေတာလား သုဝဏ်၊ အဲသလိုပဲ ဖြစ်စေချင်တာလား ဟုတ်လား"

မျက်ရည်ပြည့်လျှံနေသော ဆွတ်ရဲ့မျက်ဝန်းများနှင့် သုဝဏ်ရဲ့စိမ်းတောက်အေးစက်သော မျက်ဝန်းများက အကြည့်ချင်း အတန်ကြာ ဆုံစည်းငြိစိုက်နေပါသည်။



www.burmeseclassic.com

www.burmeseclassic.com



"နင် ... နင့်သူငယ်ချင်းအပေါ်လည်း သစ္စာမရှိဘူး၊ ငါ့အပေါ်လည်း သစ္စာမရှိဘူး၊ ငါတို့ရဲ့ဒုက္ခအခက်အခဲတွေကို အခွင့်ကောင်းယူပြီး နင် ..."

"တော်စမ်း ဆွတ်၊ နင် ရူးနေလား"

"........."

"နင် ဘာတွေလျှောက်ပြောနေတာလဲ ဆွတ်၊ တစ်ခုမှ မဟုတ်ဘူး၊ ဒါတွေအားလုံး နင့်ခေါင်းထဲက ထုတ်ပစ်လိုက်၊ ဘာတစ်ခုမှ မှတ်မထားနဲ့၊ အမှန်တွေမဟုတ်ဘူး"

"အဲဒါ အမှန်တွေ၊ အခု လူတွေသိနေကြတာက နင်လုပ်ကြံဖန်တီးထားတဲ့ အမှားတွေ"

"မဟုတ်ဘူး၊ နင်က ငါ့ချစ်သူ"

"ငါ နင့်ချစ်သူ မဟုတ်ဘူး သုဝဏ်၊ ငါ့ချစ်သူက အတုလ"

"ဘယ်က အတုလလဲ၊ အတုလ ဆိုတာ မရှိဘူး၊ အတုလ ဆိုတာ လောကကြီးမှာ မရှိဘူး၊ အဲဒါ နင်မှတ်ထား၊ နင့်ကိုသိပ်ချစ်တဲ့ နင်ကလည်း သိပ်ချစ်တဲ့ နင့်ချစ်သူက သုဝဏ်ပဲ၊ ငါပဲ၊ နောက်တစ်ပတ်ဆိုရင် နင်နဲ့ငါ လက်ထပ်ပြီ၊ အဲဒါပဲ နင့်ခေါင်းထဲ ထည့်ထား"

"ဟင့်အင်း ... ဟင့်အင်း"





သုဝဏ်ရဲ့ချုပ်ဖက်မှုက ပိုပြီးတင်းကျပ်တွေးပိုက်လာပါသည်။

"နင့်ကို သိပ်ချစ်တာ ငါပဲ၊ သိလား ဆွတ်၊ သုဝဏ်ဆိုတာ နင့်ကို သိပ်ချစ်တဲ့ချစ်သူ၊ နင်တစ်သက်လုံး မြတ်မြတ်နိုးနိုး ချစ်သွားရမယ့် ချစ်သူ၊ နင်တစ်သက်လုံး ပေါင်းရမယ့် ချစ်သူ"

သုဝဏ်က အရူးတစ်ယောက်လို ကမူးရှူးထိုးရေရွတ်နေပါသည်။ သုဝဏ်ရဲ့မျက်နှာ၊ နှာခေါင်း၊ နှုတ်ခမ်းတို့က ဆွတ်ရဲ့မျက်နှာပေါ် တရစပ်ထိကပ်ဖိအပ်လျက်။ လည်တိုင်လေးကို မော့ကာ ခေါင်းကိုယမ်းကာ မထိအောင် ရုန်းဖယ်နေတဲ့ ဆွတ်သည် တစ်ချိန်မှာတော့ ခွန်အားအကုန်သုံးကာ ခြေအစုံလက်အစုံ အားလုံးသုံး၍ ဝုန်းခနဲ တွန်းဆောင့်ဖယ်လိုက်ပါသည်။

လက်ရဲ့တွန်းအားအပြင် ခြေထောက်ရဲ့ကန်အားနှင့်ပါ မမျှော်လင့်ဘဲ အငိုက်မိသွားတဲ့ သုဝဏ်ရဲ့ခန္ဓာကိုယ်က နောက်ဖက်လန်ကာ ဆိုဖာပေါ်မှ တစောင်းပြုတ်ကျသွားသည်။

အခိုက်အတန့် စက္ကန့်ပိုင်းလေးကို မတွေဝေ အလစ်မပေးဘဲ ဆွတ်က ချက်ချင်းလူးလဲထ,ကာ သူ့လိုပင် ကြမ်းပေါ်မှ လူးလဲထနေသော သုဝဏ်ကို နီးရာလက်လှမ်းမီရာ သည်းသည်းကွဲကွဲ မမြင်ဘဲ ဆွဲလွှဲ၍ ထိမိထိရာ ရိုက်ချလိုက်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



"ခွပ်"

"အား"

"………"

သုဝဏ်က သူ့ချိုစောင်းကို လက်နှင့်အုပ်ကာ မှုးဝေပြာနမ်းပြီး ဒူးညွတ်ကျသွားပါသည်။

"ဆွတ် … နင် ဘယ်လိုလုပ်လိုက်တာလဲ"

ဒေါသတကြီးလည်း ကုန်းအော်လိုက်ရင်း သူ လက်လှမ်းမီနိုင်သော ဆွတ်ရဲ့ခြေကျင်းဝတ်တစ်ဖက်ကို လှမ်းဆုပ်ကိုင်ဖို့ လက်ကို ဆတ်ခနဲ လှမ်းလိုက်ပါသည်။ ဆွတ်က သုဝဏ်လက်ဖျားနှင့် ထိမိသော ခြေကျင်းဝတ်ကို ကမန်းကတန်း နောက်ဆုတ်လိုက်သည်။

"ဆွတ် … လာခဲ့"

"………"

သုဝဏ်ရဲ့ခေါင်းကို ဖိထားသော လက်ဖဝါးအကြားမှ သွေးစီးကြောင်းက စီးသွယ်ယိုကျလာပါသည်။ ရင်တဒိတ်ဒိတ်တုန်နေသော ဆွတ်သည် သွေးကိုမြင်လျှင် ပိုပြီးမူးမိုက်ပြာဝေလာသည်။

သွေး … သွေးတွေ။





အဲဒီနေ့က သွေးတွေပဲ။ သည်းသည်းမဲမဲ မိုးရေထဲက စားသံ တုတ်သံ အော်ဟစ်သံ ဆဲဆိုသံ ငရဲပွက်သကဲ့သို့သော ရုန်းရင်းဆန်ခတ် မြင်ကွင်းက ဆွတ်ရဲ့အာရုံထဲ ဖျတ်ခနဲ ဖျတ်ခနဲ လျှပ်ပြက်သလို တစ်ကွက်ချင်း လင်းခနဲ ပြန်ကာ ပြန်ကာ ပေါ်လာသည်။

အတုလ …

သုဝဏ် …

ဝေလျှံ …

ဆွတ် သိပ်ချစ်သော သူငယ်ချင်းသုံးယောက်။ ဆွတ်ကိုလည်း သိပ်ချစ်ကြတဲ့ သူငယ်ချင်းသုံးယောက်လေ။ အဲဒီနေ့ ခြိမ်းခြိမ်းသည်းသည်း မည်းမှောင်နေတဲ့ မိုးထဲလေထဲမှာ ဖင်လင်းတို့ … နိုင်မင်းသော်တို့ အုပ်စုနဲ့ ရန်ဖြစ်ခဲ့ကြတာလေ။

သွေးတွေ သွေးတွေ ဆိုတာ မိုးရေနှင့်ရောကာ ကျဲတောက်နီစွေးသော အရည်တွေအဖြစ် ကတ္တရာလမ်းပေါ်မှာ။ လဲသူလဲ ပြိုသူပြို ကုန်းထသူထ ဆောင့်တွန်းသူတွန်း။ ဝင်းခနဲ လျှပ်ရောင်မှာ လက်သွားတဲ့ ဓားမြှောင်သွားရဲ့အရောင်။ လက်နှစ်ဖက်နဲ့ စုံကိုင်လွှဲမြှောက်လိုက်တဲ့ တုတ်တွေ။

"ဆွတ် … အခုလာစမ်း"



www.burmeseclassic.com

www.burmeseclassic.com



သုဝဏ်သည် နမှုးပြင်နှင့် ပါးတစ်ခြမ်းပေါ် စီးကျနေရှိသောသွေးများနှင့် ဒယီးဒယိုင် ကုန်းထ,လာသည်။

"နင် ငါ့ကို ပန်းအိုးနဲ့ခေါင်းကိုရိုက်တယ်၊ နင့်ကို ငါ ဒီလောက်ချစ်တာ၊ ငါ့ကို ဘာဖြစ်လို့ အဲသလို ရက်စက်ရတာလဲဟင်"

သုဝဏ်က မတ်မတ်မရပ်နိုင်ဘဲ ဒူးထောက်ရက် လှမ်းလာပါသည်။ ဒီတစ်ကြိမ် သုဝဏ်လက်တွင်း ပြန်လည်ကျရောက်မိလျှင်တော့ မလွယ်နိုင်တော့ပြီပဲ။ ဆွတ်က ရှေ့မှာရှိနေသော ဖိတ်စာထပ်ကို မီးသလိုလှမ်းဆွဲကာ ဖိတ်စာတွေနှင့် သုဝဏ်ထံ လှမ်းပစ်ပေါက်ရင်း ...

"သုဝဏ် ... နင် ရှေ့မတိုးလာဘဲ အေးအေးဆေးဆေးနေတော့နော်၊ ပြောလို့မရဘူးလား"

"ဘာမှမပြောနဲ့၊ နင် အခု ငါ့ဆီလာခဲ့၊ ဟာ ... ဟာ ... ဖိတ်စာတွေနဲ့ ဘာဖြစ်လို့ ပစ်ပေါက်ရတာလဲ"

"........."

"ဟာ ... ပေကုန်ပြီ၊ သွေးတွေလည်း ပေကုန်ပြီ၊ ဖိတ်စာတွေလည်း ကြေကုန်ပြီ၊ ဒါ ငါတို့မင်္ဂလာဆောင်ဖိတ်စာတွေဟ၊ နင် ဘာတွေမှတ်နေသလဲ ဆွတ် ... ဟင်၊ တောက် ... ငါ စိတ်တိုလာပြီနော်"

"........."





"ဒီဖိတ်စာလေးတွေ ငါ ဘယ်လောက်မြတ်နိုးလဲ တန်ဖိုးထားလဲ နင်မသိဘူးလားဟင် ... ဆွတ်၊ တော်တော့ဆို၊ ငါ အရမ်းဒေါသထွက်လာပြီနော်"

ဒေါသဖြစ်လာသလို အံကိုကြိတ်ကာ သုဝဏ်က အတင်းကြိုးထသည်။ ဆွတ်က သူ့နောက်ဘက်မှ ပတ်ပြေးရင်းကကုန်းကွနေသော သုဝဏ်ရဲ့ကျောပြင်ကို ဝုန်းခနဲ အားနှင့်ဆောင့်တွန်းလှဲလိုက်ပြန်ပါသည်။

သုဝဏ်လက်ထဲ ပြန်အမိခံလို့ မဖြစ်တော့ဘူးဆိုတာ ဆွတ် အသိဆုံးပါ။ ဒီတစ်ကြိမ် မိလို့ကတော့ အမြဲတစေ အဖက်ကြမ်း အနမ်းကြမ်းလှတဲ့ အချစ်ကြမ်းသမား သုဝဏ်ဟာ ဆွတ်ကိုလုံးဝအလျှော့ပေး ညာတာလိမ့်ညာတာမဟုတ်။ ဆွတ်ထံမှ စကားတွေလည်း သူ ကြားသိပြီးပြီ။

အတုကို ဆွတ် သေသေချာချာ သက်ီရနေပြီကိုလည်း သုဝဏ် သိပြီးဖြစ်တဲ့နောက် သုဝဏ်က အလျှော့ပေးတော့မှာ မဟုတ်ပါ။ သုဝဏ် ကြမ်းပေါ်မှောက်ရက်ကြီး ပြန်လည်လဲပြိုကျဆဲ ဆွတ်က အိမ်တံခါးဝဆီသို့ ပြေးသည်။ အိမ်တံခါးကတော့ လက်ကိုင်ဘု ဆွဲလှည့်ဖွင့်လိုက်ရုံနှင့် ပွင့်သွားတာမို့ အချိန်မဖင့်။

ဆွတ်က ပြင်းထန်သည်းမည်းသော မိုးလေထဲသို့ ဖွတ်အတင်း ပြေးထွက်လိုက်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဆွတ်"

"………"

"ဆွတ် … နင် ရှူးနေလား၊ မိုးသည်းထဲကို"

"………"

ဆွတ်သည် ချမ်းတုန်အေးစက်နေသော မိုးထဲ၌ အပြေးတစ်ပိုင်းနှင့် ဝိုရှိုက်လာမိသည်။ ဘာရည်ရွယ်ချက်နဲ့လဲ၊ ဘယ်ကိုဦးတည်တာလဲ ဆွတ် မသိ၊ ဆွတ် မတွေးမိ။ ရင်ထဲမှာ နာကျင်ဝမ်းနည်း ထိနိုက်နေတာပဲ ဆွတ် သိပါသည်။ ခြေလှမ်းများက ခြံဝင်းရှိရာ လမ်းသွယ်လေးမှ လမ်းမ,ထိပ်တစ်ဖက်ဆီသို့ အလိုအလျောက်ပင်။

"ဆွတ် … ပြန်လာစမ်း၊ အခု ပြန်လာခဲ့စမ်း"

"………"

နောက်က သုဝဏ်အသံက ပါလာသည်။ သူလည်း ပြေးလိုက်လာတာပဲ။ ဆွတ်တစ်ချက် လှည့်ကြည့်လိုက်လျှင် မိုးထဲမှာ နဖူးမှသွေးရေကျဲတွေ စီးကျနေတဲ့ သုဝဏ်ပုံစံက အဲဒီတစ်နေ့ကို အမှတ်ရစေသည်။

အတုရေ …

ဆွတ်ချစ်တာ အတုကိုလေ …

ဆွတ်ချစ်သူက အတုလေ …





နှစ်တွေချီပြီး အားလုံးမှားယွင်းနေခဲ့တာ …

ဆွတ်သည် ရှိုက်ရင်းငင်ရင်း တီးတိုးရေရွတ်ရင်း လမ်းမထိပ်ပေါ် ရောက်လာပါသည်။ အားမရှိသော ခြေလက်တို့က ဘာမှမလုပ်ရဘဲ ခြေကုန်လက်ပန်းကျနေသည်။ ဆွတ်ရဲ့ခြေလှမ်းတွေက နေ့ကွေးကာ လမ်းမကြီးပေါ်ကို ဘယ်ဘက်တစ်လှည့် ညာဘက်တစ်လှည့် ကြည့်လိုက်ပါသည်။

သည်းလွန်းတဲ့မိုးကြောင့် အရာအားလုံးက မှုန်ဝါးဝါး။ မြင်ကွင်းက ဝိုးတဝါး။ ကားရဲ့မီးရောင်ထိုးထားတာမျိုးသာ မရှိလျှင် ကားကိုယ်ထည်တွေကိုပင် သဲသဲကွဲကွဲ ထင်းထင်းရှင်းရှင်း မမြင်သာ။ ဆွတ်က အသိစိတ်ကင်းကင်းလေး ငေးမျှော်ငိုင်ကာ ခေတ္တငြိမ်ရပ်နေမိသည်။

အတုလ … နင် ဘယ်ရောက်နေသလဲကွယ်။

"ဆွတ် … ဆွတ်"

✧ ✤ ✧



www.burmeseclassic.com

www.burmeseclassic.com



၁

ကားပေါ်ကဆင်းကာ လမ်းလျှောက်လာသော ဆွတ်ကို ကော်ရစ်တာအုတ်ဘောင်ပေါ် ထိုင်နေတဲ့ သူတို့သုံးယောက်သားက ခေါင်းတွေဆင်တူစောင်းကာ ငေးကြိုမျှော်ကြည့်နေကြတာမို့ ဆွတ်က ခပ်သွက်သွက်ကလေး လှမ်းလာသည်။

အနားနီးလေ သုံးယောက်လုံး မျက်နှာက စူပုပ်ပုပ် မှုန်တေတေ ဖြစ်နေတာ သိသာလေပင်။ ဆွတ်က မျက်ခုံးမည်းမည်း ညို့ညို့လေးကိုတွန့်ကာ ...

"ဟဲ့ ... နင်တို့ ဘာဖြစ်နေကြတာလဲ"

"နင့်ကို ကြည့်မရလို့ပေါ့"

"ဟင်"

"ဟုတ်တယ်၊ အမြင်ကိုကတ်တယ်"





"........."

"လုံးဝခရော့စ်ပဲ"

"အမယ် ... တစ်ယောက်တစ်မျိုးနဲ့၊ ဘာကိစ္စ ငါ့ကိုကြည့်မရကြတာလဲ၊ ငါက နင်တို့ကို ဘာလုပ်နေလို့လဲ"

အုတ်ခုံပေါ်မှ သုဝဏ်က အရင်ခုန်ဆင်းလိုက်ရင်း ခါးနှစ်ဖက်ကို စုံထောက်ကာ ဆွတ်ကို ခြေဆုံးခေါင်းဖျားတမင်တကာ နှစ်ပြန်သုံးပြန် စုံဆန်ကြည့်လိုက်ပြီးမှ ...

"ကျောင်းတက်မှာလား၊ ဖက်ရှင်ရှိုး လျှောက်မှာလား၊ ပြော"

"ဟဲ့ ... ကျောင်းတက်မှာပေါ့၊ ဖက်ရှင်ရှိုးကို ဘယ်သူက အဖြူအစိမ်းနဲ့ လျှောက်မှာလဲ အရူးရဲ့"

အုတ်ဘောင်ပေါ်မှ အတုလက ခေါင်းအသာအယာယမ်းရင်း ...

"ဟုတ်တယ်ဟာ၊ ဒီကောင်ပြောတာ မလွန်ဘူး၊ နင့်ပုံစံက ကိုးတန်းကျောင်းသူနဲ့မှ မတူတာ"

"အမယ် ... ဘာဖြစ်နေလို့လဲ"

"ရှိုးချည်းပဲလေ၊ ခါးကြားထဲမှာ လက်ကိုင်ပဝါက ညှပ်ထည့်ထားလိုက်သေးတယ်၊ အဲဒါ ငါတို့အမေတွေခေတ်က Old fashion ကြီး"



www.burmeseclassic.com

www.burmeseclassic.com



"ဘာဖြစ်လဲ၊ ငါက တစ်ဖန်ပြန်လည် ဆန်းသစ်နေတာ၊ ငါ အဲလိုလေး ညှပ်ထားလို့ သင်းမြအေးတို့တောင် အခု လိုက်ညှပ်ထည့်နေတာ မတွေ့ဘူးလား"

"အေး ... ညှပ် ညှပ်၊ ဆွဲထုတ်ရင်း ထဘီကွင်းလုံးကျွတ်ကျမယ်"

"ဝေလျှံနော် ... နင်ပဲကျွတ်ကျမှာ၊ ပုဆိုးကို ချက်ပြုတ်လေးမှာ ထည့်ရုံလေး ထိုးချိတ်ထည့်ထားတာ"

"နင်သာ ကျွတ်မကျစေနဲ့၊ ငါတို့ကျွတ်ရင် အောက်က ဘောင်းဘီတိုက ပေါင်လယ်ထိပါတယ်၊ ဘောက်ဆာဝတ်ထားတာ၊ နင်ကျွတ်ကျရင် အမယ်လေး ... ဘုရား ... ဘုရား ... ဆက်တောင် မပြောရဲဘူး"

"သေလိုက် ... နင်တို့သုံးယောက်လုံး တန်းစီလေးတွေ သေလိုက်ကြ"

ကျောင်းတက်ခေါင်းလောင်း မထိုးသေး၍ အတန်းပြင်ဈေးရစ်ဒါမှာပဲ သူတို့ဆက်ရပ်နေကြပါသည်။

"ငါ အကောင်းပြောနေတာနော် မိဆွတ်မ၊ မနေ့က နင့်ကို ဇင်လင်း စာပေးတယ်ဆို"

ဆွတ်က နှုတ်ခမ်းလေးစူထားကာ မဖြေ။ သုဝဏ် စကားကြောင့် အတုလက မျက်ခုံးတွန့်တွန့်နှင့် ...





"ဘယ်မှာလဲ အဲဒီစာ၊ ပြစမ်း"

"မရှိတော့ဘူး"

"ဘာကိစ္စမရှိရတာလဲ"

"ငါ ဆုတ်ဖြဲပြီး သူ့ကို ပစ်ပေါက်ခဲ့တာပဲဟာ"

"အမယ်လေးနော် ... ဆုတ်ဖြဲပြီးတောင် ပစ်ပေါက်နေလိုက်သေးတယ်၊ မနို့တရို့လေး သွားလုပ်နေမှာပေါ့၊ နင်ဟာလေ တော်တော် ရှထနေတယ်နော်၊ ပဲကပေး ရှိုးကများဆီဗူးကို ခါနေတာပဲ"

"ဘာ ... ဘာပြောတယ် ငါ့ကို"

ဆွတ်က လက်ထဲက ထမင်းဘူးနှင့် ဝေလျှံလက်မောင်းကို တဘုန်းဘုန်း လှဲထုပစ်လိုက်ပါသည်။

"နွဲ့ နွဲ နွဲ နွဲ"

ဝေလျှံ့စကားကို အတုလနှင့် သုဝဏ်က သဘောကျလို့မဆုံး။ ခပ်အုပ်အုပ်နှင့် ကျိတ်ရယ်နေကြပါသည်။ ဆွတ်မျက်နှာလေးက တင်းလာကာ ...

"နင်တို့သုံးယောက် ပေါင်းပေါင်းပြီး ငါ့ကိုမှိုချိုးမျှစ်ချိုးပြောပြောနေကြတာ များပြီနော်၊ ငါ အရမ်းမုန်းတယ်သိရဲ့လား၊ ဝေလျှံ အဆိုးဆုံး၊ ငါ့ကိုဆို ပစ်ပစ်ခါခါ သိပ်ပြောတာပဲ၊ ကြည့်စမ်း ... ဆီဗူးခါနေတယ်တဲ့၊ ငါတစ်ခါမှတောင် မကြားဖူးဘူး ဒီစကား"



www.burmeseclassic.com

www.burmeseclassic.com



"နင်ကလည်း နင်ပဲ၊ ဟုတ်တာပဲဟာ ... ခိ ခိ"

"ဘာဟုတ်တာလဲ သုဝဏ်နော်"

"နင်လမ်းလျှောက်ရင် ဟောသလို ... ဟောသလို ဖင်ကို လှုပ်လှုပ်ပြီး"

အမူအရာနှင့်တကွ ပြောနေသော သုဝဏ်ကို ဆွတ်က စိတ်ဆိုးမာန်ဆိုးနှင့် လှည့်၍ထုထိုက်ရပြန်ပါသည်။ မပြီးနိုင်အောင် အူတက်မလို ဗိုက်နှိပ်အော်ရယ်နေသော အတုလကိုလည်း မလွှတ်စေရ။ ခပ်ပြင်းပြင်းလှည့်ပြီး နှက်လိုက်ပါသေးသည်။

"ကဲ ... ကဲ ... တော်ပြီ၊ ငါတို့နဲ့ နင် ဒီလိုတရင်းတနှီး ရယ်မောရိုက်ပုတ်နေတာမြင်လေ ဟိုကောင်တွေအုပ်စုက ငါတို့ကို မျက်မုန်းကျိုးပြီး နင့်ကိုတော့ ပိုမခံချင်စိတ်နဲ့ နှောင့်ယှက်လေဟ"

"ဂရုမစိုက်ပါဘူး"

"ဂရုမစိုက်ရင်လည်း သိပ်ရှိးမများနဲ့"

"ငါ ဘယ်မှာရှိးများလို့လဲ အတု၊ အများတန်းတူ အကျႌဖြူ ထဘီစိမ်း၊ စလစ်ပါအဖြူပဲ စီးရတာပဲ၊ ငါ သင်းမြအေးလိုတောင် နှုတ်ခမ်းနီပါးပါးလေး မဆိုးဘူး၊ မျက်လုံးအရစ် မခြယ်ဘူး"

"အေးပါ"





"သနပ်ခါးလေးပဲ လိမ်းတာ"

"အဲဒီသနပ်ခါးလေးကပဲ ..."

"အဲဒီသနပ်ခါးလေးက ဘာဖြစ်လဲ သုဝဏ်၊ ဘာများလျှပ်ပေါ်လော်လီနေလို့လဲ"

"မလျှပ်ပေါ် မလော်လီပါဘူး၊ အဲဒီသနပ်ခါးလေးနဲ့ကပဲ နင်က အရမ်းထွက်ပြီး အရမ်းချစ်စရာကောင်းနေတာလေ"

"ဟုတ်တယ်၊ နင် ဘယ်လိုပဲနေနေ ကောင်လေးတွေ မျက်စိကျချင်စရာပုံလေးက အလိုလို ထွက်နေတာ၊ အဲဒါကြောင့် ထပ်ပြီးရှိးမပေးနဲ့၊ နွဲ့တဲ့တဲ့ လမ်းမလျှောက်နဲ့၊ မနိုင့်တရိ မကြည့်နဲ့၊ စူတူမူတူ မလုပ်နဲ့၊ အဲဒါပြောနေတာ"

"ငါ ဘယ်မှာလုပ်လို့လဲ၊ အဲဒါတွေ"

"ဟော ... အခုလုပ်တာ မနိုင့်တရိ စူတူမူတူလေးပဲလေ"

သုံးယောက်လုံးကို ဆွတ်က သိမ်းကြုံးမျက်စောင်းထိုးလိုက်ပါသည်။

"နင်တို့ကိုမို့လို့ လုပ်တာဟာ"

"ငါတို့ကိုလည်း မလုပ်နဲ့ အသည်းယားတယ်"

"ဝေလျှံနော် ... နင် သေလိုက်တော့"

အတုလ၊ ဝေလျှံနှင့် သုဏော်တို့သုံးဦးလုံး ဆွတ်မျက်လုံးလေးပြူးကာ ဒေါပွနေတာကို တခိခိ သဘောကျနေကြပါသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဒီမှာ ... ဒါဆို ငါကလည်း ပြောစရာရှိသေးတယ်"

"ဘာလဲ ... ပြော"

"အတုလ ... ဟိုနေ့က မုန့်ဈေးတန်းမှာ အသုပ်ဆိုင်မှာ သဲမြရှိုလည်း အနားလာရော နေရာထ,ဖယ်ပေးတယ်၊ ဟွန်း ... မျက်နှာလုပ်ချင်တာ"

"ဟင် ... ငါမဖယ်ရင် သူက ငါ့နားလာရပ်နေတော့မှာ တစ်ချိန်လုံး၊ ငါက ထဖယ်ပေးပြီး ခပ်လှမ်းလှမ်းသွားရပ် နေလိုက်တော့ ပြီးရောပေါ့"

"ဆင်ခြေချည်းပဲ"

"ဟုတ်တယ်လေ"

"သုဝဏ်"

"ဟင် ... ငါလည်းပါလား"

"နင် ဟိုနေ့က မိုးပပကို စာအုပ်ငှားတာ ငါမသိဘူးများ မှတ်နေလား"

"ဟင် ... သူက အတင်းလာငှားတာ၊ သူ မကူးရသေးဘူး ပြောပြီးငှားတာ၊ ငါက စာအုပ်လည်းပါ စာလည်းပြီးရက် နဲ့ မငှားဘူးလို့ ယောကျ်ားတန်မယ့် ပြောလို့ရမလားဟ"

"သူ့သူငယ်ချင်းတွေ တစ်ပုံကြီးဟာ၊ သူတို့ဆီက ငှားပစေ ပေါ့"





"မသိဘူးလေ၊ သူက ငါ့လက်ရေးကရှင်းပြီး လှလို့ဆိုပြီး ငါ့ကိုပဲ ငှားတာလေ"

"အဲဒါ နင့်ကို အထာလာပေးနေတာဟဲ့၊ တော်ကြာ လူပါ လာငှားနေဦးမယ်၊ နားလည်လား"

"လူလာငှားရင်တော့ မအားဘူးလို့ ... ဟဲ ဟဲ"

"ဝေလှဲ့"

"အလှည့်ကျသူကတော့ ဒီတစ်ခါ ကျွန်တော်ပါခင်ဗျား၊ ကဲ ... ပြော၊ ငါ ဘယ်သူ့မှ နေရာလည်း ဖယ်မပေးဘူး၊ စာအုပ်လည်း မငှားဘူး"

"အဲဒါတွေထက် ပိုဆိုးတယ်၊ နင်က ချောစုစာအုပ်တွေ အိမ်ယူသွားပြီး အဖုံးလေးတွေ ဖုံးပေးတာ"

"အဲဒါက ... သူက ဟိုတစ်ခါတုန်းက ဟိုဒင်း ..."

"တော်တော့ ... ဘာမှ ဆင်ခြေမတက်နဲ့"

"ဟင် ... ဘာမှတောင် ရှင်းမပြရသေးဘူး"

"ရှင်းပြမနေနဲ့၊ သုံးယောက်လုံး သိပ်ကြည့်မရဘူး၊ ပိပိရိရိ အပိုးကျိုးကျိုးနေကြ၊ ဒါပဲပြောမယ်"

"ငါတို့ ဘယ်ကောင်မလေးနဲ့ အရောဝင်ဝင် သူတို့ကို ငါ တို့က မကြိုက်ရင် ဘာမှမဖြစ်ဘူး နားလည်လား၊ နင်သာ ပိပိရိရိ နေနိုင်ပါမှ၊ အလကားနေရင်း ဟိုလူကလာကြိုက် ဒီလူကစာပေး၊ ဟိုလူကစကားလိုက်ပြော၊ ဒီလူကဖုန်းဆက်"



www.burmeseclassic.com

www.burmeseclassic.com



"သူတို့ဘာသာ ကြိုက်တာပဲ"

"အေး _ မကြိုက်အောင်နေ၊ နင်ကပါ ကြိုက်အောင်လုပ်မနေနဲ့"

"သုဝဏ်နော် ... ငါ ဘာမှမလုပ်ဘဲနဲ့"

"မျက်နှာကို ပေါ့သလိုတင်းထား"

"အဲလိုကြီး မတင်းချင်ပါဘူး၊ ဘီလူးမကြီးကျနေတာပဲ"

"ဘီလူးမကြီး လိုနေပေါ့"

"ဟွန်း"

"ဟွန်းမနေနဲ့၊ နင့်ကို စိတ်ဝင်စားနေ လိုက်ကြိုက်နေနှောင့်ယှက်နေတဲ့ အကောင်တွေနဲ့ စစ်ခင်းနေရတာနဲ့ပဲ ငါတို့သုံးယောက် အားကုန်နေပြီ၊ ဘယ်သူမှ မကြိုက်စေနဲ့ ဒါပဲ"

"ဟဲ့ ... အဲဒါ ငါ ဘာလုပ်လို့ရမှာလဲ"

"မသိဘူး၊ ကြည့်ကျက်လုပ်"

"ဩော် ... ဒီနေ့ assembly ရှိတယ်နော်၊ ငါတို့လွယ်အိတ်တွေ အတန်းထဲသွားထားရဦးမှာ တန်းစီရတော့မယ်"

"ပေး ... နင့်လွယ်အိတ် ငါ့ကို"

"ရော့၊ လေးလိုက်တာ ဒီနေ့ ဘာသာစုံပါလို့ ပခုံးကိုနာနေတာပဲ၊ သိုင်းတယူး အတူ"





"ငါ့ကို ထမင်းဘူးပေးလိုက်လေ"

"ရော့"

ဆွတ်က သုဝဏ်လက်ထဲ ထမင်းဘူး ထည့်ပေးလိုက်လျှင် ဆွတ်ကိုယ်ပေါ်မှာ သယ်စရာ ဘာမှမပါတော့။ ဝေလျှံက မချိုမချဉ်နှင့် ...

"ဒါဆို ငါက နင့်ကို assembly hall ထဲ ချီသွားပေးရမလား ... ဟီး ဟီး ဟီး"

"ပိုမနေနဲ့၊ သယ်ပေးဖို့ဆို နင် လက်အနေးဆုံး ဝေလျှံ"

"ဟီး ဟီး ဟီး"

✧ ♣ ✧



www.burmeseclassic.com

www.burmeseclassic.com



## ၂

ကျောင်းရုံးခန်းကျယ်ထဲမှာ ဟိုဘက်ခြမ်း၌တစ်အုပ်စု၊ ဒီဘက်ခြမ်း၌တစ်အုပ်စု၊ မိဘနှင့်ကျောင်းသားတွေတွဲလျက် အုပ်စုနှစ်စု ထိုင်နေကြပါသည်။

"အစ်မကြီးတို့ ဆယ့်ငါးမိနစ်လောက် စောင့်ပါခင်ဗျာ၊ ဆရာကြီးက ခဏနေရင်ပြန်ရောက်မှာပါ၊ တိုင်းပညာရေးမှူးရုံးက အရေးပေါ်အစည်းအဝေးလေး ပေါ်လာလို့ ဒီနေ့မိဘတွေနဲ့တွေ့ဖို့ ချိန်းထားပြီးမှ နည်းနည်းနောက်ကျနေတာပါ"

ကျောင်းက ဆရာတစ်ယောက်က လာပြောပါသည်။

"ဟုတ်ကဲ့ ... ရပါတယ် ဆရာ၊ စောင့်ရမှာပေါ့"

"ဆရာ ... ကျွန်တော်တို့ အတန်းထဲ ပြန်နေရမလား၊ ဆရာကြီးရောက်မှ ပြန်လာရမလား"





"မနေပါနဲ့၊ ဆရာကြီးရောက်ရင် မင်းတို့အတန်းတွေဆီ လိုက်ခေါ်နေရဦးမယ်၊ ဒီကပဲစောင့်၊ စာသင်တာလွတ်လည်း လွတ်ပစေတော့"

ဟိုဘက်တစ်ခြမ်းက မိဘအုပ်စုနှင့် ဒီဘက်အခြမ်းက မိဘအုပ်စုက သီးသန့်စီ တစ်ဖွဲ့စီလို ဖြစ်နေရပါသည်။ ဟိုဘက်ခြမ်းက ကျောင်းသားတွေနှင့် ဒီဘက်ခြမ်းက ကျောင်းသားတွေ ရန်ပြဿနာဖြစ်ပွားထားရတာ မဟုတ်လား။

ရုံးခန်းထဲမှာ ရှိနေသော တစ်ဦးတည်းသော မိန်းကလေးကတော့ "ဆွတ်ဖြန်းမိုး" ဆိုတဲ့ ဆွတ်ပင်။ ဆွတ်ရဲ့မေမေ ဒေါ်ဖြူဖြူလွင်က ဆွတ်ကို မျက်စောင်းနှင့်ကြည့်ရင်း ခုပင်လိမ်ဆွဲဆိတ်ဆွဲချင်သလို မျက်နှာအိုနေပါသည်။

"တကယ်ပါပဲ၊ သုဝဏ်တို့ အတုတို့ ဝေလျှံတို့ ပြဿနာဖြစ်လိုက်ပြီလားဆို ညည်းကြောင့်ချည်းပဲ ဆွတ်၊ သူတို့ဟာနဲ့သူတို့ဆိုရင် ဘယ်သူနဲ့မှ ဘာမှမဖြစ်ဘူး၊ ညည်းကိစ္စနဲ့ချည်းပဲ"

"ဟွန် ... မေမေကလည်း"

"ဘာမေမေကလည်းလဲ"

"ဆွတ် ဘာမှမလုပ်တဲ့ဟာကို"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ပါတယ် အန်တီ၊ ဆွတ်က ဘာမှမှမလုပ်တာ၊ ဟိုမသာကောင်တွေ လိုက်လိုက်နှောင့်ယှက်နေလို့ ပြဿနာက ဖြစ်နေရတာပါ"

"အတု ပြောတာ ဟုတ်သားပဲ ဖြူရယ်၊ နှောင့်ယှက်တဲ့သူရှိလို့ ပြဿနာကဖြစ်ရတာပဲဟာ၊ ဆွတ်က ကြားထဲက ရှုပ်တီးရှုပ်တုတ်လုပ်လို့ ဖြစ်ရတာမျိုးမှ မဟုတ်ဘဲ"

"မမမြတ်ရယ်၊ ခုပဲ နှစ်ကြိမ်ရှိပြီလေ၊ ဒီနှစ်ထဲ ရုံးခန်းရောက်ရတာ၊ ဒီသားသုံးယောက် ပြဿနာတစ်ခုခုဖြစ်ပြီဆို ဟောဒီမိဆွတ်ကြောင့်ပဲ ဖြစ်နေရတာကို ဖြူက အားနာတာ"

ဝေလျှံ့မေမေ ဒေါ်နှင်းမာက ပြုံးပြုံး ပြုံးပြုံးနှင့် ...

"အို ... နှင်းကတော့ ခုလိုကိစ္စဝိစ္စပေါ်မှပဲ နှင်းတို့တစ်တွေလေးယောက်လုံး စုံစုံညီညီ ပြန်ဆုံရလို့ သိပ်ပျော်တာပဲ၊ ဒီပြဿနာလောက်များ ပေါ်ပါစေ၊ ဘာအရေးလဲ၊ လေးယောက်လုံးဆုံပြီး တွေ့ရတာ အရမ်းဝမ်းသာနေတာ"

"နှင်းပြောတဲ့ အတိုင်းပဲ၊ သူဇာလည်း အဲလိုပဲ၊ အခုက ကျောင်းအုပ်ဆရာကြီးခေါ်လို့ ရုံးခန်းရောက်ရတာပဲ ပျော်နေတာ ... ဟင်း ဟင်း၊ မမမြတ်ရော နှင်းနဲ့ရော မတွေ့တာကြာပြီ၊ မဖြူနဲ့ကမှ တစ်ခါတစ်ရံလေး ဆုံဖြစ်သေးတယ်"





တကယ်တော့ ဆွတ်တို့သူငယ်ချင်းလေးယောက်စလုံးဟာ တစ်ချိန်တစ်ခါက ,တပ်ရင်းတပ်ဝင်း တစ်ခုထဲမှာ ခြံချင်းမလှမ်းမကမ်း အတူတကွ နေထိုင်ကြီးပြင်းခဲ့ကြရတဲ့ ငယ်သူငယ်ချင်းတွေပင်။ မိဘလေးဦးစလုံးကလည်း ဆွေမျိုးရင်းချာတွေနှယ် ချစ်ခင်ရင်းနှီးခဲ့ကြသူတွေပင်။

အသီးသီးမှာ ညီအစ်ကိုမောင်နှမတွေ ရှိသူရှိခဲ့ကြပေမယ့် သက်တူရွယ်တူ အတန်းတူဖြစ်တဲ့ ဒီလေးယောက်က ငယ်ငယ်ကလေးတည်းက လုံးလုံးထွေးထွေး တတွဲတွဲနှင့် ပိုပြီးရင်းနှီးခင်မင်ခဲ့ကြပါသည်။

ဆွတ်ဖြန်းမိုး အပေါ် ချစ်ခင်ဂရုစိုက်ကြတဲ့ ဝေလျှံ၊ အတုလ၊ သုဝဏ်တို့ သုံးယောက်ရဲ့ ထုံးတမ်းစဉ်လာကိုလည်း မိဘတွေအားလုံး သိရှိကြည်ဖြူကျေနပ်ကြပြီးသားပင်။ သားတွေရဲ့အမေသုံးယောက်စလုံးဟာလည်း ဆွတ်ကို သမီးကလေးလိုချစ်ခင်နေကြတာပါ။ ဆွတ်ကိုတင်မက အသီးသီးရဲ့ သားသမီးတို့ကို ကျန်အသီးသီးက တူ့တူမတွေနှယ် ရင်းနှီးချစ်ခင်မှုက ဟိုးတုန်းကတည်းက ခိုင်ခိုင်မာမာ ရှိခဲ့ကြပြီးသားပင်။

"ဟုတ်တယ်လေ ဖြူရယ်၊ ဆွတ်ကိုနှောင့်ယှက်မှတော့ ဒီကောင်တွေပဲ ကာကွယ်စောင့်ရှောက်ရမှာပဲလေ၊ ဒါဆန်းမှ မဆန်းတာ"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တော့ ဟုတ်ပါတယ် မမြတ်ရယ်၊ ဒါပေမဲ့လည်း ဒီကောင်မလေးကိုကပဲ ပြဿနာတည်ဆောက်လွန်းအား ကြီးတယ်"

"မဟုတ်ဘူး အန်တီဖြူ၊ မိဆွတ် ဘာမှမလုပ်ဘူး"

"ဟုတ်တယ်၊ ဟိုအကောင်တွေကိုက ရမ်းကားနေတာ"

"မကြိုက်ဘူး ပြောထားလည်း လူစကားမှ နားလည်ရဲ့လား မသိဘူး၊ ထပ်ခါ ထပ်ခါကို လိုက်နှောင့်ယှက်နေတာ အန်တီဖြူရဲ့"

"မဟုတ်ဘူးလေ၊ ဆွတ်က ကိုယ်မကျေနပ်ရင် ဆရာကြီးဆီ ရုံးခန်းကို တန်းတိုင်မှပေါ့၊ သူက မင်းတို့ကို အရင်တိုင်နေတော့ မင်းတို့က မခံမရပ်နိုင်ဖြစ်ပြီး ဝင်ပါမိတာနဲ့အခြောက်တိုက် သားတို့ပါ ရုံးခန်းရောက်ရတာပေါ့၊ သူသာ ရုံးခန်းပဲတိုင်ရင် နှောင့်ယှက်တဲ့ကောင်တွေနဲ့ သူနဲ့ပဲ ဆရာကြီးရှေ့ ဆုံရှင်းရုံပဲလေ၊ အခုက သားတို့ပါ ကန့်လန့် ကန့်လန့်ပါနေတော့ အန်တီက မမြတ်တို့ နှင်းတို့ သူဇာတို့ကို မျက်နှာပူတယ်၊ အားနာတယ်ကွယ်"

"အို ... မဖြူကလည်း၊ အားနာစရာမရှိ၊ မိသားစုတွေလို နေကြတာဥစ္စာကို"





"ဟုတ်တယ်၊ ဆွတ်က သူတို့ကို အသိမပေးရင် မတိုင်ရင်ကို ဒီကောင်တွေက သူတို့ကို မပြောရကောင်းလားလို့ ပြဿနာရှာဦးမှာ သိနေတယ်"

ဒေါ်ဖြူဖြူလွင်ကတော့ ကိုယ့်သမီးကိုယ်သာ မျက်စောင်းကျပ်ကျပ်ဖိထိုးမိသေးကာ ...

"ညည်းလည်းပဲ ညည်းပဲ မိဆွတ်၊ သူငယ်ချင်းတွေအားကိုးရှိတယ်ဆိုပြီးတော့ ဒီဆယ်တန်းနှစ်မှာ အလှကလည်းပြင်ချင်တယ်၊ ကျောင်းမှာ ဟိုလူဒီလူစိတ်ဝင်စားအောင် ညည်းရှိုးများနေလားမှ မသိတာ"

"ဟာ ... မေမေကလည်း၊ ဆွတ် ဘယ်မှာအလှပြင်လို့လဲ၊ ရှိုးလည်းမပေးဘဲနဲ့"

"ဟုတ်တယ် ... ဟုတ်တယ် အန်တီဖြူ၊ ဒါတော့ သားထောက်ခံတယ်၊ သူက ရှိုးကခပ်များများ၊ ဒီတော့ ဟိုမသာကောင်တွေက ကြိုက်တာပေါ့"

"ဝေလွှံနော်"

"ဘာလဲ ... ဟုတ်တာပဲ"

"ငါ ဘာမှလဲ အလှမပြင်ဘူး၊ အမေမွေးကတည်းက ငါ့ရုပ်က ဒီလိုပဲလှနေတာဟဲ့ ကောင်နာရဲ့"

"ဘုရားရေ ... ဖြစ်မှ ဖြစ်ရလေ"



www.burmeseclassic.com

www.burmeseclassic.com



ဆေလျှံ့အမှုအရာကြောင့် မိခင်တွေပါ မအောင့်နိုင်ဘဲ ပြုံးစိစိ ဖြစ်ကြရသည်။ သူတို့အုပ်စုက ရုံးခန်းထဲ ညှိုးမှိုင်မနေနိုင်ဘဲ နိုးမိုမှ ဖိစီးမနေနိုင်ဘဲ စကားဖောင်ဖောင်နှင့် တမင်တကာ ခိုးနိုးတွေ ဆုံနေကြသလိုတောင် ဖြစ်နေပါသည်။

"ခုလိုဆုံရတာ ပျော်တယ် သိလား၊ လူစုံဆုံလို့ရမယ့်ပွဲလမ်းကလည်း လုပ်စရာမရှိဘူး၊ ပွဲမရှိလည်း ကိုယ့်ဟာကိုယ်လုပ်လိုက်ရုံပဲ၊ တစ်ရက်ဆုံကြရအောင်လေ"

"ဟုတ်တယ်၊ စုပြီးချက်ပြုတ်စားကြမယ်၊ တစ်နေ့ကုန်စကားလည်း အားရပါးရ ပြောရတာပေါ့"

"ဖြူ့ဆီပဲ ဆုံကြပါလား၊ ဖြူက သမီးနှစ်ယောက်ဆိုတော့ ကူလုပ်မယ့်သူတွေနဲ့ ဘာမှသိပ်အပန်းမကြီးဘူး၊ ဖြူချက်ပြုတ်ထားလိုက်မယ်"

"အို ... သမီးတွေခိုင်းဖို့ စိတ်ကူးမနေပါနဲ့ မဖြူရယ်၊ ဆွတ်လည်းပဲ စာသာဖိကျက်ခိုင်းပါ၊ စာမကျက်ဘဲ အားမယ့်အချိန်လေးလည်း သူ့ဟာသူ နားပါစေ၊ သမီးကြီးချမ်းမြကလည်း ဆေးတက္ကသိုလ်က စာများကများနဲ့၊ သူ့ဇာ့ဆီမှာလာဆုံပါလား၊ သူ့ဇာပဲ ချက်ပြုတ်ထားမယ်၊ အခုအိမ်မှာ အလုပ်သမားလည်း ရှိနေတဲ့အပြင် နယ်က အစ်မဝမ်းကွဲအပျိုကြီးကလည်း ဘုရားဖူးရင်း သုံးလေးလလောက်နေ





ဦးမယ်ဆိုပြီး ရောက်နေတာ၊ သူက ဟင်းချက်ကလည်း ကောင်းတယ်"

"ကဲ ... ဒီလိုပဲလုပ်ပါ၊ ဆုံတာတော့ ဘယ်အိမ်ဆုံဆုံပါ၊ ချက်တာ ပြုတ်တာကတော့ တစ်ယောက်တစ်မျိုး နှစ်မျိုး လုပ်ကြတာပေါ့၊ အိမ်ခံက ဒိုင်ခံချက်ရရင် ပင်ပန်းတာပေါ့ ကွယ်"၊

"ဟုတ်တယ်၊ မမမြတ် ပြောသလိုလုပ်တာ ကောင်းတယ်"

"ဒါဖြင့် ဘယ်နေ့ ဆုံကြမလဲ"

"သိပ်ဝေးဝေး မချိန်းပါနဲ့ ဒီတနင်္ဂနွေလောက်လုပ်"

သူတို့အုပ်စုဟာ ရုံးခန်းထဲမှာပဲ အချိန်းအချက်ဖြစ်နေကြပါသည်။ အမေတွေ အချိန်းအချက်ဖြစ်နေဆဲ ဟိုဘက်က လေးယောက်က တိုးတိုးကျိတ်ကျိတ်နှင့် တစ်ဝိုင်းသတ်သတ်။

"ဟဲ့ ... ဆွတ်၊ နင် ဘာလို့ ဟိုဘက်ကကောင်ကို သွားကြည့်နေတာလဲ"

"ဘုရားရေ ... မကြည့်ရပါဘူးဟယ်"

"မျက်စိက ဟိုဘက်ရောက်သွားတာ ငါလည်းတွေ့တယ်"

"ဟဲ့ ... တစ်ချိန်လုံး ငါ့ဇက်ကိုလိမ်ပြီး ထားရမှာလား၊ မျက်လွှာကိုချထားရမှာလား၊ မျက်လုံးက ဟိုဘက်ကို ဦးတည်သွားပေမယ့်၊ ငါသူတို့ကိုကြည့်တာ မဟုတ်ပါဘူး"



www.burmeseclassic.com

www.burmeseclassic.com



"ဟော ... ဟော ... အခုတစ်ချက် ကြည့်ပြန်ပြီ"

"ကျွတ် ... အဲဒါ နင်တို့ပြောနေလို့ မသိစိတ်ကယောင်ပြီး မျက်လုံးရောက်သွားမိတာပါဟာ"

"နင့်မသိစိတ်က ဟိုကောင်ကို ကြည့်ချင်နေတာပေါ့၊ ဟုတ်လား"

"သုဝဏ်နော်"

"နင်ကသာ ကြည့်တာရယ်၊ မျက်လုံးရောက်သွားတာရယ် ခွဲပြီးပြောနေ၊ ဟိုကောင် နိုင်မင်းသော်က နင်လှမ်းလှမ်း ကြည့်နေလို့ ခုန မျက်စိတစ်ဖက်တောင် လှမ်းမှိတ်ပြလိုက် သေးတယ်"

"ဘာ ... ဟိုကောင်က မျက်စိမှိတ်ပြနေသေးတယ် ဟုတ် လား၊ မသာကောင် သေတော့မယ်"

"ဟဲ့ ... အတု"

"ငါ ပြေးလုပ်လိုက်ရ"

"ဝေလျှံ ... ကဲ ... နင်တို့သုံးယောက်လုံး ဘာဖြစ်နေတာလဲ၊ ရုံးခန်းထဲရောက်နေတာတောင် ပြေးလုပ်ချင်နေသေးတယ် ဟုတ်လား၊ ငါ စိတ်တိုလာပြီ"

"ဘာစိတ်တိုတာလဲ၊ နင်က ဒီကောင့်ကို ငါတို့လုပ်မှာစိုး ရိမ်နေတာလားဟင် ... မိဆွတ်"





"အတုနော် ... နင် ဒီစကားမျိုးပြောစရာလား၊ နင်တို့ ရန်လိုလွန်းလို့ ခုလို ရုံးခန်းရောက်တာတောင် မမှတ်သေး ဘူးလား၊ ငါ့ကြောင့် ရုံးခန်းရောက်ကြရတယ် ဆိုတာမျိုး ငါ ဖြစ်စေချင်လိမ့်မယ်လို့ နင်တို့ ထင်နေလား"

"မဆိုင်ပါဘူး၊ နင့်ကိုလုပ်ရင်တော့ ငါတို့ပါမှာပဲ"

"အဲလိုပါမှာစိုးလို့ ငါ ပြန်ပြန်မပြောချင်တာ၊ ဘယ်သူဘာ လုပ်လုပ် နင်တို့ကို ပြန်မပြောဘဲနေပြန်ရင်လည်း နင်တို့ ငါ့ကို ပြဿနာရှာတယ်၊ ပြန်မပြောရင်ပဲ ဟိုဘက်ကကောင် ကို ကြိုက်လို့လား၊ နင်တို့လုပ်မှာ စိုးရိမ်လို့ သနားလို့လားနဲ့ အမျိုးမျိုး စကားနာထိုးတယ် ...

ပြောမိပြန်တော့လည်း နင်တို့ ပြဿနာသွားရှာတယ်၊ တကယ်ပဲ ဘာလုပ်ရမှန်းကို မသိတော့ဘူး၊ သိပ်စိတ်ညစ် တယ် သိလား"

"ဘာမှ စိတ်ညစ်စရာ မရှိဘူး၊ ပြန်မပြောလို့ကတော့ နင် နာပြီသာမှတ်၊ အမြဲပြန်ပြော"

"ပြန်ပြောတိုင်း တစ်ခုမဟုတ်တစ်ခု ပြဿနာဖြစ်တယ် လေ"

"ဖြစ်ပစေ"

"သြော် ... နင်တို့ကတော့ အလွယ်လေးပြောတယ်၊ ငါ့ ကြောင့် နင်တို့ပြဿနာဖြစ်ဖြစ်နေကြတာကို ကြာတော့



www.burmeseclassic.com

www.burmeseclassic.com

အန်တီမြတ်တို့ အန်တီသူဇာတို့ အန်တီနှင်းမာတို့ အားလုံးကို ငါ မျက်နှာပူပူလာပြီ သိလား၊ ကြာရင် ငါ့ကို မုန်းမုန်းလာကြတော့မယ်"

"မမုန်းပါဘူးဟာ၊ နင် ပူမနေနဲ့"

"ဟုတ်တယ် ... နင့်ကိုထိလို့ ငါတို့က ဝင်မပါဘဲ ခေါင်းရှောင်နေရင်တောင် ငါတို့အမေတွေက ငါတို့ကို ကောဦးမှာ နားလည်လား၊ နင်တို့ ဘာမှအားမကိုးရတဲ့ သူငယ်ချင်းတွေဆိုပြီး ဟိုတစ်ခါ မေမေက ဆူပြီးပြီ"

"ဟွန်း ... နင်တို့ကို အားကိုးမှ ပိုဆိုးနေတာ၊ အန်တီမှ မသိတာ"

"မသိဘူး၊ ငါတို့ကို အားမကိုးတဲ့နေ့ နင် သိမယ်သာမှတ်ထား"

"တကယ်ပဲ၊ နင်တို့မသိတာတွေ အများကြီးရှိသေးတယ်ဟဲ့၊ သိရဲ့လား မျောက်စုတ်တွေရဲ့"

"ဘာတွေလဲ ပြော"

"မပြောချင်ပါဘူး"

"ပြောဆို ပြောမလား မပြောဘူးလား၊ မပြောရင် ဟိုကောင်တွေကို ငါတို့ အခု အော်မေးလိုက်မှာနော်၊ ဘာတွေ နင်ဖွက်ထားသေးလဲ၊ အကုန်ပြော"

"ဒီကောင်တွေနဲ့ မဆိုင်ဘူး"





"ဒါဆို ဘာလဲ"

"နင်တို့ အဲလိုဖြစ်ဖြစ်နေကြတာနဲ့ ငါ့ကို နင်တို့တစ်တွေနဲ့ သူများတွေက ကွယ်ရာမှာ သမုတ်နေ ပေးစားနေကြတာ နင်တို့သိရဲ့လား"

ဆွတ် မျက်နှာက စူပုပ်ပုပ်။

"အမယ်လေး ... ဟား ဟား ဟား"

"အေးလေ ... ဒါများ ရယ်ချင်တာ အူတောင်နာလာပြီ၊ အဲဒါ ဘာဖြစ်လဲ"

"ဒီမှာ နောက်တစ်ခါ အဲလို မကြားတကြားပြောတဲ့သူကို ပြောလိုက်၊ ဟုတ်တယ်လို့၊ နင်က ငါတို့နဲ့ယူမှာလို့ပြောလိုက်၊ ငါတို့ရည်းစားလို့ ပြောလိုက်"

"ဘာ ... နင် ... နင် ... သေတော့မယ် အတု၊ နင်တို့ရည်းစား နင်တို့နဲ့ယူရအောင် နင်တို့ကသုံးယောက်ပူး၊ ငါလုပ်လိုက်ရ နင်တို့အသက်ထွက်တော့မယ်"

"ခွိ ခွိ ခွိ"

"ဟစ် ဟစ် ဟစ် ဟစ်"

✧ ♣ ✧


www.burmeseclassic.com

www.burmeseclassic.com



## ၃

ဆယ်တန်းစာမေးပွဲ အောင်မြင်ကြတဲ့အခါ သူတို့ယောက်ျားလေး သုံးယောက်စလုံး ဂျိတီစီစက်မှုကျောင်းကိုတက်ကြပါသည်။ ကျူးရှင်ဝိုင်းတုန်းကလည်း အတူတူ၊ အောင်ကြတော့လည်း အမှတ်တွေက မတိမ်းမယိမ်းမို့ ဆွတ်တစ်ယောက်ကလည်း သူ့သူငယ်ချင်းသုံးယောက်လုံးနှင့်အတူ စက်မှုပဲ တက်ချင်ခဲ့သည်။

သို့သော် ဆွတ်အဖေရော အမေရောက ဆွတ်ကို ဂျိတီစီ မလျှောက်စေလို။ အိမ်နှင့်နီးနားသော UFL နိုင်ငံခြားဘာသာသင်ကျောင်းကိုသာ လျှောက်စေခဲ့တာမို့ သူငယ်ချင်းသုံးယောက်နှင့် ကွဲသွားရပါသည်။

အဲဒီအခါ ဝေလျှံ အတုလနှင့် သုဝဏ်တို့ သုံးယောက်





ဟာ ဆွတ်ရဲ့အိမ်ကို တကူးတက လာတွေ့မှပင် တွေ့ဖြစ်ကြသလိုဖြစ်နေပါသည်။ တစ်ခါတစ်ရံတော့ သူတို့သုံးယောက်သား သူတို့ကျောင်းလစ်ကာ ဆွတ်ရဲ့ကျောင်းကို ရောက်ရောက်လာတတ်ကြသည်။

ဆွတ်ကျောင်းကို မလာဘဲ မနေနိုင်သော တခြားအကြောင်းအရင်းကလည်း ရှိပါသေးသည်။ အဲဒါကတော့ သူတို့ရဲ့ကျောင်းတော်က ရန်စဖြစ်သည့် ဆွတ်ကို အသေအလဲကြိုက်သော ဖင်လင်းတို့ နိုင်မင်းသော်တို့အုပ်စုက ဆွတ်နှင့် ဘာသာရပ်မတူသော်လည်း နိုင်ငံခြားဘာသာတက္ကသိုလ်မှာတော့ တစ်ကျောင်းတည်း ရှိနေခြင်းပင်။

"နင်တို့သုံးယောက် ဂျိတီစီစာမေးပွဲ ဖြေမှာလား၊ ငါတို့ရဲ့ language ဖြေမှာလား"

"အဲဒါက ဘာသဘောနဲ့ မေးတာလဲ"

"ငါ့ကျောင်းချည်းပဲ ရောက်နေကြလို့ မေးတာလေ"

"ဘာလဲ ... မလာစေချင်တဲ့သဘောလား၊ နင်က"

"ကိုယ့်ကျောင်း ကိုယ်တက်၊ ကိုယ့်စာကိုယ်ကျက်ပေါ့ဟဲ့"

"ကိုယ့်ကျောင်းချည်းပဲ ကိုယ်မနေနိုင်ဘူး၊ နင် ငါတို့ကွယ်ရာမှာ ဘာတွေခြေလှမ်းပျက်နေသေးလဲ၊ ချက်ရဦးမယ်"



www.burmeseclassic.com

www.burmeseclassic.com



"အောင်မာ ... ငါက ဘာလုပ်နေလို့လဲ"

"မှန်မှန်ပြောစမ်း မိဆွတ်မ၊ ဇင်လင်း နင့်ကို စာထပ်ပေးသေးလား"

"ဟော့ကောင် သုဝဏ်ရာ၊ စာပေးမလားကွ၊ ကလေးမှမဟုတ်တော့တာ၊ သူက စာမပေးပါဘူးဆိုပြီး ဒိုင်လျှိုနေမှာ၊ စာပဲပေးပေး စကားပဲလိုက်ပြောပြော ဖုန်းပဲဆက်ဆက် နောက်ကပဲလိုက်လိုက် နင့်ကိုဆက်လိုက်သေးလား၊ အဲလိုမေးရမယ်လေ"

"အေး ... ဟုတ်တယ်၊ ကဲ ... ဖြေ ... ဆွတ်"

"ဟွန်း"

"ဟွန်းမနေနဲ့ ပြော"

"နည်းနည်းပါးပါးတော့ လိုက်သေးတာပေါ့ဟဲ့"

"ဘာ ... ဘယ်လိုနည်းနည်းပါးပါး လိုက်တာလဲ၊ လိုက် ... လိုက်တယ်ပေါ့၊ ဘာနည်းနည်းများများ ခွဲပြောနေစရာရှိလဲ၊ မိဆွတ် ... နင် ဒီကောင်ကို ကာကွယ်ချင်နေတာလား ... ဟုတ်လား"

"ဝေလျှံနော် ... နင်တို့ ဘာဖြစ်နေတာလဲ၊ မိန်းမပျိုတစ်ယောက်ကို ယောကျ်ားပျိုတစ်ယောက်က လိုက်တာ ဆန်းသလား"





"ဘာ"

"ဘာပြောတယ်"

သုံးယောက်သား အာခေါင်သံကြီးတွေနှင့် ထ,အော်လိုက်လျှင် ဆွတ်က ပခုံးလေးကျုံ့ ထိတ်လန့်ပြီး ...

"ငါဆိုလိုတာက အဓိက,က ငါပြန်မကြိုက်ရင် ပြီးတာပဲ မဟုတ်လား"

"တောက် ... နင်က နင်ပြန်မကြိုက်ပေမယ့် ဒီကောင်လိုက်ကြိုက်နေတာကို သာယာနေတာ မဟုတ်လား"

"သုဝဏ်နော် ... နင် ငါ့ကို အဲလိုမပြောနဲ့နော်"

"အေးပါ ... အေးပါ၊ ကဲပါ ... မင်းတို့ အဲလိုမပြောနဲ့ ဟုတ်တယ်၊ ကဲ ... နင်ပဲပြော ဆွတ်၊ နင် ဒီကောင်ကို ကြိုက်လား၊ ဒါမှမဟုတ် ဒီကောင်ကြိုက်နေတာကိုရော ပြန်လက်ခံစဉ်းစားချင်စိတ် ရှိလား"

အတုလက ချော့ချော့မော့မော့လေးသံနှင့် မေးလိုက်ပါသည်။

"ငါမကြိုက်ဘူး သူ့ကို"

"အေး ... ပြီးရော"

"ဒါဆို ... ပြီးရော"



www.burmeseclassic.com

www.burmeseclassic.com



"မိန်းကလေးက မကြိုက်တာကို ဒီကောင်က အခုထိအရှက် မရှိလိုက်တုန်း၊ ဒီကောင်တော့ နာတော့မယ်၊ ငါတို့နဲ့တွေ့ ချင်နေပြီ"

"ဒီမှာ"

ဆွတ်က သုံးယောက်လုံး မျက်နှာကို တစ်လှည့်စီ ကြည့်ရင်း ...

"နင်တို့ကို ငါပြောမယ်နော်၊ အခုက ငါတို့အထက်တန်း ကျောင်းသား ကျောင်းသူလေးတွေ မဟုတ်တော့ဘူး၊ တက္ကသိုလ်ကျောင်းသားကျောင်းသူတွေ ဖြစ်နေပြီ"

"ဘာဖြစ်လဲ အဲဒီတော့"

"တချို့ဆို ရည်းစားထားပြီး ကျောင်းမှာအတွဲလေးတွေ ဖြစ်လို့"

"အဲဒီတော့ ! "

"ငါ ဆိုလိုတာက ငါတို့ ကလေးတွေ မဟုတ်တော့ဘူး၊ ဒီအရွယ်မှာ မိန်းကလေးတစ်ယောက်ကို ယောကျ်ားလေး တစ်ယောက်က ကြိုက်တယ်ဆိုတာလည်း စော်ကားတာ နှောင့်ယှက်တာ မဟုတ်ဘူး၊ ဒါ သဘာဝပဲ"

"အောင်မယ်"





"ကောင်းကောင်းနားထောင်ပါ၊ ငါအကောင်းပြောနေတာပါ၊ နင်တို့က အဲဒီ ဇင်လင်းတို့အုပ်စုကိုပဲ အာရုံရောက်နေပေမယ့် ငါ့ကိုလိုက်နေတာတွေက သူတစ်ယောက်တည်းလည်း မဟုတ်ဘူး အများကြီး၊ နင်တို့ကသာ သူ့ပဲမဲပြီး ရန်လုပ်ချင်နေကြတာ"

"ဒါတော့ ကျောင်းတုန်းတည်းကမှ ကြည့်မရတာ၊ ခုလည်း ကြည့်မရပါဘူး၊ မကြိုက်တာကို လိုက်နေတုန်း အရှက်လည်း မရှိဘူး"

"ပြီးတော့ သူက ကျောင်းတုန်းကလိုမျိုး အရမ်းမျက်နှာ ပြောင်ပြောင် ရမ်းရမ်းကားကားလည်း မဟုတ်ဘူး၊ အသက် ငယ်ငယ်လေးနဲ့ ကလေးလည်း မဟုတ်တော့ဘူး၊ ကမူး ရှူးထိုးနဲ့ လူကြားသူကြား စာအံတင်းလိုက်ပေးတာမျိုးလည်း မဟုတ်ဘူး၊ သူ့မှင်လေး သူ့အထာလေးနဲ့ ကြွေရရ ယဉ်ယဉ်ကျေးကျေးပဲ"

"ဟာ ... သုဝဏ် ... အတု၊ မင်းတို့ ကြားတယ်နော်၊ မိဆွတ်မ ဟိုကောင်ကို စွတ်အမွှမ်းတွေ တင်နေပါလား၊ အမြင်တွေ ပြောင်းနေပါလား"

"ဝေလွှဲ ... နင်က ရန်အလိုဆုံးပဲ သိလား၊ ငါ ရိုးရိုးပြော နေတာလေ၊ နားလည်မှပေါ့၊ ငါ့ကိုလိုက်တဲ့ကောင်တွေထဲ



www.burmeseclassic.com

www.burmeseclassic.com



မှာ ဇင်လင်းလောက်တောင် မယဉ်ကျေးတဲ့ ခွေးသမား တွေလည်း အများကြီးပဲ၊ တကယ်ဆိုးတဲ့လူတွေ အများကြီး"

"နင်က ဇင်လင်းကို ယဉ်ကျေးတယ်တွေ ဘာတွေဖြစ်နေတာကို နားထဲမှာ ခရော့စ်ဖြစ်နေတယ်"

"နင်တို့ ရိုးရိုးပဲ စဉ်းစားကြည့်လိုက်ပါဟာ၊ ကောင်လေး တစ်ယောက်က ကောင်မလေးတစ်ယောက်ကို ကြိုက်တယ်၊ ထုံးတမ်းစဉ်လာအတိုင်းပဲ သဘာဝကျကျလိုက်တယ်၊ ကောင်မလေးက ပြန်မကြိုက်ဘူးလေ ပြီးပြီပေါ့၊ ဘာမှပြဿနာ မရှိပါဘူးဟာ"

ဆွတ်သည် ချစ်သူငယ်ချင်းသုံးယောက် ဒီအချိန်မှာ သူ့အတွက်နှင့် ရန်သတ္တရုဖြစ်မှားကြမှာမျိုးကို မဖြစ်စေချင်တော့ပါ။ တက္ကသိုလ်ကျောင်းသားကြီးတွေ ဖြစ်နေကြပြီဆိုတော့ ကလေးရယ်လို့လည်း ဆိုလို့မရတော့။ သူတို့ရဲ့ကိုယ်ခန္ဓာအဆက်အပေါက်တွေကိုက ထွားကျိုင်းဖွံ့ဖြိုးကာ တကယ့်လူရွယ်ဖားဖားကြီးတွေလို ဖြစ်နေကြပါပြီ။ သူတို့ကို ထိုးကြိတ်သတ်ပုတ်နေတဲ့ အဖြစ်အပျက်မျိုးနှင့် မျက်စိထဲ မြင်ကြည့်လို့ မရတော့ပါ။

တကယ်လည်း ဇင်လင်းတို့က လောလောဆယ်မှာတော့ အေးအေးချမ်းချမ်း ဖြစ်နေကြပါပြီ။ ဆွတ်ကို လိုက်နေသေးတာ မှန်ပေမယ့် ဣန္ဒြေပျက်လောက်အောင် မပြုမူပါ။ ကလေး





ကလားပုံစံမျိုးလည်း မဟုတ်တော့ပါ။ ကိုယ့်ကြောင့် ယောကျ်ားလေးတွေ ရန်ဖြစ်ကြရတယ်ဆိုတဲ့အမည်မျိုး မထွက်ချင်တာအပြင် သူငယ်ချင်းတွေ ပြဿနာဖြစ်မှာ ထိခိုက်နာကျင်မှာမျိုးကိုလည်း စိုးရိမ်မိတာအမှန်ပါ။

"ဘာပဲဖြစ်ဖြစ်ပါ၊ ဒီကောင်က ခုန ငါတို့ဝင်လာတာတွေ့တာတောင် မျက်ထောင့်နဲ့ စောင်းပေပေ လိုက်ကြည့်နေသေးတယ်"

"နင်တို့ ရန်မဖြစ်ကြနဲ့နော်၊ အထူးသဖြင့် ကျောင်းဝင်းထဲမှာ မဖြစ်ကြပါနဲ့ဟာ"

"ကျောင်းဝင်းထဲတော့ ဖြစ်မလားဟ"

"လျှာမရှည်ပါနဲ့၊ ဘယ်မှာမှ မဖြစ်နဲ့"

"ဒီကောင် အပိုးကျိုးရင် ငါတို့ကလည်း ဘာမှဖြစ်စရာအကြောင်းမရှိဘူး၊ သူ့အပေါ်ပဲ မူတည်တယ်"

ဆွတ်ရဲ့ကျောင်းမှာ ဇင်လင်းတို့ တစ်ကျောင်းတည်းအတူရှိနေတဲ့အတွက် သူတို့သုံးယောက်မသွားဘဲ မနေနိုင်ကြ။ ဆွတ်ရဲ့ကျောင်းမှာ တခြား ဆွတ်ကိုလိုက်တဲ့ ယောကျ်ားလေးတွေ ရှိသေးတယ် ဆိုပေမယ့် သူတို့စိတ်ထဲမှာတော့ ဒီကိစ္စအတွက် အထက်တန်းကျောင်းကတည်းက ပြဿနာဖြစ်ဖြစ်နေခဲ့တဲ့ ဇင်လင်းတို့အုပ်စုကိုပဲ အာရုံထားနေမိကြပါသည်။



www.burmeseclassic.com

www.burmeseclassic.com



တစ်ရက် နှစ်ရက်လောက် သူတို့ ဆွတ်ရဲ့ကျောင်းကို မရောက်ဖြစ်ခဲ့ကြဘူးဆိုလျှင် ဆွတ်အိမ်ကို သွားဖြစ်ကြဖို့ သူတို့ လုံးပမ်းကြသည်။ သူတို့ ဆွတ်ထံသို့ ရောက်ကြရခြင်းမှာ အဓိက,က ဆွတ်ကို တွေ့ကိုတွေ့လိုခြင်းသာ ဖြစ်ပါသည်။

"ဟေ့ကောင် … အတု၊ မင်း မနေ့ညနေက မိဆွတ်မဆီ ရောက်တယ်ဆို"

"အေး"

"ဘာ … အေးလဲ၊ မင်း ငါတို့မပါဘဲ ဒီလို တစ်ယောက်တည်း လှစ်ခနဲ ကျိတ်ကျိတ်သွားတာ ဘယ်နှခါရှိနေပြီလဲ လဒ"

"ဟာ … ကျိတ်သွားတာ မဟုတ်ပါဘူးကွာ၊ မိဆွတ်က ငါ့ကို မှာတာရှိလို့ပါ၊ ခုလည်း ဟိုတစ်ခါ ငါ ဝယ်ပေးဖူးတဲ့ ဖဲန်စီစာအုပ် လှလှလေးမျိုး ထပ်ဝယ်ခဲ့နိုင်းလို့ ငါသွားဝယ်ပို့တာပါ"

"အေးပါ … ပို့လည်းပို့ ငါတို့လည်း ပြောဦးပေါ့"

"မင်းတို့ကလည်းကွာ၊ ငါ့အိမ်နဲ့ ဆွတ်အိမ်နဲ့က နီးနီးလေးကို၊ ဒီစာအုပ်လေးတစ်အုပ် ပို့ဖို့အတွက် မင်းတို့ကိုလှမ်းချိန်းနေရမှာက ပိုပြီးခရီးဖင့်တယ်လေ၊ အဲဒါကြောင့် လှစ်ခနဲသွားလိုက်တာပါ"





"အေးပါ။ မပြောဘဲ လှစ်ခနဲသွားတာ အထိလည်း ထားလိုက်ပါဦး၊ မိဆွတ်မကို မင်းက ဘာကြောင့် ငါ ဆေးလိပ်ခိုးသောက်နေတဲ့အကြောင်း သွားသံတော်ဦးတင်ရတာလဲ၊ ဒီဟာမ ဘယ်လောက်ဂျစ်တူးကျလဲ မင်းသိရက်သားနဲ့၊ ဒီမနက် ငါ့ကို ဖုန်းလှမ်းဆက်ပြီး ခြိမ်းခြောက်တယ်၊ နင်နောက်တစ်ခါ ခိုးသောက်ရင် နင့်အဖေနဲ့ လာတိုင်မယ် မှတ်ထားတဲ့"

"ဟား ဟား ဟား"

"ရယ်မနေနဲ့ လဒကောင်၊ ငါ့ကို ဆူပူကြိမ်းမောင်းလိုက်တာ နားကို ထူပူသွားတာပဲ၊ ဆေးလိပ်လေး နှစ်ကြိမ် သုံးကြိမ် ခိုးသောက်မိပါတယ်၊ နက်ဖြန် သန်ဘက် သေတော့လောက်အောင် ဆေးချနေတဲ့ ဆေးသမားလောက်ကို နှိမ်ကွပ်ကြိမ်းမောင်းတာ ခံရတယ်၊ သူဝဏ် … မင်းလည်း ဒီကောင် အတုကို ပြောထားဦး၊ ငါတို့နောက်ကွယ်မှာ ငါတို့အပုပ်ကို ဟိုဂျစ်တူးမဆီ သွားသွားမချဖို့"

"ဟုတ်တယ်၊ ငါလည်း ပြောချင်နေတာ အတော်ပဲ"

"ဟာ … မင်းတို့ကလည်းကွာ"

"ဟုတ်တယ်လေ၊ ဟိုတစ်ခါကလည်း မင်း ဆွတ်ကိုသွားပြောတယ်၊ ငါ သင်းသစ္စာနဲ့ ဖုန်းပြောတယ် ဆိုပြီးတော့"



www.burmeseclassic.com

www.burmeseclassic.com



“ဟာ ... အဲဒါ သူကမေးလို့ ပြောရတာပါကွာ”

“သူက အသေးစိတ်တော့ ဘယ်လျှောက်မေးတတ်မှာလဲ၊ ဟိုဟာလုပ်လား၊ ဒီဟာလုပ်လား ဆိုပြီးတော့”

“မဟုတ်ဘူးလေ၊ မနေ့ကကျတော့ နင်တို့ကောင်တွေ မဟုတ်တာတွေ ဘာတွေ လုပ်နေကြသေးလဲ မှန်မှန်ပြော စမ်းတဲ့၊ မင်းကိစ္စတုန်းကလည်း ဆွတ်က နင်တို့ကောင်မလေးတွေနဲ့ အိနေတာ ရှုပ်နေတာ ရှိကြသေးလား၊ ဘယ်သူတွေ ဘာလုပ်နေသေးလဲဆိုလို့ ငါက ဘယ်သူမှ ဘာမှမအီတဲ့ မရှုပ်တဲ့အကြောင်း၊ သုဝဏ်ကတော့ ကောင်မလေးတစ်ယောက်နဲ့ တစ်ခါတလေ ဖုန်းပြောတဲ့အကြောင်းကို ...”

“သေလိုက်ပါလားကွ၊ မပြောတော့ရော ဘာဖြစ်မှာမို့လဲ”

“ဟ ... သူက မေးတာကိုး”

“သူမေးလည်း မင်းမဖြေရင် သူ ဘာသိမှာမို့လဲ၊ ဒီကောင်ဝေလျှံ ဆေးလိပ်ခိုးသောက်တာရော မင်းမပြောရင် သူသိမှာမို့လို့လား အတုံး၊ ငါ သင်းသစ္စာနဲ့ ဖုန်းပြောတာကလည်း အဲဒီတလောက ကျူရှင်ကိစ္စ တိုင်ပင်နေ ချိန်းနေကြတာကို၊ လေးငါးခါ ဖုန်းဆက်ပြောကြပြီး ခုနောက်ပိုင်းမှ မပြောတော့တာ”





“အင်းလေ ... ငါကလည်း အဲလိုပဲပြောတာပါကွာ၊ မိဆွတ်က ဘာတွေဖုန်းပြောနေကြတာလဲဆိုလို့ ကျူရှင်ကိစ္စပါလို့ ပြောပါတယ်”

“မင်းကိုက အာချောင်တယ်၊ အာချောင်တာ ရိုးရိုးမချောင်ဘူး၊ သူများကို ဒေါက်ဖြုတ်ပြီး ချောင်တာ”

“အဲလို မဟုတ်ပါဘူးကွာ၊ ဒီဂျစ်တူးမ တစ်ခုခုအစ်မေးရင် အမှန်တိုင်း မပြောဘဲ မနေရဲဘဲ အလိုလို ဖြေဖြေမိတာပါ၊ မင်းတို့လည်း သိသားပဲ၊ သူက လှည့်ပတ်အစ်အောက်မေးပြီး သေချာအမှန်အတိုင်း မပြောဖြစ်ရင်လည်း ဘယ်လို ပြဿနာပြန်ရှာတတ်တယ်ဆိုတာ”

“မင်းပြဿနာ အရှာခံရမှာ ကြောက်တာနဲ့ပဲ ငါတို့ရာဇဝင်တွေ လျှောက်ခင်းဖို့ မလိုပါဘူးကွ၊ သူသိရင် အရင်ဆုံးနားပူမယ်၊ ပြီးရင် ပြဿနာကြီးကျယ်တယ်၊ မင်း မသိတာလည်း မဟုတ်ဘဲနဲ့၊ အခု ငါ ဆေးလိပ်သောက်တယ်ဆိုပြီး ငါ့အဖေထိမတိုင်တောင် ငါ့အမေနဲ့ကြုံရင် အတို့အထောင် လုပ်တော့မှာ သေချာတယ်၊ ငါတို့သုံးယောက်လုံး မပြောရင် သူ ဘယ်နည်းနဲ့မှ မသိနိုင်တဲ့ဟာကို၊ မင်းကိုက အာချောင်တာ”



www.burmeseclassic.com

www.burmeseclassic.com



ဆွတ်တို့အိမ်နှင့် အတုလတို့အိမ်က ဝင်ဒါမီယာထဲမှာပင် ဖြစ်သည့်အတွက် အိပ်ချင်းကပ်မနေသည့်တိုင် ရွှတ်ခနဲရောက်သွားနိုင်ပါသည်။ ထို့ကြောင့် တစ်ခုခု ပြောစရာ မှာစရာရှိလျှင်လည်း အတုလကိုသာ ဆွတ်က လှမ်းပြောတတ် မှာတတ်တာပါ။ ဝေလျှံက သုဝဏ္ဏာဘက်မှာ၊ သုဝဏ်က ခုနစ်မိုင်ခွဲမှာမို့ အတုလထက်တော့ ပိုပြီးဝေးလှမ်းကြလေရာ အတုလလောက်တော့ ဆွတ်ထံ အချိန်တိုင်း လှစ်ခနဲ မရောက်နိုင်။

"အေးကွာ ... သစ္စာရှိကွာ အတု၊ ငါတို့အတင်းတွေ မိဆွတ်ကို မပြောကြေး"

"ဟာ ... ငါ သစ္စာမရှိတာ မဟုတ်ရပါဘူးကွာ၊ ငါလုပ်တာတွေလည်း သူ့ကိုပြောတာပါပဲ၊ သူ စိုက်ကြည့်ပြီးမေးရင် ငါက မနေတတ်ဘူးကွ၊ လိမ်လည်းမလိမ်ရဲဘူး၊ ရှိုးတိုးရှန့်တန့်နဲ့ ပါးစပ်က အကုန်အလိုအလျောက်ထွက်ကုန်ရော၊ ငါ့ဟာတွေလည်း ငါပြောမိတာပဲ၊ ငါ့ကိုလည်း သူ အော်တာပါပဲ"

"မင်းဟာမင်း မင်းလုပ်တာတွေ သံတော်ဦးတင်ရင်တင်ပေါ့၊ ငါတို့ကိစ္စတွေ ဘာပါစရာအကြောင်းရှိလဲ လဒရဲ့"

ဝေလျှံကတော့ အမြဲတလုံးတခဲ ပြောတတ်တဲ့ထုံးစံအတိုင်း မျက်စောင်းချိတ်ကာ ချိတ်ကာ ငူးငူးဝါးဝါး ပြောနေတာပင်။ သုဝဏ်ကတော့ ဝေလျှံ့အပြောအဆိုထဲမှာ အတုလ ယက်ကန်ယက်ကန် ခုခံတောင်းပန်နေရတာကို တဟက်ဟက် သဘောတွေကျကာ ရယ်နေဆည်။

သူတို့သူငယ်ချင်းသုံးယောက်ဟာ တစ်ယောက်ကိုတစ်ယောက် အလွန်ချစ်ခင် နားလည်ကြသူတွေပါ။ သူ့ပိုက်ဆံကိုယ့်ပိုက်ဆံ၊ သူ့အဝတ်အစား ကိုယ့်အဝတ်အစား၊ သူ့ပစ္စည်းကိုယ့်ပစ္စည်းရယ်လို့တောင် ခွဲခွဲခြားခြား မရှိတော့ဘဲ တစ်သွေးတည်း တစ်သားတည်းလို ဖြစ်နေကြတာပါ။ တစ်ယောက်ဆန္ဒကိုလည်း နောက်နှစ်ယောက်ကို ညှိနေစရာမလို၊ အလိုအလျောက် သဘောတူပြီးသား။ စိတ်သဘောချင်း အကြိုက်ချင်းလည်း တူညီသလားမပြောနှင့်။

အကြိုက်ချင်းတူတဲ့ ဘဝမှာ "ဆွတ်ဖြန်းမိုး"ဆိုတဲ့ မိန်းကလေးတစ်ယောက်တည်းကိုပဲ သုံးယောက်လုံး ချစ်ခဲ့မိကြတာအထိ တူပါသည်။

✧ ♣ ✧







www.burmeseclassic.com

www.burmeseclassic.com



## ၄

သူတို့မှာ တခြားသူငယ်ချင်းတွေလည်း အထိုက်အလျောက် ရှိပေမယ့် တစ်သွေးတည်း တစ်သားတည်း စည်းလုံးချစ်ခင်သော သူငယ်ချင်းဆိုတာကတော့ ဒီလေးယောက်တည်းသာ။

ဒါကြောင့်ပဲ သူတို့လေးယောက် ဆုံတွေ့ကြမယ့် ပွဲမျိုးလမ်းမျိုးဆိုရင် တခြားဘယ်သူ့ကိုမှ အဖော်မခေါ်ပါ။ သူတို့ယောကျ်ားလေး သုံးယောက်ကတော့ ကျောင်းမှာလည်းတစ်ကျောင်းတည်း ဒီသုံးယောက်ပဲ တွဲဖြစ်ကြတာမို့ အခြားခင်မင်သူဆိုတာမျိုးတွေက သိပ်ရင်းနှီးတယ် မရှိလှ။

ဆွတ်ကတော့ သူမရဲ့ကျောင်းသစ်မှာ မိန်းကလေးသူငယ်ချင်းအသစ်တွေနဲ့ တွဲဖြစ်တာမို့ ရင်းနှီးခင်မင်သော မိန်းကလေးသူငယ်ချင်းတွေ ရှိလာပါသည်။ တစ်ခါတစ်ရံမှာ ဝေလျှံ၊





အတုလ၊ သုဝဏ်တို့နဲ့ ဆုံတွေ့ဖြစ်မယ့် လမ်းတွေမှာ သူမရဲ့ရင်းနှီးသော မိန်းကလေးသူငယ်ချင်းတွေကို ခေါ်လာချင်ပါတယ်ဆိုတာကိုတောင်မှ ယောကျ်ားလေးသုံးယောက်က လက်မခံပါ။

သူတို့လေးယောက်တည်းသာ သီးသန့်အဖွဲ့အစည်းလေးတစ်ခုလို သဘောထားချင်တဲ့ အတုလတို့ သုံးယောက်ကြောင့် ဆွတ်ရဲ့သူငယ်ချင်းတွေ သူတို့အုပ်စုလေးထဲ မပါလာရပါ။

တစ်ခုသော သုဝဏ်ရဲ့မွေးနေ့ရက်မှာတော့ သူတို့သုံးဦး ချိန်းဆိုတွေ့ဆုံဖို့ အစီအစဉ်လေးတစ်ခု ဖြစ်ခဲ့ပါသည်။ တစ်ယောက်စီရဲ့မွေးနေ့တိုင်းမှာ အတူဆုံကာ စားကြသောက်ကြကာရာအိုကေသွားဆိုနေကျ ထုံးစံအတိုင်း သုဝဏ်ရဲ့မွေးနေ့မှာ ဆုံကြမည်။

သုဝဏ်က သူ့ကားနှင့် အားလုံးကို ပတ်ခေါ်ဖို့ ပြောပြီးသားပင်။ အရင်ဆုံး ဝေလျှံ့ကို၊ နောက် အတုလကို။ အတုလအိမ်ကနေ ဆွတ်အိမ်ဆီ မဆက်ခင် သုဝဏ်က စကားစ,ပါသည်။

“မင်းတို့ကို ငါပြောစရာရှိတယ်”

“လမ်းမှာပြောလို့ မရဘူးလား သုဝဏ်ရာ၊ ငါဗိုက်ဆာနေပြီ”

“မရဘူး”



www.burmeseclassic.com

www.burmeseclassic.com

"မရစရာလားကွ၊ လမ်းမှာပြောလို့ မရ,ရအောင် မင်းစကားက ဘာမို့လဲ"

"ငါတို့သုံးယောက် သေချာပြောမှဖြစ်မှာ၊ ငါ မျက်နှာချင်းဆိုင် ပြောချင်လို့ ဖုန်းထဲကတောင် မင်းတို့ကို မပြောဘူး"

သူတို့သုံးယောက် သုဝဏ်ရဲ့ကားနံဘေးမှာဖိုခနောက်ဆိုင် ရပ်နေကြပါသည်။

"ဘာလဲကွာ ... မင်းကလည်း"

"အတိအကျပြောရရင် မိဆွတ်အိမ် မရောက်ခင်ပြောမှာ၊ မိဆွတ်ရှေ့ရောက်ရင် မင်းတို့ကို ခုလိုပြောလို့ မရတော့ဘူး"

"ဟင်"

"ဘာလဲကွ ဒါဆို"

ဝေလျှံရော အတုလပါ စိတ်ဝင်တစား ရှိလာကြပါသည်။

"ဒီနေ့ ငါ့မွေးနေ့ မဟုတ်လား"

"ဟုတ်တယ်လေ၊ ဒါ ပြောနေစရာလား"

"အဲဒီတော့ ဆွတ်က ထုံးစံအတိုင်း မေးတယ်၊ နင် ဘာယူမလဲတဲ့"

"အင်း ... အဲဒီတော့"



ဆွတ်က အဲသလိုပင်။ မွေးနေ့လက်ဆောင်ကို သူ့စိတ်ကြိုက် ကြိုတင်ဝယ်ယူခြင်း မပြုတတ်ဘဲ ကာယကံရှင်မွေးနေ့ရှင်ကို အလိုရှိရာမေးပြီးမှ ဝယ်လေ့ရှိပါသည်။ သူ့မွေးနေ့ကျရင်လည်း သူက အဲသလိုပင်။ ဘယ်သူက ဘာဝယ်ပေးဆိုပြီး သူ့ဟာသူ သတ်မှတ်ခွဲတမ်းချ ပူဆာတတ်သည်။

"ငါ မတောင်းရသေးဘူး"

"မစဉ်းစားရသေးလို့လား"

"ဟင့်အင်း ... မဟုတ်ဘူး၊ ငါလိုချင်တာ သူ့ကိုတောင်းမှာပါ၊ အဲဒါကို တကယ်တော့ ငါလိုချင်နေတာလည်းကြာပါပြီ၊ မွေးနေ့ကျမှ မိဆွတ်ဆီက တောင်းမယ်ဆိုပြီး ကြိုတင်စိတ်ကူးထားတာ ကြာပြီ"

"ဘာလဲ ... အဲဒါ"

"လက်ထပ်ခွင့်"

"ဘာ"

"ဘာ"

"ဟာ ... ဟော့ကောင် ... ဟော့ကောင်"

"ဟော့ကောင် သုဝဏ်"

ဝေလျှံရော အတုလပါ စကားတွေ အလုအယက်ထစ်ကာ ရှေ့ဆက်လည်း မပြောနိုင်ကြဘဲ ပြူးပြူးပျာပျာ ဗူးဗူး ဝါးဝါး ဖြစ်ကုန်ကြပါသည်။

www.burmeseclassic.com

www.burmeseclassic.com

"ဘာလဲ ... ဘာဖြစ်လို့လဲကွ"

"နေဦး ဟော့ကောင် ... နေဦး၊ သေချာပြောရလိမ့်မယ် အဲဒါ"

အတုလက လက်ဝါးတစ်ဖက်ထောင်ပြီးကာကာ စဉ်းစဉ်းစားစား ဆိုသည်။

"ဟုတ်တယ် ... ဟုတ်တယ်၊ ဒီကိစ္စဆိုရင်တော့ ငါတို့ သေချာစကားပြောရလိမ့်မယ်ထင်တယ်၊ လေးလေးနက်နက် ပြောရမယ်"

ဝေလျှံကလည်း ကားပေါ်တက်ဖို့ သူ အဆင်သင့် ဆွဲဖွင့်ထားသည့် နောက်ခန်းတံခါးကို ပြန်တွန်းပိတ်လိုက်ရင်း ပြောပါသည်။ သုဝဏ်က ဝေလျှံနှင့် အတုလကို တစ်လှည့်စီ ကြည့်နေမိသည်။

"မင်းတို့ ဘာပြောမလို့လဲ ပြောလေ"

အတုလနှင့် ဝေလျှံက တစ်ယောက်မျက်နှာ တစ်ယောက် ဖျတ်ခနဲ ကြည့်ကြသည်။ "မင်း ဘာပြောမှာလဲ"၊ "မင်းကရော ဘာပြောမှာလဲ" ဆိုတဲ့ စကားလုံးအရိပ်အရောင်တွေက သူတို့ကိုယ်စီအကြည့်ထဲမှာ ဆင်တူ။

"ဟော့ကောင် ဝေလျှံ ... ပြော၊ မင်းပြော၊ မင်းက ဝူးဝူး ဝါးဝါးနဲ့ မင်း ဘာပြောမှာလဲ အရင်ပြော"





"အတုလလည်း ဝူးဝါးတာပါပဲကွာ၊ မင်းကလည်း"

"ဒါဖြင့်လည်း အတု အရင်ပြော"

"နေဦးကွ၊ ဒါက ဒီလိုရှိတယ်"

"ဘယ်လိုရှိတာလဲ၊ မြန်မြန်ပြောကြကွာ၊ ဆွတ် စောင့်နေ ရလိမ့်မယ်"

"ဟော့ကောင် အတု၊ မင်း အရင်ပြောလိုက်၊ မင်း ဘာပြော မှာလဲ"

"ငါက ... အာ ... ငါအရင်မပြောချင်ဘူး၊ မင်းအရင်ပြော လိုက်ပါ ဝေလျှံ၊ ငါပြောမယ့်စကားက နည်းနည်းဟိုဒင်း ဖြစ်တယ်"

"ဘယ်ဒင်းဖြစ်တာလဲ"

"နားလည်အောင် ပြောယူရမှာ"

"ငါလည်းတူတူပဲ၊ အဲဒီအတိုင်းပဲ"

"........."

သုဝဏ်က တစ်ယောက်တစ်လှည့် လှည့်ကြည့်နေ စိတ်မရှည်သလို မျက်နှာမှုန်ကုတ်လာကာ ...

"မင်းတို့နှစ်ကောင် နောက်နေတာလား"

"ဟာ ... နောက်စရာလားကွာ၊ မင်းကလည်း၊ နောက်စရာ ဆိုရင် ပြောရခက်နေစရာလား"



www.burmeseclassic.com

www.burmeseclassic.com



"အေးလေ ... ဘာတွေ ပြောရခက်နေကြတာလဲ"

"ကျွတ်"

"ဘာလဲ ဝေလျှံ"

ဝေလျှံက ခေါင်းကိုကုတ်ဖွလိုက်ရင်း ...

"ကြည့်ရတာ ငါနဲ့ အတု ပြောမယ့်စကားချင်း အတူတူပဲ ထင်တယ်"

အတုက မျက်ခုံးပင့်သွားကာ ဝေလျှံ့ကို လက်ညှိုးညွှန်ပြီး တစ်ခဏ နှုတ်ဆိတ်နေပြီးမှ ...

"အဲလိုလား၊ တကယ်လား ဝေလျှံ"

"ဘယ်သိမလဲကွ၊ ငါလည်း ထင်တာပဲလေ"

သုဝဏ်က သက်ပြင်းကြီးတစ်ချက် မှုတ်ထုတ်လိုက်ရင်း ...

"ကဲ ... မင်းတို့တွေ ပြောကြပါတော့ကွာ၊ ငါ ရင်တောင်ထိတ်လာပြီ"

"ကဲကွာ၊ ဒါဆိုလည်း ငါပဲပြောတော့မယ်၊ ဒီကောင် အတုကို အရင်ပြောခိုင်းနေရင် ဒီကောင်လွှဲချနေတာနဲ့ မိုးချုပ်တာတောင် ဒီကိစ္စပြီးမှာ မဟုတ်ဘူး၊ ငါပဲအရင်ပြော လိုက်မယ်"

"အေး ... ပြော"





"ဒါပေမဲ့ ဒီကောင်လည်း ဒါပဲပြောမှာပါ၊ သေချာပါတယ်"

"ဘာလဲ ... ဝေလျှံ ပြောလေ"

"မင်း မိဆွတ်ကို လက်ထပ်ခွင့်တောင်းမယ်ဆိုတာ ဟုတ်ခဲ့ဲ"

"အေး ... ငါ မိဆွတ်ကို ချစ်တယ်၊ ချစ်နေတာကြာပြီ၊ အဲဒါကြောင့် သူ့ဆီကအချစ်ကိုလည်း လိုချင်တယ်၊ လက်ထပ်ခွင့်လည်း လိုချင်တယ်"

"မိဆွတ်ဆီက အချစ်ကို ပြန်ရပြီးရင် လက်ထပ်ခွင့်ဆိုတာက တစ်ပြိုင်တည်း ကပ်ပါလာပြီးပါပြီကွာ၊ ခွင့်တောင်းနေစရာ မလိုတော့ဘူး၊ အရှင်းဆုံး ပြောရရင် မင်း မိဆွတ်ကို ချစ်တယ်၊ ချစ်ရေးဆိုမယ် ဒါပဲမဟုတ်လား"

"အေး ... ဟုတ်တယ်"

"ငါ နှောက်နေတာ မဟုတ်ဘူးနော် သုဝဏ်၊ အခုအတည် ပြောမှာ၊ ငါလည်း မင်းလိုပဲ မိဆွတ်ကိုချစ်တယ်၊ မိဆွတ်ကို လက်ထပ်ချင်တယ်"

"ဟင်"

သုဝဏ်က မျက်ခုံးပင့်သွားပြီး အတုလဘက် ကမန်းကတန်း လှည့်ကြည့်လိုက်ပါသည်။ အထားရခက်နေတဲ့ အတုလရဲ့ မျက်နှာရိပ်ကိုမြင်လျှင် ...

"အတု"



www.burmeseclassic.com

www.burmeseclassic.com



"အေး"

"မင်း ... မင်းပြောမှာကရော"

"အေး"

"ဘာအေးလဲ၊ ဒါပဲလား"

"အေးကွာ၊ ဟုတ်တယ်၊ ငါလည်း ဒါပဲပြောမှာ၊ ငါလည်း ဆွတ်ကို သိပ်ချစ်တယ် သုဝဏ်၊ တစ်နေ့တော့ ချစ်ခွင့်ပန်မယ်လို့ ဆုံးဖြတ်ထားတာပဲ၊ ဆွတ်က ဒီနှစ်ကျောင်းပြီးမှာမို့ အခုမှပြောမယ်လို့ စောင့်နေတာကွ၊ ငါတို့လည်း ဒီနှစ်ပြေပြီးရင် ဆက်တက်ခွင့်ထပ်ရအောင် ငါတို့စာကျက်ရဦးမှာမို့ စာမေးပွဲပြီးမှပဲ ပြောမလားလို့လေ"

သုံးယောက်စလုံး စကားမဆက်နိုင်ဘဲ တိတ်ဆိတ်သွားကြရပါသည်။

သုဝဏ် မျက်နှာပေါ်က ကသိကအောက်ဖြစ်သွားမှုကို ဝေလျှံက ဟက်ခနဲ ရယ်မောရင်း ...

"ဒီကောင် စိတ်ကူးယဉ်နေတာလေး အီးပိတ်သွားပြီ ... ဟီး ဟီး"

"မင်းတို့ ငါကို တမင်တကာ သက်သက်နောက်နေကြတာလား‌ကွာ"





"မနောက်ပါဘူးကွာ၊ ငါတို့ မွေးကတည်းကလို့တောင် ပြောလို့ရတယ်၊ လေးယောက်အတူတူ ကြီးလာကြတာပဲကွာ၊ မင်းတောင် ဆွတ်ကို ချစ်မိသေးတာပဲ၊ ငါတို့လည်း ချစ်ကြတယ်ဆိုတာ မယုံနိုင်လောက်စရာ ဘာရှိလဲ"

"မဟုတ်ဘူးလေ၊ ချစ်တော့ ချစ်ကြတယ်လေ၊ ငါပြောနေတာက ငါက ချစ်သူတစ်ယောက်လိုချစ်တာ၊ လက်ထပ်ယူဖို့ ဇနီးလောင်းလိုချစ်တာ"

"အေးလေ ... ဆက်ရှင်းပြမနေပါနဲ့တော့၊ ကျားကိုက်တာချည်းပါပဲ၊ အပေါက်လေးနဲ့လား မလိုတော့ပါဘူး၊ အတူတူပဲပေါ့ သုဝဏ်ရာ၊ ဟိုးငယ်ငယ်ကတည်းက မောင်နှမတွေလို သူငယ်ချင်းတွေလို ချစ်လာကြတယ်၊ ကြီးလာတော့ စိတ်တွေလှုပ်ရှားပြီး နှလုံးသားတွေ ဆန်းကြယ်တတ်တဲ့အချိန်မှာ ချစ်သူလို ချစ်မိလာကြတယ်၊ ဒါသဘာဝကျပါတယ်"

"ဒါပေမဲ့ ..."

သုဝဏ်က ဘာပြောရမှန်း မသိသလို ဆံပင်တွေကုတ်ဖွနေရင်းက အတုလကို ငဲ့ကြည့်ကာ ...

"မင်းကရော ဘာလို့ တိတ်နေတာလဲ"

"........."



www.burmeseclassic.com

www.burmeseclassic.com



"မင်းကတော့ နောက်နေတာ မဟုတ်လား အတု"

"သုဝဏ် ... မင်းတော့ ခက်နေပါပြီ၊ သူ့ပုံက နောက်နေတဲ့ပုံလား၊ ဒီလောက် မျက်ခွက်က ပျက်ထွက်နေတာ"

"ဒါဖြင့် ..."

သုဝဏ်က နီးရာတစ်နေရာမှာ ဝင်ထိုင်လိုက်ရင်း ...

"ဒါဖြင့် မင်းတို့နှစ်ယောက်လုံးလည်း ဆွတ်ကို တကယ်ချစ်နေကြတယ်ပေါ့၊ ဟုတ်လား"

"ငါကတော့ အဲသလိုထင်ပြီးသား မျှော်လင့်ပြီးသား၊ မင်းရော အတုရော ဆွတ်ကိုချစ်နေနိုင်တယ်ဆိုတာ ငါတွေးကြည့်ပြီးသား သုဝဏ်"

"ဒါဖြင့် ငါတို့ ဘယ်လိုလုပ်ကြမလဲ"

"ဘာလုပ်စရာလိုလို့လဲ၊ မေးနေစရာ ဘာလိုလဲကွ၊ ချစ်တယ်ဆိုတာ ဆွတ်ကိုဖွင့်ပြောရုံပဲလေ ငါတို့တာဝန်က၊ ရှေ့ဆက်ဆုံးဖြတ်တာ ရွေးချယ်တာက ဆွတ်အပိုင်းလေ၊ ငါတို့ဘာမှမခက်ဘူး၊ ခက်မှာက မိဆွတ်"

"ငါတို့ ဖွင့်ပြောကြမယ် ဟုတ်လား၊ သုံးယောက်လုံးလား"

အတုလက အလန့်တကြား တအံ့တဩ မေးလိုက်ပါသည်။

"အေးလေ ... ချစ်နေမှတော့ ဖွင့်ပြောရမှာပေါ့"





"ဟာ ... မင်းကလည်း"

အတုမျက်နှာက စိတ်ရှုပ်ထွေးပုံ ပေါက်နေပါသည်။

"အေး ... ငါတို့သုံးယောက်လုံး ဆွတ်ကို ချစ်တယ်လို့ ဖွင့်ပြောကြတယ်ဆိုတော့ ကောင်းပါ့မလားကွာ"

"မကောင်းစရာ ဘာရှိလဲ၊ အမှန်တရားပဲဟာ"

"သုံးယောက်လုံးဆိုတော့ ဆွတ် စိတ်ဆိုးသွားပါဦးမယ်"

"စိတ်ဆိုးစရာ မရှိပါဘူး၊ ဆွတ်ကို ချစ်တယ်လို့ ပြောကြမယ့် ယောကျ်ားလေးတွေ မရေတွက်နိုင်အောင် ရှိမှာပဲ၊ ငါတို့သုံးယောက်က သူငယ်ချင်း ဖြစ်နေလို့သာ မင်းတို့ ဒီလိုတွေးနေမိတာပါ၊ ငါတို့သာ သတ်သတ်စီဆိုရင် ဒါ ဘာမှဆန်းတဲ့ကိစ္စ မဟုတ်ဘူးလေ၊ ချစ်လို့ ချစ်ကြောင်းဖွင့်ပြောတာပဲ"

"အေးလေ ... သူငယ်ချင်းသုံးယောက်မို့ ကောင်းပါ့မလားတွေးတာပေါ့ကွ၊ သုံးယောက်လုံးက ချစ်ရေးဆိုရင် ဆွတ်စိတ်ညစ်မှာပေါ့"

"ဘာမှမဆိုင်ပါဘူးကွာ၊ ဆွတ်က သုံးယောက်လုံးကိုရွေးရမှာမှ မဟုတ်တာ၊ တစ်ယောက်တည်းကို ရွေးရမှာပဲဟာ၊ သူကလည်း သုံးယောက်လုံးကိုတော့ ချစ်သူလို ချစ်နေမှာမဟုတ်ဘူးလေ၊ တစ်ယောက်တည်းကိုပဲ သူ ချစ်မှာပါ"



www.burmeseclassic.com

www.burmeseclassic.com



"အေး ... ဟုတ်တယ် သုဝဏ်၊ ငါတို့သုံးယောက်မှာ တစ်ယောက်ကိုမှ သူ ချစ်သူလိုမချစ်ဘဲ သူငယ်ချင်းလိုပဲ ချစ်နိုင်တယ်ဆိုတာမျိုးတောင် ဖြစ်နိုင်ပါသေးတယ်၊ ငါတို့မဟုတ်တဲ့ တခြားတစ်ယောက်ယောက်ကို သူ့နှလုံးသားက ချစ်သူအဖြစ် ချစ်တယ်ဆိုတာမျိုးလည်း ဖြစ်ချင်ဖြစ်နေမှာ"

သုဝဏ်က ခေါင်းကိုဖြည်းဖြည်းညိတ်မိသည်။ ဟုတ်တော့ ဟုတ်သည်။ ဘယ်သူ့ကိုမှ ဆွတ်မရွေးချယ်ဘူး ဆိုတာမျိုးလည်းပဲ ဖြစ်နိုင်တာပင်။

"တစ်ခုပဲရှိတာက"

"........."

"ငါတို့အချင်းချင်း နားလည်မှု ရှိရမယ်"

"ငါတို့က နားလည်မှု ရှိပြီးသား၊ သူငယ်ချင်းအရင်းတွေပါကွာ"

"ဒါပေမဲ့ အခုလို ဆွတ်တစ်ယောက်တည်းဆီက အချစ်ကို အားလုံးဝိုင်းပြီး လိုချင်နေတဲ့အခါမှာ မနာလိုဝန်တိုမှုဆိုတာမျိုး ငါတို့ကြားမှာ ဖြစ်လာနိုင်တယ်၊ အဲဒါမဖြစ်ဖို့ အရေးကြီးတယ်"

"ဟုတ်တယ်၊ တစ်ယောက်ကို ဆွတ်က ရွေးချယ်ခဲ့ရင် ကျန်တဲ့နှစ်ယောက်က ကြည်ကြည်ဖြူဖြူ ဝမ်းသာပေးနိုင်မှ ဖြစ်မယ်ကွာ"





"ငါတော့ မင်းနဲ့ဖြစ်ဖြစ် ဝေလျှံနဲ့ဖြစ်ဖြစ် ဆွတ်ချစ်သူတွေဖြစ်သွားရင် ကြည်ကြည်ဖြူဖြူ နောက်ဆုတ်ပြီး ဆွတ်ကို ညီမလေးတစ်ယောက်လို ဆက်ပြီးသဘောထားမယ်လို့ ကတိပေးတယ် အတု"

"ငါလည်း ကတိပေးတယ်"

"ငါလည်း အတူတူပဲပေါ့၊ ငါတို့က ဆွတ်ကိုတင် မကဘူး ငါတို့ချင်းလည်း ညီအစ်ကိုရင်းတွေလို သဘောထားကြပြီးသားပဲ"

"ဒါဖြင့် ငါတို့ ဆွတ်ကို ဘယ်လိုဖွင့်ပြောကြမှာလဲ၊ ဘယ်သူအရင်ဖွင့်ပြောမှာလဲ"

အတုလရဲ့အမေးကို ဝေလျှံက ပခုံးတွန့်ရင်း ...

"ဘယ်သူအရင်ပြောပြော ငါတော့ ဘယ်လိုမှ သဘောမထားဘူး၊ ဆွတ်က အရင်ပြောတဲ့သူကို ခေါင်းညိတ်မှာမှမဟုတ်တာ၊ သူချစ်တဲ့သူကို ခေါင်းညိတ်မှာပဲလေ"

"ဒါဖြင့် ငါက အခု ငါ့မွေးနေ့မှာ ပြောမယ်ဆိုတာ မပြောရတော့ဘူးလား၊ ဟုတ်လား"

"ပြောလိုက်ပါ၊ မင်း ရည်ရွယ်ထားပြီးသား ကိစ္စပဲလေကွာ၊ မင်းပြီးရင် ငါနဲ့ အတု ဘယ်သူအရင်ပြောမလဲက ခေါင်းပန်းလှန်ကြတာပေါ့ ... ဟား ဟား၊ ဒါပေမဲ့ သိပ်တော့ နောက်ဆုတ်အချိန်မဆွဲဘူးကွာ ... နော ... အတု



www.burmeseclassic.com

www.burmeseclassic.com



"အေး_ ဟုတ်တယ်၊ သုဝဏ်က ဒီနေ့ဖွင့်ပြောရင် နောက်တစ်ပတ် တစ်ယောက်ဖွင့်ပြော၊ နောက်ထပ်တစ်ပတ်ကျ နောက်တစ်ယောက် ဖွင့်ပြော၊ အဲဒါ ကောင်းတယ်"

သူတို့သုံးယောက် တစ်ယောက်မျက်နှာ တစ်ယောက် လှည့်ကြည့်၍ ကျေကျေနပ်နပ် ပြုံးမိကြပါသည်။

✧✚✧





## ၁

သူတို့သုံးယောက်သား အင်းယားကန်စပ်က အုတ်ခုံလေးမှာ ကန်စပ်ကိုကျောပေး၍ ထိုင်နေကာ သူတို့ရှေ့က လျှောက်လမ်းကလေးမှာတော့ ဆွတ်ဖြန်းမိုးက ခါးလေးစုံထောက်လိုက်၊ လက်လေးပိုက်လိုက်နှင့် ဟိုမှသည် သည်မှဟို ဆယ်ငါးမေလောက်အတွင်း ခေါက်တုံ့ခေါက်ပြန် လျှောက်နေပါသည်။

သူတို့ရဲ့မျက်လုံးသုံးစုံဟာ ရှေ့မှာ မှုန်တေတေလျှောက်နေတဲ့ ဆွတ်သွားလေရာလိုက်ပြီး ခေါင်းတွေ စာတ်တိုက်ထားသလို ဟိုဘက် ဒီဘက် လည်နေရပါသည်။

"ဟား"

ဝေလျှံက သည်းမခံနိုင်တော့သလို အော်ပစ်လိုက်ရင်း ...

www.burmeseclassic.com



"မိဆွတ်"

"ဘာလဲ"

"ငါ မှူးလာပြီဟ"

"မှူးပဓေ"

"ရော ... ပြောမှာဖြင့်လည်း ပြောလေဟာ"

"ငါ ဘယ်လိုပြောရမလဲ စဉ်းစားနေတာ"

"ဘာကိုလဲ"

"ဘာကိုလဲဟင်"

သုဝဏ်နှင့် အတုလက အလောတကြီး မေးလိုက်ကြသည်။

"နင်တို့က ဘာအလန့်တကြား ဖြစ်နေတာလဲ"

"နင်ပြောပုံက တစ်မျိုးပဲလေ ... ဆွတ်"

"အေး ... ဟုတ်တယ်၊ နင် ... နင့်မှာ ရည်းစားများရနေပြီလား"

ဆွတ်က ခေါက်တုံ့ခေါက်ပြန် လျှောက်နေရာမှ ရပ်လိုက်ပါသည်။ ခါးထောက်ကာ သူတို့သုံးယောက်ကို ရှေ့တည့်တည့်မှကြည့်ရင်း ...

"ဘာကိစ္စ ငါက ရည်းစားရရမှာလဲ"

"တကယ်နော်၊ မရရင်ပြီးရော"



"နင့်ပုံစံက ပြောရခက်နေပုံရလို့လေဟာ"

"ပြောရခက်နေတာ မဟုတ်ဘူး၊ နင်တို့သုံးယောက်ကို အနစ်နာဆုံး ဘယ်လိုစကားလုံးမျိုးတွေနဲ့ နှိပ်ကွပ်ရမလဲလို့ စဉ်းစားလို့မရလို့ သိပြီလား၊ ခက်တာက ငါက ကြမ်းကြမ်းတမ်းတမ်း မပြောတတ်ဘူး၊ အဲဒီတော့ နင်တို့ကို ငါပြောရင် နင်တို့နာမှာလည်း မဟုတ်ဘူး ... ဟွန်း"

"နင်ကလည်းဟာ အချင်းချင်းတွေပဲ ... ဟီး ဟီး၊ နာအောင် ပြောမနေပါနဲ့"

"ပြောမှဖြစ်မှာပေါ့၊ နင်တို့က အကျင့်မှ မကောင်းတာ"

"ဟာ ... ဘာလို့အကျင့်မကောင်းရမှာလဲ၊ ကောင်းပါတယ်ဟာ"

"ငါ နင်တို့ကို နင်တို့အမေတွေနဲ့ တိုင်ပြောမယ်၊ သိလား"

"ဟင်"

"ဘာဟင်လဲ"

"ဘာတိုင်မှာလဲဟ"

"ဘာတိုင်ရမှာလဲ၊ နင်တို့သုံးယောက် တိုင်ပင်ပြီး ငါ့ကို ရည်းစားစကား ဝိုင်းပြောကြတယ်လို့"

"အာ ... နင်ပြောမှပဲ အမှုကကြီးနေပြန်ပြီ၊ ရည်းစားစကား ဝိုင်းပြောကြတယ်ရယ်လို့ပဲ"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ်လေ"

"ဘယ်မှာဟုတ်လို့လဲဟာ"

"နင်တို့သုံးယောက်လုံး ဝိုင်းပြောတာပဲဟာ"

"မိဆွတ် ... ဝိုင်းပြောတယ်ဆိုတော့ လူတွေက သုံးယောက်သား နင့်ကို ဝိုင်းအုံပြီး တစ်ယောက်တစ်ပေါက် လုယက်ပြောတယ်ဆိုတာမျိုး ထင်မှာပေါ့ဟာ၊ အဲလိုမှ မဟုတ်တာ"

"ဒါပေမဲ့ သုံးယောက်လုံး ပြောတာပဲ"

"တစ်ယောက် တစ်ကြိမ်စီလေ"

"အေးလေ ... အဲလို တစ်ယောက်တစ်လှည့် ပြောနေကြတာကိုပဲ တိုင်ပြောမှာ"

"နင်တိုင်တော့ ငါတို့အမေတွေက ငါတို့ကို ဝမ်းသာအားရချီးမွမ်းပြီး မုန့်ဖိုးလည်းပေး၊ နဖူးလေးတောင် ရွှတ်ခနဲနမ်းလိုက်ကြဦးမယ်"

"သုဝဏ်နော်"

"ဟုတ်တယ်လေဟာ"

"ဒါဖြင့် ငါ့အမေနဲ့ တိုင်ပြောမယ်"

"နင့်အမေနဲ့ တိုင်ပြောတော့ နင့်အမေက ဟဲ့ ... သမီးညည်း တစ်ယောက်မြန်မြန်ရွေးလိုက်လို့ ပြောမှာပေါ့"

"နင်တို့နော် ... အကောင်နာတွေ"





"နင်ဆဲနိုင်သမျှ ဒါအကုန်ပဲလား ... ဟီး ဟီး ဟီး"

ဆွတ် မျက်နှာလေးက မှုန်တေသွားကာ ခြေတစ်ချက်ကို ဆောင့်လိုက်ပါသည်။

"တော်ပြီ ... နင်တို့သုံးယောက်ကို ငါ အရမ်းစိတ်တိုတယ်"

"ဘာဖြစ်လို့ စိတ်တိုရတာလဲ၊ မတိုပါနဲ့ဟာ"

"နင်တို့ တိုင်ပင်ပြီး ငါ့ကိုပြောင်တာ မဟုတ်လား"

"ဒါ ပြောင်စရာကိစ္စလား"

"အေးလေ ... ဆွတ် ဟိုနှစ်ကောင် ဘယ်လိုစကားလုံးတွေနဲ့ ပြောခဲ့ကြသလဲ ငါမသိပေမယ့် ငါ နင့်ကိုပြောတဲ့စကားမှာတော့ နောက်တဲ့ပြောင်တဲ့ အရိပ်အယောင် တစ်စွန်းတစ်စလေးတောင် ပါလို့လားဟာ၊ ငါ တကယ်အတည်ပြောခဲ့တာနင် သိပါတယ်"

"အံမာ ... ဟောကောင် အတု၊ မင်းကတော့ အတည်ပြောတယ် ဆိုတော့ ငါတို့ကျန်တဲ့နှစ်ကောင်ကပဲ တကယ်အတည်မဟုတ်သလိုလိုနဲ့၊ မိဆွတ် ... ငါတို့အားလုံး နင့်ကိုပြောခဲ့တဲ့စကားက အတည်ပြောကြတာ၊ ဘယ်သူမှ မနောက်ပြောင်ဘူး"

"နောက်ပြောင်စရာလည်း မဟုတ်ပါဘူးဟာ၊ ငါတို့က နင့်ကို တကယ်မဟုတ်ဘဲ ဒီလိုပြောကြပါ့မလား"



www.burmeseclassic.com

www.burmeseclassic.com



ဆွတ်က နှုတ်ခမ်းလေးကိုက်ကာ အချစ်ဆုံးသူငယ်ချင်းသုံးယောက်ကို တစ်လှည့်စီ အကဲခတ်ကြည့်နေပါသည်။ အအေးချမ်းဆုံး စကားအနည်းဆုံး နှားအလည်တတ်ဆုံး အတုလ၊ သဘောအကောင်းဆုံး အတည်ကြည်ဆုံး အမျှတဆုံး သုဝဏ်၊ ရွှတ်နောက်နောက်အနိုင်ဆုံး ပေါ့ပေါ့ဒိုင်းဒိုင်း စိတ်အမြန်ဆုံး ဝေလျှံ။ သုံးယောက်စလုံးဟာ ဆွတ်အပေါ်တော့ တန်းတူကောင်းကြသည်ချည်းပင်။

ဟိုးအရင်တစ်ပတ် သုဝဏ်မွေးနေ့ရက်ပေါ်မှာ သုဝဏ်က ဆွတ်ကို ချစ်ရေးဆိုခဲ့ပါသည်။ ဆွတ်က အံ့အားသင့်တယ်တော့ မဟုတ်ပေမယ့် မမျှော်လင့်ဘဲ ချစ်စကားကြားလိုက်ရတဲ့အပေါ် ရှက်သွေးဖြန်းသလို တစ်မျိုးကလေး ခံစားရကာ ဘာပြန်ပြောရမည် မသိခဲ့။

နောက်တစ်ပတ်ကျတော့ အတုလက ဆွတ်ကို ချစ်ရေးဆိုပြန်သည်။ တစ်ပတ်ပဲခြားတဲ့ အချိန်အတိုင်းအတာအတွက် ဆွတ်က အံ့အားသင့်ရလေသည်။ အမြဲမရဲတရဲ အားငယ်သလို ဆွတ်ကိုလန့်တတ်တဲ့ အတုကို "နင်တို့ဘယ်လိုဖြစ်နေကြတာလဲ"ဆိုတာမျိုး မေးချင်ပေမယ့် အတု အပေါ်မှာ ကျန်တဲ့နှစ်ယောက်ထက် ပိုမိုငဲ့ညှာမိတတ်မြဲ ဆွတ်က မမေးဖြစ်ခဲ့ပါ။





နောက်အပတ်ကျတော့ ဝေလျှံက ချစ်ရေးဆိုလာပြန်တဲ့အခါ ဆွတ်က အလွန်လည်းအံ့သြ၊ စိတ်ကလည်း ခပ်ပေါက်ပေါက် ရှိလာပါသည်။ အရင်တစ်ခေါက်ကတည်းက မေးချင်နေတဲ့အတိုင်း ဝေလျှံ့ကို ...

"ဟဲ့ ... နင်တို့ ဘယ်လိုဖြစ်နေကြတာလဲ ... ဟင်"

"ဟင် ... ဘာကိုလဲ"

"တစ်ယောက်ပြီးတစ်ယောက် ငါ့ကို ရည်းစားစကားပြောနေကြတာလေ၊ တစ်ယောက် တစ်ပတ်ပဲ ခြားပြီးတော့"

"သြော် ... ဒါလား ... အဟဲဟဲ"

"ဘာအဟဲလဲ၊ နင်တို့ တစ်ယောက်ပြောတာကိုလည်း တစ်ယောက် သိကြတယ်ပေါ့ ဟုတ်လား"

"အင်း ... သိတယ်"

"ဘာ"

ဆွတ်က အတော်ဒေါသဖောင်းသွားကာ ...

"ကဲ ... အခု ဟိုနှစ်ကောင်လုံးကိုပါ နင့် ချက်ချင်းလှမ်းခေါ်လိုက်စမ်း၊ ငါ ဒေါကန်လာပြီ၊ အိမ်မှာဆို မေမေကြားလိမ့်မယ်၊ တစ်နေရာသွားမယ်၊ နင်တို့သုံးယောက်တော့ မလွယ်ဘူးမှတ်"



www.burmeseclassic.com

www.burmeseclassic.com



ဤသို့လျှင် ကြိမ်းဝါးပြီး အင်းလျားကန်စောင်းကို ခေါ်ယူချိန်းဆိုလိုက်ပေမယ့် တကယ်တမ်းကျတော့ ဆွတ်သည် ဒီသုံးယောက်ကို ဘာပြောလို့ ပြောရမယ်မှန်းမသိ။ တစ်မျိုးကြီးဖြစ်နေလို့သာ ဆွတ်ရှက်ရမ်း ရမ်းမိတာဖြစ်ပြီး သေချာတွေးကြည့်တော့လည်း သူတို့တွေ တစ်နေ့သောအခါ ဆွတ်ကို ချစ်မိကြတယ် ချစ်ရေးဆိုကြတယ်ဆိုတာဟာ ဆန်းတော့လည်းမဆန်း။

သူတို့သုံးယောက်လုံးက ဆွတ်ကို မျက်နှာငယ်နှင့် ကြည့်နေကြပါသည်။ ဝေလျှံပင်လျှင် ခါတိုင်းထက် မျက်နှာက အပိုးခပ်ကျိုးကျိုး။

"နင်တို့တွေ လုံးဝမသမာဘူး"

"အဟီး … မသမာသူ လူတစ်စုပေါ့ဟာ"

"ဝေလျှံနော် … နင် ရွှတ်တီးရွှတ်နောက်နဲ့၊ အတုနဲ့ သုဝဏ်က ငါ့ကို ချစ်ရေးဆိုတယ် ဆိုတာနဲ့ပဲ နင်ကလည်း အားကျမခံ ဝင်ပြောလိုက်တာပဲ ဖြစ်ရမယ်၊ နင့်ကြည့်ရတာ အလေးအနက်မရှိဘူး၊ ငါ နင့်ကို သိပ်အယုံအကြည်မရှိဘူး"

ဝေလျှံမျက်နှာက ကွက်ခနဲ ပျက်သွားပါသည်။ ရွှတ်နောက်နောက် ပြုံးစိစိမျက်နှာလေးပေါ်က အပြုံးရိပ်ကလည်း ဖျတ်ခနဲ ပျောက်ကွယ်သွားပါသည်။ ဝေလျှံမျက်နှာက ချက်ချင်းပဲ



စိတ်မကောင်းဖြစ်တဲ့ ဝမ်းနည်းတဲ့ အရိပ်အယောင် ထင်ဟပ်သွားတာ ထိုင်နေရာမှ ဖျတ်ခနဲ ထလိုက်ပါသည်။

"ငါ ပြန်တော့မယ်ဟာ"

ပြောလည်းပြော လှည့်လည်းထွက် ကားရပ်ခဲ့တဲ့ဆီဘက်ကို ငိုက်စိုက်စိုက်နှင့် လျှောက်သွားသော ဝေလျှံကြောင့် အားလုံး အံ့အားသင့်ကာ …

"ဝေလျှံ"

"ဟိတ်ကောင်"

"ဟေ့ … ဝေလျှံ"

ပြိုင်တူ လှမ်းခေါ်လိုက်မိကြသည်။ ဝေလျှံက လှည့်မကြည့်ဘဲ လက်တစ်ဖက်ထောင်ပြကာ ဆက်လျှောက်သွားပါသည်။

"ဟောတော် … ငါ့ကို စိတ်ကောက်သွားပြီထင်တယ်"

"စိတ်ကောက်သွားတာ မဟုတ်ဘူး၊ စိတ်မကောင်း ဖြစ်သွားတာဟ"

"အေးလေ … နင်က သူ့တစ်ယောက်တည်းကျမှ ကွက်ပြီး မယုံမကြည် ပြောလိုက်တာကိုး မိဆွတ်ရ"

"ဟယ် … ငါ ဒါမျိုး ခါတိုင်းလည်း ပြောနေကျပဲ၊ သူက အမြဲရွှတ်နောက်နောက် ပြောတတ်တော့ တစ်ခါ တစ်ခါ

www.burmeseclassic.com

www.burmeseclassic.com



သူပြောလိုက်ရင် နောက်တာလား အတည်လားတောင် ငါတို့ခွဲခြားမရ ဖြစ်တတ်တယ် မဟုတ်လား၊ အဲလို အရင်ကလည်း ပြောမိဖူးပါတယ်ဟယ်"

"ဒါပေမဲ့ အကြောင်းကိစ္စချင်း မတူဘူးလေဟာ"

"လာ ... လာ ... ငါတို့ လိုက်ချော့မှဖြစ်မှာ"

"တကယ်ပါပဲ"

အတုလနှင့် သုဝဏ် ထ,ပြေးကြတဲ့နောက်က ဆွတ်က စုပွပွနှင့် ပါလာသည်။

"တကယ်တွေ နှစ်ကယ်တွေ လုပ်မနေနဲ့ နင်ချော့ရမှာ"

"အမယ်လေးတော် ... ငါ့ရည်းစားစကား ပြောတဲ့သူကို ငါက ပြန်ချော့ရဦးမယ်"

"ငါတို့ကြားမှာ သူငယ်ချင်းရယ်၊ ရည်းစားရယ် ဘာရယ် ညာရယ် ပတ်သက်မှုက အဓိက မဟုတ်ဘူးလေ ဆွယ်၊ ဂုဏ်ငယ်တာ နိမ့်ကျတာလည်း မရှိဘူး၊ တစ်ယောက်စိတ် မကောင်းဖြစ်ရင် ဘာကြောင့်ပဲဖြစ်ဖြစ် ကျန်တဲ့သုံးယောက် က ဝိုင်းပြီးချော့မော့ဖြေသိမ့်ရမှာပဲ"

"မှားပါတယ်တော်"

သုံးယောက်လုံး အပြေးအလွှား ပါလာရာ ဝေလျှံ့ ကို သူ့ကားနားအရောက်မှာ မီလာပါသည်။ ဝေလျှံက ကားပေါ်





တက်ဖို့ လုပ်နေတာမို့ အတုလက ကားတံခါးကို တွန်းထားလိုက်ပြီး ...

"ဝေလျှံ ... မင်းကလည်းကွာ၊ ဘာဖြစ်တာလဲကွာ"

"ငါ ပြန်တော့မယ်ကွာ"

"ဟောကောင် ... မင်းကလည်းကွာ၊ အဲလိုမလုပ်ပါနဲ့ကွာ၊ လာ ... ငါတို့ ဘာမှမစားရသေးဘူး တစ်ခုခုစားကြ မယ်"

"မစားတော့ပါဘူးကွာ"

ဝေလျှံ့အသံက မမာပါ။ ဖျော့တော့ အားလျော့နေ ဘာပါ။ ကားပေါ်သာ တက်မယ့်ဟန်ပြင်နေတာမို့ ...

"ဟောကောင် ... မင်းကလည်း မပြန်ရဘူးကွာ၊ မင်း ခုလို ဖြစ်သွားတာမျိုး ဘယ်တုန်းက ရှိဖူးလို့လဲ"

"အေး ... ဟုတ်တယ်လေ၊ ငါ ဘယ်တုန်းက အဲသလိုဖြစ် ဖူးလို့လဲ၊ အခု တကယ်ဖြစ်တာ၊ အဲဒါကြောင့် မှိုင်းသွားပြီ ကွာ၊ ပြန်ပါရစေတော့"

"မင်းကလည်း ဘာဖြစ်လို့ မှိုင်းသွားရမှာလဲ၊ မိဆွတ် ဒါမျိုးပြောတာ ရိုးနေပြီဥစ္စာ ခံစားနေသေးတယ်"

"ဟာ ... အရင်ဟာတွေနဲ့ မတူဘူးလေကွာ၊ ဒီကိစ္စက သီးခြားကိစ္စလေ"



www.burmeseclassic.com

www.burmeseclassic.com



သုဝဏ်က ဆွတ်ဘက်လှည့်ကြည့်ကာ မျက်ရိပ်မျက်ခြည်နှင့် တစ်ခုခုပြောလိုက်ဖို့ အရိပ်အယောင်ပြနေပါသည်။ ဆွတ်ကတော့ မှုန်တုန်တုန်မျက်နှာလေးနှင့်။ ဝေလျှံ ခုလိုစိတ်မကောင်းဖြစ်သွားတာကိုတော့ ဆွတ် သနားနေမိပါသည်။ သို့သော်ငြား သူတို့တွေကသာ ဆွတ်ကို အရေးပေး ချော့မော့နေကျ၊ ဆွတ်က မချော့ဖူးလှ၍ ချော့မော့ရမှာကိုပင် ဘယ်ကစ,လို့ ဘယ်လိုပြောရမည်မသိ။

"ဟော့ကောင် … လာဆိုကွာ၊ ဇွတ်တက်မနေနဲ့"

"မလာတော့ဘူးကွာ၊ ငါ ပြန်ချင်တယ်"

"မင်းကလည်းကွာ"

အတုလ ဆွဲထားတဲ့လက်ကို ရုန်းထွက်နေတဲ့ ဝေလျှံ့ မျက်ဝန်းအိမ်ဝယ် မျက်ရည်ရောင် စိုစွတ်ရွှန်းလဲ့လာတာကို ရုတ်တရက် မြင်လျှင်တော့ ဆွတ်မျက်ခုံးလေးပင့်ကာ မျက်လုံးလေးဝိုင်းသွားခဲ့ရပါသည်။

"ဟယ် … ဝေလျှံ"

ဝေလျှံက ဆွတ်ကို ဖျတ်ခနဲကြည့်သည်။

"နင်တကယ် အဲလောက်တောင် စိတ်မကောင်းဖြစ်သွားတာလား"

ဝေလျှံက ဆွတ် မေးလိုက်မှ ပိုပြီးဝမ်းနည်းတဲ့ရုပ်ဖြစ်သွားပါသည်။





"ငါက ခါတိုင်းပြောနေကျလိုပဲ ပြောလိုက်တာပါဟယ်၊ နင်က ဘာကိုဝမ်းနည်းသွားတာလဲဟင်"

"နင်က ငါ့တစ်ယောက်တည်းကို အယုံအကြည်မရှိတာကိုး၊ ပြောကြတာ အတူတူချင်းမှာ သူတို့နှစ်ယောက်စကားကိုတော့ နင်ကယုံတယ်၊ သဘောက သူတို့အချစ်ကိုတော့ နင်ယုံတယ်ဆိုတဲ့သဘောပဲ၊ ငါ့အချစ်ကျတော့ နင်ကမယုံဘူး၊ သူတို့ပြောလို့ပဲ ငါက အားကျမခံလိုက်ပြောရမယ်လို့၊ နင် ငါ့ကို အယုံအကြည်မရှိတာ၊ အထူးသဖြင့် နင့်ကို ငါလည်း ချစ်နေပါတယ် ဆိုတာကို နင် မယုံတာကို ငါဝမ်းနည်းတာ"

"အား … နင်ကလည်းဟာ၊ ပြောရင်းဆိုရင်း နားတောင်ရှက်လာပြီ"

ဆွတ်မျက်နှာလေးက ရဲသွေးရောင် ထ,လာပါသည်။ နှုတ်ခမ်းလေး လှုပ်ရွရွနှင့် အတော်အားယူနေပြီးမှ …

"ငါ နင့်အချစ်ကို မယုံတာ မဟုတ်ပါဘူး"

"တကယ်ပြောတာလား၊ နင့်ကို ငါချစ်တာ နင်တကယ်ယုံလား"

သုဝဏ်နှင့် အတုလက တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်မိရင်း သုဝဏ်က …



www.burmeseclassic.com

www.burmeseclassic.com



“ဟေ့ကောင် အတု၊ ဒီကောင်က ငါတို့ကို ဘောထားပြီး ဒရာမာထချိုးနေတော့ ငါတို့က နေရင်းထိုင်ရင်း ပွဲကြည့် ပရိသတ် ဖြစ်သွားပြီ”

“အဟီး”

ဝေလျှံက ချက်ချင်း ပြုံးစိစိဖြစ်လာကာ ...

“ဖြေလေဟာ မိဆွတ်”

“အေးပါ ... ငါယုံပါတယ်၊ နင်တို့ ငါ့ကို ငယ်ငယ်လေး တည်းက မေတ္တာ စေတနာ အကြင်နာတွေ ဒီလောက်ကြီး ခဲ့တာ၊ ငါ့ကို တကယ်မချစ်ဘဲနဲ့ လိမ်ညာလှည့်ဖြားပြီး ချစ်စကားပြောမယ့်သူ တစ်ယောက်မှ မပါဘူးဆိုတာ ငါ ယုံပြီးသားပါ၊ မယုံဘဲနေပါ့လားဟာ”

“ဒါဖြင့် အဖြေပေးလေ”

“ဟေ့ကောင် ဝေလျှံ၊ ဒါတော့ မင်း လွန်ပြီထင်တယ်”

“ဟာ ... ငါ ဘာလွန်လို့လဲ အတုရ၊ ငါ့ကိုအဖြေပေးရမယ်လို့ ပြောတာမှ မဟုတ်တာ၊ ငါတို့သုံးယောက်ထဲက တစ်ယောက်ကိုရွေးပြီး အဖြေပေးဖို့ပြောတာပါ၊ ကဲ ... မြန်မြန်အဖြေပေးဟာ”

“ဟယ် ... ဒီလောက် မြန်မြန်အဖြေပေးလို့ ရပါ့မလား”

“ငါတို့အကြောင်း နင် မသိတာ ဘာရှိလို့လဲ၊ ငါတို့ချင်းကြားက သံယောဇဉ်တွေ ငါတို့ စိတ်ဓာတ်အမူအကျင့်တွေ





အားလုံး က,ကြီးကနေ အ,အထိ နင် အသိဆုံးပဲဟာ၊ အကြာကြီး စဉ်းစားဖို့ လိုလို့လား”

“ငါ နင်တို့ကို တစ်ချိန်းလုံး သူငယ်ချင်းတွေနေရာကပဲ စဉ်းစားကြည့်ခဲ့တာလေ၊ ချစ်သူလိုရွေးဖို့ဆိုရင် အားလုံး အစက ပြန်စဉ်းစားရမှာ၊ ဒီလောက်မလွယ်ဘူး၊ ဒီလောက် လည်း မမြန်နိုင်ဘူး”

“ဆွတ် ... နင် ငါတို့ထဲက တစ်ယောက်ကိုပဲ ချစ်သူအဖြစ် ရွေးချယ်ဖို့ရော သေချာရဲ့လားဟာ”

သုဝဏ် မေးခွန်းက ကျန်နှစ်ယောက်လုံးကို ငေးငိုင် အတွေးပွားစေသည်။ သူတို့ကို သူငယ်ချင်း အရင်းအချာတွေလို သာချစ်ပြီး အပြင်လူတစ်ယောက်ယောက်ကို ချစ်သူလိုချစ်မိသွားတယ်ဆိုတာမျိုးလည်း ဖြစ်နိုင်တာပဲ မဟုတ်လား။

“ငါ သေချာကို မစဉ်းစားရသေးတာ၊ တော်ပြီဟာ နောက်မှဆက်ပြောကြဟာ၊ ငါ ဒီကိစ္စ ပြောနေရတာ ရှက်သလိုကြီးပဲ”

“အေးပါ ... နင် အေးအေးဆေးဆေး စဉ်းစားပါ ဆွတ်ရာ”

အတုကတော့ ထုံးစံအတိုင်း ဆွတ်စိတ်မကျဉ်းကျပ်အောင် အလိုလိုက်ဖို့သာ ရည်ရွယ်သည်။

“တစ်ခုတော့ရှိတယ်”

“ဘာလဲ အတု”



www.burmeseclassic.com

www.burmeseclassic.com



"ငါတို့သုံးယောက်ကတော့ နားလည်မှုရှိပြီး သဘောလည်း တူပြီးသား၊ ဆွတ် ဘယ်သူ့ကိုပဲရွေးရွေး ကျန်တဲ့သူနှစ်ယောက်က ကြည်ဖြူပါမယ်ဆိုတာ"

"ဟုတ်တယ်လေ"

"ငါတို့က တကယ်ပဲ ကြည်ဖြူနိုင်မှာပါ၊ ငါတို့က ဆွတ်ကိုတင်ချစ်တာမဟုတ်ဘူး၊ ငါတို့ချင်းလည်း ညီအစ်ကိုတွေပဲ ဥစ္စာ"

"အေး ... တကယ်လို့များ ဆွတ်က ငါတို့ထဲကမဟုတ်တဲ့ တခြားတစ်ယောက်ယောက်ကို ချစ်သွားရင်လည်း ငါတို့သုံးယောက်လုံး အဲဒါကို နားလည်လက်ခံပေးနိုင်ရလိမ့်မယ်ကွ"

"........."

"အချစ်ဆိုတာက ဆန်းကြယ်တယ်လေ၊ အစိမ်းအကျက်မရွေး ဘယ်သူ့အပေါ်မဆို အချစ်တစ်ခုက ဖြစ်တည်ပေါက်ဖွားနိုင်တာပဲ၊ ဆွတ်လေးက ငါတို့ကို မဟုတ်တဲ့ တခြားယောကျ်ားလေးတစ်ယောက်ကို ချစ်မိတယ်ဆိုတာ ဖြစ်နိုင်တဲ့ကိစ္စပဲ၊ အဲဒီအခါကျရင် ငါတို့ ဆွတ်အပေါ် ကြည်ဖြူနားလည်ခွင့်လွှတ်ပေးရမယ်၊ ဆွတ်က ရွေးချယ်ပေးလိုက်တဲ့သူကိုလည်း ငါတို့က ညီအစ်ကိုတစ်ယောက်လိုပဲ ချစ်ပေးနိုင်ရမယ်"





အတုလစကားကို အင်တင်တင်ဖြစ်တဲ့ အကြည့်မျိုးနှင့် သုဝဏ်နှင့် ဝေလျှံက တစ်ယောက်ကိုတစ်ယောက် ကြည့်မိပါသည်။ အဲဒီအချိန်မှာပဲ ဆွတ်ကတော့ အတုရဲ့မျက်နှာကို သိမ့်ခနဲ နွေးသောရင်နှင့် ဖျတ်ခနဲ ကြည့်လိုက်မိတာပါ။

သုံးယောက်လုံး ဆွတ်အပေါ် ချစ်မြတ်နိုးလွန်းလှတာ ဆွတ် ခံစားသိရှိနိုင်ပေမယ့် နားလည်မှုအရှိဆုံးကတော့ အတုလို့ ထင်မိသည်။ အတုဟာ ဒီသူငယ်ချင်း လေးယောက်ထဲမှာတင်မက ပတ်ဝန်းကျင်က တခြားသူတွေအပေါ်မှာပါ နားလည်မှုပေးတတ်သူပါ။

အဲသလို အရည်အချင်း တစ်ခုခုကြောင့်ရယ်လို့တော့ မဟုတ်ပဲ တစ်ခါတစ်ရံ အတုလရဲ့အပြုအမူ အပြောအဆိုလေးတွေက ဆွတ်ရဲ့ရင်ထဲ နွေးသိမ့်ဆွတ်ပျံ့စေတာဟာ တစ်မျိုးပဲ၊ အဲဒါဟာ အချစ်ဆိုတာပဲလား။

"မိဆွတ်"

"ဟင်"

"နင့်မှာ အပြင်လူရှိနေလား"

"ဘာအပြင်လူလဲ"

"နင် ချစ်နေတဲ့သူ၊ နင် ချစ်သူတော်ချင်တဲ့သူ ငါတို့သုံးယောက်မဟုတ်တဲ့ အပြင်လူပေါ့"



www.burmeseclassic.com

www.burmeseclassic.com



"အာ ... မရှိပါဘူး"

"သေချာလား၊ ငါ့ကို ခုတလော ဇင်လင်း နည်းနည်းလိုက်ပြဿနာရှာနေသလိုပဲနော်၊ အကြည့်တွေလည်း မမိုက်ဘူးနော်"

"ဟယ် ... အဲဒါ ငါနဲ့ဘာဆိုင်လို့လဲ ဝေလျှံရဲ့"

"ဆိုင်တယ် ... နင်နဲ့ပဲဆိုင်တယ်၊ ငါနဲ့ ဒီကောင် နင့်ကိစ္စကလွဲရင် ပတ်သက်စရာ အကြောင်းမရှိဘူးနော်၊ အိမ်ချင်းနီးပြီး တစ်ရပ်ကွက်တည်း ဖြစ်နေပေမယ့် အရင်ကဒီလောက်မဟုတ်ဘူး၊ ခုဆို လမ်းကျဉ်းထဲမှာ ကားချင်းဆုံမိရင် သူက ဘေးကပ်မပေးချင်တာမျိုး၊ အခွေဆိုင်မှာကို ဂိမ်းမ်ဆိုင်မှာတို့ ဆုံမိရင် ရိသဲ့သဲ့ လှောင်ပြောင်ရိချင်တာမျိုး စောင်းပြောချင်တာမျိုးတွေ ရှိနေတယ်နော်"

"ဟဲ့ ... သူ့ဟာသူ အဲဒါလုပ်တာ ငါနဲ့ဘာဆိုင်လဲ၊ ငါလည်း ဘယ်သိမလဲ၊ အတုတို့ သုဝဏ်တို့ကိုမလုပ်ဘဲ နင့်မှရွေးပြီး ရိသဲ့သဲ့လုပ်နေရင်တော့ နင်ကလည်း သိပ်အပိုးမကျိုးလို့ ထောင့်မကျိုးလို့ နေမှာပဲ"

"ဒီမိဆွတ်မတော့ ငါ ခေါင်းထုရ ပုဝင်သွားဦးမယ်၊ ငါနဲ့က နီးနေတော့ မျက်စိရှေ့မှောက် ငါနဲ့ပဲ တွေ့ဆုံနေလို့ပေါ့ဟ၊ သုဝဏ်တို့ အတုတို့နဲ့ အိမ်ချင်းနီးနေရင်လည်း ဒီလိုပဲဆုံရင် သူ ရိနေမှာပေါ့"





"နင် ရန်မဖြစ်စမ်းပါနဲ့ ဝေလျှံရယ်၊ သူတို့ ခုတလော တခြားအပြင်ကသိတဲ့ အကောင်တွေ တစ်အုပ်စုနဲ့တွဲနေတယ်၊ အဲဒီကောင်တွေက ပါတီတွေ ကလပ်တွေတက်ပြီး ဆေးသုံး အရက်သောက်နဲ့ ဘာဂိုဏ်းညာဂိုဏ်းဆိုလား ဖွဲ့ထားတဲ့ကောင်တွေတဲ့ ...

ဇင်လင်းတို့နဲ့လည်း ပါတီပွဲတစ်ခုမှာ ခင်တာဆိုလားပဲ၊ တော်တော်တွဲမိနေတယ် ပြောတယ်၊ အားအားရှိ ညသန်းခေါင် တခြားနဲ့ ကားပြိုင်မောင်းကြ လုပ်ကြတာမျိုး ငါကြားတယ်"

"နေပါဦး၊ နင်က ဒီကောင့်အကြောင်း ဘယ်ကနေဒီလောက် စုံစမ်းသိရှိနေတာလဲ"

"ဟဲ့ ... ငါက စုံစမ်းစရာလား သုဝဏ်ရဲ့၊ ဒီလိုပဲသတင်းကြားရတာ ပြောပြတာပေါ့၊ ဟိုအရင်ကထက် သူတို့မှာ ရမ်းကားတဲ့ သူငယ်ချင်းတွေ ပိုများလာတယ်၊ နင်တို့အတွက် စိုးရိမ်လို့ ပြောနေတာ"

"တခြားကိစ္စတွေ မစိုးရိမ်နဲ့ဆွတ်၊ နင်နဲ့ပတ်သက်ပြီး မခံချင်စရာဖြစ်လာမှ ငါတို့ပြဿနာတက်မယ်၊ တခြားကိစ္စတွေနဲ့ ဒီကောင်တွေ ဘယ်လိုပဲရန်စစ ငါတို့ဘယ်တော့မှ ရန်ချင်းမတုံ့ပြန်ဘူး"



www.burmeseclassic.com

www.burmeseclassic.com



"နှင့်ကို ဒီကောင် ခုထိလိုက်တုန်းလား"

"………"

"အေးကွာ၊ ဒီကောင် ခုထိကို ကောင်မလေးတစ်ယောက်နဲ့တွဲတာ မတွေ့ရဘူး၊ ခုထိ ရည်းစားမရသေးဘူးလား။ ဘာလုပ်နေတာလဲ မသိဘူး"

"နှင့်ကို လိုက်တုန်းပဲလားဆို ဆွတ်"

"ကြည့်ရတာ လိုက်တုန်းပဲ ဖြစ်မှာပေါ့၊ မိဆွတ် နှုတ်နေးနေပုံထောက်တော့ ဒီကောင် တော်တော်ဖွဲ့ကြီးပါလား၊ အခုကျောင်းပြီးသွားတော့ ဒီကောင် နှင့်ကို ဘယ်လိုနည်းနဲ့ လိုက်တွေ့လဲ"

ဆွတ်က မျက်ခုံးတွန့် မျက်လွှာချလေးနှင့် မရဲတရဲ…

"သူ့ညီမက ဒီနှစ် 2nd MB တက်နေတာလေ၊ မမကြီးဆီမှာ စာလာသင်နေတယ်၊ မမကြီးက သူ့ကို Guide လုပ်ပေးနေတယ်ဟ"

"ဟင် … ဒါဖြင့် ဒီကောင်က သူ့ညီမကြိုပို့ရင်း နင်တို့အိမ် ဝင်ထွက်နေတာပေါ့"

ဆွတ်က အသာကလေး ခေါင်းညိတ်ပြလိုက်သည်။

✧ ♣ ✧





၆

ဆွတ်ရဲ့ခြံတံခါးဝကို ကားခေါင်းဦးထိုးလိုက်ရင်း သုဝဏ်က ကားဟွန်းတီးလိုက်လျှင် ခြံထဲမှာ အသင့်ရှိနေသော ဆွတ်တို့ ဒရိုင်ဘာကြီးက အပြေးလာကာ တံခါးဖွင့်ပါသည်။

သုဝဏ်ရဲ့ရင်တွေ တဒိန်းဒိန်း ခုန်နေကာ စတီယာရင်ကို ကိုင်ထားသောလက်တွေပင် ချွေးစေးစို့စွတ်နေသည်။ တလုပ်လုပ်နှင့် ဘယ်လိုခံစားနေရတယ် မသိအောင်ပင်။ ပျော်တာလား၊ မယုံနိုင်တာလား။ အမှန်ကန်ဆုံးကတော့ ရင်တွေတအားခုန်နေတာပါပဲ။

ဆွတ် သူ့ထံ မနက်ပိုင်းက ဖုန်းဆက်ခဲ့သည်။

"သုဝဏ် နေ့လယ် ဆယ့်နှစ်နာရီလောက် နင် ငါ့ဆီလာနိုင်မလား၊ အားလား"



www.burmeseclassic.com

www.burmeseclassic.com



"အေး ... အားပါတယ်၊ နင် ဘာကိစ္စရှိလို့လဲ"

ခိုင်းစရာ မှာစရာကို နီးနီးနားနားက အတုလကို ပိုဆက်သွယ်တတ်တဲ့ ဆွတ်က အားသလားဆိုတော့ ဘာကိစ္စကြီး ရှိနေနေ သုဝဏ် အားရမှာသာ။ အိမ်ချင်းမနီးလှလို့ အတုလောက် အားကိုးတကြီး အခေါ်မခံရတာကိုပဲ နစ်နာမှုတစ်ခုလို ခံစားရတဲ့သူ မဟုတ်လား။

"ငါ ပြောစရာရှိလို့ နင့်ကို"

"ဘာပြောမှာလဲဟင်၊ ဘာကိစ္စလဲ ဆွတ်"

"ဟိုလေဟာ၊ နင် ... နင်တို့ကို ငါ အဖြေပေးဖို့ကိစ္စနဲ့ ပတ်သက်လို့ပါ"

"ဟင်"

သုဝဏ် ရင်တွေ အဲဒီကတည်းက ဗုန်းခနဲလှုပ်ရှားစ,ခုန်တော့တာ။ ဆွတ်အသံကလေးက ရှက်စွံ့နေသလို အထစ်ထစ် အငေါ့ငေါ့။ တိုးတိုးတိမ်တိမ်လေး။ သုဝဏ် အာခေါင်တွေ ပါ ခြောက်လာကာ ...

"ငါ ... ငါလာခဲ့မယ်လေ၊ ငါ ဆယ့်နှစ်နာရီတိတိအရောက် လာခဲ့မယ်နော် ... ဆွတ် သိလား"

"တိတိတော့ မဟုတ်ပါဘူးဟယ်၊ ဆယ့်နှစ်နာရီပတ်လည် လောက် ရောက်ရင်ဖြစ်ပါတယ်"





"ဘာပဲဖြစ်ဖြစ်ပေါ့ဟာ၊ ဆယ့်နှစ်နာရီတိတိ ရောက်အောင် လာခဲ့မယ်"

ဖုန်းချပြီးကတည်းက သုဝဏ်သည် ထိုင်လို့လည်းမရ။ ထ,လို့လည်းမရ။ ဘာမှ လုပ်လို့ကိုင်လို့မရ။ ဟိုကောင်နှစ်ကောင်ကိုလည်း ဖုန်းဆက်မပြောရဲ။ အခန်းထဲက ဝင်ချည်ထွက်ချည် ဂနာမငြိမ်ဖြစ်ကာနေသည်။

"ဟဲ့ ... ကောင်လေး ဘယ်လိုဖြစ်နေတာလဲ၊ ဝင်လိုက်ထွက် လိုက် ထိုင်လိုက်ထလိုက် မျက်စိကို နောက်နေတာပဲ"

မေမေကပင် သတိထားမိကာ လှမ်းမာန်သည်။ ထိုအခါ သုဝဏ်သည် မေမေ့အနားပြေးကပ်ကာ မေမေ့ပါးနှစ်ဖက်ကို ဘယ်ပြန်ညာပြန်ကြီး နမ်းရှိုက်ပစ်လိုက်လေသည်။

"ဟယ် ... သုဝဏ်ရယ်၊ မေမေ့သနပ်ခါးတွေ လိမ်းထားတာလေး ကုန်ပါပြီဟယ်၊ တအားကြီး နမ်းတာပဲ"

"မေမေက ချစ်စရာကြီး၊ သနပ်ခါးနံ့တွေ မွှေးတာကိုးဗျ"

သုဝဏ်က မေမေ့ကို ခုချိန်ထိ တအားကြီးဖက်ကာ နမ်းကာ ရှိတတ်မြဲပင်။ မေမေ့ရင်ခွင်ထဲ ခေါင်းထိုးပြီး ဖက်ချွဲတတ်ဆဲပင်။

"ဒီကောင်လေး နမ်းလိုက်ရင်တအား၊ တော်တော်အနမ်းသန်တယ်၊ မင်းနဲ့ရတဲ့မိန်းမတော့ မလွယ်ဘူး ဖွတ်ဖွတ်ကြေမယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဟား ဟား ဟား ... မမမကလည်း အဲဒါ ဘယ်သူရှိမလဲ၊ ဆွတ်ပဲလေ ... မိဆွတ်ပဲပေါ့၊ မေမေပြောတာ ရယ်ရတယ်၊ မေမေပြောသလိုဆို မိဆွတ်တော့ ဖွတ်ဖွတ်ကြေပဲ ... ခိ ခိ ခိ"

"ဟဲ့ ... ဒီကောင်လေး လူကြားမကောင်း သူကြားမကောင်း တော်စမ်း"

"ဟင် ... အဲဒီလူကြားမကောင်းတာကို မေမေပဲ ပြောတာပါ"

"ဟဲ့ ... မေမေ နောက်ပြီးပြောတာလေ သုဝဏ်ရဲ့၊ မင်းက နာမည်ထည့်ပြောတော့ ဘယ်ကောင်းမလဲ၊ လူရှေ့သူရှေ့ မိဆွတ်ရှေ့ သူ့မိဘရှေ့ ပြောမိနေဦးမယ်နော် သတိထားဦး သားရယ်"

မေမေကလည်း သဘောတကျ ရယ်ကာမောကာ တားတာပါ။

"ဒါနဲ့ မင်းကို မိဆွတ်က အဖြေပေးပြီလား၊ ဘယ်သူ့ကို အဖြေပေးလဲ"

သူတို့သုံးယောက်လုံး မိဆွတ်ကို ချစ်ရေးဆိုထားတာ အမေလေးယောက်စလုံး သိထားကြပါသည်။ သုဝဏ်က ပြုံးပြုံးကြီးဖြစ်သွားရရင်း ...





"ပေးတော့ မပေးသေးဘူး အဟင်း ဟင်း"

"မပေးသေးရင် မင်းရုပ်ကြီးက ဘယ့်နှယ်ဖြစ်နေတာလဲ သားရဲ့"

"အဟင်း ... မပေးသေးပေမယ့် မိဆွတ်က သားကို ဒီနေ့နေ့လယ် သူ့အိမ်ခေါ်ထားတယ် မေမေရဲ့၊ အဖြေပေးမယ့်ကိစ္စလို့ ပြောတယ်"

"ဟုတ်လား"

"ဟုတ်တယ် မေမေ ... အဟဲ ဟဲ"

ပါးစပ်စေ့မရသော သားတော်မောင် သုဝဏ်ကို မိခင်ဖြစ်သူက စိတ်မသက်မသာကြည့်ရင်း ...

"ငါ့သားရယ် ... မင်းပုံစံကလည်း အူမြူးနေလိုက်တာ၊ မိဆွတ်ကသာ မင်းကို ပြန်ချစ်ပါတယ်လို့ အဖြေမပေးရင် မင်း ရူးတောင်သွားမလားပဲ၊ တကယ်ပါပဲ ငါ့သားကတော့"

"ဟာ ... မေမေကလည်း ပါးစပ်ပုပ်ကြီးနဲ့ ... ဖွ ဖွ ဖွ၊ မိဆွတ် ဒီနေ့ပဲ အဖြေတစ်ခါတည်း ပေးလိုက်ပါစေလို့ မေမေ ဆုတောင်းနေနော်"

"သားရယ် ... မိဆွတ်က မင်းတစ်ယောက်တည်းကို ခေါ်တာလား"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ပါတယ် မေမေရဲ့၊ သားတစ်ယောက်တည်းကို ခေါ်တာပါ၊ ခါတိုင်းတုန်းကဆို တစ်ယောက်ယောက်ဆီ ဆက်ရင် နင်တို့သုံးယောက်ချိန်းပြီး ငါ့ဆီလာခဲ့ကြဦးလို့ ပြောနေကျပါ။ အခုက သူတို့နှစ်ယောက်ကို ထည့်မပြော ဘူး မေမေရဲ့၊ နင် လာခဲ့ဦးလို့ပဲ ပြောတာ"

"ဩော်"

"အဖြေပေးဖို့ကိစ္စလို့လည်း ပြောတယ် မေမေရဲ့၊ မိဆွတ် အသံလေးကလည်း တစ်မျိုးလေး၊ ရှက်နေသလိုပဲ မေမေရဲ့"

သုဝဏ်ရဲ့မေမေက သူ့သားဖြစ်သူကို ကြင်ကြင်နာနာ စေ့စေ့ကြည့်ကာ ပြုံးလိုက်ရင်း သားရဲ့နဖူးကို ခြေဖျား ထောက်ပြီး လှမ်းနမ်းလိုက်ပါသည်။

"ငါ့သား ကံကောင်းပါစေကွယ်၊ မေမေ ဆုတောင်းနေပါ့ မယ်"

"ပေးတဲ့ဆုနဲ့ ပြည့်ပါစေ မေမေ၊ မေမေပေးတဲ့ဆု ပြည့်ပါ စေ ... အဟင်း ဟင်း"

အိမ်မှာ မေမေနှင့်ပြောလာတဲ့ စကားတွေကို ပြန် သတိရကာ သူ့နှုတ်ခမ်းတွေ ပြုံးလာမိဆဲ ဒရိုင်ဘာကြီးက ဘေး တွန်းခြံတံခါးကြီးကို ဟင်းလင်းတွန်းဖွင့်ပြီးသွားပါသည်။

သုဝဏ်က ခြံထဲဝင်ဖို့ ဘီးစလှိမ့်လိုက်သည်ဆိုလျှင်





"တီ"

ကားဟွန်းသံတစ်ခုကြောင့် သုဝဏ်က နောက်ကြည့် မှန်မှ လှမ်းကြည့်လိုက်ပါသည်။

"ဟင်"

ဝေလျှံ့ကား။ သုဝဏ်ရင်ထဲ ဟိုက်ခနဲဖြစ်သွားသလို ပင်။ ဝေလျှံလည်း အလကားနေရင်း မိဆွတ်ထံ နေ့ခင်းကြောင် တောင်ကြီး လာမယ်မထင်။ မိဆွတ် ခေါ်ထားတာပဲ ဖြစ်မှာပါ။ ဒီအတိုင်းဆိုရင်တော့ သူတို့သုံးယောက်စလုံးကို ဆွတ်လှမ်းခေါ် ထားတာပဲ ဖြစ်မှာပေါ့။

ခုနက ပျော်နေတဲ့အပျော်တွေ နည်းနည်းလျော့ကျ ကာ ရင်ခုန်သံ ခပ်ကြမ်းကြမ်းကလည်း အနည်းငယ်အရှိန်ပျော့ လျက် မျှော်လင့်ချက်ရာနှုန်းပြည့်နီးပါးဟာလည်း သုံးပုံတစ်ပုံအထိ သို့ လျှော့ခနဲ ဆင်းသွားရပါတော့သည်။

သူတို့ကားနှစ်စီး ပေါ်တီကိုတစ်ဝိုက်နား ရှေ့ဆင့် နောက်ဆင့်ရပ်လိုက်ချိန်မှာပဲ အိမ်တံခါးဝမှ ဆွတ်ကထွက်လာသည်။

"ဟင် ... နင်တို့နှစ်ယောက်က ချိန်းလာတာလား"

"ဟင့်အင်း ... ချိန်းမလာပါဘူး၊ ငါက ငါ့တစ်ယောက်ကို ပဲ နင် ခေါ်တာထင်နေတာလေ"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ်၊ ငါလည်း ဝေလျှံပြောသလိုပဲ နင်က သူ့ကို နာမည်ထည့်မပြောတော့ ငါ့ပဲခေါ်တယ်ထင်ပြီး သူတို့ကို မချိန်းတော့ဘဲ ထွက်လာလိုက်တာ"

"အချိန်ကလည်း ဆယ့်နှစ်နာရီအတိအကျတွေ"

"နင်က ဆယ့်နှစ်နာရီလောက်ဆိုတော့ ဒီကိစ္စမှာ အချိန် တိကျလေးစားမှ ဖြစ်မယ်ဆိုပြီး ဒင်ခနဲထိုးတာနဲ့ ပေါ်တီ ကိုအောက် ရှတ်ခနဲအရောက် မှန်းလာတာ၊ ကိုယ့်ကိုယ် ကိုယ် အထင်ကြီးပြီး ရင်တွေတောင် ခုန်လာသေးတာ ဒီကောင့်ကားရှေ့မှာ တွေ့တော့မှ ဟာ ... ဒါဆို မိဆွတ် သုံးယောက်လုံး ခေါ်တာဖြစ်မှာပဲလို့"

ဝေလျှံလည်း သုဝဏ်နှင့် တစ်ထေရာတည်း ခံစားရ မှာပဲပေါ့။ သူတို့နှစ်ယောက် ဆွတ် ဦးဆောင်ခေါ်လာသော နေ ရိပ်ထဲက ကြိမ်ခုံလေးတွေမှာ ထိုင်မိကြပါသည်။ ဆွတ်မျက်နှာ လေးက တစ်မျိုးကလေး။ သုဝဏ်က ရင်တထိတ်ထိတ် ငေးစိုက် ကြည့်နေမိပါသည်။ ဝေလျှံက နာရီတစ်ချက်ကြည့်ရင်း ...

"ဟာ ... ဟိုကောင် အတု ဘယ်လိုတုံး၊ အနီးဆုံးက နောက်အကျဆုံး ဖြစ်နေပါလား၊ အချိန်မလေးစားပါလား ဟဲ ဟဲ ဟဲ"

ဆွတ်က မျက်လွှာလေးချရင်း ...





"ငါ အတုကို ခေါ်မထားပါဘူး"

သုဝဏ်ရင်ထဲ ဒိန်းခနဲ ဖြစ်သွားပါသည်။ ဘာ အဓိပ္ပာယ်လဲ ... ဘာအဓိပ္ပာယ်လဲ။ ဒီစကား ဘာအဓိပ္ပာယ်လဲ စဉ်းစား ... စဉ်းစား။ ဝေလျှံလည်း ဘာစကားမှ မဆက်နိုင်ဘဲ ဆွတ်ကိုသာ စေ့စေ့ကြည့်နေတာ မြင်ရသည်။

ဝေလျှံစိတ်လှုပ်ရှားနေမှာကို သုဝဏ် ရိပ်မိနေသလို သုဝဏ် စိတ်လှုပ်ရှားနေတာကိုလည်း ဝေလျှံ မရိပ်မိဘဲမနေ။ သူတို့နှစ်ဦးလုံး ကိုယ့်တစ်ဦးတည်းကို ခေါ်သည်အမှတ်နှင့်ရောက် လာကြတာပင်။ ဒီရောက်မှ ကိုယ်ထင်တာလွဲပြီဆိုတာကို သိကြ ရတာချင်းလည်းတူတူ။

လွဲပြီဆိုတာကိုတော့ သိပြီး ဘယ်လိုလွဲတာလဲဆို တာကိုတော့ သူတို့ ရင်ခုန်သံတွေ ဆူညံစွာ မဝေခွဲနိုင်တုန်း။

✧✤✧

"ငါ"

ဆွတ်က အသံတိုးလေးနှင့် စကားစသည်။ အသံ လေးက တိုးသက်လှ၍ သူတို့နှစ်ယောက်လုံး ဦးခေါင်းတွေပင် ရှေ့တိုးကာ အာရုံစိုက်နားထောင်ရသည်။



www.burmeseclassic.com

www.burmeseclassic.com



"ငါ နင်တို့သုံးယောက်လုံးကို သူငယ်ချင်းလိုလည်း အရမ်းခင်တယ်၊ ကိုယ့်အစ်ကိုတွေ မောင်တွေလိုလည်း အရမ်းချစ်တယ်"

"………"

"နင်တို့အားလုံး ငါ့ကို ချစ်ရေးဆိုထားတာသိတော့ မေမေက ငါ့ကို မြန်မြန်ရွေးချယ်ဆုံးဖြတ်ဖို့ ပြောတယ်၊ ကျန်ခဲ့မယ့် နှစ်ယောက်ကို မျှော်လင့်ချက်တွေ မရပ်နိုင်အောင် အချိန်အကြာကြီး ရင့်မမောပါစေနဲ့တဲ့"

"………"

"အဲဒါကြောင့် ငါ သေချာစဉ်းစားပြီးတော့ အချိန်သိပ်မကြာဘဲ ရွေးလိုက်ပါတယ်၊ ငါအဖြေပေးတဲ့အခါမှာ ငါ ရွေးချယ်လိုတဲ့သူ တစ်ယောက်တည်းကိုပဲခေါ်ပြီး အဖြေမပေးချင်ဘူး၊ ကျန်ကဲ့သူတွေကိုပါ ပေးသိချင်တယ်"

"………"

"ပြီးတော့ သုံးယောက်စလုံးလည်းဆုံပြီး မပြောချင်ဘူး၊ ငါ နင်တို့သုံးယောက်ကို တစ်ယောက်က ပျော်နေ၊ နှစ်ယောက်က စိတ်မကောင်းဖြစ်နေတဲ့ အခြအနေမျိုးနဲ့ ငါ ပြိုင်တူမမြင်ရက်ဘူး"





သုဝဏ်နှင့် ဝေလျှံ ဘာစကားမှမဆိုဘဲ မျက်လွှာကိုယ်စီချထားမိကြသည်။ သူတို့သုံးဦးအကြား တခဏတိတ်ဆိတ်သွားပြီးမှ ဆွတ်အသံလေးက တိုးတိုးလေး ပေါ်လာသည်။

"ငါ … ငါ … နင်တို့နှစ်ယောက်ကို အချစ်ခင်လျှော့လို့ မဟုတ်ဘူးဆိုတာကို အတုကို ခေါင်းမညိတ်ခင် နင်တို့ကို အရင်ဆုံး အသိပေးတာပါဟာ"

✧ ✤ ✧



www.burmeseclassic.com

www.burmeseclassic.com



## ၇

သူတို့အားလုံးအကြားက ရင်းနှီးချစ်ခင်စည်းလုံးမှုက ဝါးအစည်းပြေမသွားခဲ့ပါ။ အတုလကတော့ အရင်ကထက်ပင် ငြိမ်သက်အေးဆေးသွားခဲ့ပါသည်။ အရာရာ ဆွတ်ရဲ့စကားတစ်ခွန်းနှင့်သာ ဆုံးဖြတ်လှုပ်ရှားတော့သလို ဖြစ်နေသည်။

"မင်းက လွန်လွန်းအားကြီးတယ်ကွာ၊ ဖနောင့်နဲ့ချည်းလိမ့်လိမ့်ပေါက်ချင်လာပြီ"

"ဟုတ်ပါရဲ့ကွာ၊ ဆွတ်မကြိုက်လို့၊ ဆွတ်မသွားခိုင်းလို့၊ ဆွတ်စိတ်ဆိုးမှာ၊ ဆွတ်မလုပ်ခိုင်းဘူး၊ တစ်ဆိတ်ရှိ ဒါတွေချည်းပဲ"

"မင်း အိမ်သာတက်ခါနီးရော ဖုန်းဆက်ပြီး ကြိုခွင့်တောင်းရသေးလား အတု ... ဟင်၊ ဆွတ် ငါ အီးတစ်တုံးလောက်ပါပါရစေ ဆိုပြီးတော့လေ"





"ဟား ဟား ဟား ... ဝေလျှံကလည်းကွာ"

"ဟုတ်တယ်လေ ... အမြင်က ကတ်လာပြီ"

"ဆွတ်က ငါ့ကိုတင် ပြောတာမဟုတ်ဘူးကွ၊ မင်းတို့ကိုပါ ပြောတာ၊ စာကျက်၊ ရန်မဖြစ်နဲ့၊ ကျောင်းမလစ်နဲ့၊ ကလပ်မသွားနဲ့၊ ငါ့ကိုတားတိုင်း ဟိုနှစ်ကောင်လည်း ပြောလိုက်ဆိုပြီး တစ်ခါတည်းမှာတာ"

"မှာတော့ ဘာလုပ်ရမှာလဲ၊ မိဆွတ် အရင်ကအကြောင်ကို ငါတို့ကို ချုပ်ချယ်လာတယ်၊ ငါတို့ကပဲ လူဆိုးဂျပိုးတွေကျနေတာပဲ၊ ဟိုဟာမလုပ်နဲ့ ဒီဟာမလုပ်နဲ့နဲ့"

"အေးလေ ... မင်းကလည်း နည်းနည်းပါးပါး ငြင်းသင့်တာလေးလည်း ငြင်းဦးပေါ့ကွ၊ တောင်းဆိုသင့်တာလေးလည်း တောင်းဆိုဦးပေါ့ကွ၊ သူပြောသမျှ မင်းက ပါးစပ်ကြီးပိတ်ပြီး ပေပြီး ခေါင်းညိတ်နေတော့ ငါတို့ကရောပြီး အလိုလို ခြေချုပ်ကျတယ်"

"ဟိုလေကွာ၊ တချို့ကိစ္စတွေကျတော့ ငါက ဆွတ်မကြိုက်လို့ မပါနိုင်တော့လည်းပဲ မင်းတို့ချည်းပဲ သွားလိုက်လုပ်လိုက်ပေါ့"

"ဟေ့ကောင် ... ငါတို့က မိဆွတ်ပါ ပါပြီး လေးယောက်ဖြစ်ရင်ဖြစ်၊ မဟုတ်ရင် ငါတို့သုံးယောက် လူမစုံဘဲ ဘာ



www.burmeseclassic.com

www.burmeseclassic.com



လုပ်ဖူးလို့လဲကွ၊ အခုဆို တစ်ခါတလေ မင်းတို့နှစ်ယောက်က သမီးရည်းစားမို့လို့၊ နှစ်ယောက်တည်း သွားချင်တာလေးတွေရှိမယ်၊ ဒါကို နားလည်ပါတယ်၊ ဒါပေမဲ့ ကျန်တဲ့ကိစ္စတွေတော့ မင်းက ဖွဲ့မထွက်နဲ့လေကွာ၊ နှစ်ယောက်တည်း ဝေါင်ကြောင် ဝေါင်ကြောင်နဲ့၊ မင်းပါပါမှ သုံးယောက်မှ ငါတို့အတွဲညီတယ် ခံစားရတာ"

"ငါ နားလည်ပါတယ် သုဝဏ်ရာ၊ အမှန်တိုင်းပြောရရင် ဟိုနေ့က စတိတ်ရှိုးဆိုလည်း ငါလည်း တကယ်သွားချင်တာ လိုက်ချင်တာပဲကွ၊ မိဆွတ်က မသွားနဲ့ဆိုတော့ ဖွတ်လိုက်သွားရင် ငါ့ကို သူ စိတ်ဆိုးဦးမယ်လေကွာ၊ မလိုက်ဘူး ငြင်းပြန်လည်း မင်းတို့က စိတ်ဆိုးဦးမယ်"

"ဒါနဲ့ပဲ မင်း ကုလီကူမာနဲ့ အဝင်ဂိတ်မှာချိန်းပြီး အချိန်ကပ်မှ ငါတို့ရောက်နေ စောင့်နေမှ ဖုန်းဆက်ပြီး ငါမလာတော့ဘူး လုပ်ချလိုက်တယ်ပေါ့ ... ဟုတ်လား၊ လုံးဝမမိုက်ဘူး ဟေ့ကောင်၊ မင်း တကယ်လျှော့တယ်"

"ငါ တောင်းပန်ပါတယ်ကွာ"

"တောင်းပန်မနေနဲ့၊ မိဆွတ်လည်းကြည့်နေ ငါနဲ့တွေ့ဦးမယ်၊ ငါ ဒီဟာမလေးကို ဖိကိုပြောပစ်ဦးမယ်"

"ဟေ့ကောင် ဝေလျှံ မလုပ်ပါနဲ့ကွ၊ မင်းကလည်း"





"ဘာလို့မလုပ်ရမှာလဲ၊ ကောင်မလေး ကောင်မလေးလို မနေဘူး၊ သူ့ကိုယ်သူ ဆရာမကြီးလို လုပ်နေတယ်"

"ဆွတ် ဆရာမကြီး ဘယ်လောက်လုပ်လုပ် ဒီကောင် တပည့်ကြီးလုပ်မနေရင် ပြီးတာပဲဟာ၊ ဒီကောင်ကို ပုတ်သင်ညိုအရှုံးပေးရတယ်၊ ခေါင်းချည်းညိတ်နေတာ"

"မင်းတို့နှစ်ယောက် ဖွတ်လုပ်ရင် ဆွတ်က ဘာမှသိပ်မကြိမ်းမောင်းဘူး မဆူဘူးလေကွာ၊ မင်းတို့ကိုသူ မပိုင်ဘူးဆိုပြီး ခွင့်လွှတ်သေးတယ်၊ ငါ့ကိုကျတော့ ..."

"မင်းကိုကျတော့ရော သူ ပိုင်လား"

"ငါက သူ့ရည်းစားလေကွာ၊ မင်းတို့က သူငယ်ချင်း"

"ဟေ့ကောင် ... တော်စမ်းကွာ၊ နားခါးတယ်၊ နားကြားပြင်းကတ်တယ်၊ မဖြစ်ညှပ်တိုင် သိပ်မတက်နဲ့"

"တက်စမ်းပါစေ သုဝဏ်ရာ မင်းကလည်း၊ ငါ အခု ဘယ်လိုတွေးပြီး စိတ်ချမ်းသာလဲ မင်းတို့သိလား"

"ဘာလဲ"

"ဆွတ် ဒီကောင် အတုကိုရွေးပြီး ငါ့ကိုမရွေးတာ ငါကံကောင်းလိုက်တာ ကံကောင်းလိုက်တာလို့"

"ဟီး ဟီး"

အတုက ရယ်မောနေပါသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ် အတု၊ ဆွတ်က မင်းကိုရွေးပေလို့ပဲ၊ သုဝဏ်ကိုရွေးရင်တော့ ဘယ်နေမလဲ မသိဘူး၊ ငါ့ကိုရွေးရင်တော့ ရန်တကျိမ်းကျိမ်းဖြစ်ပြီး ရည်းစားကနေ ပြတ်သွားဖို့တောင် ရှိတယ်၊ အဲဒီကျ သူလည်းမကောင်း ကိုယ်လည်းမကောင်း။ ငါတို့အချင်းချင်းကြားရော မိဘတွေကြားရော မျက်နှာနာစရာတွေဖြစ်၊ စိုသောလက်တွေခြောက်ပြီး နေရထိုင်ရတွေကို ခက်ကုန်မှာ၊ ငါတို့ချင်း စိတ်ဝမ်းတွေလည်း ကွဲကုန်မှာ၊ ဘုရား ... ဘုရား၊ ဘုရားကျေးဇူးတော် ကြီးလှပါပေတယ်၊ မိဆွတ် ငါ့ကိုမရွေးလို့၊ ငါ တကယ်အတည်ပြောနေတာနော်၊ လုပ်ကြံပြောနေတာ မဟုတ်ဘူး"

"မင်းတို့ အရင်ကလည်း ဆွတ်အလိုကို လိုက်ခဲ့ကြရတာပါပဲ"

"အရင်က သူငယ်ချင်းအလိုလိုက်ပုံလိုက်နည်းပဲလေ၊ တော်သေးတာပေါ့၊ ရည်းစားဆိုတော့ သူကလည်း ပိုစွက်ဖက်ချုပ်ချယ်လာမှာလေ၊ အခု မင်းကို ထိုင်ဆိုထိုင် ထဆိုထသေဆိုသေ ရှင်ဆိုရှင် လုပ်နေသလိုပေါ့၊ သူကထားလိုက်မိန်းမဆိုတာ အခွင့်အရေး နည်းနည်းရရင် ရောင့်ရောင့်တက်ချင်တာထုံးစံ၊ ဘာမှမဆန်းဘူး၊ ရည်းစားဆိုရင် လက်ခုပ်ထဲဆည့်ပြီး မောက်လိုမှောက် သွန်လိုသွန် လုပ်ပေးရမယ်လို့ မိန်းကလေးတွေက ထင်နေတာ ...





သူတို့ တစ်ထွာတစ်မိုက်ဉာဏ်လေးနဲ့ လုပ်နေတာ ထားလိုက်ပါ၊ ခွင့်လွှတ်လို့ရတယ်၊ မင်းကိုတော့ ခွင့်မလွှတ်နိုင်ဘူး အတု"

"ဟင် ... မင်းကလည်း၊ ဆွတ်ကျ ခွင့်လွှတ်တယ်၊ ငါ့ကျ ခွင့်မလွှတ်ဘူး၊ တရားကျပါပေတယ်"

"ခွိ ခွိ ခွိ"

သုဝဏ်က သဘောတကျ ရယ်မောနေပါသည်။ ဟုတ်လည်း ဟုတ်ပါရဲ့။ သူရော ဝေလျှံရောဟာ အတုလကို ဆွတ် ချုပ်ချယ်နေသမျှ ဆွတ်ကိုထက် အတုကိုပဲ အားမလိုအားမရ ဒေါသတွေ ပိုထွက်နေကြတာပါ။

"ဒါတော့ သူက အားနွဲ့တဲ့မိန်းမသားလေ၊ မသိနားမလည် မလိမ်မိုး မလိမ္မာ ခွင့်လွှတ်ရမှာပေါ့"

"ဩော် ... အေး ... အေး"

အားမလိုအားမရ စိတ်တိုတဲ့ဟာကို တိုနေသော်လည်း အတုရဲ့ ရွှဲ့တဲ့တဲ့လေသံကို သုံးယောက်သား မအောင့်နိုင်ဘဲ တခီးခီး ပွဲကျနေမိကြပါသေးသည်။

"ပြီးတော့ အတု၊ မင်းက လိုအပ်တာထက် မာန်ချထားသေးတယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဘာကိုလဲကွာ"

"ဟိုကောင် ဇင်လင်းက ဆွတ်တို့အိမ်ကို သူ့ညီမအကြို အပို့လုပ်ရင်း တစ်ပတ်သုံးရက် အဝင်အထွက် လုပ်နေတယ်။ အဲဒါ သူနဲ့ဆုံတာတောင် မင်းက မျက်လွှာချပြီး အိမ်ထဲ ဝင်သွားတယ်ဆို"

"ငါက အိမ်ထဲဝင်မသွားလို့ ဘာလုပ်ရမှာလဲ ဝေလျှံရ၊ မျက်လွှာချတယ်တော့ မဟုတ်ပါဘူးကွာ၊ သူနဲ့မျက်လုံးချင်း မဆိုင်တာပါ၊ သူကလည်း အိမ်ပေါ်တက်ရတာ မဟုတ်ပါဘူး၊ ခြံထဲမှာကားရပ်ပြီး ကားပေါ်ပဲနေရတာပါ၊ အဲဒါကို ငါက ဘယ်လိုသွားပြီး ရန်လိုရမှာတုန်း"

"ဒီကောင်က ကောင်းတဲ့ကောင် မဟုတ်ဘူး၊ ငါနဲ့က အိမ်နီးနေတော့ အနီးအနားက ငါနဲ့ခင်တဲ့ကောင်တွေဆီက ပြန်ကြားရတာတွေရှိတယ်၊ ဆွတ်ကလည်း ယူအက်ဖ် အယ်လ်က ကွင်းဆိုပြီး ဆွတ်ဖြန်းမိုး ဆိုတာ လူသိများ တာလေ၊ ဒီကောင်က အပေါင်းအသင်းတွေကြား စကား ပြောတာတောင် အကြောကြီးနဲ့ အနှောင့်အသွားမလွတ် ပြောတာ ..."

ညနေ ငါ မအားဘူး ဆွတ်ဖြန်းမိုးအိမ် သွားရဦး မယ် ဆိုတာမျိုး အသားက ယူလိုက်သေးတယ်၊ မသိရင်



သူကပဲ ဆွတ်အိမ်ကို ဝင်ခွင့်ထွက်ခွင့် ရထားသလိုလို ဘာလိုလို၊ ထောင့်ကိုမကျိုးဘူး၊ ငါတော့ ဒီကောင့်ကိုမြင် တာနဲ့ ပါးချည်းပဲ ဗိုက်ဗိုက်ရိုက်ချင်စိတ် မနည်းထိန်းရ တာ၊ မင်းက နည်းနည်းပါးပါး ခပ်တင်းတင်း ရှိုးပေးထား လိုက်ပေါ့ကွာ"

"ငါက အိမ်ထဲတန်းဝင်နိုင်တဲ့သူလေ၊ သူက ခြံထဲမှာနေ ရတဲ့သူ၊ အဲဒါကို နေရင်းထိုင်တင်း သွားရှိုးနေစရာ ဘာ လိုလဲကွာ၊ သူက အောက်ကပါ"

"အောက်ဖြစ်ဖြစ် အပေါ်ဖြစ်ဖြစ်ကွာ၊ ကြည့်မရဘူး၊ ဒီ ကောင်တွေ ဆေးတွေ ဘာတွေလဲ ငြိနေသလိုလိုလည်း ငါ သတင်းကြားတယ်၊ ဒီလိုကောင်တွေက စိတ်ကြွလာရင် ကြွသလို လုပ်ချင်တာလုပ်မှာ၊ မိဆွတ်ကိုလည်း ကြပ်ကြပ် သတိထားခိုင်းဦး"

"ဟုတ်တယ် အတု၊ ဇင်လင်းက မိဆွတ်ကို စွဲတော့တော် တော်စွဲလန်းတာကွ၊ သူ တခြားဘာပဲ မကောင်းတာလုပ် လုပ် ကောင်မလေးတွေနဲ့ မရောဘူး မရှုပ်ဘူး၊ မိဆွတ် တစ်ယောက်ကိုပဲ ငယ်ငယ်တည်းက သူ ချစ်လာတာ၊ ဆွတ် က အကြိမ်ကြိမ်ငြင်းထားလို့သာ၊ ငါတို့ ဒီကောင့်ကိုကြည့် မရတာက သတ်သတ်၊ သူ မိဆွတ်ကို တကယ်စွဲစွဲလန်း

www.burmeseclassic.com

www.burmeseclassic.com

လမ်း ချစ်တာကို အသိအမှတ်ပြုရမှာကလည်း သတ်သတ်ပဲ ...

စွဲစွဲလမ်းလမ်း အချစ်ကြီးတဲ့ကောင် မကောင်းတာလုပ်ဖို့ ဝန်မလေးတော့ဘူးဆိုတဲ့အခါကျရင် အတင်းကားတင်ပြေးတာမျိုး၊ မရမက သုတ်ပြေးမှာ ကြောက်ရတယ်။ သူ့မှာလည်း ဘေးမှာ မြှောက်ထိုးပင့်ကော် လူဆိုးကောင်တွေချည်းပဲ၊ ငါလည်း ဆွတ်ကို သေချာသတိပေးဦးမယ်၊ မင်းလည်း ဂရုစိုက်ဦး"

"မင်းတို့ပြောမှ ရင်တောင်ပူလာပြီ၊ မင်းတို့လည်း ဝိုင်းဂရုစိုက်ဦးလေ"

"စိုက်မှာပေါ့ကွ၊ ဒါပေမဲ့ အခုနောက်ပိုင်းက မင်းနဲ့ ဆွတ်နဲ့ နှစ်ယောက်တည်းသွားတာလာတာမျိုးလည်း ရှိလာပြီလေ၊ မင်းကပိုပြီး သတိဝိရိယရှိရမှာ၊ တစ်ခုခု မဟုတ်တဲ့အရိပ်အခြည်တွေ့ရင် နောက်မကျစေနဲ့ ရောက်ရာအရပ်ကကလင်လိုက်ကွာ အတု၊ သွားတာလာတာလည်း ဆင်ခြင်ဦး၊ လူပြတ်တဲ့နေရာတွေ ဘာတွေ မသွားနဲ့"

"အာ ... အဲလိုနေရာတွေ မသွားပါဘူးကွာ"

"သဘောပြောတာပါ၊ အကြံတစ်ခုခုသာ ကျိတ်ရှိနေရင် အခွင့်ကောင်း ချောင်းနေမှာလေ အတုရ"





"ငါတို့လည်း တော်ရုံတန်ရုံ အပြင်သိပ်မသွားပါဘူးကွာ၊ ခုတလောက မိုးတွင်းလည်း ရောက်လာတော့ ပိုတောင်သိပ်မသွားဖြစ်ဘူး၊ ဆွတ်က ငယ်ငယ်ကတည်း မိုးမိရင်အဆုတ်အအေးပတ်တာ မင်းတို့လည်း သိတာပဲလေ၊ ငါသွားရင် သူ့အိမ်မှာပဲ ထိုင်စကားပြောတာ များတာပါ"

"မင်းကားထဲကတုတ်လည်း ပြန်ထည့်ထားဦး"

ဟိုးအရင်က သူတို့သုံးယောက်လုံးဟာ ရန်ဖြစ်မယ်ဆို တက်ညီလက်ညီတွေ ဖြစ်ကြရာ သူတို့သုံးယောက်တွဲ ရဲသုံးဆော်ကို ကြည့်မရကြသော ကောင်တွေကလည်း မရှားလှ၍ ရေးဟယ် အကြောင်းဟယ်ဆို လက်မြန်နိုင်အောင် ကားထဲမှာ ... က်တစ်လျားစာလောက် သစ်သားဟုတ်တွေ ဆင်တူထည့်ထား ... ဖူးပါသည်။

ဒါကို အမေတွေကလည်း သိပ်မနှစ်မြို့။ အသီးသီး ... ဘားဖူးကြပါသည်။

"မေမေ တုတ်ကို ကားထဲထည့်ထားတာ ကိုယ်ကစရန်ဖြစ်ဖို့ မဟုတ်ဘူး၊ တစ်ခုခု ပြဿနာရှိလာရင် ကိုယ့်ကိုလုပ်ပြီဆိုရင် ခုခံကာကွယ်ဖို့၊ ဒီလောက်ပါပဲ၊ ကားထဲတုတ်ထည့်ထားလို့ ဘာမှစိတ်မပူနဲ့၊ စိတ်ပူစရာ မရှိဘူး၊ တစ်ဖက်က ရန်စတိုက်ခိုက်လာပြီး ကိုယ်က ခုခံစရာ ကာကွယ်စရာ


www.burmeseclassic.com

www.burmeseclassic.com



အရေးအကြောင်းဆို ဘာမှမရှိဘဲလက်ဗလာနဲ့ ခံလိုက်ရမှာ ကိုပဲ စိတ်ပူရမှာ"

အမေတွေကို သူတို့က ဓာတ်ကတ္တက်ကာ မသိမသာ ဖွက်ပြီး ကားထဲဆောင်ထားကြပါသည်။ ဆောင်ပင်ဆောင်ထား သော်လည်း ခုချိန်ထိ တစ်ခါမှလည်း အသုံးမပြုရပါ၊ ဟန်ပြပန်ပြ တောင် ထုတ်မကိုင်ဘူးပါ။

အဲဒါကိုသိထားတဲ့ ဆွတ်က ရည်းစားတွေဖြစ်တာ နှင့် အတုလကို ကားထဲကတုတ် ထုတ်ပစ်နိုင်းပါသည်။ အတုလ က မရဲတရဲ ဆင်ခြေကန်သေးသော်လည်း ...

"ဒီတုတ်ကြီးရှိနေတော့ အဲဒီတုတ်အားကိုးနဲ့ နင်လည်း ပိုသွေးဆူတယ်၊ တစ်ခုခုဆိုရင် ငါ့မှာရိုက်ဖို့ တုတ်ပါတယ် ဆိုပြီး စိတ်ကပိုကြွတယ် အတု၊ ငါမကြိုက်ဘူးဟာ၊ ရန် ဖြစ်ရင်သုံးတဲ့ပစ္စည်း ရှိနေတာဟာ ရန်ဖြစ်ဖို့ကို ပိုပြီးတွန်း အားပေးတယ်၊ ဒီတုတ်ကြီးမရှိရင် ငါ့မှာ ရန်ဖြစ်ရင် ချစရာ ဘာမှမပါဘူးဆိုတဲ့ မသိစိတ်က နင့်ကို ရန်မလိုမိ ဖို့ ထိန်းပေးလိမ့်မယ် ...

မရဘူး ထုတ်ထားခဲ့၊ လွှင့်ပစ်လိုက်တော့"

အတုလက ကားထဲက ထုတ်လိုက်ရတဲ့အပြင် ဆွတ်လက်ထဲပါ အပ်လိုက်ရသေးတာပါ။ အခု သူ့မှာကားထဲ





ပြန်ထည့်ထားဖို့ အရွယ်တော် အနေတော် မှုလလက်ဟောင်းသစ် သားတုတ်က ရှိတောင်မရှိတော့တာပါ။

"ဟော့ကောင်အတု ပြောနေတာ ကြားရဲ့လား"

"အေးပါကွ"

"ငါက ဖင်လင်းနဲ့ ရပ်ကွက်ထဲတဝိုက်မှာ မကြာခဏဆုံနေ တဲ့ကောင်ဆိုတော့ သူ့ကို ခဏခဏမြင်နေရတာ၊ ငါကတော့ ဒီကောင့်ကိုမြင်တာနဲ့ ဘုကြည့်ကြည့်တာပဲ၊ မင်းလိုမျက်နှာ မလွှဲပါဘူး၊ သူကလည်း ငါ့ကိုတင်းပြီးတော့ ပြန်ရှိုးတာပဲ၊ ငါ သူ့မျက်နှာမြင်တိုင်း အလိုလိုပဲ စိတ်ထဲက တစ်ခုခု ထင်တယ်၊ ဘာတစ်ခုခုလဲ ငါတိတိကျကျ မပြောတတ်ဘူး၊ ဒါပေမဲ့ ဒီကောင် တစ်ခုခုလုပ်လိမ့်မယ်ချည်းပဲ ထင်နေ တာ၊ အကြံတစ်ခုခု ကျိတ်ကြံနေတယ်ပဲ ယူဆနေမိတာ"

"မင်း ဒီကောင်ကို အယုံအကြည် မရှိတော့ အစိုးရိမ်ကြီး နေတာလည်း ဖြစ်နိုင်ပါတယ် ဝေလျှံရာ၊ ဒါပေမဲ့ ဘာပဲ ဖြစ်ဖြစ်နော် အတု၊ သတိဆိုတာ ပိုတယ် လျှံတယ် မရှိ ဘူး ဟော့ကောင်"

"အေးပါ သုဝဏ်ရ"

✧ ♣ ✧



www.burmeseclassic.com

www.burmeseclassic.com



○

သူတို့ရဲ့ချမ်းမြေ့သာယာလှသောဘဝကို ဖောက်ထိုး မိုးမျှော် ဖရိုဖရဲပြောင်းလွဲသွားစေခဲ့သော ရင်နင့်စရာ အဖြစ်ဆိုး ကြီးတစ်ခုကတော့ မိုးရာသီကာလတစ်ခုရဲ့ ညနေနှောင်းပိုင်းမှာ ကြေကွဲဖွယ်ရာ ဖြစ်ပွားခဲ့ပါသည်။

ထိုညနေက အင်းယားမြိုင်လမ်းသွယ်တစ်ခုရဲ့ ချောင် ကုပ်ကုပ် စားသောက်ဆိုင်ကလေးမှာ အတုလနှင့် ဆွတ်တို့ရောက် နေတာနှင့် အတူတူ တစ်ချိန်တည်းပင် ဇင်လင်းနှင့် အပေါင်း အသင်းတစ်စုလည်း ရောက်နေကြပါသည်။

အမြဲလို လေးယောက်တွဲတတ်မြဲ ဆွတ်တို့လေး ယောက်တွဲထဲကနေ အတုလနှင့် ဆွတ်နှစ်ယောက်တည်း ခွဲထွက် တွဲကာ ဟိုဟိုဒီဒီမှာ သွားသွားလာလာ တွေ့လာရတဲ့အပေါ် တစ်စုံတစ်ရာကို အမိပွာယ်ပေါက်ရိပ်မိဟန်ရှိတဲ့ ဇင်လင်းဟာ ဆွတ်နဲ့အတု ဝင်လာကတည်းက ရန်လိုတဲ့ မကြည်ကြည့်, ကြည့် နေတာပါ။

သူ့ဘေးနား အဖော်ပါတဲ့ မိုက်ခဲတစ်စုကလည်း အချင်းချင်း မျက်စပစ်ကာ မေးငေါ့ကာ ဇင်လင်းထံ တီးတိုးပြော ဟာနှင့် ဂနာမငြိမ် ရှိကြသည်။ တကယ်တမ်း အကြောင်းရင်း ခယ်မယ်ရရ ဘာတစ်ခုမှမရှိဘဲနဲ့ ကံဆိုးချင်တော့ သူတို့အုပ်စုဟာ တစ်စုံတစ်ရာမူးယစ် ရှဲပြဲနေကြပုံရကာ ပြဿနာတစ်ခုခုကို မီး မွှေးဖို့ တစ်ဖက်သတ် စတင်ကြိုးစားလာခဲ့ကြတာပင်။

အတုလတို့ လှမ်းမှာထား၍ စားပွဲထိုးသယ်ဆောင် လာသော ဗန်းထဲက စားစရာကို လမ်းခုလတ်ကနေ ဖြတ်ယူနှိုက် ဆားလိုက်ခြင်း၊ အလကားနေရင်း ထ,လာကာ အတုလတို့စားပွဲ ကို တစ်ပတ်ပတ်လျှောက်ပြီး စေ့စေ့ကြည့်သွားခြင်း စသဖြင့် သိသိသာသာ ရန်စတဲ့အပြုအမူတွေကြောင့် ...

"ဆွတ် ... ငါတို့ ဆက်မစားဘဲ ပြန်ကြစို့"

"အေး"

သူတို့နှစ်ယောက်သား ပိုက်ဆံရှင်းကာ ပြန်မည်ပြင် ဆဲ ဇင်လင်းက သူတို့စားပွဲကို ဖတ်ခနဲ ရောက်လာဝင်ထိုင်လိုက် ပါသည်။







www.burmeseclassic.com

www.burmeseclassic.com



"ဟော့ကောင် အတုလ၊ ခဏနေပါဦးကွ"

အတုလနှင့် ဆွတ်တို့က ဇင်လင်းကို စိတ်အနှောင့်အယှက်ဖြစ်ဖြစ်နှင့် ကြည့်နေမိကြပါသည်။

"နေစမ်းပါဦးကွ၊ အခု မင်းရယ် သုဝဏ်ရယ် ဝေလျှံရယ်က မင်းတို့ကောက်ရိုးပုံကို အဝေတည့်သွားကြပြီလား ... ဟီး ဟီး"

ဆွတ် မျက်နှာလေးက နီမြန်းသွားရပါသည်။ အတုတို့သုံးယောက်လုံးကို ကောက်ရိုးပုံစောင့်တဲ့ခွေးတွေလို့ ပုတ်ခတ်ပြောဆိုလိုက်တာ မဟုတ်လား။

"ဇင်လင်း ... နင် ဘာတွေလာပြောနေတာလဲ၊ ငါတို့ဘာသာငါတို့ အေးဆေးဆေးဆေးနေတာ နင်လည်း နင့်ဘာသာနေရင် ကောင်းမယ်"

"ခဏလေး ... ခဏလေး၊ အခြေအနေကို ရှင်းရှင်းလင်းလင်း သိချင်လို့ပါ၊ အခုက ဟိုကောင်လိုလို ဒီကောင်လိုလို သုံးယောက်လုံးလိုလို မဟုတ်တော့ဘဲ တစ်ယောက်တည်းနဲ့ လင်မှတ်မှတ် သားမှတ်မှတ် ဖြစ်သွားတဲ့သဘောလား"

ဆွတ်က ဝုန်းခနဲ ထ,ရပ်လိုက်ပါသည်။ ဆွတ်တစ်ခုခု ကောက်လုပ်လိုက်မှာစိုး၍ အတုလက ဆွတ်လက်ကို ဖမ်းဆွဲထားလိုက်ရင်းက ...





"မင်း မရိုင်းပါနဲ့ ဇင်လင်း၊ မင်း သိပ်အခြေအနေမကောင်းဘူးထင်တယ်၊ အေးဆေးနေပါကွာ"

"ငါက ဘာကို အခြေအနေမကောင်းရမှာလဲ"

"မင်း မူးနေတယ်"

"ဘာမှ မမူးဘူး"

အတုလက ပိုက်ဆံကို စားပွဲပေါ်ချကာ လာအယူပြန်အအမ်းတွေ စောင့်မနေတော့ဘဲ ဆွတ်လက်ကိုဆွဲ၍ ဆိုင်ထဲမှ ထွက်ခွာသွားရန်ပြင်သည်။

"ဟော့ကောင် ... နေဦး"

ဇင်လင်းက ထ,ရပ်ကာ အတုလရှေ့က ပိတ်ရပ်ရင်း ...

"ဘာဖြစ်လို့ ထွက်ပြေးတာလဲ၊ ကြောက်လို့လား"

"ဇင်လင်း ... မင်း ပြဿနာမဖြစ်ချင်ပါနဲ့ကွာ"

"ဘာလို့လဲ၊ ပြဿနာဖြစ်ရင် မင်း ရှုံးမှာမို့လို့ မဟုတ်လား"

"ငါ ရှုံးတာ နိုင်တာ ပြဿနာမရှိဘူး၊ ဆွတ်ပါနေတယ်၊ မိန်းကလေးတစ်ယောက် ရှိနေလို့ ငါ ရန်မဖြစ်ချင်ဘူး ဇင်လင်း"

"ကြောက်တယ်ပေါ့"

"........."



www.burmeseclassic.com

www.burmeseclassic.com



"တကယ်တမ်းက မင်းတို့က သုံးယောက်ပူးမှ ကျယ်ရဲတဲ့ကောင်တွေပဲ၊ တစ်ယောက်တည်းကျတော့ အမြီးလေးကိုကုပ်လို့၊ အခု မင်းရဲ့အဲဒီအမြီးကို ငါ နင်းထားပြီ၊ မင်းထွက်မပြေးနဲ့ မရဘူး"

"မင်းကို ငါတို့ ဘာလုပ်လို့ ပြဿနာလိုက်ရှာနေတာလဲ"

"ကြည့်မရလို့ကွာ၊ ရှင်းပြီလား"

"အေး ... မင်း အဲလောက်ပြဿနာဖြစ်ချင်ရင် ငါပြန်လာမယ် ဟောကောင်၊ စိတ်ချ တကယ်ပြန်လာမယ်၊ အခုဆွတ်ပါနေတယ်၊ ငါ ဆွတ်ကိုပြန်ပို့လိုက်ဦးမယ်"

"ဘာပြန်လာမယ်လဲ၊ သတ္တိရှိရင် ခုဖြစ်ပေါ့၊ မင်းပြန်လာမယ်ဆိုတာလည်း မယုံပါဘူး၊ မင်းကို ဒီလောက်ရန်စနေရိနေတာတောင် ပြေးဖို့ပဲချောင်းနေတာ ဘာလဲ မင်းကဂန်ဒူးလား"

"ဟောကောင် ဇင်လင်း၊ ငါပြောနေတာ ရှင်းရှင်းလေးပါ၊ ပြဿနာဖြစ်တာ ယောကျ်ားလေးချင်းပဲ ဖြစ်တာကောင်းတယ်၊ မိန်းကလေးတစ်ယောက် မပါပါစေနဲ့၊ ငါတကယ်ပြန့်လာမယ်"





အတုလက ဆွတ်လက်ကိုဆွဲကာ ဆိုင်ထဲမှ ထွက်လာလျှင် နောက်မှ ဇင်လင်းအပြင် တချို့ကောင်တွေပါ အပြေးအလွှား လိုက်ပါလာပါသည်။ သူတို့အားလုံး အတုလရဲ့ကားကို ဝိုင်းအုံထားလိုက်ပါသည်။ အခြေအနေက လုံးဝမကောင်းပါ။ အတုလက ဆွတ်ဘက်လှည့်ကာ လေသံတိုးတိုးနှင့် ...

"မိဆွတ် ... နင် ကားပေါ်တက်နေ၊ သော့တွေချထား၊ ပြန်ဆင်းမလာနဲ့၊ သွား ... တက်တော့"

"အတု"

"အခုချက်ချင်းတက်၊ အခြေအနေ မကောင်းရင် နင်ကားကို မောင်းပြီးထွက်သွားတော့၊ ကြားလား"

"အတု"

"သွား"

အတုလက ဆွတ်လက်ဖျားကို လွှတ်ကာ လက်ထဲကားသော့ထည့်ပြီး ဝခုံးစွန်းကိုပါ ဆတ်ခနဲ တွန်းလွှတ်လိုက်ပါသည်။ ဆွတ်သည် တဆတ်ဆတ်တုန်သော နှုတ်ခမ်းလေးကိုဖိကိုက်ရင်း ကားတံခါးကို သော့ဖွင့်ကာ တက်လိုက်ရပါသည်။ ကားနံဘေးမှာ ဇင်လင်း ဘော်ဒါတွေ ရှိနေပေမယ့် ဆွတ်ကိုယ်ထိလက်ရောက်တော့ သူတို့ မတားမြစ်ရဲကြပါ။



www.burmeseclassic.com

www.burmeseclassic.com



ကားပေါ်ရောက်ကာ သော့ချပြီးသည်နှင့် ဆွတ်က အနံ့ဆိုး မလုတ်လေးတွေ တဆတ်ဆတ် ဖိနှိပ်လိုက်ပါသည်။ သတ်လေးတွေပါ တုန်နေကာ မျက်ရည်လည်း ရစ်ဝဲလာသည်။ ဒေါသလည်း ထွက်နေကာ အတုအတွက် စိုးရိမ်ပူပန်မှုကလည်း ရင်ကို တဒိန်းဒိန်း ခုန်စေလျက် ငယ်ထိပ်ထိ ထူပူနေစေတော့တာပါ။

"ဟယ်လို ... မိဆွတ်"

"သုဝဏ်"

"မိဆွတ် ... ဘာလဲ ပြော"

"သု ... သုဝဏ်"

"ဟင် ... ဆွတ် ... နင် ဘာဖြစ်နေတာလဲ"

"သုဝဏ် ... အင်းယားမြိုင်ထဲက '......'ဆိုင်လေးကို လာခဲ့ပါ"

"ဘာ ... နင် ဘာဖြစ်လဲ"

"အခုလာခဲ့ပါနော် သုဝဏ်"

"နင် ... နင်နဲ့ အတုနဲ့လား၊ ဟိုကောင်တွေ ပြဿနာလာရှာနေတာလား"

"ဟုတ်တယ် သုဝဏ်၊ နင် အခုလာပါနော်၊ ဒီမှာရန်ပွဲဖြစ်တော့မှာ သေချာတယ်"





"ငါ ခုပဲလာမယ်၊ အခုထွက်ပြီ၊ နင် ဝေလျှံကို ဆက်လိုက်"

"အေး"

လိုင်းပြတ်သွားတဲ့ဖုန်းကို ဆွတ်က ဂဏန်းခလုတ်လေးတွေ ထပ်နှိပ်လိုက်ပြန်ပါသည်။

"မိဆွတ် ... ပြော"

"ဝေလျှံ"

"ဟ ... ငိုသံပါကြီးနဲ့ ဘာဖြစ်တာလဲ ဆွတ်"

"ဝေ ... ဝေလျှံ အင်းယားမြိုင်ထဲက '......'ဆိုင်ကို ခုလာခဲ့ပါ"

"ဘာ ... ဘာဖြစ်လို့လဲ"

"ဇင် ... ဇင်လင်း ..."

"ဘာ ... အခု အတုရော၊ အတု အခြေအနေကောင်းရဲ့လား"

"အခု သူတို့ပြဿနာဖြစ်နေပြီ ဝေလျှံ"

"အခုလာပြီ သုဝဏ်ဆီဆက်"

"ဆက်ပြီးပြီ"

ပြန်ဖြေတဲ့စကားကိုပင် ဝေလျှံ ကြားပုံမရတော့ပါ။ သူ ဖုန်းချပြီးတာက အရင်ဖြစ်နှင့်သည်။ ဆွတ်က မိုးဖွဲဖွဲကျနေတဲ့ အပြင်ဘက်မြင်ကွင်းကို ကားရှေ့မှန်ချပ်ကို ထွင်းဖောက်၍ ငေးမျှော်ကြည့်နေမိပါသည်။ ကားမှန်မှာ မိုးရေစိုစွတ်နေ၍ မြင်ကွင်းတွေက မှုန်ဝါးဝါး မသဲကွဲလှ။



www.burmeseclassic.com

အတုရဲ့နံဘေးမှာ ဇင်လင်းတို့ သုံးလေးယောက်ထ ဝိုင်းရံထားသည်။ လာပါတော့။ သုဝဏ်နှင့် ဝေလျှံ ရောက်လာခဲ့ ပါတော့။ သုဝဏ္ဏက ဝေလျှံနှင့် ခုနစ်မိုင်ခွဲက သုဝဏ် ဘယ်သူ့ပဲ အရင်ရောက်ရောက် မြန်မြန်ရောက်ကြပါတော့။

ဆိုင်က လမ်းပေါ်မှာမဟုတ်ဘဲ လမ်းသွယ်အကြွ လေးမှာလည်း ဖြစ်နေတာမို့ ရုတ်တရက်မှာ လမ်းမကြီးပေါ် ထင်ထင်ရှားရှား ဘွားဘွားကြီး ဖြစ်မနေပါ။ ဆွတ် ကြည့်နေစဉ် မှာပဲ ဇင်လင်းတို့ထဲက တစ်ယောက်က အတုရဲ့ပခုံးကိုတွန်းကာ တွန်းကာ ကိုယ်ထိလက်ရောက် ရန်စနေလေပြီ။

ယိုင်သွားတဲ့အတုကို ဆွဲလှည့်တဲ့သူကလှည့်၊ ခေါင်း ပုတ်တဲ့သူကပုတ်၊ ကြောင်တစ်အုပ်ကြားထဲ ရောက်နေတဲ့ ကြွက် ငယ်ကလေးလို ကျားတစ်အုပ်ကြားထဲရောက်နေတဲ့ သမင်ငယ်လို အတုလရဲ့အနေအထားက အားလုံးရဲ့ဝိုင်းဝန်းဆော့ကစားရန်စတာ ကို ခံနေရတာပင်။

ကြည့်နေရင်းကပင် ခဏအကြာမှာတော့ အတုလ သည်းမခံနိုင်တော့ကာ သူတို့ဘက်ကိုပြန်ပြီး တွန်းလားထိုးလား လုပ်ရာက ရန်ပွဲက ပီပီပြင်ပြင် စတင်ပါတော့သည်။ ရန်စဖြစ်ပြီကို သိသည်နှင့် ဆွတ်က ကားပေါ်မှ ဖျတ်ခနဲ ဆင်းလိုက်မိကာ ...

"အတု"





စိုးရိမ်တကြီး အော်လိုက်မိကာ ကိုယ်ဘယ်လိုမှ ဝင်မပါနိုင်တာ သိသိနှင့် မသိစိတ်က ရန်ပွဲထဲပြေးဝင်မိမလို ခြေ လှမ်းပြင်လိုက်မိလေသည်။ ဆွတ်ကို အတုက လှမ်းမြင်လိုက်ကာ ကျောကျောကျယ်လောင်သော အသံနှင့် ...

"ဆွတ်ဖြန်းမိုး အခု ကားပေါ်ပြန်တက်"

ဆွတ် မျက်ဝန်းမှ မျက်ရည်တွေ ပိုးပိုးပေါက်ပေါက် ကျလာပါသည်။ ဆွတ်တစ်သက်နှင့်တစ်ကိုယ် နာမည်ကို အပြည့် အစုံတပ်၍ "ဆွတ်ဖြန်းမိုး"ရယ်လို့ အတုလ၊ သုဝဏ်၊ ဝေလျှံတို့ တစ်ယောက်မှ မခေါ်ဖူးခဲ့ကြပါ။ ခုလို ဆွတ်ဖြန်းမိုးလို့ သေသေ ချာချာ ပီပီပြင်ပြင် ခေါ်လိုက်တာဟာ တမင်တကာ ပိုပြီးအလေး အနက်ပြု ခေါ်လိုက်မှန်း ဆွတ်သိသည်။

ချက်ချင်း ကားပေါ်ပြန်ထိုင်နေစေလိုတဲ့ အတုလရဲ့ စိတ်ဆန္ဒပြင်းပြတာကို နာမည်ခေါ်ပုံတစ်မျိုးထဲနှင့် သိသာလှပါ သည်။ အများနှင့်တစ်ယောက် သတ်ပုတ်တိုက်ခိုက်နေရတုန်း ဆွတ်အတွက်ပါလှည့်ပြီး နောက်ဆံတင်းမနေလိုတဲ့ သဘောမှန်း လည်း နားလည်ကာ ဆွတ်က ကားပေါ်ချက်ချင်းပြန်လှည့်တက် လိုက်ပါသည်။

ကားပေါ်ရောက်လျှင် ထိတ်လန့်တုန်လှုပ်ခြင်း၊ စိုးရိမ် ကြောက်ရွံ့ခြင်း၊ ဝမ်းနည်းပူပန်ခြင်းတို့နှင့် ဆွတ်က အသံထွက်

www.burmeseclassic.com



အောင်ပင် ရှိုက်ကြီးတငင် ငိုလိုက်မိဆဲ ဆူးဆူးရဲရဲ ကားမီးရောင် တစ်ခုက ရန်ပွဲရှိရာ ဦးတည်ထိုးကာ ကားကို မလှမ်းမကမ်းမှာ ရပ်လျက် ချက်ချင်းပွင့်သွားသော တံခါးမှ ပြေးဆင်းလာသူက သုဝဏ်။

အဲဒီနောက် ဘယ်လောက်မှမခြား ရှေ့ဆင့်နောက် ဆင့်ပင် ကားတစ်စင်း ထိုးဆိုက်ရပ်ကာ ပြေးဆင်းလာသော ဝေလျှံ။

"သုဝဏ် ... ဝေလျှံ"

ဆွတ် တိုးတိုးကလေး ရေရွတ်မိကာ ဖမ်းနည်း ကြောက်လန့်နေတဲ့ကြားက အားတက်သွားပါသည်။

"အတု"

သုဝဏ်လား ဝေလျှံလား ကျိုးအော်ကာ သူတို့ရောက် လာကြောင်း အချက်ပေးလိုက်သံကလည်း ပိုမိုသဲမဲလာသော မိုး ထဲမှာ အကျယ်ကြီးပင်။ အတုသည် သူ့သွေးသောက်ရဲဘော်နှစ် ယောက် ရောက်လာတာကိုသိကာ အားတက်သွက်လက်လာပါ သည်။

သုဝဏ်နှင့် ဝေလျှံသည် ရန်ပွဲကြားထဲ တုတ်တစ် ချောင်းစီနှင့် ပြေးဝင်သွားကြတာဖြစ်ပြီး ရန်ပွဲကအသံတွေသည် ဖုန်းဖုန်းဖိုင်းဖိုင်း အသံတွေမှသည် ဒုတ်ခနဲ ခွပ်ခနဲ အသံတွေ





အဖြစ် ပြောင်းလဲသွားတော့သည်။ ရန်ပွဲကလည်း တစ်မုဟုတ်ချင်း အသွင်ပြောင်းသွားပါသည်။

တစ်ဖက်က ဇင်လင်းနှင့်အဖွဲ့တို့သည်လည်း သူတို့ ကားတွေဆီ အသီးသီး ပြန်ပြေးကြကာ ကားပေါ်က ရိုက်လို့နက် လို့ရသော ပစ္စည်းတန်ဆာပလာတွေ ဆွဲယူလာသူနှင့် တုတ်ပါ သာတဲ့သူနှင့် ဇင်လင်းရဲ့လက်ထဲမှာတော့ ဖျတ်ခနဲလက်လိုက် သော လျှပ်စီးကြောင်းတွင် ဝင်းခနဲ ပြက်ခနဲ အရောင်ထွက်လျက် ပါလာသည်က ဓားမြှောင်တစ်ချောင်းတည်း။

တစ်ဖက်နှင့်တစ်ဖက်က စဖြစ်တုန်းကလို အကဲစမ်း နေစနေတာမျိုး မဟုတ်တော့ဘဲ ကြီးကျယ်ပြင်းထန်သော သူသေ ကိုယ်သေ တိုက်ပွဲတစ်ခုလို ဖြစ်ခဲ့ပြီပင်။ လူတွေဟာ ရှုပ်ယှက် ခတ်ထွေးကာ ဘယ်သူက ဘယ်သူ့ကို ဦးတည်ရိုက်ပုတ်တယ်ပင် မဟုတ်တော့ဘဲ နီးစပ်ရာ မြင်မြင်ကရာကို လက်ထဲကလက်နက်နှင့် အဆုံးတစ ဖြစ်ချင်ရာဖြစ် ထိချင်ရာထိ ထိုးနှက်တိုက်ခိုက်နေတဲ့ ပွဲ ဖြစ်လာသည်။

ဟိုဘက်ကခြောက်ယောက်လောက်၊ ဒီဘက်ကသုံး ယောက် ဘယ်လိုပဲဖြစ်ဖြစ် ဒီဘက်ကတော့ အထိနာသည်။ အတုလ၊ သုဝဏ်နှင့် ဝေလျှံတို့ထဲက တစ်ယောက်ယောက် လဲပြို ကျသွားလျှင် ဆွတ်မှာ ...



www.burmeseclassic.com

www.burmeseclassic.com



"အမယ်လေး သေပါပြီ"ဟု အော်ဟစ်ရေရွတ်ရှိက်ငင်ရကာ ထော်ပါတော့ ... ထော်ကြပါတော့လို့သာ တတွတ်တွတ် အပ်ကြောင်းထပ် ငိုကြွေးတောင်းပန်နေရပါသည်။ ကိုယ့်အသံ သူတို့ကြားမှာ မဟုတ်တာကို သိသော်လည်း ကားပေါ်ကနေသာ ကြုံးအော်နေမိတာပါ။

ရဲစခန်းဖုန်းတွေ ဘာတွေလည်း ဆွတ်မသိ။ ဒီနားက နီးရာအိမ်တစ်အိမ်ကသာ ရဲစခန်းကို အမြင်မတော်စွာ ဖုန်းဆက်အကြောင်းကြားပေးပါစေလို့ နာနာဆုတောင်းရသည်။

အကြိမ်ကြိမ်လဲပြိုကြ အကြိမ်ကြိမ် ကုန်းထကြ။ ကိုယ့်အချစ်ဆုံးသူငယ်ချင်းသုံးယောက် (ကိုယ့်ကြောင့်တိုက်ရိုက်မဟုတ်တောင် သွယ်ဝိုက်ပတ်သက်သောကိစ္စကြောင့်)ခုလိုဖြစ်နေချိန်မှာ ကားပေါ်မှာပဲ ရှောင်ပုန်းနေရတာကို ကြာလေ ကြာလေ ရင်နာလာလေပင်။

မိန်းကလေးတစ်ယောက်ဖြစ်၍ ကိုယ်တိုင်တော့ ဘာမှမတတ်နိုင်ပါ။ သို့ပေမယ့် ချစရာကိုသာ အတူမချနိုင်ပေမယ့် သေစရာ နာစရာရှိရင်တော့ အတူနာချင် သေချင်ပါသည်။ ကြည့်နေရင်းက တစ်ချက်မှာ သုဝဏ်က ကျောက်လမ်းမပေါ် လဲကျသွားကာ အတော်နှင့် ပြန်မထလာတာမြင်လျှင် ဆွတ်ရင်တွေ ထူပူသွားပါသည်။



မအောင့်နိုင် မနေနိုင်တော့ဘဲ ကားပေါ်ကပြန်ဆင်းလိုက်ရင်း ...

"သုဝဏ် ... သုဝဏ်"

ဆွတ်ရဲ့ကုန်းအော်သံကြောင့် အတုလနှင့် ဝေလျှံရဲ့ အာရုံက ဒီဘက်ရောက်လာသည်။

"အတုရေ ... ဝေလျှံ ... သုဝဏ်ကို ကြည့်ကြပါဦး၊ သုဝဏ်"

"မိဆွတ် ... နင် ကားပေါ်တက်နေစမ်း"

ဝေလျှံက လက်ကရိုက်နှက်သတ်ပုတ်နေရင်းပါးစပ်က လှမ်းအော်သည်။

"ဟင့်အင်း ... ဟင့်အင်း"

"မိဆွတ်မ ... နင် သေချင်လို့လား၊ ခုတက် ကားပေါ်"

သုဝဏ်က လမ်းပေါ်က ပြန်ကုန်းထ,လာသည်။ ကုန်းထနေတဲ့ သုဝဏ်ကို ဟိုဘက်ကကောင်က ပြေး၍ကန်လိုက်ပါသည်။ ဆွတ်နှင့် မဝေးလှတာမို့ ဆွတ်သည် မရည်ရွယ်သော သေိစိတ်နှင့်ပင် ထိုအနားပြေးသွားကာ ပြေးကန်တဲ့ကောင်ကို ကျောဘက်မှ ဆောင့်တွန်းပစ်လိုက်သည်။

ပြန်ကုန်းထ,နေတဲ့ သုဝဏ်ကို တွဲထူသည်။ သုဝဏ်က ဆွတ်လက်ကို ဆွဲဖြုတ်ကာ ...

www.burmeseclassic.com

www.burmeseclassic.com



"နင် ဘာဖြစ်နေလဲ၊ နင် ကားထဲသွားနေလို့ ပြောနေတယ် မဟုတ်လား"

"တော်ပါတော့ဟာ တော်ကြပါတော့၊ နင့် ... နင့်မျက်နှာမှာ သွေးတွေနဲ့ဟာ ... အီး ဟီး ဟီး"

"သွား ... အခု ကားပေါ်"

"မိဆွတ် ငါလာပြေးလုပ်မိတော့မယ်"

ဝေလျှံ့ လှမ်းအော်သံဟာ အကျယ်ကြီးဖြစ်၍ ဖြာအက်အသံကွဲကာ အသံတောင် ဝင်သွားပါသည်။

"တော်ကြပါတော့ ... တော်ကြပါတော့"

ဆွတ်သည် မိုးသည်းသည်းထဲမှာ ဆံပင်တွေအသွယ်သွယ်စိုကပ်လျက် မိုးနှင့်ခွဲမရသော မျက်ရည်ဒလဟောနှင့် ဆွေ့ဆွေ့ခုန်ကာ လက်ကလေး တယမ်းယမ်း တောင်းပန်နေမိလေသည်။

အတုလ၊ သုဝဏ်၊ ဝေလျှံ အားလုံးရဲ့မျက်နှာမှာ ခန္ဓာကိုယ်မှာ သွေးတွေချင်းချင်းရဲနေကြပြီ။ တစ်ဖက်ကလူတွေလည်း ထို့အတူပင်။ အားလုံးရဲ့သွေးသံတရွှဲရွှဲမြင်ကွင်းဟာ ဆွတ်ရဲ့ရင်ကို တလှပ်လှပ် ချောက်ချားတုန်လှုပ်စေကာ သွေးပျက်စေသည်။ ဆွတ် ဒူးတွေတုန်ယင်ကာ လူလည်းမူးနောက်ချာလည်နေပြီ။





ထိုးသံ၊ ကန်သံ၊ ရိုက်သံ၊ ညည်းတွားသံ၊ အော်ဟစ်ဆဲဆိုသံ၊ လှမ်း၍သတိပေးသံ၊ အသံတွေဟာ ရောထွေးရှုပ်ယှက်ခတ်ကာ ပွဲတင်ပင်ထပ်နေသလို အာရုံတွေကို နာကျင်ဆို့နစ်စေသည်။ တဖြည်းဖြည်း ရန်ပွဲက အစလောက် မမြန်ဆန် မပြင်းထန်တော့ဘဲ အနည်းငယ် နှေးကွေးလာသည်။ လူတွေလည်းယိုင်ထိုးနေကြပြီ။

တစ်ကြိမ်မှာတော့ ဝေလျှံနှင့် ဟိုဘက်ကနှစ်ယောက် ဆွတ်အနား နီးကပ်လာကြပါသည်။ ဝေလျှံက တစ်ယောက်တည်း ဟိုဘက်ကနှစ်ယောက်။ ဝေလျှံဟာ လက်ထဲကတုတ်ကို ကျစ်ကျစ်ဝါအောင်ဆုပ်ကာ ဟိုဘက်တစ်လှည့် ဒီဘက်တစ်လှည့် ခုခံတိုက်ခိုက်နေသော်လည်း ဟိုဘက်ကတစ်ယောက်မှာလည်း လက်ထဲမှာ ပိုက်လုံးလိုအရာတစ်ခု ပါလေရာ ဝေလျှံ့ အခြေအနေကမကောင်း။ အထိနာနေသည်။

ဆွတ်သည် ကိုယ့်အနားလည်း နီးကပ်လာတာမို့ ကြိုတင်မရည်ရွယ်သော်လည်း မလှမ်းကမ်းအနီးမှာ တွေ့လိုက်ရတဲ့ ကားဘီးခုဖို့ ဆိုင်ကထားထားဟန်ရှိသော ကျောက်တုံးတစ်တုံးကို ကောက်ယူကာ အနားရောက်လာတဲ့ သူတစ်ယောက်ကို ထိချင်ရာထိ ထုချပစ်လိုက်ရာ ပခုံးစွန်းကိုထိပြီး သူ့အတော်နာသွားဟန် အကျယ်ကြီး အော်ဟစ်လိုက်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



"အား"

အော်သံနှင့် ဆွတ်ဘက်သို့ ဖျတ်ခနဲလှည့်လာကာ ဆွတ်ရဲ့ရေစိုနေသော ဆံပင်ကို လက်နှင့်ဆုပ်ကာ ဆောင့်ဆွဲလိုက်ပြီး ယက်ကန်ကန် ငိုက်ပါလာသော ဆွတ်ကို လမ်းမပေါ်တွန်းလှဲလိုက်လေသည်။

လမ်းမပေါ် အရှိန်ပြင်းပြင်း မှောက်လဲကျသွားသော ဆွတ်သည် တစ်သက်နဲ့တစ်ကိုယ် အဲသလောက် မနာကျင်ဖူးခဲ့။ မျက်နှာနှင့် ကျောက်လမ်းမ ရိုက်မိတဲ့အရှိန်နှင့် မျက်နှာရောခေါင်းပါ ထုပ္ပထုံကျိန်းသွားပြီး ခါး၊ ဒူး၊ တံတောင်ဆစ်၊ ခြေတွေ လက်တွေပါ အလွန်တရာနာကျင်ပြီး ပြန်မထနိုင်။

"မိဆွတ်"

"မိဆွတ်"

"မိဆွတ်"

ဆွတ်ရဲ့အမည်အော်ခေါ်သံကိုတော့ သုံးယောက်စလုံးထံမှ ကြားလိုက်ရတာ ဆွတ်သိသည်။ ဆွတ်ရဲ့မျက်လုံးအမြင်ဝိုးတဝါးမှာလည်း ဆွတ်ထံ သူတို့သုံးယောက်လုံး ရှိနေရာအရပ်မှ အပြေးလာနေကြတာကို သိသည်။ ဆွတ်ထံ မရောက်ခင် လမ်းခုလတ်မှာပဲ တစ်ဖက်က တိုက်ခိုက်မှုတွေ တုတ်ချက်တွေမိကာ အသီးသီး လဲပြိုကြတာကိုလည်း သိသည်။





ဆွတ်လဲပြိုနေတဲ့ လမ်းမပေါ်မှာတော့ မိုးရေနှင့်အတူ သွေးတွေ ရောနှောစီးဆင်းနေ၍ အနီရောင်ရေကျဲတွေဟာ နေရာအနှံ့။ မိုးခြိမ်းထစ်ချုန်းလိုက်သံတစ်ချက်နှင့်အတူ ဝင်းဝင်းလက်လက် ပြိုးပြက်သွားတဲ့ လျှပ်စီးထဲမှာတော့ စုံကိုင်ထိုးစိုက်လိုက်တဲ့ ဓားမြှောင်ရဲ့အရောင်လက်လက်။

ကယ်ကြပါ။ ဆွတ်ချစ်သော သူငယ်ချင်းတွေကို ကယ်ကြပါဦး။

◇ ♣ ◇



www.burmeseclassic.com

www.burmeseclassic.com



## ၉

"သမီး သိလား၊ သူ့ကိုသိလား"

"ဖြေပါဦး သမီး၊ သူ့ကိုသိသလား"

"………"

"ဟင့်အင်း"

✧ ✤ ✧

"သမီး … ဘယ်လိုခံစားရလဲ ပြောပါဦး"

"………"

"သမီး ဒီနေ့ မျက်နှာလေး ကြည်ပါတယ်၊ နေကောင်းတယ် မဟုတ်လား သမီး"





"ဟင့်အင်း"

"အခု သမီး ဘာဖြစ်လဲ၊ ဘယ်လိုနေလဲ၊ ပြောပြပါဦး"

"ခေါင်းမူးတယ်"

✧ ✤ ✧

"အား … ဟား … ကြောက်တယ် … အရမ်းကြောက်တယ်"

"သမီး … သမီးလေး ဆွတ်"

"ကြောက်တယ် … မိုးခြိမ်းတာ ကြောက်တယ်"

"သမီး မေမေရှိတယ်လေ၊ သမီး ဘာမှမဖြစ်ဘူး သမီးလေး၊ ဖေဖေလည်းရှိတယ်"

"အား … လျှပ်စီးလက်တယ်၊ လျှပ်စီးလက်တယ် မေမေ အား"

"တံခါးအားလုံးပိတ်ပြီး ခန်းဆီးတွေ ချထားလိုက်စမ်း"

"သမီး … သမီးလေး"

"မိုးရေတွေ … သွေးတွေ … ကြောက်တယ် … ကြောက်တယ်"

✧ ✤ ✧



www.burmeseclassic.com

www.burmeseclassic.com



"သမီး _ ဆွတ်၊ ဒီမှာ ကြည့်ပါဦး ဘယ်သူလဲ"

"ဘယ်သူလဲဟင်"

"သမီးမမလေ"

"မမ ! "

"မမလေ ညီမလေး"

"အစ်မအရင်းလား"

"အရင်းလေ ညီမလေး၊ ညီမလေးရယ် မမရယ် ညီအစ်မ နှစ်ယောက်ပဲ ရှိတာလေ၊ မမက ညီမလေး ခေါင်းလျှော် ပြီးရင် အမြဲဆံပင်ကို ဒရိုင်ယာမှုတ်ပေးတယ်လေ၊ ပြီးတော့ မမသုပ်တဲ့ လက်ဖက်သုပ်ဆိုရင် ညီမလေးက အရမ်းကြိုက် တယ်လေ၊ မမနဲ့ ညီမလေးနဲ့ လက်သည်းနီဆိုးရင် တစ် ယောက်တစ်လှည့် ဆိုးပေးကြတယ်လေ"

"ဩော်"

"မှတ်မိတယ် မဟုတ်လား ညီမလေး"

"ဟင့်အင်း"

✧ ✤ ✧





"မေမေ"

"သမီးလေး ဘာလဲ၊ ဘာလဲဟင် ... ပြော မေမေ့ကိုပြော"

"မေမေ"

"ပြောလေ သမီးလေး"

"ဝေလျှံ"

"ဟင် ... သမီး၊ ဝေလျှံ့နာမည် မှတ်မိတယ် ဟုတ်လား"

"အတုလ"

"........"

"သုဝဏ်"

"အမယ်လေး... ဝမ်းသာလိုက်တာ သမီးလေးရယ်၊ ဝေလျှံ ရယ်၊ အတုလရယ်၊ သုဝဏ်ရယ် နာမည်တွေအားလုံး သမီး မှတ်မိတယ် ဟုတ်လား၊ ဆရာကြီး ... အဲဒါ သူ့ သူငယ်ချင်းလေးတွေ နာမည်ပဲ ဆရာကြီး၊ ဘုရား ... ဘုရား သမီးလေး မှတ်မိလာပြီထင်တယ်"

"သမီး"

"ဟုတ်ကဲ့ ဆရာကြီး"

"ပြန်ပြောပါဦး နာမည်တွေ"

"အတုလ"

"အင်း"



www.burmeseclassic.com

www.burmeseclassic.com



"သုဝဏ်"

"အင်း ... နောက်တော့"

"ဝေလျှံ"

"အင်း ... သူတို့က ဘယ်သူတွေတုန်း သမီး"

"ဆွတ်ရဲ့သူငယ်ချင်းတွေ"

"ဩော် ... သမီးသူငယ်ချင်းတွေလား၊ သူတို့အကြောင်းတွေ သမီးသိသလောက် ဆရာ့ကို ပြောပြပါဦး"

"........."

"ကျောင်းကသူငယ်ချင်းတွေလား"

"ဟင့်အင်း ... သူတို့က တခြားကျောင်းမှာထင်တယ်"

"ဩော် ... သမီးရဲ့ကျောင်းက မဟုတ်ဘူးပေါ့"

"ဟင့်အင်း ... ကျောင်းမှာ လူဆိုးတွေရှိတယ်"

"လူဆိုးတွေရှိတယ် ဟုတ်လား"

"ဟုတ်ကဲ့၊ လူဆိုးတွေက မိုးရွာကြီးထဲမှာ ထွက်လာပြီး ဆွတ်ရဲ့သူငယ်ချင်းတွေကို ရိုက်ကြတယ်၊ သွေး ... သွေးတွေ၊ သွေးတွေ ထွက်လာတာ တွေ့တယ်"

"အေး ... သမီး မငိုနဲ့၊ သမီး မကြောက်နဲ့၊ အဲဒီလူဆိုးတွေ မရှိတော့ဘူး၊ သူငယ်ချင်းတွေအကြောင်း ပြောပြပါဦး သမီး"





"........."

"သမီးကို မေးမယ်နော်၊ မကြောက်နဲ့ မရှက်နဲ့ ဖြေနော်"

"ဟုတ်ကဲ့"

"သမီးမှာ ချစ်သူရောရှိလား"

"........."

"မေမေ့ကိုမကြည့်နဲ့ မေမေ့ကိုလည်း မကြောက်နဲ့၊ မေမေကဘာမှမဆူဘူး၊ သိချင်လို့ မေးကြည့်တာ၊ သမီးအမှန်အတိုင်း စိတ်ထဲမှာသိတာဖြေ"

"........."

"သမီးမှာ ချစ်သူရှိလား"

"ဟုတ်ကဲ့"

"ဘယ်သူလဲ သမီး၊ သမီးချစ်သူနာမည် ဆရာ့ကိုပြောပြပါဦး"

"........."

"ပြောပြပါဦး သမီး"

"ဟင့်အင်း ... သမီး မသိဘူး"

"စဉ်းစားကြည့်ပါဦး သမီး"

"ဟင့်အင်း ... သမီး မသိဘူး"

✧ ✤ ✧



www.burmeseclassic.com

www.burmeseclassic.com

"သမီး ဘာတွေသတိရလဲ၊ သမီးသိတာတွေ ပြောပြစမ်း"

"........"

"ဘာပဲဖြစ်ဖြစ်ပြော၊ သိတာတွေသာ ပြောပြ"

"မေမေ့နာမည် သိတယ်"

"ဘယ်သူလဲ သမီး"

"ဒေါ်ဖြူဖြူလွင်"

"ဩော် ... သမီးက တော်လိုက်တာ၊ သမီးသိတာတွေ အများကြီးရှိတယ်၊ ပြောပါဦး တခြားဘာတွေသိထားသေးလဲ သမီး"

"ဖေဖေက ဦးမိုးဦး၊ မမက ချမ်းမြဦး"

"အင်း ... ဟုတ်တယ် သမီးရဲ့၊ သမီးမမက ဘာအလုပ်လုပ်လဲ သမီးသိလား၊ မှတ်မိတယ် မဟုတ်လား"

"ဟင့်အင်း"

"မမက ဆရာမကြီးလား၊ ဆရာဝန်လား၊ အင်ဂျင်နီယာလား"

"သမီး မသိဘူး"

✧ ♣ ✧





"ဆွတ် မှတ်မိတာရှိတယ်"

"ပြောပါဦး သမီး၊ သမီး ဘာမှတ်မိလဲ"

"သမီး ကျောင်းတက်တယ်"

"ဘယ်ကျောင်းမှာတက်လဲ သမီး"

"အထက(...)ဗဟန်း"

"ဟုတ်တာပေါ့၊ အဲဒီကနေ နောက် သမီးဘာကျောင်းတက်သေးလဲ"

"ဘာကျောင်းမှ မတက်တော့ဘူး"

"သမီး တက္ကသိုလ်တက်သေးတယ် မဟုတ်လား"

"သမီး မသိဘူး၊ မတက်ဘူး ထင်တယ်"

"သမီးရဲ့မိန်းကလေးသူငယ်ချင်းတွေရော မှတ်မိလား"

"ဟင့်အင်း ... မရှိဘူး"

"ရှိတယ်လေ သမီးရဲ့"

"ဟင့်အင်း ... သမီးသူငယ်ချင်းတွေက အတုလရယ်၊ သုဝဏ်ရယ်၊ ဝေလျှံရယ်"

"သမီးက ဒီသူငယ်ချင်းတွေကို အရမ်းချစ်တယ် ထင်တယ်"


www.burmeseclassic.com

www.burmeseclassic.com

"ဟုတ်ကဲ့ ... ဆွတ် ချစ်တယ်"

"သမီးသူငယ်ချင်းတွေကလည်း သမီးကိုသိပ်ချစ်ကြတာ၊ ပျော်စရာကြီးပဲ၊ သမီးမှာချစ်တဲ့သူတွေ အများကြီးပဲ၊ သမီး ဖေဖေရော မေမေရော သမီးမမရော သမီးသူငယ်ချင်းတွေရော သမီးကို သိပ်ချစ်ကြတာလေ၊ အားလုံး မှတ်မိတယ် မဟုတ်လား"

"ဟုတ်ကဲ့ ... သူတို့ ဘာဖြစ်လို့ ဆွတ်ဆီ မလာကြတာလဲ ဟင်"

"ဘယ်သူလဲ သမီး"

"သူတို့လေ သူငယ်ချင်းတွေ သုဝဏ်ရယ်၊ ဝေလျှံရယ်၊ အတုရယ်၊ သူတို့ ဆွတ်ကို ဘာလို့လာမကြည့်ကြတာလဲ"

"သူတို့ လာကြမှာပါ၊ သမီး နည်းနည်းနေမကောင်းသေးတော့ သူတို့ကို မလာရဘူးလို့ ဆရာက မှာထားတယ်၊ သမီး နေကောင်းအောင်နေလေ၊ သမီး နေကောင်းလာရင် သူတို့ လာကြလိမ့်မယ်"

"ဆွတ် နေကောင်းပါတယ် ဆရာကြီး"

"ဟုတ်တယ်၊ သမီး နေကောင်းပါတယ်၊ ဒါပေမဲ့ ဒီထက် နေကောင်းအောင် နည်းနည်းထပ်အနားယူရဦးမယ်"

"........"





"သမီး သူငယ်ချင်းတွေကို အခုမြင်ရင် သူတို့ကို သမီးမှတ်မိလား"

"ဟုတ်ကဲ့"

"ကဲ ... ဒါဖြင့် မေမေ့ဆီက ဒီဓာတ်ပုံကို ကြည့်ပါဦး သမီး၊ အဲဒီထဲမှာ သမီးနဲ့တူတူ သူငယ်ချင်းသုံးယောက်ပါတယ်"

"အဲဒါ သူတို့ပဲလေ ဆရာကြီး"

"ဟုတ်ပြီ၊ ကဲ ... ဒီဘက်က စပို့ရှပ်အနီရဲလေးနဲ့က ဘယ်သူလဲ"

"အတုလ"

"ဒီ အင်္ကျီပြာလေးနဲ့ကရော"

"အဲဒါ သုဝဏ်"

"ဒီရှပ်အင်္ကျီအကွက်လေးနဲ့က"

"အဲဒါ ဝေလျှံ"

"အင်း"

"ဆွတ်ပြောတာ မှန်သလားဟင် ဆရာကြီး၊ မှန်လားဟင် မေမေ"

"သမီးပြောတာ တစ်ယောက်မှန်တယ်၊ ကျန်တဲ့နှစ်ယောက်က မမှန်သေးဘူး၊ ဒါပေမဲ့ ခဏနေရင် သမီး အားလုံး မှတ်မိလာမှာ၊ ခုရော ခေါင်းမူးမူးနေသေးလား သမီး"



www.burmeseclassic.com

www.burmeseclassic.com

"ဟုတ်ကဲ့"
"သမီး ဘာပြောချင်တာ ရှိသေးလဲ"
"ဟင့်အင်း"

◆ ◆ ◆

"မေမေ"
"ဘာလဲ … သမီးလေး ပြောလေ၊ ဘာလိုချင်လဲ"
"ဆွတ် ညက အိပ်မက်မက်တယ်"
"ဘာအိပ်မက်မက်လို့လဲ သမီးလေး"
"ဆွတ်နဲ့ မမနဲ့ တူတူပုန်းတမ်း ကစားကြတယ်၊ မမ ကလေ လိပ်ထားတဲ့ ကော်ဇောလိပ်ကြီးကိုဖြန့်ပြီး သူ့ အထဲမှာ ဝင်အိပ်ပြီး ကော်ဇောလိပ်ကြီးကို ဘယ်သူကိုလဲ မသိဘူး ပြန်လိပ်ခိုင်းလိုက်တော့ ဆွတ် မမကို လုံးဝရှာလို့ မတွေ့တော့ဘူး၊ ကော်ဇောလိပ်ကြီးထဲမှာ မမရှိတယ်ဆိုတာ ဆွတ်က လုံးဝမသိဘူး"
"အမယ်လေး … သမီးလေး အဲဒါ မှတ်မိတယ် … ဟုတ်လား"
"ဆွတ် အိပ်မက်မက်တာ မေမေ"

"ဟုတ်တယ် … ဟုတ်တယ်၊ အဲဒါ ငယ်ငယ်က တကယ်ဖြစ်ခဲ့တာလေ သမီး၊ သမီးလေး မှတ်မိတာ ဝမ်းသာလိုက်တာ၊ နောက်ကော ဘာဖြစ်သေးလဲ"
"မမက ချွေးတွေရွှဲပြီး ထွက်လာတယ်"
"ဟုတ်တယ် သမီးလေး … ဟုတ်တယ်၊ အဲဒီတုန်းက သမီးတို့ကိုထိန်းတဲ့ မကြူကြီးက မမကို ကော်ဇောလိပ်ကြီးနဲ့ ပတ်ထားပေးတာ၊ သမီးက မမကို ရှာမတွေ့လို့ ငိုနေတော့မှ မကြူက ကော်ဇောထဲက မမကို ပြန်လှိမ့်ပြီး ထုတ်ပေးခဲ့တာလေ၊ ညည်းမမက အထဲမှာမွန်းပြီး ချွေးပြိုက်ပြိုက်လည်းရွှဲလို့၊ မူးတောင် မူးနေတာ"
"အဟင်း ဟင်း ဟင်း"
"ဝမ်းသာလိုက်တာ သမီးရယ်၊ ငါ့သမီးလေး ရယ်နေတာမြင်ရတာလည်း စိတ်ချမ်းသာလိုက်တာ"
"မေမေ"
"ပြော … သမီးလေး"
"သမီးသူငယ်ချင်းတွေ သမီးဆီ မလာကြဘူးလားဟင်"
"လာမှာပေါ့ သမီးလေးရယ်၊ သူတို့ လာကြပါလိမ့်မယ်"
"ဆွတ် သူတို့သုံးယောက်ကို တွေ့ချင်တယ်"

◆ ◆ ◆

www.burmeseclassic.com

www.burmeseclassic.com



## ၁၀

ထိုအဖြစ်အပျက်များရဲ့နောက် ငါးလကျော်လောက်ကြာမြင့်ချိန်မှာတော့ အခြေအနေက အနည်ထိုင်တယ် မဆိုသာသော်လည်း အနည်းအကျဉ်းတော့ အပူဆွေးလျော့စပြုတဲ့ကာလကို ရောက်ခဲ့ရပါသည်။

ရာသီဥတု သာယာသော နံနက်ခင်းတစ်ခုမှာ အိပ်ရာကနိုးထလာခဲ့သော သုဝဏ်သည် မျက်နှာသစ်ပြီးတဲ့နောက် အိမ်အောက်ထပ်ကို လေးတိလေးကန် ဆင်းလာခဲ့ပါသည်။ သူ့ရင်ထဲမှာ မရွှင်ပျ မလန်းဆန်းခြင်းတို့က အရှိန်မသေသေး။ အထူးသဖြင့် ဒီနေ့ဟာ ဒီဇင်ဘာလသုံးဆယ့်တစ်ရက်။ နောက်တစ်နေ့မှာ နှစ်အသစ်တစ်ခုသို့ ကူးပြောင်းတော့မည်ဖြစ်တဲ့ ဒီနှစ်ရဲ့နောက်ဆုံးနေ့။



သူတို့သူငယ်ချင်းတွေ နှစ်စဉ်မပျက် ဆုံတွေ့ကြတဲ့ New year eve ညကလေးဟာ ဒီနေ့ညမှာလည်း ရောက်ရှိလာတော့မည် မဟုတ်လား။ ယောကျ်ားလေးတွေရယ်လို့ တခြားလမ်းတွေ ပွဲတွေထွက်လည်ကြဖို့ထက် အမြဲပဲ ဆွတ်ဖြန်းမိုးရဲ့အိမ်မှာသာ သူတို့အားလုံး သွားရောက်စုဆုံကြလေ့ရှိသည်။

ဆွတ်ရဲ့အိမ်မှာ ညဆယ့်နှစ်နာရီတိတိ သန်းခေါင်ချိန်မှာ သူတို့အားလုံး "Happy Newyear"လို့ နှစ်သစ်ကိုကြိုဆိုအော်ဟစ်နှုတ်ခွန်းဆက်ပြီးမှ ဆွတ်အိမ်က ပြန်ကြကာ တခြားသူတို့သွားချင်တဲ့နေရာရှိရင် သွားကြသည်။ မသွားဖြစ်ရင်လည်း တစ်ယောက်ယောက်ရဲ့အိမ်မှာစုကာ အိပ်ကြသည်။

ဒီနှစ်တော့ ...။

ဒီနှစ်တော့ လူမစုံတော့ပါလား။ တွေးရင်း လှေကားမှဆင်းလာသော သုဝဏ်ရဲ့မျက်နှာက ညှို့မှိုင်းနေပါသည်။

"သား ... နိုးလာပြီလား"

"........."

မေမေ မေးတာကို မဖြေမိဘဲ Breakfast စားဖို့အတွက် ထမင်းစားပွဲမှာ ဝင်ရောက်ကျ ဝင်ထိုင်လိုက်ရပါသည်။

"မုန့်ဟင်းခါးရှိတယ် သား၊ စားမယ်မို့လား"

"ဟုတ်ကဲ့"

www.burmeseclassic.com



"မဖြူတို့အိမ်က ချက်ပို့ထားတာလေ သား"

"........."

မဖြူ ဆိုတာ ဆွတ်ရဲ့မေမေ ဒေါ်ဖြူဖြူလွင်။ သုဝဏ်က ဘာစကားမှ မပြန်မိဘဲ ရင်ထဲ၌ အလွမ်းစိတ်တွေသာ ဝို၍ လှိုင်းတံပိုးထန်လာသည်။

"မဖြူ တစ်ယောက်လည်း မုန့်တွေ စားစရာတွေ ပို့ပေးလိုက်၊ လက်ဆောင်လေးတွေ လိုက်ပို့လိုက်၊ အားလုံးကို မျက်နှာပူပူနဲ့ အောက်ကျို့ရတယ်"

"အဲလိုလုပ်ဖို့ မလိုပါဘူး၊ အခုဖြစ်ခဲ့တဲ့ ကိစ္စတွေမှာ ဆွတ်ရဲ့အပြစ် ဆွတ်မိသားစုရဲ့အပြစ် ဘာမှမရှိတာပဲ"

"ဒါတော့ ဒါပေါ့လေ သားရယ်၊ မေမေလည်း အဲလိုပဲ ခံယူပါတယ်၊ မေမေ မပြောနဲ့ မမမြတ်တို့ နှင်းမာတို့လည်းပဲ ဒီလိုပဲ သဘောထားကြပါတယ်၊ အားလုံးဟာ ဖြစ်ချိန် ပျက်ချိန်တန်လို့ ဖြစ်ပျက်ရတာလို့ပဲ တရားသဘောနဲ့ဖြေကြပါတယ် သားရယ်၊ ဒါပေမဲ့ မဖြူဘက်ကကျတော့လည်း ပဲ ကာယကံရှင်တွေလိုပဲ ဘယ်စိတ်အလွယ်ဖြေနိုင်ပါ့မလဲ_

သူ့ စိတ်မကောင်းဖြစ်ရပုံကမှ အပြစ်မကင်းသလို ခံစားပြီး ပိုစိတ်ဆင်းရဲစရာ ကောင်းတယ်"

"မေမေ အန်တီဖြူ့ဆီ အမြဲရောက်ပါတယ်နော်"



"ရောက်ပါတယ် သားရယ်၊ အပတ်တိုင်း ရောက်ပါတယ်၊ ဟိုအိမ်နှစ်အိမ်ကိုလည်း မေမေရောက်ပါတယ်၊ အမြဲဝင်ထွက် အားပေးပါတယ် သားရယ်"

"ဆွတ် နေကောင်းရဲ့လား မေမေ"

"အေး ... အဲဒါ သားကို ပြောမလို့ သား"

"ဟင် ... မိဆွတ် ဘာဖြစ်လဲ၊ ဘာဖြစ်လို့လဲ မေမေ"

"ဘာမှမဖြစ်ပါဘူး သားရဲ့၊ မေမေ ပြောမှာ ဝမ်းသာစရာပါ"

"ဘာလဲဟင် မေမေ၊ ဝမ်းသာစရာဆိုလည်း မြန်မြန်ပြောပါ၊ ဝမ်းသာတယ်၊ ကြည်နူးတယ်၊ ပျော်ရွှင်တယ်ဆိုတာ ဘာမှန်းတောင် မသိအောင် ဖြစ်နေတာ ကြာပါပြီ၊ ဝမ်းတောင်သာတတ်သေးရဲ့လား၊ ပျော်တောင် ပျော်တတ်သေးရဲ့လား၊ မရွေးတတ်တော့ဘူး"

ဒေါ်သူဇာခင်က သားဖြစ်သူရှေ့ မုန့်ဟင်းခါးပန်းကန်စားရန် အသင့်ကို ချပေးလိုက်ရင်း ...

"မနက်က မဖြူက ပြောသွားတယ်၊ ဆရာဝန်ကြီးက ဆွတ်ကို သူ့သူငယ်ချင်းတွေနဲ့ တွေ့ချင်စိတ်ရှိရင် ပေးတွေ့ခွင့်ပြုပြီတဲ့"

"ဟင်"

သုဝဏ်က ထိုင်နေသော ကုလားထိုင်ကို ဒုံးခနဲ နောက်တွန်းရွှေ့ကာ ဝုန်းခနဲ ထ,ရပ်လိုက်၍ ...

www.burmeseclassic.com

www.burmeseclassic.com



"ဟဲ့ ... နေပါဦး သားရယ်၊ ခုချက်ချင်း မဟုတ်သေးပါဘူး၊ ဒီရက်ပိုင်းမှာပေါ့၊ ဆွတ်ကိုလည်း မဖြူကြာ သေချာမေးမြန်းကြည့်ဦးမယ်လေ၊ ဆွတ်စိတ်ထဲ တွေ့ချင်စိတ်ရှိလား မရှိလား"

"တွေ့ချင်တယ် မဟုတ်လား၊ မိဆွတ်က သူငယ်ချင်းတွေ ဘာလို့မလာကြတာလဲလို့ မေးတယ်ဆို"

"ဒါက ဖြစ်ကာစကလေ၊ အဲဒီတုန်းက ဆွတ်လျှောက်ပြော နေတဲ့စကားတွေထဲမှာ သားတို့ကို တွေ့ချင်တယ်ဆိုတာ ပါပါတယ်၊ ခုနောက်ပိုင်း မတွေ့တာလည်းကြာတော့ သူလည်း မေ့မေ့ပျောက်ပျောက်လိုပေါ့ကွယ် ...

သားသိတဲ့အတိုင်း ဆွတ်က အခုအားလုံးသတိရ သေးတာမှ မဟုတ်ဘဲ၊ တစ်ပတ် နှစ်ပတ်နေရင် တစ်လ လောက်နေရင် အချက်ကလေးတစ်ချက် အဖြစ်အပျက် လေးတစ်ခုလောက် ထ,ပြီးအမှတ်ရတဲ့အခါရှိ၊ သတိမရသေး တာကများနေတာ မဟုတ်လား၊ ဆွတ်ရဲ့စိတ်အလိုဆန္ဒကို တော့ ဆန့်ကျင်ပြီး ဘာမှလုပ်လို့မရသေးဘူး၊ ဆရာဝန် ကြီးက ဆွတ်ကို မေးကြည့်ပါလိမ့်ဦးမယ်"

"ဆရာဝန်ကြီးကလည်း မေးစရာရှိတာ မြန်မြန်မေးလိုက် တာ မဟုတ်ဘူး"





"ကဲ ... ပြန်ထိုင်ပြီး မုန့်ဟင်းခါးကို ဖြောင့်အောင်စားပါဦးကွယ်"

သုဝဏ်က လေးတိလေးကန် ပြန်ထိုင်လိုက်ပါသည်။

"ဆွတ်က သတိတွေမေ့မယ့်သာ မေ့နေတာ၊ ဟိုအရင် အတိုင်းပဲ အိမ်မှာဟင်းတွေဘာတွေ ဝင်ချက်တာ ဝါသနာပါတာတို့၊ အိမ်ရှင်းတာ ပန်းအိုးထိုးတာတွေ ဝါသနာပါ တာတို့တော့ အရင်လိုပဲ ပြန်လုပ်ကိုင်နေတာတဲ့လေ၊ အခု လည်း ဒီမုန့်ဟင်းခါးက ဆွတ်လက်ရာ တစ်ဝက်ပါတယ် မပွခင်စားဦး"

ဒီလိုပြောလိုက်မှပင် သုဝဏ်ရဲ့ဇွန်းကိုင်ထားသော လက်က ပန်းကန်နှင့်ပါးစပ်များဆီ ခပ်သွက်သွက် သယ်ယူပို့ ဆောင်ပါတော့သည်။

"ကောင်းတယ် မဟုတ်လား သား"

"ကောင်းတယ် မေမေ"

"အားရပါးရစား၊ ယူဦးမလား"

"ဟုတ်ကဲ့"

ဒေါ်သူဇာခင်က နောက်တစ်ပွဲ အသင့်ပြင်ပေးထား ရှင်း ...



www.burmeseclassic.com

www.burmeseclassic.com



"ငါ့သားလည်း အစားကောင်းကောင်း မစားတာ ကြာပြီလေ၊ လူတောင်ပိန်နေတာ၊ သေချာစားဦး၊ ဝ,လာအောင်ပြန်လုပ်ဦး၊ တော်ကြာ မင်းကို ပိန်ချုံးပြီး ဆွတ်ကတွေ့ရင် စိတ်မချမ်းသာဘဲ နေဦးမယ်"

"ဟုတ်ကဲ့ မေမေ"

ဒေါ်သူဇာခင်မှာ သူ့သားသူ ကရုဏာပင်သက်ရသည်။ ဆွတ်နာမည်တပ်ကာ မျှော်လင့်ချက်ပေးမှပင် တက်ကြွနာခံတော့တဲ့ သားပါလား။ ကိုယ့်သားရဲ့အဖြစ်က အတုလတို့ ဝေလျှံတို့နှင့်စာရင်တော့ ဘာမှမဟုတ်လောက်လို့ ဆိုရပေမည်။ ဒါကြောင့်လည်း မမြတ်တို့ နှင်းမာတို့ကို ကိုယ်ချင်းစာလှပါသည်။

ဒါတောင်မှ အမှုစစ်တာတွေ မပြီးပြတ်သေး၍ အချုပ်ထဲမှာသာ နေခဲ့ရတဲ့ သုဝဏ်၊ ချုပ်ရက်တွေချည်း ငါးလကျော်။ ထွက်လာရတာ မကြာသေးပါ။ ဟိုဘက်ရော ဒီဘက်ရော မိဘအသိုင်းအဝိုင်းတွေက လူသိများ ထင်ရှားပေါက်ရောက်ကြကာ အပြန်အလှန် တစ်ဖက်နှင့်တစ်ဖက် အာမခံမရအောင် အပြစ်မပေါ့လျော့အောင် အင်အားသုံးကြ ပိတ်ဆို့ကြ အာဃာတတွေ ကြီးခဲ့ကြတာမို့ ဘယ်ဘက်ကမှ သက်သာတယ်တော့မရှိ။ အာမခံလည်း မရကြဘဲ အမှုစီရင်ချက်ချပြီးသည်ထိ အချုပ်နှောင်ထဲ နေခဲ့ကြရပါသည်။





တစ်ဖက်လူတွေထဲက ပိုတောင် ပေါက်ပေါက်ရောက်ရောက်တွေ ပါပါသေးသည်။ သားဖြစ်သူ သုဝဏ် မြန်မြန်ပြန်လွတ်လာနိုင်တာဟာလည်း ကိုယ်အင်အားကြီးလို့ ပေါက်ရောက်လို့မဟုတ်။

အမှုသွားအမှုလာ အသေးစိတ် စစ်ချက်တွေအရ သုဝဏ်က အပြစ်လည်းအနည်းဆုံးမို့သာပင်။ သားရဲ့လက်နှင့်တစ်ဖက်လူ အသက်ဆုံးရှုံးမှုမရှိခဲ့တာ ပေါ်လွင်ထင်ရှားလို့သာပင်။

ဒီအမှုဟာ လူသိများ ထင်ရှားတာနှင့်အမျှ နှစ်ဖက်လုံးကလည်း နယ်နယ်ရရ မဟုတ်ကြ၍ တရားသူကြီးကိုယ်တိုင်များအယွင်းမခံရဲတဲ့ လူတွေစောင့်ကြည့် နားစွင့်ကြတဲ့အမှု ဖြစ်လို့ပင်။ နှစ်ဖက်လုံးကို ဘယ်သူမှ ပြစ်ဒဏ်မပိုအောင် မလိုအောင် အတတ်နိုင်ဆုံးလည်း သက်သက်ညှာညှာနှင့် ဂရုတစိုက် စီရင်ဆုံးဖြတ်ခဲ့ရတာ။

အခုအမှုမှာ အသက်ဆုံးရှုံးခဲ့သူတွေအပေါ်လည်း လူသတ်မှုမမြောက် သေစေရန်မရည်ရွယ်သော လူသေမှုသာမြောက်တာကြောင့်ပါပင်။

"ဟင်း"

ဒေါ်သူဇာခင်က သက်ပြင်းမောကြီးတစ်ချက်ချလိုက်ပါသည်။ ကိုယ်ကံကောင်းလိုက်တာ။ သူအခုချနိုင်တဲ့ သက်ပြင်းကို မမြတ်တို့ နှင်းမာတို့ မချနိုင်ခဲ့ကြရှာပါ။



www.burmeseclassic.com

www.burmeseclassic.com

"ဘယ်လိုပဲဖြစ်ဖြစ် သား အခု မကြာခင် ဆွတ်ဆီသွားတွေ့ခွင့်ရမှာပဲ၊ ဆွတ်နဲ့မတွေ့ဖြစ်ခင် သား ဆွတ်ရဲ့ဆရာဝန်ကြီးနဲ့တော့ အရင်တွေ့ရလိမ့်ဦးမယ်လို့ မဖြူကပြောတယ်၊ ဆွတ်နဲ့တွေ့တဲ့အခါ သားပြောလို့ရတဲ့စကားတွေ ပြောလို့မရတဲ့စကားတွေရှိတယ်၊ အဲဒါလေးတွေ သားအရင် ကြိုသိထားဖို့ လိုအပ်တယ်လေ"

"သွားတွေ့မယ်လေ မေမေ၊ ဒီနေ့ပဲ သွားလိုက်မယ်"

"ဩော် ... နေပါဦး သားရယ်၊ မဖြူနဲ့အရင်ချိန်းပါဦး၊ မဖြူနဲ့အတူတူ သွားရလိမ့်မယ်လေ၊ ဒါမှ ပြောဖို့မပြောဖို့ အသိပေးဖို့ မပေးဖို့တွေ သားရော မဖြူပါ အတူတူသိခွင့်ရမှာပေါ့၊ ဒါမှ စကားတွေလည်းညီမှာ၊ တချို့ကိစ္စတွေက ဆွတ်ကို အသိပေးဖို့ မသင့်တော်သေးဘူးလေ"

"ဆွတ်လေး သနားပါတယ်"

သုဝဏ်က တီးတိုးညည်းတွားလိုက်ပါသည်။

"ဆွတ်မှ မဟုတ်ပါဘူးလေ၊ တကယ်တော့ သားတို့သူငယ်ချင်းလေးယောက်ထဲမှာ သားတစ်ယောက်ပဲ အခြေအနေအကောင်းဆုံး ကျန်ရစ်ခဲ့တာ၊ ကျန်တာတွေက တစ်ယောက်တစ်မျိုး အခြေအနေဆိုးခဲ့ကြတယ်"





"သား ... သုဝဏ်၊ အဲဒီအတွက် သား Guilty ဖြစ်စရာအကြောင်းမရှိပါဘူး သား၊ သား အဲဒါကို တွေးမိနေပြီး စိတ်မချမ်းသာတာ မေမေသိတယ်၊ ဒီအခြေအနေဟာ သားက ဖန်တီးယူခဲ့တာလည်း မဟုတ်ခဲ့ဘူးလေ၊ ကုသိုလ်ကံပဲလေ သား၊ ကံကြမ္မာပဲလေ၊ ကံကြမ္မာဆိုတာ ကိုယ်က ပြုပြင်ဖန်တီးယူလို့မှ မရတာ၊ အလိုအလျောက် ဖြစ်ချိန်တန်တဲ့အချိန်မှာ မလွဲသာမရှောင်သာ ဖြစ်လာတဲ့အရာပဲလေ"

သုဝဏ်က အရသာတောင် သေချာမသိလိုက်ဘဲ ကုန်သွားတဲ့ မုန့်ဟင်းခါးပန်းကန်ကို ရှေ့ကိုတွန်းလိုက်ရင်း ...

"ဒီနေ့ သူတို့ကို ပိုလွမ်းတယ်"

"မေမေ နားလည်ပါတယ် သားရယ်"

"ဒီလိုနေ့မျိုးမှာ မနက်ပိုင်းကတည်းကစပြီး သားတို့ချိန်းနေကြပြီလေ၊ ချက်ဖို့ပြုတ်ဖို့တွေ ဝယ်ခြမ်းနေကြပြီ၊ တစ်ယောက်ကိုတစ်ယောက် ပေးဖို့လက်ဆောင်တွေ စီစဉ်နေကြပြီ၊ ဒီလိုရက်မျိုးမှာ မတွေ့ဖြစ်ကြတဲ့နှစ်မှ မရှိခဲ့တာ မေမေ၊ သား ဒီကောင်တွေကိုရော ဆွတ်ကိုရော အရမ်းသတိရတယ်"

သုဝဏ် မျက်ဝန်းအိမ်ထဲ မျက်ရည်ကြည်ရစ်သိုင်းဝဲလည်လာခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com

"စိတ်မကောင်းစရာတွေ မတွေးပါနဲ့ သားရယ်"

"မတွေးလို့မှ မရတာ မေမေရယ်၊ ဒါပဲ တွေးစရာရှိတာပဲ ဟာ"

"ဒါတော့ ဒါပေါ့ သားရယ်၊ ဒါပေမဲ့ ..."

"ဆွတ်ကိုမတွေ့ရသေးဘူး ဆိုပေမယ့် ဆွတ်အိမ်သွားလို့ မရသေးပေမယ့် အန်တီမြတ်နဲ့ အန်တီနှင်းအိမ်တော့ သားသွားလိုက်ဦးမယ် မေမေ"

"အေး ... အေး၊ သွားလေ သား"

"သူတို့ကို အားပေးနှစ်သိမ့်ဖို့လည်း သားပဲရှိတာလေ၊ သားတစ်ခေါက်စီပဲ ရောက်သေးတယ်လေ၊ ဟိုတစ်ပတ် ရောက်တုန်းက အန်တီမြတ်က အကြောညပ်လို့ ခါးနာနေတယ်၊ ဆေးခန်းသွားချင်တာရှိရင် သားလိုက်ပို့လိုက်ဦးမယ်၊ အန်တီနှင်းကကျတော့ ဒီအပတ်ထဲမှာ သူဟိုဟိုဒီဒီ အပြင်သွား အလုပ်များစရာတွေ ရှိတယ်၊ ဒရိုင်ဘာကလည်း အန်ကယ့်အလုပ်ကိစ္စနဲ့ အားချင်မှအားမှာ"

"အင်းပေါ့ ... မင်္ဂလာဆောင်ကိစ္စက သကြန်မတိုင်ခင်ဆို တော့ အလုပ်များပြီပေါ့၊ နေဇံကလည်း ဒီမှာမှမရှိတာ၊ ဟုတ်တာပေါ့။ မင်္ဂလာပွဲကိစ္စအတွက် နှင်းမာ အလုပ်ရှုပ်နေမှာ"





ဝေလျှံရဲ့အစ်ကိုကြီး နေဇံနှင့် ဆွတ်ရဲ့မမ ချမ်းမြဦး တို့ဟာ ကျောင်းမပြီးခင်ကတည်းက ချစ်ခဲ့ကြတာပါ။ ကိုနေဇံက အင်ဂျင်နီယာတစ်ယောက်ဖြစ်၍ သူ ကျောင်းပြီးကတည်းက စင်ကာပူမှာ အလုပ်လုပ်ရင်းတစ်ဖက် အင်ဂျင်နီယာဘွဲ့လွန်တက် နေခဲ့သည်။ ဘွဲ့လွန်ပြီးသွားတဲ့အတွက် သူ့အလုပ်အကိုင်ကလည်း တိုးတက်မြင့်မားကာ လစာအခြေအနေလည်း ကောင်းသွားပြီမို့ လာမယ့်နှစ်ထဲ မင်္ဂလာဆောင်ကြဖို့ကို တစ်နှစ်ကြိုလောက်ကတည်းက ညှိနှိုင်းစီစဉ်ထားခဲ့ကြတာပါ။

လွန်ခဲ့တဲ့တစ်နှစ်က စေ့စပ်ကြောင်းလမ်းပြီးခဲ့ကာ ဒီကြားထဲမှာ ခုလိုကိစ္စတွေ ဖြစ်ပွားသွားခဲ့တဲ့အတွက် သူတို့မင်္ဂလာ ပွဲကို ရွှေ့ဆိုင်းမည် မရွှေ့ဆိုင်းဘူးဆိုတာပင် အတော်စဉ်းစားဆုံး ဖြတ်ခဲ့ကြသည်။

ပထမတော့ ရွှေ့ဆိုင်းနောက်ဆုတ်ဖို့ စဉ်းစားခဲ့ပေမယ့် နောက်ဆုတ်လို့လည်း ဘာမှထူးခြားလှတာ မဟုတ်တဲ့ အတွက် နောက်ဆုံးမှာတော့ အရင်အစီအစဉ်အတိုင်းသာ ဆက်လုပ်ဖို့ ပြန်လည်ဆုံးဖြတ်လိုက်ကြတာပါ။ ကိုနေဇံက မင်္ဂလာဆောင် နီးမှကပ်ပြီးတော့သာ ပြန်လာနိုင်မည်ဖြစ်၍ ဒီမှာ မမကြီးမချမ်းမြဦး တို့သားအမိနှင့် အန်တီနှင်းမာတို့ အလုပ်တွေကို ခွဲဝေလုပ်တဲ့ဟာ လုပ်၊ အတူတကွ ဆောင်ရွက်တဲ့ဟာဆောင်ရွက်နှင့် အလုပ်များ နေကြပါပြီ။


www.burmeseclassic.com

www.burmeseclassic.com

"ကိုနေစံက မရှိတော့ ဝေလျှံသာရှိရင် ဝေလျှံ ဒီအလုပ်တွေ ကူလုပ်နေရမှာပဲလေ မမေ၊ ဒီတော့ အခု ဝေလျှံ အစား သား ကူလုပ်ပေးမှဖြစ်မယ်"

"အင်း ... ဟုတ်တာပေါ့၊ သား သွားကူညီပေးလိုက်ပါ"

"ဆွတ်တို့အိမ်ကိုသွားလို့ မရသေးပေမယ့် ဝေလျှံတို့အိမ်တော့ သွားကူညီပေးလိုက်ဦးမယ်၊ နောက်တော့ ဆွတ်ဆီလည်း ဝင်ထွက်သွားလာလို့ ရပြီဆိုရင် မမကြီးကိုပါ ကူလုပ်ပေးရဦးမယ်၊ အန်တီဖြူ့မှာက ဆွတ်ရဲ့ကျန်းမာရေးကို စောင့်ရှောက်ဖို့က တစ်ဖက်ရှိသေးတယ် မမေ"

"ဒါပေါ့ သားရယ်၊ ဆရာဝန်ကြီးဆီသွားဖို့ မဖြူနဲ့မမေ ချိန်းလိုက်ဦးမယ်"

သုဝဏ်က ထမင်းစားပွဲမှထ,ကာ အပေါ်ထပ် သူ့အခန်းဆီ အဝတ်အစားလဲလှယ်ဖို့ တက်လာခဲ့ပါသည်။ သူတစ်ယောက်တည်း ဖြစ်နေရတဲ့ အခြေအနေကြီးကို သူ အလွန်နာကျင်ခါးသီးနေမိပါသည်။ တစ်ယောက်တစ်နေရာ တကွဲတပြား တွေ့ခွင့်မရကြတော့တာ။ အရင်အချိန်လေးတွေကို လွမ်းဆွတ်တမ်းတမိရင်း သုဝဏ်ရင်ထဲ ဖော်မပြတတ်အောင် ဝမ်းနည်းဆို့နင့်နေခဲ့ရသည်။

✧ ♣ ✧





## ၁၁

ပထမဆုံး ဆွတ်နှင့်ပြန်တွေ့ရမယ့်နေ့။

သုဝဏ်သည် ထိုနေ့မနက်က အစောကြီးနိုးနေပါသည်။ နိုးနိုးချင်း သူ့အခန်းပြတင်းပေါက်ကို ဖွင့်လိုက်လျှင် အပြင်ဘက်က သရက်ပင်ကိုင်းမှာ အသိုက်ဖွဲ့ရှိနေပုံရသော ဘာငှက်မှန်းမသိသည့် ငှက်ကလေးတွေထံက စိုးစိုးစီစီအော်မြည်သံကို ကြည်နူးစဖွယ်ကြားရသည်။

သိပ်စောစော အိပ်ရာမနိုးတတ်သူဖြစ်၍ ဒီလိုငှက်ကျေးသံလေးတွေ ကြားနေမကျ။ ဒီလိုနေ့မှာ ကြည်နူးစရာ ဒီလိုငှက်သံလေးတွေ ကြားရတယ်ဆိုတာ နမိတ်ကောင်းတယ်လို့ သုဝဏ် ယူဆမိသည်။


www.burmeseclassic.com

www.burmeseclassic.com



အစောကြီး ရေးမိုးချုပ်လိုက်ကာ သူ ဘုရားရှိခိုးလိုက်ပါသေးသည်။ သူငယ်ချင်းသုံးယောက်အတွက်လည်း တစ်ဦးစီသက်ဆိုင်ရာ ဆိုင်ရာ ဆုတောင်းလေးတွေ ဆုတောင်းမိသည်။

နံနက်စာစားဖို့ သူ အောက်ထပ်ဆင်းလာတော့ အပြင်သွားဖို့ အဆင်သင့်ပုံစံပြည့်နှင့် ဖြစ်သည်။

"သား ဘယ်လဲ"

"ဒီနေ့ ဆွတ်ဆီသွားရမယ် မေမေ"

"ဩော် ... ခု ခပ်စောစောပဲ သွားတော့မလား"

"ဟုတ်ကဲ့ မေမေ၊ သား လွမ်းလှပြီ"

ဒေါ်သူဇာခင်က သားဖြစ်သူကို ကြင်ကြင်နာနာ ပြုံးကြည့်ရင်း ...

"ဗွဒ်လပ်ခ် သား၊ ငါ့သား ကံကောင်းပါစေ"

ပေးတဲ့ဆုနဲ့ ပြည့်ရပါစေ မေမေ။ သုဝဏ်က စိတ်ထဲကပဲ တိုးတိတ်စွာ ဆုတောင်းလိုက်ပါသည်။

"ကားဖြည်းဖြည်းမောင်းနော်၊ စိတ်အေးအေးထား သား"

သူ့စိတ်တွေ ဘယ်လောက် လှုပ်ရှားနေမယ်ဆိုတာ မေမေ ကောင်းကောင်းရိပ်မိပုံရသည်။ ကားမောင်းလာရင်း သူ့စိတ်တွေ တကယ်ပဲ လှုပ်ရှားနေသည်။ ချိုးကွေ့ရမည့်လမ်းကို မဝင်မိဘဲ အကြိမ်ကြိမ် ကျော်သွားမှားသွားတာတွေဖြစ်သည်။





အများမှား အယှင်းယှင်းနှင့်ပင် ဆွတ်တို့အိမ်နားနီးကပ်လာလေ ရင်တွေက ပေါက်ကွဲမတတ် ခုန်လာလေ။

ဆွတ်တို့ခြံထိ ဦးတည်ထားတဲ့ လမ်းသွယ်လေးထဲ ချိုးကွေ့လိုက်လျှင် သူ့ရင်တွေ ဆွေးမြည့်ကြေကွဲကာ ဝမ်းနည်းသွားပါသည်။ သူ့မျက်စိရှေ့ လမ်းသွယ်လေးပေါ်မှာ ကျောနိုင်းခင်းဆောင်တန်းကာ တစ်ယောက်ပခုံး တစ်ယောက်ဟိုက်ရင်း လျှောက်သွားနေကြတဲ့ အဖြူအစိမ်းဝတ် လူငယ်လေး လေးယောက်ကို မြင်ယောင်လာသည်။

ကောင်လေးက သုံးယောက်။

ကောင်မလေး တစ်ယောက်။

ဒီကောင်မလေးတစ်ယောက်ကိုပဲ သူတို့အားလုံးဝိုင်းကာစောက်ကာ ဟားတိုက်ရယ်ကာ လမ်းလုံးပြည့်မတတ် တလွှတ်ထပ် တပျော်တပါး လျှောက်သွားနေကြတာ။ ရယ်သံတွေကိုပင် နားထဲပြန်ပြီး ကြားယောင်လာတယ် ထင်မိသည်။

ရယ်သံ၊ အော်သံ၊ ငြင်းသံခုန်သံ။ လွမ်းစရာကောင်းလိုက်တဲ့ အချိန်ကာလလေးပါလား။

သုဝဏ်က ကားကိုခြံတံခါးဝမှာ ခေါင်းဦးတိုက်ထိုးပါသည်။

"တီ ... တီ"



www.burmeseclassic.com

www.burmeseclassic.com



ဟွန်းသံကြောင့် ခြံထဲမှာ ပန်းပင်ရေလောင်းရင်း ရှိနေခဲ့ရသည့် အိမ်အကူကောင်မလေး အပြေးလာကာ တံခါးလာဖွင့်ပါသည်။ ပေါ်တီကိုအောက်သို့ သူ့ကားထိုးရပ်လိုက်လျှင် အိမ်တံခါးဝမှာ အန်တီဖြူ ရပ်နေတာ တွေ့ရသည်။

"သား ... လာ"

"ဟုတ်ကဲ့ အန်တီဖြူ"

"သမီးရဲ့သူငယ်ချင်းတစ်ယောက် လာတွေ့မယ်လို့ ပြောထားတယ်"

သုဝဏ် အိမ်ထဲလှမ်းဝင်လိုက်ပါသည်။

အိမ်ရှေ့ဧည့်ခန်းနှင့် ထမင်းစားခန်းအကူးကို ခြားထားတဲ့ စကြံလမ်းကလေးဆီသို့ ခြားထားသော ခန်းဆီးစဖြူတစ်ထပ်၊ မီးခိုးဖျော့ပိတ်ထူထူတစ်ထပ်ကို ဘေးနှစ်ဖက်ဆွဲသိမ်းကာ ခပ်အိုင့်အိုင့်ဆွဲချည်ထားသည်၏နောက်ကွယ်မှာ ခန္ဓာကိုယ်အပေါ်ပိုင်းကကွယ်ကာ အောက်ပိုင်းက တစ်ခြမ်းပေါ်နေသည်။ ခြေဖျားဖြူဖြူလေး နှစ်ဖက်ကတော့ ပေါ်နေပါသည်။

အန်တီဖြူက အဲဒီခြေဖျားကလေးဆီ မေးငေါ့ပြလိုက်ရင်း ...

"ဟိုမှာလေ တွေ့ရမှာကြောက်လို့တဲ့ ပုန်းနေတယ်"





ခပ်တိုးတိုး အသိပေးလေသည်။

သုဝဏ်သည် ရင်တွေလည်းခုန် ဆွတ်ရဲ့အပြုအမူလေးကိုလည်း ချစ်စနိုးရှိလှကာ ထိုခြေဖျားကလေးနှင့် မနီးမဝေး၌ မျက်နှာချင်းဆိုင်ကာ ရပ်လိုက်ပါသည်။

"သမီး ... ဆွတ်၊ ဒီမှာ ဘယ်သူလဲ ကြည့်ပါဦး"

ခြေဖျားလေးနှစ်ဖက် ခြေချောင်းလေးတွေကုတ်ကာ တွန့်ကာ လှုပ်ရှားသွားပုံမှာ ဆွတ် စိတ်ကျဉ်းကျပ်နေမှန်း သိသာစေပါသည်။ သုဝဏ် သိသည်။ ဆွတ်လည်းပဲ ရင်ခုန်စိတ်လှုပ်ရှားနေပါလိမ့်မည်။

"သမီးလေး ... လာ"

ဒေါ်ဖြူဖြူခင်က ဆွတ်ရဲ့လက်ဖျားလေးကိုဆွဲကာ ခေါ်ယူလိုက်ပါသည်။ ခန်းဆီးအကွယ်က ထွက်လာတဲ့ ဆွတ်က ထမတော့ မျက်လွှာလေးချထားပါသည်။ ဆွတ်ကိုယ်လုံးကလေးက တဆတ်ဆတ် တုန်နေသည်။

"မိဆွတ်"

သုဝဏ်ရဲ့ခေါ်သံက ခြောက်ကပ်သော လည်ချောင်းကို ဖြတ်သန်း၍ ထွက်လာသည်။

"မိဆွတ် ... ငါလေ၊ ငါ ဘယ်သူလဲ သိလား"



www.burmeseclassic.com

www.burmeseclassic.com



ဆွတ်က မျက်လွှာလေး ဖြည်းညင်းစွာပင့်ကာ သုဝဏ်ကိုကြည့်သည်။ စိုက်ကြည့်နေသော ဝိုင်းစက်တဲ့မျက်ဝန်းကြီးတွေထဲမှာ တဖြည်းဖြည်းချင်း မျက်ရည်ကြည်ရစ်ဝိုင်းပြည့်လျှံလာသည်။

"ဆွတ်"

"........."

သုဝဏ်သည် ဆွတ်ပုံသဏ္ဍာန်လေးကြောင့် ရင်ထဲနင့်ကာ နာကျင်လာပြီး ဆွတ်ရဲ့လက်ဖျားကလေးကို လှမ်း၍ဆုပ်ကိုင်လိုက်မိသည်။

"အင့် ... အဟင့်ဟင့်"

ဖြည်းဖြည်းချင်းကနေ တစစ စိပ်လာသော ရှိုက်သံများနှင့်အတူ ဆွတ်က ကလေးတစ်ယောက်နှယ် အသံထွက်အောင် ငိုလိုက်ရင်းက သူ့ခြေလှမ်းလေးများက အလိုအလျောက် သုဝဏ်ထံ တိုးကပ်လာသည်။ ထို့နောက် မမျှော်လင့်ဘဲ ဆွတ်က သုဝဏ်ရဲ့ ရင်ခွင်ပြင်မှာ မျက်နှာအပ်လိုက်ရင်း သုဝဏ်ခါးကို လက်လေးနှစ်ဖက်နှင့်ဖက်ကာ တရှိုက်ရှိုက် ငိုနေပါတော့သည်။

"မိဆွတ်"

သုဝဏ်က အန်တီဖြူကို အနည်းငယ် အားနာသလိုတစ်ချက်ကြည့်လိုက်မိပေမယ့် သူ့လက်နှစ်ဖက်ကို ဆွတ်ရဲ့ပခုံးဆေးဆီ သိုင်းဖက်မိဖို့ မထိန်းချုပ်နိုင်ပါ။ ဆွတ်ကိုယ်၌က သူ့ခါးကို တင်းတင်းဖက် ရင်ခွင်မှာ မျက်နှာအပ်ကာ ငိုကြွေးနေပြီလေ။ ဒေါ်ဖြူဖြူလွင်ကလည်း နှုတ်ခမ်းလေး တင်းတင်းစေ့ကာ မျက်ရည်ဝဲနေပါသည်။

"မိဆွတ် ... ရှူး၊ မငိုနဲ့လေ၊ မငိုနဲ့လေဟာ"

"နင်တို့ ... နင်တို့ ဘယ်သွားနေကြတာလဲဟင်၊ ငါ့ဆီ ဘာဖြစ်လို့ မလာကြတာလဲ၊ ငါ ဘယ်လောက်ဝမ်းနည်းရလဲ၊ ငါ အရမ်းကြောက်နေတာ"

"ဘာကြောက်စရာရှိလဲ ဆွတ်ရယ်၊ ငါတို့သိပ်နေမကောင်းကြလို့ ဆေးကုနေကြရတယ်လေ၊ အန်တီဖြူ နင့်ကိုပြောတယ် မဟုတ်လား ဆွတ်ရယ်၊ နင့်လိုပဲပေါ့၊ ငါတို့အားလုံး သိပ်နေမကောင်းကြလို့လေ"

"သူ ... သူတို့နှစ်ယောက်ရော"

"သူတို့နှစ်ယောက် နေမကောင်းသေးဘူး ဆွတ်"

"အားလုံးကို ငါတွေ့ချင်တာ"

"တွေ့ရမှာပေါ့ ဆွတ်ရယ်၊ သိပ်မကြာပါဘူး တွေ့ရမှာပေါ့"

"ငါ သိပ်ကြောက်တာပဲ သိလား၊ နင်တို့သေတုန်ကြပြီလို့ ငါ ထင်နေတာ၊ မေမေက မသေပါဘူးဆိုတာ ငါမယုံဘူး၊







www.burmeseclassic.com

www.burmeseclassic.com



မယုံခဲ့ဘူး၊ တော်ပါသေးရဲ့ အခုတော့ ငါယုံပါပြီ၊ နင်တို့ ဘာမှမဖြစ်ကြဘူးနော်၊ နင်တို့ မသေကြပါဘူးနော်"

"မသေပါဘူး ဆွတ်ရယ်၊ သေမှတော့ နင့်ဆီ ခုလိုရောက်လာပါ့မလား၊ သူတို့နှစ်ယောက်လည်း နောက်တော့ နေကောင်းတော့ နင့်ဆီရောက်လာကြမှာပေါ့၊ မငိုနဲ့တော့နော် တိတ်နော် ... တိတ် ... တိတ်"

"ဘယ်တော့မှ နေကောင်းကြမှာလဲ"

"သိပ်ကြာတော့မှာ မဟုတ်ပါဘူးဟာ"

"အိး ... ဟီး"

ဆွတ်က မတိတ်နိုင်သေးဘဲ ငိုကြွေးဆဲပင်။

"မိဆွတ်လေး တိတ်ပါဟာ၊ နင်က ဒီလောက်ငိုနေတော့ ငါပါငိုချင်လာပြီ ဆွတ်ရာ"

"နင်တို့ ... နင်တို့ကိုယ်မှာ သွေးတွေနဲ့၊ ငါအရမ်းကြောက်တာပဲ"

"အခု ဘာမှမဖြစ်တော့ပါဘူးဟ၊ ငါ့မျက်နှာကိုကြည့်လေ၊ ငါ့တစ်ကိုယ်လုံးကိုကြည့်လေ ဆွတ် ဘာမှမှမဖြစ်တော့တာ၊ ဘာဒဏ်ရာမှတောင် မရှိဘူး"

ဆွတ်က သုဝဏ်ာ ရင်ဘတ်မှ မျက်နှာလေးခွာကာ သုဝဏ်ာကို စေ့စေ့ကြည့်သည်။ သုဝဏ်ာကလည်း ဆွတ်ကိုပြန်ပြီး





စေ့စေ့စိုက်ကြည့်နေမိပါသည်။ ဆွတ်ရဲ့မျက်ဝန်းများထဲမှာ ဝမ်းသာခြင်း၊ အားတက်ခြင်း၊ အားကိုးခြင်း၊ စေခွဲမရခြင်း၊ ပျော်ရွှင်ကြည်နူးခြင်း၊ ဝမ်းနည်းကြေကွဲခြင်းတို့ အမျိုးစုံ အစီးပ်ထင်နေသည်။

"နင်"

"........."

"နင် ... နင် ..."

"ပြောလေ ဆွတ်၊ ဘာပြောမလို့လဲဟင်"

"နင် ဘယ်သူလဲဟင်"

"ဟင်"

သုဝဏ်ာ ရင်ထဲအောင့်ခနဲ နာကျင်ထိခိုက်သွားရပါသည်။ ဆွတ်ကိုလည်း ပြောမပြတတ်အောင် သနားသွားရပါသည်။

"နင် ... သုဝဏ်ာလား၊ အတုလားဟင်"

✧ ✤ ✧

"ငါ ဘာဖြစ်နေတာလဲဟင် ... သုဝဏ်ာ"

အပြစ်ကင်း၍ ကလေးဆန်လှသော မျက်လုံးဝိုင်းလေးက သုဝဏ်ာရဲ့မျက်နှာတွင် စိုက်ကြည့်ကာ သုဝဏ်ာထံမှအဖြေကို မျှော်စောင့်နေသည်။ သုဝဏ်ာက ဆွတ်ရဲ့ခေါင်းပေါ်ကိုလက်



www.burmeseclassic.com

www.burmeseclassic.com



ဖဝါးလေးတစ်ဖက်နှင့်အုပ်ကာ ဖြည်းဖြည်းလေး နှစ်သိမ့်လှုပ်ယမ်းလိုက်ရင်း ...

"နင် ဘာဖြစ်လို့လဲ၊ ဘာမှမဖြစ်ပါဘူး ဆွတ်ရဲ့"

"ငါ ရူးနေတာလား"

"ကြံကြီးစည်ရာ ဆွတ်ရယ်၊ နင် ဘာဖြစ်လို့ ရူးရမှာလဲ မရူးပါဘူး၊ ကိုယ့်ကိုယ်ကိုယ် ရူးနေတယ် ထင်စရာလား ဆွတ်ရာ"

"ဒါဖြင့် ငါ ဘာဖြစ်နေတာလဲ၊ ငါဘာမှမမှတ်မိဘူးလေ"

"နင် နင့်ရှေ့မှာ ရန်တွေဖြစ်ကြတဲ့ မြင်ကွင်းကို သွေးသံတရဲရဲ မြင်လိုက်ရတော့ အရမ်းကြောက်ပြီး တုန်လှုပ်ပြီးတော့ ရှော့ခ်ဖြစ်သွားတဲ့ သဘောပဲလေ၊ အဲဒီအဖြစ်အပျက်တွေကို နင် ကြောက်လန့်ပြီး မနှစ်မြို့လွန်းတော့ အဲဒါတွေကို တကယ်မဖြစ်စေချင်တဲ့ဆန္ဒ နင့်စိတ်ထဲမှာ ပြင်းပြတယ် ...

အဲဒီအဖြစ်အပျက်ကြီးကို နင့်စိတ်က လက်မခံဘူး၊ မဟုတ်စေချင်ဘူး၊ မဖြစ်ခဲ့စေချင်ဘူး၊ အဲဒီတော့ အဲဒီအဖြစ်အပျက်နဲ့တကွ ပတ်သက်တဲ့ အရာရာကို နင့်မသိစိတ်က မေ့ပစ်လိုက်တာမျိုးလို့ ဆရာဝန်ကြီးက ရှင်းပြတယ် မဟုတ်လား"





"ဒါဖြင့် ငါ အဲဒါတွေ တစ်သက်လုံး မေ့နေတော့မှာလားဟင်"

"တဖြည်းဖြည်းတော့ နင် ပြန်သတိရလာမယ်၊ ဒါတွေကို သတိမရလို့လည်း နင့်အတွက် ဘာချို့ယွင်းချက် အားနည်းချက်မှ မဖြစ်ဘူးလေ ဆွတ်ရဲ့၊ နင် အခု နေမကောင်းလည်း ဖြစ်မနေဘူး၊ ကျန်းမာရေးကောင်းတယ်၊ သူလို ငါလိုလူတစ်ယောက်ပဲ၊ တချို့ကိစ္စလေးတွေ နည်းနည်း သတိမရတာကလွဲရင် နင်ဘာမှ စိတ်ရှုပ်ထွေးစရာ ပြဿနာ မရှိဘူး၊ အဲဒါတွေကို ပြန်သတိရသည်ဖြစ်စေ သတိမရသည် ဖြစ်စေ နင် သာမန်လူကောင်းတစ်ယောက်ပဲ"

"ဒါပေမဲ့ ငါ သတိရချင်တာပေါ့"

"ရလာမှာပေါ့ ဆွတ်ရယ်"

"နင် ငါ့ကို ပစ်မထားနဲ့နော်"

သုဝဏ် ရင်ထဲ နွေးသိမ့်သွားရပါသည်။

"ပစ်မထားပါဘူး ဆွတ်လေးရယ်၊ ငါက နင့်ကို ပစ်ထားပါ့မလား"

"ပစ်ထားတယ်လေ၊ မနေ့ကဆို ငါ့ဆီမလာဘူး"

သုဝဏ်က ရင်ထဲတဖျပ်ဖျပ်လှုပ်ခတ်ရင်း ဆွတ်ချက်နှာလေးကို ကြင်ကြင်နာနာ စိုက်ငေးကြည့်နေမိသည်။ စိတ်



www.burmeseclassic.com

www.burmeseclassic.com



ကိုသာ ရှိသလောက် အလိုလိုက် လွှတ်ပေးလိုက်ရရင်တော့ ဆွတ်ပါးပြင်နှစ်ဖက်ကို သူ့လက်ဖဝါးနှစ်ဖက်နှင့် အုပ်ညှပ်မော့ယူပြီး နဖူးလေးကို ဖျတ်ခနဲ နမ်းရှိုက်လိုက်မိတော့မှာပဲ။

ခုလည်း ဆွတ်က သူ့ရဲ့လက်တစ်ဖက်ကို သူမရဲ့ လက်နှစ်ဖက်စလုံးထဲမှာ ခပ်တင်းတင်း ကိုင်ဆုပ်ထားသည်။ သူ ရောက်လာတာနှင့် သူ့အနားတိုးကပ်ပူးထိုင်ကာ သူ့ကိုပဲအားကိုးတကြီး တမော့မော့ကြည့်ရင်း သူ့လက်ကို မလွှတ်တမ်းဆွဲဆုပ်ကိုင်ထားတတ်တာ ရိုးရာဖြစ်နေပြီ။

"ငါ နင့်ဆီ နေ့တိုင်းလာချင်တယ် ဆွတ်"

"မယုံဘူး"

"နင် ယုံရမယ်၊ နေ့တိုင်းလည်း လာချင်တယ်၊ တစ်နေ့ကုန်လည်း နေချင်တယ်၊ အဲဒါ ငါ့စိတ်ရင်းအမှန်ပဲ၊ ဒါပေမဲ့ ငါ အခု အလုပ်ဝင်လုပ်နေရပြီ ဆွတ်လေးရဲ့"

"ဘာအလုပ်လဲ"

"ငါ့အဖေက ဆောက်လုပ်ရေးတွေ လုပ်တာလေ၊ နင်သိသားပဲ မဟုတ်လား"

"ဆောက်လုပ်ရေးလုပ်တာ အတုရဲ့အဖေ မဟုတ်ဘူးလား"

သုဝဏ် မျက်နှာလေး မဆိုစလောက် ပျက်သွားရပါသည်။ သူမှတ်မိချင်တာ ကျပြန်တော့လည်း မှတ်မိနေပြန်ရော





သူ မမှတ်မိချင်တာကျတော့လည်း မမှတ်မိပြန်။ အတုလနှင့်ပတ်သက်သောကိစ္စတွေ ဆွတ်ရင်ထဲ မှတ်မှတ်မိမိနေလျှင် တခြားအရာတွေ မှတ်မိတာနဲ့မတူ ... သုဝဏ်ရင်ထဲ နင့်တင့်တင့်ဖြစ်ရသည်မှာ ဘာကြောင့်လဲ။ ဘာကြောင့်ဆိုတာ သိပါသည်။ သို့သော် ပြောမပြတတ်ပါ။

"အင်းလေ ... အတုအဖေလည်း ဆောက်လုပ်ရေးလုပ်တယ်၊ ငါ့အဖေလည်း လုပ်တယ်၊ သူတို့နှစ်ယောက်ပေါင်းပြီးတော့လည်း တချို့ပရောဂျက်တွေ လုပ်တယ်လေ၊ အခု ငါ့အဖေရဲ့ဆောက်လုပ်ရေးလုပ်ငန်းထဲ ငါဝင်အလုပ်လုပ်နေပြီ ဆွတ်ရဲ့"

"နင်က ဘာလုပ်တာလဲ"

"ငါက အင်ဂျင်နီယာလေဟာ ... ဟင်း ဟင်း ဟင်း"

"ဪ ... သိပြီ၊ နင်တို့သုံးယောက်လုံး အတူတူပဲ၊ အင်ဂျင်နီယာတွေချည်းပဲ မဟုတ်လား"

"ဟုတ်တယ်လေ"

"ဒါဆို အခု နင်နေ့တိုင်း ရုံးတက်သလို လုပ်ရတော့မှာပေါ့"

"ရုံးတက်သလောက်တော့ မနက်ကိုးနာရီက ညနေငါးနာရီ အတိအကျ ဆိုတာမျိုး မဟုတ်ပါဘူး၊ အလုပ်ဆီသွားရ



www.burmeseclassic.com

www.burmeseclassic.com



အခါသွား၊ နင့်ဆီလာတဲ့အခါလာ၊ အဲလိုလုပ်မှာပါ၊ နင့်ဆီမလာဘဲ ငါမနေပါဘူး ဆွတ်ရယ်၊ နေလည်းမနေနိုင်ပါဘူး"

"နင်မလာဘူးဆိုရင် ငါ့ဆီမှာ အဖော်မရှိဘူး သုဝဏ်၊ နင် ငါ့သူငယ်ချင်း ကြယ်စင်ကို သိလား"

ကြယ်စင်ဆိုသည်မှာ ဆွတ် UFL မှာတွဲတဲ့ မိန်းကလေး သူငယ်ချင်းပါ။

"သိတယ်လေ"

"ကြယ်စင်ကလည်း တစ်ခါတလေ လာပါတယ်၊ ဒါပေမဲ့ ငါ သူ့ကို ဘာဖြစ်လို့လဲ မသိဘူး စိတ်က စိမ်းနေတယ် ငါ့သူငယ်ချင်း မဟုတ်သလိုပဲ၊ ငါ့စိတ်က သူ့ကို ဟတ် ဟက်ပက်ပက် မခင်တာ ငါသူ့ကို အားတောင်နာမိတယ်"

"အဲလိုတော့ သဘောမထားပါနဲ့ဟာ၊ ကြယ်စင်ကလည်း နင်ခင်တဲ့ တွဲတဲ့ သူငယ်ချင်းပဲလေ၊ ပြီးတော့ ဘာပဲဖြစ် ဖြစ် နင့်မှာ မိန်းကလေးဖော် မိန်းကလေးသူငယ်ချင်းဆို တာ လိုအပ်တယ် ဆွတ်ရဲ့"

"နင်တို့သုံးယောက် ရှိတာပဲ"

"ဒါပေမဲ့ အခုက ငါ တစ်ယောက်တည်း ရှိတာလေ"

"သုဝဏ်"





"ပြော ... မိဆွတ်"

"ငါ ဝေလျှံနဲ့ အတုနဲ့ကို တွေ့ချင်တယ်ဟာ"

"........."

"ငါ သူတို့နဲ့ တွေ့ပါရစေ"

"တွေ့ရမှာပေါ့ ဆွတ်ရယ်၊ အခုက သူတို့နေမကောင်းကြသေးလို့ပါ"

"ဒီလောက်အကြာကြီး နေမကောင်းရအောင် သူတို့ဘာဖြစ်တာမို့လို့လဲဟင် သုဝဏ်၊ နင် ငါ့ကို အမှန်အတိုင်းပြောပြပါ၊ ငါသိချင်တယ်"

"တကယ်နေမကောင်းသေးတာပါ ဆွတ်ရာ၊ ဒါ ငါတစ်ယောက်တည်းက ပြောနေတာမှ မဟုတ်တာ၊ အားလုံး နင့်ကို ဒီလိုပဲပြောတာပဲ မဟုတ်လား၊ အဲဒါဆို နင်ယုံရမှာပေါ့"

"အဲဒီအားလုံးက ငါ့ကို ဝိုင်းညာပြောနေကြတာလားလို့ပါ"

"........."

"သူတို့ ဒဏ်ရာတွေ အများကြီး ရသွားကြတာလားဟင်"

"ဟုတ်တယ် ဆွတ်"

"သူတို့ သေတော့ မသေပါဘူးနော် သုဝဏ်"

"........."



www.burmeseclassic.com

www.burmeseclassic.com



"ဟင် ... သူတို့ သေတော့ မသေသေးဘူး မဟုတ်လား၊ သူတို့ ရှိတော့ရှိသေးတယ် မဟုတ်လား၊ အမှန်အတိုင်း ပြောပါ သုဝဏ်ရယ်"

"သူတို့ ရှိပါတယ်ဟာ"

"နင် ဘာဖြစ်လို့ မျက်နှာမကောင်းတာလဲ"

"ငါလည်း ဘာပဲဖြစ်ဖြစ် သူငယ်ချင်းလေးယောက်လုံး လူစုံချင်တာပဲပေါ့၊ နင် ခုလို စိတ်မကောင်းဖြစ်နေတော့ ငါလည်း စိတ်မကောင်းဘူးပေါ့ဟ"

"သုဝဏ် ... အတုနဲ့ ဝေလျှံ နေကောင်းပြီဆိုတာနဲ့ ညည်းသည်တွေ့လို့ရပြီဆိုတာနဲ့ ငါ့ကိုချက်ချင်းပြောနော်၊ ငါတို့ နှစ်ယောက် သူတို့ကို ချက်ချင်းသွားတွေ့ကြမယ်နော်"

"အင်းပါ ... စိတ်ချ"

ဆွတ်က အမြှီးလေးနှင့် သုဝဏ်ပခုံးစွန်းကို ခေါင်းလေးစောင်းငဲ့ မှီချလိုက်လျှင် ကျစ်ကျစ်မပွေ့ဖက်မိအောင် သုဝဏ်မနည်းစိတ်ထိန်းထားရပါသည်။

✧ ✤ ✧





## ၁၂

"ဆွတ် ... နင် အရမ်းလှတာပဲ သိလား"

သူ့ရဲ့တိုးတိုးဖွဖွ ချီးမွမ်းသံကြားမှာ ဆွတ်က ကျေနပ်ပီတိပြုံးလေးနှင့် ရှိနေသည်။

အဖြူနှင့်ငွေရောင် ရောစပ်ထားတဲ့ ဇာဝတ်စုံဟာ ဆွတ်နှင့်တင့်တယ်လှပလွန်းပါသည်။ မမကြီးက ထိုင်မသိမ်းဝတ်ထားမယ့် ဆွတ်က ပုံမှန်မြန်မာဝတ်စုံသာ။ ဆွတ်တို့ ညီအစ်မနှစ်ယောက်လုံး လှပသူချည်း ဖြစ်ပေမယ့် သူ့မျက်စိထဲမှာ သတို့သမီးကြီးရဲ့အလှကို မမြင်နိုင်။

ဆွတ်တစ်ဦးတည်းရဲ့အလှကသာ သုဝဏ်ရဲ့မျက်စိထဲ အပြည့်အကျပ် နေရာယူထားပြီးမို့ပင်။

"မိဆွတ် ... ဒီဖိနပ်မြင့်တယ်နော်၊ နင်လဲမယ်နော် သတိထား"



www.burmeseclassic.com

www.burmeseclassic.com



“.........”

“ဟိုလေ ... တစ်ဆိတ်ခင်ဗျ၊ သူ့ဆံထုံးက ပန်းပွင့်လေးက ကြွထနေတယ် ပြုတ်ကျတော့မလား မသိဘူး၊ နည်းနည်း ခိုင်ခိုင်လေး တစ်ဆိတ်လောက်”

“.........”

“ဆွတ် ... လာ၊ ဟိုရှေ့နားလာ၊ ငါ နင့်ကို ဓာတ်ပုံရိုက်မလို့”

“.........”

မမကြီး ချမ်းမြဦးနှင့် ကိုနေဖဲတို့ မင်္ဂလာပွဲမှာ သူ ကိုယ်တိုင် သတို့သားအလား သည်းသည်းလှုပ် ဗျာများနေသူမှာ သုဝဏ်ဖြစ်သည်။ မမကြီးကပင် သုဝဏ်ကို မျက်စိနောက်လာရ ရပါသည်။

“ဟဲ့ ... သုဝဏ်၊ လူတွေက မသိရင် နင်တို့နှစ်ယောက် ကို သတို့သား သတို့သမီး ထင်မှာပဲနော်၊ ပျာကယာခတ် နေတာ နင် ဖြစ်နေတာကိုး၊ ကိုနေက ချောင်ထဲမှာကျောက် ရုပ်ကြီး ချထားတဲ့အပိုင်းပဲ”

သုဝဏ်ကိုယ်တိုင်ကလည်း ဆွေမျိုးနီးပါး အရင်းနှီး ဆုံးထဲကမို့ စတစ်ကော်လာဖြူ တိုက်ပုံအဖြူနှင့် အောက်က ပိုး ပုဆိုးက မင်္ဂလာစုံတွဲရဲ့အရောင်နှင့် ခပ်ဆင်ဆင် ခဲမီးခိုးရောင် လင်းလင်းဖြစ်၍ သတို့သားနှင့် မှားမယ်ဆိုရင်လည်း မှားစရာ





“ဟာ ... မဟုတ်ပါဘူး မမကြီးကလည်း”

“ဘာမဟုတ်ရမှာလဲ၊ ဗျာကိုများနေတာ၊ ဂနာကိုမငြိမ်ဘူး၊ တစ်ခါတည်းမှပဲ၊ ဝင်ငိုက် ထွက်လိုက် ခေးခေးခွာလိုက် နီးနီးကပ်လိုက်နဲ့ မျက်စိကိုနောက်နေတာပဲ”

ဒီစကားပြောနေတဲ့ ချမ်းမြဦးရဲ့မျက်နှာဟာ သုဝဏ် ကို ချစ်စနိုးရိပ်နှင့်ဝင်းပပြည့်လျှံနေတာမို့ ကြားရသူတိုင်းပါ အေးက လိုက်ပြုံးရတဲ့ အခြေအနေပါ။

“နင် သတို့သမီးပုံတော့ မရိုက်တော့ဘူးလား”

“မမကြီးကလည်းဗျာ၊ သတို့သမီးပုံက ရိုက်မယ့်ဓာတ်ပုံ ဆရာ နှစ်ဖွဲ့တောင် ... အဟဲဟဲ”

“လွန်ကိုလွန်တယ် ... ဟွန်း”

“ဆွတ်က ခုဒီတစ်ခါပဲ သတို့သမီးအရံ လုပ်ဖူးတာလေ မမကြီးကလည်း”

“ဟင် ... ငါကကော၊ ဘယ်နှခါသတို့သမီး လုပ်ဖူးလို့လဲ သုဝဏ်ရယ်”

“ဟား ဟား”

သုဝဏ်ရဲ့ရည်မွန်ချောမောသော ပုံစံလေးကို ချမ်းမြဦး က သဘောတကျ ကြည့်နေရင်းက ခေါ်ယူထားသော ဓာတ်ပုံ ဆရာဘက်လှည့်ကာ ...



www.burmeseclassic.com

www.burmeseclassic.com



"ဆရာရေ ... သူတို့နှစ်ယောက်ပုံလေး နည်းနည်းရိုက်ပေး
ပါလား"

"ဟုတ်ကဲ့ ... ဟုတ်ကဲ့"

"သုဝဏ္ဏ သွား၊ မိဆွတ်နား ရပ်လိုက်စမ်းပါ၊ နင်တို့နှစ်
ယောက်ပုံလည်း အမှတ်တရ ရိုက်ထားဦးလေ"

"ကျွန်တော်တို့နှစ်ယောက် ! "

"အင်း ... သွား ... သွား ... မိဆွတ်နားသွား"

သုဝဏ္ဏက မိဆွတ်အနား သွားယှဉ် ရပ်လိုက်ပါ
သည်။

"ဘာလဲဟင် သုဝဏ္ဏ"

"မမကြီးက ငါတို့နှစ်ယောက်ပုံ ရိုက်ခိုင်းလို့ နင်ရိုက်ချင်
ရဲ့လား"

"အင်း ... ရိုက်ချင်တာပေါ့၊ ဟုတ်တယ်"

ဆွတ်က ပြုံးပြုံးကလေးနှင့် သုဝဏ္ဏရဲ့လက်တစ်
ဖက်ကို ချိတ်လိုက်ပါသည်။ တဖျပ်ဖျပ်လင်းလက်သော ကင်မရာ
မီးများအောက်မှာ လိုက်ဖက်တင့်တယ်လှသော ဆွတ်ဖြန်းမိုးနှင့်
သုဝဏ္ဏကို ချမ်းမြဦးက ကျေနပ်သဘောကျသော ပီတိပြုံးလေးနှင့်
ကြည့်နေမိသည်။





သူ့ညီမလေး ဆွတ်ဖြန်းမိုး အပေါ် ကြင်နာဂရုစိုက်
နိုင်လှတဲ့ သုဝဏ္ဏကို ချမ်းမြဦး ချစ်ခင်သည်။ ဘယ်လိုပဲ သူက
သူငယ်ချင်းတစ်ယောက်လို ဆက်ဆံနေ ဆက်ဆံနေ သူ့မျက်ဝန်း
တွေထဲမှာ ဆွတ်အပေါ် မြတ်နိုးချစ်ခင်လှတဲ့ အရိပ်အရောင်က
အချိန်ပြည့် ပေါ်လွင်နေတာလေ။

ဟိုးအရင်ကတော့ ဒီကလေးသုံးယောက်ထဲက ဘယ်
သူနဲ့များ ညီမလေး ချစ်ခင်လက်တွဲသွားမလဲလို့ စောင့်ကြည့်ရ
တာဟာ ပဟေဠိတစ်ပုဒ်လို စိတ်ဝင်စားဖို့ ကောင်းလှသည်။
နောက်တော့ ဆွတ်က "အတုလ"ကို ရွေးချယ်သည်လို့ ချမ်းမြဦး
တို့ သိခဲ့ရပါသည်။

အတုလနှင့် ဝေလျှံကိုလည်း ချမ်းမြဦး ချစ်သည်
ပင်။ တကယ်တော့ သူတို့သုံးယောက်ထဲက ဘယ်သူနဲ့ပဲ ဆွတ်
ချစ်သွားချစ်သွား သဘောတူမျှ ကြည်ဖြူနိုင်တဲ့ဆန္ဒက သူတို့
မိသားစုထဲ ရှိပြီးသားဖြစ်ခဲ့သည်။

အတုလကို ရွေးလိုက်တယ်လို့ သိရတော့ ဆွတ်ကို
အတုလနှင့်တန်းတူ မလျော့ဘဲ ချစ်ရှာကြမှန်းသိသာတဲ့ သုဝဏ္ဏ
နှင့် ဝေလျှံကို ကရုဏာသက်ခဲ့ရပါသေးသည်။ အခုတော့ ဆွတ်
အနီးမှာ သုဝဏ္ဏ တစ်ယောက်တည်းရယ်သာ။ ကျန်တဲ့နှစ်ယောက်
က ဆွတ်အနား ခုချိန်မှာ မရှိနိုင်ပြီ။



www.burmeseclassic.com

www.burmeseclassic.com



သူ့အနားမှာ တစ်ယောက်တည်း ရှိနေတဲ့ သုဝဏ် အပေါ် ဆွတ်ရဲ့အားကိုးတွယ်တာမှုက အရင်ထက် ပိုမိုရင့်သန်လာတာ ချမ်းမြဦးတို့ ရိပ်မိသည်။ ဆွတ်ပုံစံလေးက ခုနေခါမှာ ကလေးငယ်တစ်ယောက်သဖွယ် ဖြစ်နေသည်။ ကျန်းမာရေးရော အနေအထိုင်ရော လူကောင်းနှင့်မခြား ပုံမှန်ပဲရှိနေသည် ဖြစ်ပေမယ့် အချို့သော အတိတ်အဖြစ်အပျက်တွေကို မမှတ်မိဘဲ ဖြစ်နေဆဲ ဆွတ်ဟာ သူ့ချို့ယွင်းချက်အပေါ် သူ ပြန်အားငယ်ကာ မျက်စိ သူငယ်ဖြစ်နေတာမို့ ကလေးတစ်ယောက်နှယ် ဘေးလူတွေအပေါ် အားကိုးမှုပိုလာသည်။

သူ့အနား တစ်ယောက်ပဲ ရှိနေတော့တဲ့ သူ့ငယ် သူငယ်ချင်းသုဝဏ်ကို အရင်ထက်ပိုတွယ်တာ အရင်ထက်ပိုအားကိုး ကာ မျက်စိအောက်ကတောင် အပျောက်မခံချင်အောင်ဖြစ်နေတာ။

သုဝဏ်ကလည်း သူ့ကို သဲကြီးမဲကြီး တွယ်နေတဲ့ ဆွတ်အပေါ် အရင်ကထက်ကို ပိုပြီးဂရုစိုက်ကာ သုံးယောက်စာ တစ်ယောက်တည်း သိမ်းကျုံးအလိုလိုက် စောင့်ရှောက်ပေးနေ တာပါ။

ချမ်းမြဦး မျက်စိထဲမှာ သူတို့လေးနှစ်ယောက်က လိုက်ဖက်ပြီး ချစ်စရာကောင်းလှသည်။ ချမ်းမြဦးရင်ထဲ စိတ်ထဲ တွင် သုဝဏ်နှင့် ဆွတ်ကို သဘောတူနေမိပါသည်။ ဆွတ်ဘဝလေး





ကို သုဝဏ်က ကြင်ကြင်နာနာ စောင့်ရှောက်သွားနိုင်မယ်ဆိုတာ ချမ်းမြဦး ယုံကြည်ပါသည်။

"အမယ်လေးနော် ... သုဝဏ်ရယ်၊ အောက်မှာညည်းသည်တွေ နေရာချတဲ့ဆီ နည်းနည်းကူပေးဖို့ မင်းကို မေမေက လိုက်ရှာနေတာ၊ မင်းက ဒီမှာလာပြီး ဓာတ်ပုံရိုက်ခံနေတယ်၊ ကြည့်ပါဦး ... တကယ်ပဲ၊ မင်းတို့က သတို့သား သတို့သမီး ကျနေတာပဲ၊ ချမ်းမြနဲ့နေခဲ့ မင်္ဂလာပွဲပါပဲ့ သုဝဏ်ရဲ့"

ဒေါ်သူဇာခင်က တိုးတိုးကျိတ်ကျိတ်နှင့် သုဝဏ်ထံ ရောက်လာပြောနေပါသည်။

"မမကြီးက ရိုက်နိုင်းတာ မေမေကလည်း"

"ဟင် ... ဘာဖြစ်လို့လဲ"

"အမှတ်တရတဲ့"

"ဟုတ်လား၊ ဩော် ... အဲဒါဆိုလည်း ပြီးတာပဲ၊ ဒါပေမဲ့ အောက်မှာ နည်းနည်းညှိကြိုလာလုပ်ပေးဦး သားရဲ့"

"ဆွတ် ... ငါသွားလိုက်ဦးမယ်"

"ပြန်တက်လာဦးမှာလားဟင်"

"မတက်လာတော့ဘူးလေ၊ အချိန်တောင် နီးနေပြီ၊ နင်တို့ ဆင်းလာမှ နင့်ကို ဓာတ်ပုံလာရိုက်ပေးတော့မယ်"



www.burmeseclassic.com

www.burmeseclassic.com



ဆွတ်မျက်နှာလေးက မှုန်ငြိုငြိုလေး ဖြစ်နေ၍ —

"ဘာဖြစ်လို့လဲဟင် မိဆွတ်"

"နင့်ကို ငါက သတို့သားအရံ လုပ်ပါလို့ပြောတာ နင်က

မလုပ်တော့ အခု ငါ တခြားယောကျ်ားတစ်ယောက်နဲ့ တွဲရ

တော့မယ်၊ မုန်းစရာကြီး"

သတို့သမီးရံနှစ်ယောက်က ဆွတ်နှင့် မမကြီးသူငယ်

ချင်း ဆရာဝန်မလေးတစ်ယောက်။ သတို့သားရံနှစ်ယောက်က

ကိုနေဖုံ့သူငယ်ချင်းတွေဖြစ်ပြီး တစ်ယောက်က စင်ကာပူကပဲ

အင်ဂျင်နီယာတစ်ယောက်ဖြစ်ကာ နောက်တစ်ယောက်က သင်္ဘော

အင်ဂျင်နီယာပါ။

ဆွတ်နှင့်တွဲရမှာက သင်္ဘောအင်ဂျင်နီယာ။

"ငါလုပ်ချင်တိုင်း ဖြစ်တာမှ မဟုတ်တာ ဆွတ်ရဲ့"

"ဘာလို့မဖြစ်ရမှာလဲ"

"ကိုနေဖုံက သူ့သူငယ်ချင်းတွေ တစ်ခါတည်း စီစဉ်ထား

ပြီးသားလေ၊ ငါ့ကို လုပ်ပေးပါ မပြောတာ၊ ငါကလုပ်ချင်

ပါတယ်လို့ သွားပြောလို့ ဘယ်ရပါ့မလဲ ဆွတ်ရဲ့"

ဆွတ်က နှုတ်ခမ်းလေး စူနေကာ ...

"အန်တီသူဇာကလည်း နင့်ကို ဒီမှာပဲထားတာ မဟုတ်ဘူး"

"အောက်မှာ နေရာချပေးမယ့်သူ မရှိဘူး ဆွတ်ရဲ့"

"မေမေကလည်း သူ့ဟာနဲ့သူရှုပ်လို့၊ မမကြီးက ပိုတောင်

ရှုပ်ယှက်ခတ်နေသေး၊ ငါတစ်ယောက်တည်းရယ်"

"ဟိုမှာ နင့်ဖတ်စ်ကာဇင်တွေ ရှိတယ်လေ"

"ငါနဲ့ ရွယ်တူတွေမှ မဟုတ်တာ၊ သူတို့လည်း ခုမှအပြေး

အလွှား စုပြုံပြင်ဆင်လဲလှယ် နေကြရတာ၊ မနေ့က,ကတည်း

က အဲဒီ ကိုနေဖုံ့သူငယ်ချင်းတွေက အိမ်ကိုပါလာတာ၊

ငါနဲ့တွဲရမယ်ဆိုတဲ့ သင်္ဘောသားက ငါ့ကိုလာပြီး အရော

တဝင်နဲ့ ငါမကြိုက်ပါဘူး၊ နင်ရှိနေတော့ နင်နဲ့ ငါနဲ့တတွဲတွဲ

လုပ်နေရင် နင့်ကို ငါ့ရည်းစားဆိုပြီး သူ ကိုယ်ရှိန်သတ်

သွားမှာ"

"ဟင်"

သုဝဏ်က ဆွတ်အပြောကြောင့် ပြုံးစိစိ ဖြစ်ရသည်။

"လူတွေ ဒီလောက်အများကြီးဟာ ဆွတ်ရယ်၊ သူလည်း

နင့်ကို အရမ်းကြီးတော့ ပရောပရီလုပ်လို့ မရပါဘူး"

"ပြီးရော ... နင်မနေလည်း သွားပေါ့"

"မိဆွတ်ကလည်းဟာ၊ အန်တီကလည်း ဒီမှာမပြီးသေးဘူး၊

အောက်မှာ နင့်အဖေရယ် ဝေလျှို့အဖေရယ်ပဲ ရှိမှာပေါ့"





www.burmeseclassic.com

www.burmeseclassic.com



ခုချိန်ထိ ဒီလိုစကားမျိုးပြောလျှင် ကိုနေဖုံအဖေလို့ ထည့်ပြောဖို့ လျှာမသွက်သေးဘဲ ဝေလျှံ့အဖေလို့သာ သုံးဖြစ်နေတာပါ။ အမှတ်မထင် ဝေလျှံတို့ အတုလတို့နာမည် စကားထဲညပ်ကာပါမိလျှင် ဖြစ်သွားနေကျအတိုင်း ဆွတ်မျက်နှာလေးက ညှိုးတိုးတိုးလေး ဖြစ်သွားရသည်။

"အေးနော် … ဝေလျှံနဲ့ အတုလည်း ရှိရင်ကောင်းမှာပဲဟာ၊ သူတို့လည်းရှိရင် သိပ်ပျော်ဖို့ကောင်းမှာပဲ"

"အေးပေါ့ဟာ"

"ကဲ … ကဲ … နင်သွားရင် သွားပါလေ၊ ရတယ် သွား"

"နင် စိတ်မကောက်ဘူးနော်"

"အင်းပါ … မကောက်ပါဘူး၊ နင်ပြောတာ ဟုတ်တာပဲ၊ လူအင်အားမှ သိပ်မရှိတာ၊ နင် သွားကူလိုက်ပါ"

✧ ✤ ✧

"မေမေ ဒီပုံလေးကို ကြည့်စမ်းပါ"

ဒေါ်ဖြူဖြူလွင်က သမီးကြီး ချမ်းမြဦး ထိုးပေးလိုက်တဲ့ ပုံလေးကို လှမ်းယူကြည့်လိုက်ပါသည်။

"ဘယ်လောက် လိုက်ဖက်ညီထားလဲ မေမေ၊ သတို့သမီး သတို့သားအတိုင်းပဲ"



www.burmeseclassic.com



ဒေါ်ဖြူဖြူလွင်က သက်ပြင်းတစ်ချက် ချလိုက်မိပါသည်။ ဟုတ်ပါရဲ့။ သုဝဏ်နှင့်ဆွတ်ရဲ့ ပုံလေးက တကယ့်မင်္ဂလာမောင်နှံစုံတွဲလေးသဖွယ်ပါ။ ဆွတ်က သုဝဏ်ရဲ့လက်မောင်းတစ်ဖက်ကို နွဲ့နွဲ့နှောင်းနှောင်းလေး ချိတ်ထားလိုက်သေးသည်။

"ဒါပေမဲ့ ခက်တာက …"

"ဘာမှခက်စရာမရှိပါဘူး မေမေရယ်"

"ဆွတ်ရဲ့ဆန္ဒနဲ့ ဆန့်ကျင်ပြီး ဘာမှမလုပ်ချင်ဘူးလေ သမီးကြီးရယ်"

"သူ့ဆန္ဒနဲ့ ဆန့်ကျင်ရမှာမှ မဟုတ်တာ၊ သူ့ ဆန္ဒရှိလာဖို့တော့ လိုတာပေါ့"

"မေမေတို့ ဖွတ်ဖန်တီးလို့ကောင်းပါ့မလား သမီး"

"မေမေ"

ချမ်းမြဦးက မလှမ်းမကမ်းမှ သုဝဏ်နှင့် ဆွတ်နှစ်ဦးသား ခေါင်းချင်းဆိုင် ဓာတ်ပုံကြည့်နေရာကို တစ်ချက်လှမ်းကြည့်ရင် တိုးတိုးပြီးသားအသံကို ပိုနှိမ့်လိုက်ပါသည်။

"ချမ်းမြက အစ္စလာလောဆယ် ခွင့်နှစ်ပတ် ယူထားလို့ မေမေတို့အိမ် နေ့တိုင်း ပြန်လာနိုင်သေးတာ"

ချမ်းမြဦးက နေဖုံတို့အိမ်ဘက် လိုက်နေတာဖြစ်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဆေးရုံပြန်သွားရရင် ခုလို နေ့တိုင်း လာနိုင်မှာမဟုတ်တော့ဘူး မေမေ"

"အင်း"

"နောက်ဆို ကိုနေ့နောက် လိုက်သွားဖို့ စီစဉ်ထားတာနဲ့ သမီး ဟိုမှာ အလုပ်တစ်ဖက် စာဆက်ကျက်တာကတစ်ဖက်နဲ့ အဝေးကတောင် ညီမလေးအတွက် အာရုံအပြည့် စိုက်ပေးနိုင်မှာ မဟုတ်ဘူး"

"အင်း"

"ဆွတ်က ကျန်းကျန်းမာမာတော့ ရှိနေတယ် ဆိုပေမယ့် ဘာပဲဖြစ်ဖြစ် သူ့အခြေအနေက အလုပ်ခွင်တစ်ခုခုမှာ အလုပ်ဝင်လုပ်ခိုင်းဖို့ဆိုတာမျိုးလည်း ဖေဖေရော မေမေရော သဘောမတူချင်ဘူး မဟုတ်လား၊ အိမ်မှာ မေမေနဲ့ ညီမလေးနဲ့ပဲ နှစ်ယောက်တည်း အချိန်ကုန်ရမှာ ...

သူ့ကို ဆရာကြီးကလည်း ပြောထားတယ်၊ အမြဲ လန်းဆန်းပျော်ရွှင် စိတ်ဓာတ်တက်ကြွနေဖို့ လိုအပ်တယ်ဆိုတာ၊ ငြီးငွေ့နေတာ စိတ်ဓာတ်ကျနေတာမျိုး မဖြစ်စေနဲ့ ဆိုတာလေ၊ မေမေလည်း အသိပဲဟာ"

"အင်း ... သမီးပြောတာတွေ အားလုံးဟုတ်ပါတယ်"

"ပြီးတော့ သုဝဏ်က ဆွတ်ကိုချစ်လိုက်တာ တုန်နေတာ"



"ဟုတ်ပါတယ်၊ ဒါပေမဲ့ သုဝဏ်ပဲ အခု ဆွတ်အနားရှိနေနိုင်လို့ကိုး၊ အတုလနဲ့ ဝေလျှံလည်း ခုလို သုဝဏ်နေရာမှာ ရှိနေရတာဆိုရင် အခု ဆွတ်ကို သုဝဏ် ဂရုစိုက်သလိုပဲ စိုက်ကြမှာပါ၊ သူတို့လည်း သုဝဏ်လိုပဲ ဆွတ်ကိုသိပ်ချစ်ကြတာပဲလေ"

"အင်းလေ မေမေ၊ ဒါပေမဲ့ အခုက သုဝဏ်ပဲ ရှိတာပဲဟာ"

သားအမိနှစ်ဦးသား သုဝဏ်နှင့် ဆွတ်ရှိရာဘက်သို့ ကြည့်ကာ သက်ပြင်းကိုယ်စီ ရှိုက်မိကြပါသည်။

"ပြီးတော့ ရှိသေးတယ် မေမေ၊ သုဝဏ်အဖေက လောလောဆယ်မှာ '........'ဆောက်လုပ်ရေးကုမ္ပဏီနဲ့တွဲပြီး ရှော့ပင်းမောလ်တစ်ခု ဆောက်နေတယ်လေ၊ အခု သုဝဏ်လည်း အဲဒီဆိုက်ကိုပဲ အလုပ်ဆင်းဆင်းနေတာ၊ အဲဒီကုမ္ပဏီပိုင်ရှင်က သုဝဏ်ကို အရမ်းမျက်စိကျတာတဲ့။ သူ့သမီးနဲ့ ရည်ရွယ်နေတဲ့သဘောရှိတယ်"

"အဲဒါ ဘယ်သူက ပြောတာလဲ သမီးကို"

"ကိုနေ ပြောတာ၊ သမီးကိုယ်တိုင်လည်း သူတို့ပြောစကား နည်းနည်းပါးပါးကြားပြီး အဲဒီလို သူ့ဆနေတာ ကိုနေ ပြောပြတော့ ပိုသေချာတာပေါ့၊ အဲဒီကုမ္ပဏီက သားတစ်ယောက်က ကိုနေတို့နဲ့ တစ်ဘက်ချီထဲ အင်ဂျင်နီယာတစ်

www.burmeseclassic.com

www.burmeseclassic.com



ယောက်ပဲလေ၊ သူငယ်ချင်းတွေပေါ့၊ ကိုနေနဲ့ သမီးနဲ့ကို သူတို့အိမ် ထမင်းဖိတ်ကျွေးတယ်လေ၊ အဲဒီထမင်းစားပွဲမှာလည်း ပြောတဲ့စကားတွေထဲ ဆောက်လုပ်ရေးအကြောင်းတွေကတစ်ဆင့် အခု သူတို့တွဲလုပ်နေတဲ့ သုဝဏ်အဖေရဲ့ ကုမ္ပဏီအကြောင်းပါ၊ အဲဒီကတစ်ဆင့် အဲဒီကုမ္ပဏီပိုင်ရှင်သားလည်း လုပ်ငန်းခွင်ထဲ အခုဝင်လာတဲ့အကြောင်း၊ အင်မတန်တော်ကြောင်း၊ အဲဒီအဖေကြီးကိုယ်တိုင် သဘောတကျပြောနေတာ နားထောင်ရင်း သမီးစိတ်ထဲ ချီးမွမ်းလွန်းပါလားလို့ တစ်မျိုးဖြစ်လာတာ ...

အပြန်ကျမှ ကိုနေက ပြောတယ်လေ၊ သူ့သူငယ်ချင်းနဲ့ သူပြန်ရောက်ကာစ တွေ့ကြ စကားပြောဖြစ်ကြကတည်းက အစ်ကိုကပါ သုဝဏ်ကို သဘောတကျ ပြောဆိုနေတာတဲ့"

"ဘာပြောတာတဲ့လဲ"

"သူတို့မိသားစုက တပျော်တပါး ဟေးလားဝါးလားပုံစံကြီးတွေလေ။ အရမ်းလည်း ပွင့်ပွင့်လင်းလင်းကြီးတွေ ပြောတတ်တာ၊ ခုနေတော့ သူ့အဖေက သုဝဏ်အဖေနဲ့ လုပ်ငန်းချင်း လက်တွဲနေပေမယ့် နောက်တော့ မိသားစုချင်းပါ အမျိုးတော်ချင် တော်သွားမှာပေါ့ဆိုပြီး တဟားဟားနဲ့ ရယ်နေတာတဲ့ ...





သုဝဏ်အဖေနဲ့ အမျိုးတော်ဖို့ဆို သုဝဏ်က တစ်ဦးတည်းသောသား၊ သုဝဏ်တစ်ယောက်တည်းပဲ ရှိတာလေ၊ တခြားအမျိုးစပ်စရာ ညီကိုမောင်နှမမှမရှိတာ၊ သုဝဏ်က မျက်နှာလေးကလည်း တည်ကြည်၊ ရည်မွန်ပြီး ယဉ်ကျေးတဲ့သူ မဟုတ်လား၊ အဲဒီသားလုပ်တဲ့သူ ကိုနေ့သူငယ်ချင်းကိုယ်တိုင်က သုဝဏ်ကို အရမ်းခင်တာတဲ့၊ ညီလေး ... ညီလေးနဲ့တဲ့"

"အင်း ... ဒါပေမဲ့ သူတို့သမီးကလည်း ကြိုက်ဦးမှပေါ့၊ သုဝဏ်ကလည်းပဲ ဆွတ်ကိုပဲ ချစ်ရှာတာပါ"

"ဩော် ... မေမေကလည်း၊ သူတို့သမီးကြိုက်တာ မကြိုက်တာအထိ လိုက်မျှော်တွေးမနေပါနဲ့၊ သမီးပြောတာက သုဝဏ်က တော်လည်းတော် ကောင်းလည်းကောင်းတဲ့ လူတော်လူကောင်းလေး၊ ခုခေတ်မှာ လူတော်လူကောင်း ဘယ်လောက်ရှားထားလဲ ...

ဒီမိသားစုမဟုတ်ဘူးပဲထား၊ သုဝဏ်လို လူငယ်လေးမျိုးကို သမက်တော်ချင်မယ့်သူမျိုးတွေက နည်းမှာမဟုတ်ဘူး၊ ကိုယ်ပိုင်အရည်အချင်းရော မိဘနောက်ခံတောင့်တင်းမှုရော တစ်ဦးတည်းသောသား ဖြစ်တာရော မက်လောက်စရာချည်းပဲ၊ သုဝဏ်အမေ အန်တီသူဇာဆိုလည်း သဘောက အရမ်းကောင်းတာ"



www.burmeseclassic.com

www.burmeseclassic.com



“သမီးပြောတာတွေ တစ်ခွန်းမှ ငြင်းစရာမရှိဘူး၊ ဒါပေမဲ့ ဆွတ်က အဲတုကိုချစ်ခဲ့ ရွေးချယ်ခဲ့တာလေ၊ အခု သူ့စိတ်ထဲမှာ ဘယ်လိုရှိဦးမလဲက သိနိုင်တာ မဟုတ်ဘူး၊ တစ်ခုခုကို အတင်း force လုပ်တာမျိုးလည်း မလုပ်ရဘူးလို့ ဆရာဝန်က မှာထားတယ်”

“မေမေ့သမီး သုဝဏ်နဲ့များဆို ဒီလောက်စိတ်ချမ်းသာနေတဲ့ဟာ မေမေရယ်”

ချမ်းမြဦးက မေးငေါ့ပြရင်းပြော၍ ဒေါ်ဖြူဖြူလွင်က ဆွတ်တို့ဘက် လှည့်ကြည့်မိပြန်သည်။ အလယ်မှာ စားပွဲတစ်လုံးခြားပြီး ကြမ်းပြင်ပေါ် တစ်ဖက်တစ်ချက်ထိုင်ကာ စားပွဲပေါ်က ဓာတ်ပုံထပ်တစ်ထပ်နှင့် အလုပ်ရှုပ်နေသော သုဝဏ်နှင့်ဆွတ်ရဲ့ အသွင်သဏ္ဍာန်လေးက မြင်ရသူကိုပင် ကြည်နူးစေတဲ့အထိပါ။

ဆွတ်မျက်နှာလေးက လန်းဆန်းနေသည်။ ကြည်နူးနေသည်။ ပျော်ရွှင်နေသည်။ သုဝဏ်ကို တစ်ချက်တစ်ချက် ပင့်လှန်ကြည့်လိုက်တဲ့ မျက်ဝန်းကြီးတွေထဲမှာ ရွှန်းမြတောက်ပတဲ့ အရိပ်အယောင်တစ်မျိုးက ထင်ရှားလင်းလက်နေပါသည်။ ပြုံးနေတဲ့ နှုတ်ခမ်းကလေးကလည်း သုဝဏ်နှင့် အတူတကွ ရှိနေရတဲ့အပေါ် ဘယ်လောက် ပျော်ရွှင်သာယာ ကြည်နူးနေတယ်ဆိုတာ သိသာထင်ရှားလွန်းပါသည်။



“ဒီပုံ မလှဘူးလား မိဆွတ်ရဲ့”

“ဟင့်အင်း”

“ဟာ ... ဒီလောက် လှတာကို”

“အာ ... နင်ကတော့ တွေ့သမျှပုံ အကုန်လှတယ် ပြောနေတာပဲဟာ”

“လှနေတာပဲဟာ”

“လှမှ မလှတာ”

“ဟင် ... ဘယ်နေရာက မလှဘူးလဲ ပြော”

ဆွတ်ရဲ့ပုံတွေထဲက အချို့ကို ပုံကြီးချဲ့ဖို့ ဘောင်သွင်းဖို့ တစ်ခါတည်း စာရွက်သားမှာ Print လုပ်လိုက်တဲ့ Album မျိုး စင်ကာပူပို့ကာ လုပ်ပေးဖို့ သုဝဏ်က ပုံရွေးချယ်နိုင်းနေတာပါ။

“ဒီမှာလေ ... မျက်လုံးက တစ်ဖက်ကျယ် တစ်ဖက်ကျဉ်းနေတယ်၊ ရယ်နေရင်း အဲလိုဖြစ်သွားတာ မတွေ့ဘူးလား”

“နင်ကလည်းဟာ၊ ပိုဝေးတဲ့ မျက်နှာဟိုဘက်ခြမ်းက မျက်လုံးက နည်းနည်းပိုသေးတာ ပိုကျဉ်းတာ ထုံးစံပဲလေ”

“အဲလိုမှ မဟုတ်တာ၊ တကယ်ကျဉ်းနေတာ”

“နင်ကလည်း အဲလိုအပြစ်သေးသေးကလေးကအစ လိုက်ရှာရွေးထုတ်နေလို့ကတော့ ဘယ်ဖြစ်မလဲဟာ၊ ဒီလောက်ပုံအများကြီးထဲကနေ ဘာမှထွက်လာမှာ မဟုတ်တော့ဘူး”

www.burmeseclassic.com

www.burmeseclassic.com



"ငါ ရွေးတတ်ပါတယ်ဟာ၊ perfect ဖြစ်တာလေးကို"

"ဒီပုံရော"

"ဒီပုံမှာ ဆွဲကြိုးနည်းနည်းစောင်းသွားတယ်"

"ဟင် ... နင်ကတော့လေ"

"ဘာနင်ကတော့လဲ၊ ဟုတ်ဘူးလား ကြည့်လေ"

"ဟုတ်တော့ ဟုတ်တယ်လေ၊ ဒါပေမဲ့ တချို့အသေးအဖွဲ့ ချွတ်ယွင်းမှုလေးမျိုးတွေကျတော့ ကွန်ပျူတာနဲ့ ပြင်လို့လည်း ရတယ်လေ"

"နဂိုတည်းက ပြင်စရာမပါတာ ပိုကောင်းတာပေါ့"

"အေးပါဟာ ... အေးပါဟာ၊ နင့်သဘော ... နင့်သဘော၊ နင်ကြိုက်ဖို့ အရေးကြီးတယ်"

"သုဝဏ်"

"ဘာလဲ ... ပြော"

"ဒီပုံလေးကတော့ အရမ်းကောင်းတာပဲ၊ ဘာအပြစ်မှကို ပြောစရာမရှိဘူးဟာ"

သုဝဏ်က ဆွတ် ကိုင်ထားတဲ့ပုံကို ခေါင်းစောင်းကာ လိုက်ကြည့်ရင်း ...

"အင်း ... အဲဒီပုံလေးက အရမ်းကိုကောင်းတာ၊ နင်လည်း အရမ်းကိုလှတာပဲ၊ နတ်သမီးလေး ကျနေတာပဲ၊ ငါက





လည်း မမျှော်လင့်ဘဲ ကြည့်လို့ကောင်းနေသေးတယ်၊ အနေအထားရော ဘာမှပြောစရာမရှိဘူး၊ ဒါပေမဲ့ ငါက စုံတွဲပုံကြီးဖြစ်နေလို့ နင့်ကို မပြောတော့တာပါ၊ အခုက နင့်အယ်လ်ဘမ်မ်လေး သီးသန့်လုပ်ပေးမှာ ဆိုတော့လေ"

"ဒါလည်း ငါပါတဲ့ပုံပဲလေ"

"ဟာ ... နင်ကလည်း ပြောရခက်လိုက်တာ"

"ဘာလို့လဲ"

"စုံတွဲပုံလည်းဖြစ် အဝတ်အစားတွေကလည်း ဒီလိုမျိုးတွေနဲ့၊ ဒီပုံပါ ထည့်လိုက်ရင် မမကြီးတို့ မင်္ဂလာဆောင် အယ်လ်ဘမ်လိုမျိုး ဖြစ်သွားမှာပေါ့ဟ ... ဟီး ဟီး"

"ဘာဖြစ်လဲ"

ဆွတ်ကပုံလေးကို သဘောတကျ ထောင်ကြည့်နေရာမှ ရုတ်တရက် ...

"မေမေရေ ... ဟောဒီမှာလေ၊ ဟောဒီစုံတွဲပုံ သမီးအတွက် လုပ်မယ့် အယ်လ်ဘမ်မ်ထဲ ထည့်လို့ရလားတဲ့၊ သုဝဏ်က မေးနေတယ်"

"ဟာ"

သုဝဏ်က ထိတ်လန့်စိတ်ရှုပ်သွားပါသည်။ ဆွတ်အစ်ယောက်ကတော့လေ။ တကယ်ပါပဲ။ သုဝဏ်ကလည်း မမေး



www.burmeseclassic.com

www.burmeseclassic.com



ခိုင်းပဲနဲ့။ သုဝဏ်ကမေးတယ်ဆိုတော့ ဘယ်ကောင်းတတ်ပါ့မလဲ။ အန်တီဖြူများ သူ့ကို တစ်မျိုးမြင်သွားမလား၊ ဟိုတွေးဒီတွေး ထူပူသွားရပါသည်။

"ဘာပုံမို့လို့လဲ သမီးရဲ့"

"စုံတွဲပုံ မေမေ၊ သူနဲ့လေ စုံတွဲရိုက်ထားတဲ့ပုံ"

"........."

ဒေါ်ဖြူဖြူလွင်က ကြောင်အမ်း နှုတ်ဆိတ်သွားကာ ချမ်းမြဦးကတော့ ...

"ပြစမ်း ... မမကို အဲဒီကနေပဲ ထောင်ပြလိုက်စမ်း"

ဆွတ်က ချမ်းမြဦးဘက် ဓာတ်ပုံကိုလှည့်ထောင်ပြ လိုက်ပါသည်။

"ဟုတ်သား ... အဲဒီပုံက အရမ်းလှပါလား၊ နင်ကရွေး ကြိုက်တာလား၊ ထည့်ချင်တာလား"

"အင်း ... ဆွတ်ကထည့်ချင်တာလေ မမကြီး၊ အဲဒါ သူက စုံတွဲပုံကြီးမို့လို့တဲ့၊ မင်္ဂလာအယ်လ်ဘမ်ကြီးနဲ့ တူသွားမှာ ပေါ့တဲ့"

ဟူး ... တော်ပါသေးရဲ့။ ထပ်ပြောတဲ့စကားက အဖြီလေးပါပေလို့။

သုဝဏ် သက်ပြင်းချရသည်။





"နင်ကြိုက်ရင်ထည့်ပေါ့ ညီမလေးရဲ့၊ အလှအပျော်လုပ်တာ ပဲဟာ၊ ပြီးတော့ ဒီလူ ဒီလူချင်းတွေပဲဟာ၊ ကိစ္စတော့မရှိ ပါဘူး၊ ဒါပေမဲ့ သုဝဏ်က မထည့်ချင်လည်း မထည့်ပါ စေနဲ့ပေါ့"

"ဟာ ... ကျွန်တော်က မထည့်ချင်တာ မရှိပါဘူး မမကြီး၊ စုံတွဲကြီးမို့ အားနာနေလို့ပါ၊ ကျွန်တော်လည်း အဲဒီပုံလေး ကြိုက်တယ်၊ အဲဒီပုံထဲမှာ မိဆွတ်က တအားလှတယ်"

"ဒါဖြင့်လည်း စဉ်းစားမနေနဲ့ ထည့်သာထည့်လိုက်"

ဆွတ်က မျက်ခုံးလေးမြင့်ချည်နိမ့်ချည်နှင့် ပါးစပ်က ပကျစ် ပကျစ် မြည်သံလုပ်ကာ သုဝဏ်ကို ဘယ့်နှယ်ရှိစဆိုတဲ့ ဟန်ပန်မျိုးနှင့် ကြည့်လိုက်ပြီး ဓာတ်ပုံကို သူရွေးချယ်ထားတဲ့ အပုံဘက် ထည့်ထားလိုက်ပါသည်။

ဓာတ်ပုံ ဆက်လက်ရွေးနေတဲ့ ဆွတ်ကို ခိုးငေးကြည့် နေရင်း သုဝဏ် သက်ပြင်းတွေ လူမသိ သူမသိ ကျိတ်ရှိုက်ရ သည်။ မိဆွတ် ... နင့်ကို ချစ်လိုက်တာ မိဆွတ်ရယ်။ ခုချိန်မှာ ကရုဏာတွေ အကြင်နာတွေနှင့် ဟိုအရင်ကထက်တောင် အဆ ပေါင်းများစွာ ပိုချစ်လာမိပါသည်။

ဆွတ်က ပုံတွေကို စိတ်ပါလက်ပါ ကြည့်ရှုနေရင်း က ဘာကိုမှ မရည်ရွယ်သလို ပါးစပ်မှ မသိလိုက် မသိဘာသာ ရေရွတ်လိုက်သည်မှာ ...



www.burmeseclassic.com

www.burmeseclassic.com



"ဟဲ့ ... သုဝဏ်၊ ငါ ဒီဝတ်စုံအရောင်ကို အရမ်းကြိုက်ပေမယ့် အခု မမကြီးပွဲမှာ ဝတ်လိုက်ပြီဆိုတော့ ငါတို့မင်္ဂလာဆောင်ရင်တော့ တခြားအရောင်ပဲ ဝတ်ရတော့မှာဟ"

ပြောသူက မသိလိုက်မသိဘာသာ။ သုဝဏ်မှာသာ ခေါင်းနပန်းကြီး ကြက်သီးမွေးညင်းထ၊ နှလုံးတွေ တဒုတ်ဒုတ်ဆောင့်ခုန်သွားကာ ဘာပြန်ပြောရမှန်းမသိအောင် အသက်ရှူရပ်မတတ် ကြက်သေ,သေနေခဲ့မိပါသည်။

✧ ✤ ✧





၁၃

"ဟဲလို"

မိုးသံတွေကြောင့် အသံကို သဲသဲကွဲကွဲ မကြားရပေမယ့် ခေါ်နေတဲ့ နံပါတ်က မိဆွတ်နံပါတ်ဖြစ်နေ၍ သုဝဏ်က ဟိုဘက်ပြေးလိုက် ဒီဘက်ပြေးလိုက်နှင့် အသံသဲသဲကွဲကွဲကြားရမယ့် နေရာကို ရှာနေရပါသည်။ ဟိုဘက်ကအသံက ပြတ်တောက် ပြတ်တောက်နှင့် ကျသွားပြန်သည်။

"ဟာ ... ကျသွားပြန်ပြီကွာ"

သုဝဏ်က စိတ်ပျက်လက်ပျက် ရေရွတ်လိုက်မိပါသည်။ ဒီလောက် အကြိမ်ကြိမ် ဆက်တိုက်ခေါ်နေတော့ အကြောင်းကိစ္စတစ်ခုခုတော့ ရှိမှာပင်။ မိုးတွေသည်းလွန်းလှ၍လည်း မိုဘိုင်းလ်ဖုန်းလိုင်းတွေက မကြည်။ ဆောက်လုပ်ရေးဆိုက်ထဲမှာမို့လည်း



www.burmeseclassic.com

www.burmeseclassic.com



တစ်ခါတစ်ရံ လိုင်းကမမိပြန်။ ကိုယ်တချို့သော ချောင်ကြိုချောင်ကြား ရောက်နေခဲ့ရင် တစ်ဖက်မှာက ဧရိယာပြင်ပလို့ သွားသတင်းဆေးနေတတ်သေးတာ။

ဧရိယာပြင်ပရောက်နေပါသည်ဟု ပြောလျှင် မိဆွတ်က အင်မတန်မှ စိတ်တိုတတ်သည်။

"နင် ဘယ်တွေလျှောက်သွားနေလို့ ဧရိယာပြင်ပရောက်နေတာလဲ ... ပြော၊ ကာရာအိုကေခန်းထဲမှာလား၊ ချုပ်တ်ထဲမှာလား"

သူ့မှာ ဆွတ် ရစ်တာလေးကို ငိုအားထက် ရယ်အားသန်ရပါသေးသည်။

ခုလည်း ဆွတ် ဘာဖြစ်လို့ ဒီလောက်ဆက်နေသလဲလို့ သူ စိတ်ပူလှပြီ။ မနေ့ကလည်း ဆွတ် ဖျားချင်ချင် ဖြစ်နေတာ သူသိထားသည်။ နေရာတွေ ဘယ်လိုပြောင်းပြောင်း လိုင်းကမကောင်း။ ဆက်သွယ်ရေးအခြေအနေပြ ဆစ်ဂနယ်လိုင်းတုံးလေးတွေကလည်း ပျောက်လိုက်၊ တစ်တုံး နှစ်တုံးပဲ ပြလိုက်နှင့်ပြည့်တယ်ရယ်လို့မရှိ။

"ကိုရွှေအောင် ... ခင်ဗျားဖုန်း ခဏပြစမ်းပါဗျာ၊ လိုင်းမိလား၊ မိရင်ဖုန်းခဏသုံးပါရစေ၊ ကျွန်တော့်ဖုန်းက ခေါ်မရလို့"





"ကျွန်တော့်ဖုန်းလည်း လိုင်းသိပ်မမိဘူး ကိုသုဝဏ်၊ မိုးတွေခြိမ်း မိုးကြိုးတွေလည်း ပစ်နေလို့ ထင်တယ်"

ကိုရွှေအောင် ဖုန်းဟလည်း ဆစ်ဂနယ်ပင်မပြ။ ကိုယ့်ထက် ဆိုးနေသည်။ သုဝဏ် တစ်ယောက် ဟိုပြေးဒီပြေး ရုပ်ပျက်ဆင်းပျက်နှင့် ဖုန်းလိုင်းဘယ်နားမိမလဲ၊ နေရာရှာရင်းအရူးလို ဖြစ်နေပါသည်။

နောက်ဆုံးတော့ သုဝဏ် မနေနိုင်တော့၊ သူ့ကားရပ်ထားရာဆီသို့သာ ပြေးလာခဲ့ပါတော့သည်။ ဖုန်းဆက်ဖို့ ကြိုးစားနေမယ့်အစား ကားနဲ့အပြေးသွားလိုက်တာကမှ မြန်ဦးမည်။

"ကျွန်တော် အပြင်ခဏပြေးလိုက်ဦးမယ်ဗျာ"

မိုးတွေသည်းနေ၍ ပြင်ပလုပ်ငန်းပိုင်းဆိုင်ရာတွေခဏနားကာ အတွင်းဘက်ပိုင်းလုပ်ငန်းတွေသာ လုပ်လို့ရတာမို့ အလုပ်လည်း နည်းနေပါသည်။ သုဝဏ် ကားပေါ်ပြေးတက်ကာ မောင်းထွက်လာရင်း လက်တစ်ဖက်ကလည်း ဖုန်းကိုကိုင်ကာကြည့်ကြည့်နေမိသည်။ လိုင်းမိနေတဲ့ တစ်နေရာကိုအရောက်တွင် သူက ဝမ်းသာအားရနှင့် ဆွတ်ရဲ့ဖုန်းကို ခေါ်လိုက်ပါသည်။

"ဟယ်လို"

"ဟယ်လို ... ဆွတ် ... ဆွတ်လား"

"သား ... အန်တီပါ"



www.burmeseclassic.com

www.burmeseclassic.com



"အန်တီ ... ဆွတ် ဘာဖြစ်လဲဟင်"

"ခုနက ဆွတ်ဆက်နေတာ၊ သားနည်းနည်းအားရင် အိမ်ဘက်ခဏလာခဲ့ပါလားဟင်"

"အန်တီ ... ကျွန်တော် ဖုန်းခေါ်မရလို့ လိုက်လာနေတာ၊ အခု လှည်းတန်းနားတောင်ရောက်ပြီ၊ အိမ်နားနီးနေပါပြီ"

"အေး ... အေး"

"ဆွတ် ... ဆွတ် ဘာဖြစ်လို့လဲ အန်တီ"

ဆွတ် ဖုန်းမဖြေဘဲ အန်တီဖြူ ဖြေနေသည်နှင့်ပင် သုဝဏ် အလွန်တရာ ထူပူနေပါပြီ။

"ဆွတ် လန့်နေလို့ သား၊ မိုးကြိုးတွေပစ် မိုးတွေခြိမ်းနဲ့ သူ့ အရမ်းပဲကြောက်နေလို့ သား၊ မနည်းချော့ထားရတယ်"

"ကျွန်တော် အခုလာနေပြီ အန်တီ၊ ဒါပဲနော်"

သူ့ကား ဆွတ်တို့ခြံဝရောက်လျှင် ခြံတံခါးက အသင့်ဖွင့်ထားပြီးသား ဖြစ်နေပါသည်။ သူ ပေါ်တီကိုအောက် ကားရပ်ပြီး အိမ်ပေါ်ကို အပြေးတက်လာပါသည်။ အောက်ထပ်မှာတွေ့တဲ့ အိမ်အကူကောင်မလေးကို ...

"ဆွတ်ရော"

"အပေါ်ထပ်မှာပါ အစ်ကိုကြီး၊ အစ်ကိုကြီး ရောက်လာရင် အပေါ်ထပ် လွှတ်လိုက်ဖို့ အန်တီ မှာထားပါတယ်"





"အေး"

သုဝဏ်က လှေကားထစ်တွေကိုလည်း ထစ်ကျော်တက်လာကာ ခလုတ်တွေလည်း အကြိမ်ကြိမ်တိုက်။ ဆွတ်အခန်းရောက်လျှင် သူ စိတ်စောစော အမောတကောနှင့် ...

"ဆွတ်"

ဆွတ်ရဲ့ခုတင်ပေါ်မှာ အန်တီဖြူနှင့် ဆွတ်၊ နောက် ထပ်ကောင်မလေးတစ်ယောက် ရှိနေပါသည်။ ဆွတ်က ခုတင်ပေါ်မှာ ဇုတ်တုတ်ထိုင်ကာ စောင်ကိုခြုံထားပြီး ထောင်ထားသောဒူးပေါ် မျက်နှာအပ်ဖွက်ကာ တသိမ့်သိမ့် ငိုနေသည်။

"ရင်ရင် ... အစ်ကိုကြီးထိုင်ဖို့ ခုံတစ်လုံး သယ်ပေးစမ်း"

"ရတယ် အန်တီ"

သူက မွေ့ရာပေါ်ပင် ဝင်ထိုင်လိုက်ပါသည်။

"မိဆွတ်"

"ဘယ်သူလဲ ... သုဝဏ်လား၊ အတုလား၊ ဝေလျှံလား ဟင်"

"ဆွတ် ... ငါလေ၊ သုဝဏ်လေ"

"နင် ... နင်တို့ ဘယ်သွားနေတာလဲ၊ နင်တို့ သူတို့တွေနဲ့ ရန်ဖြစ်နေကြတယ် မဟုတ်လားဟင်"

"မဖြစ်ပါဘူး၊ ဘယ်သူနဲ့မှ ဘာမှမဖြစ်ဘူး"



www.burmeseclassic.com

www.burmeseclassic.com

"သွေးတွေနဲ့လေ"

"မဟုတ်ဘူး၊ ဘာသွေးမှ မရှိဘူး၊ ရန်လည်းမဖြစ်ဘူး"

"နင် ငါ့ကို မညာနဲ့နော်၊ နင်တို့ ရန်ဖြစ်တာ ငါသိတယ်၊ နင်တို့လက်ထဲမှာ တုတ်တွေနဲ့လေ"

"အဲဒါက ဟိုးတုန်းကလေ၊ နည်းနည်းလေး ဖြစ်တာပါ။ အခု ဘာမှမဖြစ်ဘူးလေ ဆွတ်၊ ဒီမှာ နင့်မျက်နှာမော့ပါဦး၊ ငါ့ကိုကြည့်ဦးလေ၊ ငါ ဘာမှမဖြစ်ဘူးဆိုတာ နင်သေချာသိအောင် ကြည့်ဦးလေ"

"ဟုတ်တယ်လေ သမီးလေးရယ်၊ မျက်နှာမော့ပါဦး ... ဒီမှာ ကြည့်စမ်း သုဝဏ်ကို ကြည့်စမ်း"

"ဟင့်အင်း ... ဟင့်အင်း၊ ဆွတ် ကြောက်တယ် ... ဆွတ် ကြောက်တယ် မေမေရယ်"

သုဝဏ် ရင်ထဲမှာ နင့်ပြီး နာကျင်လာကာ ဆွတ်ပုံစံလေးကို သနားကရုဏာကြီးစွာ စိုက်ကြည့်ရင်း သူပါ ဝမ်းနည်းလာပါသည်။ မျက်ရည်ပင် လည်ချင်လာပါသည်။

"သုဝဏ်က အလုပ်ထဲကလာတာ သမီးရဲ့၊ ခဏနေအလုပ်ကို ပြန်ရဦးမှာ၊ ကြည့်စမ်း သမီး၊ ဘာမှမဖြစ်ပါဘူး"

"ဟုတ်တယ်လေ ဆွတ်၊ မော့ပါဟာ ငါ့ကိုကြည့်လေ၊ ဒီမှာကြည့်"



ဆွတ် ခေါင်းလေးက ဖြည်းဖြည်းချင်း မော်လာသည်။ ဆံပင်တွေကြားမှ သုဝဏ်ဘက်သို့ မရဲတရဲ လှမ်းကြည့်သော ဆွတ်မျက်နှာလေးမှာ မျက်ရည်လည်ရွဲ။

"သုဝဏ်"

"ဆွတ်"

"နင် ဘာမှမဖြစ်ဘူးနော်"

"ဘာမှမဖြစ်ဘူးလေ၊ နင် တွေ့ပြီမဟုတ်လား"

ဆွတ်သည် ခေါင်းလေး ရဲရဲမော့လာပြီး ရုတ်တရက် သုဝဏ် လည်ပင်းဆီ လက်နှစ်ဖက်လုံးနှင့် သိုင်းဖက်လိုက်ပါသည်။ ကြောင်အမ်းသွားသော သုဝဏ်က အလိုက်သင့်ပင် ဆွတ်ရဲ့ကျောပြင်လေးကို အသာအယာ ပြန်လည်သိုင်းဖက်လိုက်ရပါသည်။ ဒေါ်ဖြူဖြူလွင်မှာလည်း အနည်းငယ် နေရထိုင်ရ ခက်သွားရင်း ...

"ကဲ ... ကဲ ... မင်းသူငယ်ချင်းကို ချော့လိုက်ပါဦး သုဝဏ်ရယ်၊ အန်တီ ကော်ဖီသွားယူလိုက်ဦးမယ်"

ဒေါ်ဖြူဖြူလွင် ထ,ထွက်လျှင် ဆားကကောင်မလေးသလည်း ထက်ကြပ်မကွာ ပါသွားကာ အခန်းတံခါးကိုတော့ ဖွင့်ဟထားရစ်ခဲ့ပါသည်။

www.burmeseclassic.com

www.burmeseclassic.com



"သုဝဏ်"

"တိတ် ... တိတ် ... တိတ်"

"အိး ... ဟီး ... ဟီး"

ဆွတ်က ပိုပြီးရှိုက်ကြီးတငင် ငိုကြွေးလိုက်ပါသည်။ ဆွတ်ရဲ့ကိုယ်ခန္ဓာလေးက ရှိုက်သံနှင့်အတူ တသိမ့်သိမ့်တုန်နေသည်။ သုဝဏ်က ဆွတ် ကျောပြင်ကို ဖြည်းဖြည်းချင်းပုတ်ကာ တင်းတင်းဖက်ထားမိရင်း ...

"တိတ်နော် ... မိဆွတ် ... တိတ်၊ ရှူး ... တိတ်တော့ မငိုနဲ့တော့"

"သုဝဏ် ငါကြောက်တယ် သိလား"

"အင်းပါ ... ငါသိပါတယ်၊ ဘာကြောက်စရာရှိလဲ ဆွတ်ရယ်"

"မိုးတွေ အရမ်းခြိမ်းပြီးရွာတော့ ငါ ကြောက်တာပေါ့"

"မိုးခြိမ်းတာ ဘာမှကြောက်စရာမရှိပါဘူး ဆွတ်ရယ်"

"ဟင့်အင်း ... ကြောက်တယ်၊ ငါ အရမ်းကြောက်တယ် သိလား၊ မိုးတွေတအားသည်းပြီး မိုးကြိုးတွေပါ ပစ်နေရင် ငါ သိပ်ကြောက်တယ်၊ မျက်စိမှိတ်ထားတာတောင် ငါ့ မျက်စိထဲမှာ သွေးရေတွေပဲ မြင်နေတယ်"





"တကယ်မှ မဟုတ်တာ မိဆွတ်ရယ်"

"ဟုတ်ခဲ့တယ်လေ၊ နင်တို့ ရန်ဖြစ်ကြတယ်လေ"

"အဲဒါ နည်းနည်းလေးပါဟ"

"နည်းနည်းလေး မဟုတ်ဘူး၊ နင်တို့ တုတ်တွေနဲ့ရိုက်ကြတာ၊ ဇင်လင်း ... ဇင်လင်းလက်ထဲမှာ ဓားပါတယ်"

"........."

လွှတ်ခနဲ ဇင်လင်း နာမည်ကို ဆွတ် မှတ်မိသွားတာ သုဝဏ် သတိပြုမိလိုက်ပါသည်။ အရင်က ဒီနာမည်ကို ဆွတ် မေ့နေခဲ့ပါသည်။

"ငါ မြင်နေတယ် သိလား"

"ဒါတွေ မစဉ်းစားပါနဲ့တော့ ဆွတ်လေးရာ"

"ငါ မစဉ်းစားပါဘူး၊ သူ့ဟာသူ မြင်ယောင်လာတာပါ"

"မြင်ယောင်လာရင်လည်းပဲ မေ့ပစ်လိုက်၊ မတွေးနဲ့ ဘာမှလဲ မကြောက်နဲ့"

"သုဝဏ်"

"ဆွတ်"



www.burmeseclassic.com

www.burmeseclassic.com



ဆွတ်က သုဝဏ်ပခုံးပေါ်မှ မျက်နှာကွာကာ သုဝဏ်ကို မျက်ရည်လည်ရွဲ မျက်ဝန်းနှင့် စေ့စေ့ကြည့်လိုက်ပါသည်။ တမှုပ်မှုပ်လက်သော ထိုမျက်ဝန်းလေးများသည် ပုံရိပ်အချို့ကို ဖေဝေဝါ ဖမ်းမိနေသလို အံ့အားတသင့်နှင့် ...

"ငါလေ ... အဲဒီနေ့က ငါနဲ့ အတူနဲ့ နှစ်ယောက်ပဲ အဲဒီဆိုင်လေးကို ရောက်နေတာဟ ... သိလား"

"........."

သုဝဏ်ရဲ့ရင်ခုန်သံတွေက တဒိန်းဒိန်း ဆူညံမြန်ဆန်လာသည်။ လည့်ချောင်းတွေ ခြောက်သွေ့လာကာ ဘာစကားမှ မဆိုနိုင်။

"ငါနဲ့ အတူနဲ့ နှစ်ယောက်တည်း ဘာဖြစ်လို့ အဲဒီဆိုင်ကို ရောက်နေတာလဲဟင်၊ နင်တို့ ဘာလို့မပါတာလဲ၊ ခါတိုင်း အမြဲပဲ ငါတို့လေးယောက် အတူတူ သွားကြလာကြတာ မဟုတ်လား"

"ငါ ... ငါ ... ငါတို့လည်း ပါပါတယ်"

"ဟင့်အင်း ... နင်တို့မပါဘူး"

"ငါ ... ငါတို့ နည်းနည်းနောက်ကျနေတာပါ"

"ဟုတ်လား"





ဆွတ်က ဇဝေဇဝါလေး ငေးနေသည်။ သုဝဏ်သည် တဒိတ်ဒိတ်တုန်သောရင်နှင့် ဆွတ်ပါးနှစ်ဖက်ကို ညှပ်ကိုင်ကာရင်း ...

"ငါတို့ နောက်ကျနေတာ၊ ခါတိုင်းလိုပဲ တူတူချိန်းတာ"

"နင်တို့က ဘာလို့နောက်ကျနေတာလဲ"

"ငါတို့က လာရတာ ဝေးတယ်လေဟာ၊ မိုးတွေကရွာနေတော့ လမ်းမှာကားတွေကကျပ်ပြီး ပိတ်နေသေးတယ်၊ နင်နဲ့အတုက အိမ်နီးတော့ အရင်ရောက်နေကြတာပေါ့"

"ဟုတ်လား"

"ဟုတ်တယ်"

ယုံပါ ... ယုံလိုက်ပါ။ ယုံကြည်လိုက်စမ်းပါ ဆွတ်လေးရယ်။ ကျေးဇူးပြုပြီး နင်နဲ့အတု နှစ်ယောက်ပဲ ချိန်းထွက်တာ နင်တို့နှစ်ယောက် ချစ်သူတွေပါဆိုတာကို လုံးဝသတိမရလိုက်ပါနဲ့နော်၊ လုံးဝသတိမရလိုက်ပါနဲ့၊ မမှတ်မိလိုက်ပါနဲ့။

ငါ နင့်အနားမှာ ခုလိုလေး နင့်ရဲ့အားအကိုးဆုံးသူတစ်ယောက်အဖြစ် ပျော်ပျော်လေး နေပါရစေနော်။ ဒီထက်ပိုသတိမရပါနဲ့တော့။

"ငါ ... ငါ ... နင်နဲ့ ဝေလျှံကို နောက်မှဖုန်းဆက်ခေါ်လိုက်တာ မဟုတ်ဘူးလားဟင် ... သုဝဏ်"



www.burmeseclassic.com

www.burmeseclassic.com



"..........."

"ငါ ဖုန်းဆက်လိုက်တယ်လေ"

"နင် ဖုန်းတော့ဆက်တယ်၊ ဒါပေမဲ့ ..."

"ဒါပေမဲ့ ဘာဖြစ်လဲ"

"အမှန်က ငါတို့က လမ်းမှာကားပိတ်လို့ နောက်ကျ
တာ၊ နောက်ကျနေတုန်း ဟိုမှာပြဿနာစတက်နေပြီလေ
ရန်ပွဲစတော့မယ်လေ၊ အဲဒီတော့ နင်က ခုထိ မရောက်
သေးဘူးလားဆိုပြီး ငါတို့ဆီ ဖုန်းလှမ်းဆက်ခေါ်တာ"

"နင်တို့က လမ်းမှာပေါ့နော်"

"အင်း ... ဟုတ်တယ်"

သုဝဏ်က ဖွတ်မိုတ်၍ ညာလိုက်ပါသည်။

မိဆွတ်ရယ် ... နင်နဲ့အတူ ချစ်နေကြပြီ၊ နင့်ချစ်
ဟာ အတုပါလို့ နင်လုံးဝသတိမရ မမှတ်မိစေချင်ဘူး။ ဆရာ
ကြီးက အမှတ်မထင် နင့်ဘာသာ ဖြည်းဖြည်းချင်း သတိရလာ
တွေကို မှန်တဲ့ဟာကိုမှန်တယ်၊ မှားတဲ့ဟာကို မှားတယ်လို့ အလို
အထိုက် အသိပေးရမယ်လို့ သေသေချာချာ မှာထားပါရ
နင်မှတ်မိလာတဲ့ အမှန်တရားတစ်ခုကို မမှန်ပါဘူး မှားပါတ
လို့ ငါ ညာပြောမိနေပြီ။





ငါ့ကို ခွင့်လွှတ်ပါ ဆွတ်ရယ်။

ငါ့ကို ခွင့်လွှတ်ပေးပါနော်။

"အင်း ... ဟုတ်သားပဲ၊ အဲလိုပဲ ဖြစ်မှာပေါ့"

"ဟုတ်တယ်"

"အဲဒါကြောင့် ငါတို့က အမြဲတမ်း လေးယောက်တူတူ
သွားနေကျ ဆုံနေကျပါလို့ ငါနားလည်ထားတာလေ"

"..........."

"အင်းနော် ... မိုးတွေက အရမ်းသည်းနေတာလေ၊ အဲဒီ
အဲဒီတော့ နင်တို့ချက်ချင်း ဘယ်ရောက်မလဲနော်၊ ကားတွေ
ပိတ်နေမှာပေါ့နော်"

"အင်း ... ဟုတ်တယ်၊ ကဲ ... မိဆွတ်လေး တော်တော့၊
စိတ်ညစ်စရာတွေ ပြန်မတွေးနဲ့တော့နော်၊ မတွေးနဲ့တော့"

သုဝဏ်က ဆွတ်ခေါင်းလေးကို ဆွဲယူကာ သူ့ပခုံး
ပေါ် ပြန်လည်မှေးကပ်လိုက်ပါသည်။ ဆွတ်ရဲ့ဦးခေါင်းပေါ် သူ့
မျက်နှာကို မှောက်ချပြီး ဆွတ်ဆံပင်လေးများကို တရှိုက်မက်မက်
နမ်းလိုက်မိပါသည်။ ဆွတ် တစ်ကိုယ်လုံးကိုလည်း လွှတ်ထွက်
သွားမှာ စိုးရိမ်ကြောက်လန့်နေတဲ့အလား တင်းတင်းဖက်ထားမိ
သည်။



www.burmeseclassic.com

www.burmeseclassic.com



ဆွတ်ဖို့က ငြိမ်ငြိမ်ကလေး ရှိနေတာ ...

"သုဝဏ်"

"........."

"နောက်ဆိုရင်လေ"

"အင်း"

"မိုးတွေ အရမ်းရွာရင် မိုးတွေအရမ်းခြိမ်းရင် ငါ့ဆီချက်ချင်းလာခဲ့ပါနော်"

"အင်း ... ငါလာခဲ့မယ်နော်၊ ချက်ချင်းရောက်အောင်လာခဲ့မယ်"

သုဝဏ်က တထိုင်တည်းလည်း ဆုံးဖြတ်ချက်ချပြီးသားပင်။ မိုးတွေခြိမ်း မိုးတွေသည်းတာနဲ့ ဆွတ်ထံ အရောက်လာမည်။ ဒါမှ မိုးသည်းသည်းကို မြင်ယောင်အမှတ်ရလာမယ့် ဆွတ်ရဲ့အာရုံတွေ အတိတ်တွေ အများကြီးကို ပြန်မှတ်မိခွင့်မရအောင်လေ။

သုဝဏ် စိုးရိမ်တကြီး မေးမှိန်ထားချင်တဲ့ အချို့သောအရာတွေကို ဆွတ် မှတ်မိခွင့်မရခင် အပြေးရောက်အောင်လာမှာပါ။

"တကယ်နော် သုဝဏ်"





"တကယ်ပေါ့ ဆွတ်ရယ် ... တကယ်ပါ၊ နင်မကြောက်ပါနဲ့၊ နင်မငိုပါနဲ့၊ နင်စိတ်ဆင်းရဲနေရင် ငါ့ရင်တွေလည်း နာကျင်လို့ပါ မိဆွတ်ရယ်၊ ငါ ... ငါ ... ငါ နင့်ကို သိပ်ချစ်တယ် မိဆွတ်"

တိုးတိမ်သွားတဲ့ သူ့စကားအဆုံး သူ့ကိုသိုင်းဖက်ထားတဲ့ ဆွတ်လက်ကလေးများက ပိုမိုတင်းကျပ်သွားခဲ့ပါသည်။

✧ ✤ ✧



www.burmeseclassic.com

www.burmeseclassic.com



# ၁၄

အင်္ဂလန်မှာနေတဲ့ မေမေ့အစ်မအရင်း မိသားစုအချို့ လာလည်နေကြတဲ့အတွက် အိမ်မှာချက်ကြပြုတ်ကြ စားသောက်ကြ ဈေးဝယ်ထွက်ကြ စကားပြောဆို ရယ်ကြမောကြနှင့် တရုန်းရုန်း ရယ်ပင်။

လေး၊ငါးရက်အကြာမှာ အစ်မဝမ်းကွဲ မသက်ထား၊ သူ့ခင်ပွန်းနှင့် သူ့သမီးကလေးနှစ်ယောက်က ငပလီကိုအပန်းဖြေ ခရီး ထွက်သွားကြတဲ့အခါ အိမ်မှာ မေမေ့အစ်မ ကြီးကြီးကေသီ နှင့် သူ့ခင်ပွန်း အန်ကယ်မောင်သာ ကျန်ရစ်ခဲ့ပါသည်။

သူတို့တစ်မိသားစုလုံးဟာ ပြီးခဲ့တဲ့ ဟိုးတစ်နှစ်က ဆွတ်ရဲ့သတင်းကို အဝေးကသာ ကြားသိထားခဲ့ကြပြီး အဝေးက နေသာ ပူပန်တကြီး စိုးရိမ်နေခဲ့ကြရာက ခုမှ ဆွတ်ကို ဆုံတွေ့





ခွင့်ရကြတာ ဖြစ်တဲ့အတွက် ဆွတ်ကို အရိပ်တကြည့်ကြည့် စိတ်ဝင်တစား ရှိကြလှသည်။

ဒေါ်ကေသီလွင် မိသားစု ရောက်မလာခင်ကတည်းက ဆရာဝန်ကြီးရဲ့ခွင့်ပြုချက်နှင့် ထိုမိသားစုရဲ့ဓာတ်ပုံတွေပြ ဆွတ် မှတ်မိ၊မမှတ်မိ ကြိုတင်စစ်ဆေးမေးမြန်းကြည့်တဲ့အခါ ဆွတ်က သူ့အမျိုးရင်းဖြစ်တဲ့ ကြီးကြီးကေသီနှင့် မသက်ထားကိုတော့ သေသေချာချာ နာမည်နှင့်လူတွဲ၍ မှတ်မိကာ အန်ကယ်မောင်ကိုလည်း နာမည်မေ့နေတာကလွဲ၍ မှတ်မိပါသည်။

မသက်ထားရဲ့ခင်ပွန်း ကိုငြိမ်းချမ်းနှင့် သမီးလေးနှစ်ယောက်ကိုတော့ ဆွတ် မမှတ်မိပါ။ ကိုငြိမ်းချမ်းကိုတော့ မသက်ထား မြန်မာပြည်မှာ မင်္ဂလာဆောင်စဉ်က တွေ့ဖူးဆုံဖူး ရင်းနှီးပြီးသားကို မမှတ်မိတော့တာ။ ကလေးနှစ်ယောက်ကတော့ ဟိုမှာပဲမွေးဖွားပြီး တစ်ကြိမ်မှ အပြင်မှာမဆုံဖူးသေးတာမို့ မမှတ်မိနိုင်ပါ။

"ကြီးကြီးနဲ့ အန်ကယ့်ကို သမီး ဒီနေ့ မြီးရှည်လုပ်ကျွေးမယ်နော်၊ ကြီးကြီးကြိုက်တယ် မဟုတ်လား၊ သမီး မှတ်မိတယ်"

"ကြိုက်တာပေါ့ သမီးရယ်၊ ဒါပေမဲ့ မလုပ်ပါနဲ့ကွယ်၊ ငါ့သမီးလေး ပင်ပန်းပါတယ်"



www.burmeseclassic.com

www.burmeseclassic.com



"မပင်ပန်းပါဘူး ကြီးကြီးရဲ့၊ အဖြင်ကဝယ်စားရင် ကြီးကြီးတို့ ဗိုက်ပျက်နေမှာစိုးလို့၊ အိမ်မှာပဲ လုပ်စားတော့ သန့်သန့်ရှင်းရှင်း လတ်လတ်ဆတ်ဆတ်နဲ့ ဗိုက်ပျက်မှာ မပူရဘူးပေါ့"

"နားနားနေနေ နေပါ သမီးရယ်၊ ကြီးကြီးက ကြိုက်ပါတယ်၊ ဒါပေမဲ့ သမီးလေး အလုပ်တွေများပြီး ပင်ပန်းနေမှာစိုးလို့"

"ဟင့်အင်း ... မပင်ပန်းဘူး၊ ဆွတ်က အဲလိုတွေလုပ်ရတာ ဝါသနာပါတယ် ကြီးကြီးရဲ့"

ဆွတ်တစ်ယောက် ကောင်မလေးတွေ အကူအညီနှင့် နောက်ဖေးမီးဖိုချောင်မှာ ချက်ပြုတ်လုပ်ကိုင်နေဆဲ ဒေါ်ဖြူဖြူလွင်တို့ညီအစ်မက အိမ်ရှေ့မှာ စကားပြောနေကြပါသည်။

"သမီးလေးဆွတ် မမှတ်မိတာတွေအတွက် ဆရာဝန်က ဘာမှ treatment မပေးဘူးလား ဖြူဖြူရယ်"

"ဘာမှ ထူးထူးခြားခြား မလုပ်ရဘူး မမ၊ အကြောင်းတိုက်ဆိုင်မှုရှိရင် သူ့အလိုအလျောက် ပြန်ပြီးမှတ်မိသတိရလာတာကိုပဲ စောင့်ဖို့ညွှန်ကြားထားတယ်၊ သူ့စိတ်ကို ဆန့်ကျင်ပြီး ဘာတွန်းအား တစ်ခုခုမှ မပေးရဘူးလို့တော့ မှာထားတယ်လေ"





"အင်း ... ဘာလိုလိုနဲ့ နှစ်နှစ်တောင် ပြည့်တော့မယ်နော် ဖြစ်ခဲ့တာ"

"ဟုတ်တယ် မမ၊ နောက်လဆန်းဆိုရင် နှစ်နှစ်ပဲလေ"

"သူ ဟိုကောင်လေးနဲ့ရော"

"ဘယ်ကောင်လေးလဲ မမ"

"သုဝဏ်လေဟယ်"

သုဝဏ်ဟာ ဒီအိမ်မှာ ဧည့်သည်တွေရောက်လာကတည်းက ဒီကဒရိုင်ဘာနှင့် အလှည့်ကျဆိုသလို ဟိုပို့ဒီကြိုတာဝန်ကို ကူညီယူပေးထား၍ ခုတလောလည်း အမြဲဆုံနေကြတာပါ။ သက်ထားတို့ ပေလီမသွားခင်ရက်တွေက သက်ထားတို့မိသားစုကတစ်လမ်း၊ ကြီးကြီးတို့ကတစ်လမ်း ထွက်ဖြစ်ဖို့ရှိတဲ့အခါတွေမှာ နာရီနှင့် ပရိုက်ဗိတ်တက္ကစီမငှားစေဘဲ သုဝဏ်က တာဝန်ယူကြိုပို့ပေးတာပါ။

ဟိုးအရင် ဆွတ်တို့ငယ်ငယ်ကတည်းက ဆွတ်သူငယ်ချင်းလေးတွေအဖြစ် ကြီးကြီးတို့ သိနေခဲ့တာဖြစ်၍ ခုလည်း ရင်းနှီးခင်မင်နေမြဲပါ။

"သုဝဏ်နဲ့ ဆွတ်နဲ့ ချစ်သူတွေ ဖြစ်နေကြတယ် မဟုတ်လား"

"အင်း ... ဘယ်လိုပြောရမှန်းတောင် မသိပါဘူး မမရယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဘာဖြစ်လို့လဲ ဖြူဖြူ၊ သူတို့နေပုံထိုင်ပုံ ဆက်ဆံပုံက ချစ်သူတွေပဲဟာ၊ အခု ဆွတ် အခုလိုဖြစ်နေတော့လည်း ကောင်လေးဘက်က အကြင်နာမေတ္တာမပျက်ဘူး မဟုတ်လား၊ ဒီချွတ်ယွင်းချက်ကြောင့်ဆိုပြီး နောက်ဆုတ်ချင် ရှောင်ချင်တာမျိုးလည်း မရှိဘူး မဟုတ်လား"

"........."

"ငါတွေ့နေသလောက်တော့ ဆွတ်ကို အရမ်းဂရုစိုက် ကြင်နာယုယတာပဲ မြင်နေရတာလေ"

"ဟုတ်ပါတယ်၊ သုဝဏ်က ဆွတ်အပေါ် ချစ်လည်းချစ်ရှာ တယ်၊ ကောင်းလည်း ကောင်းရှာပါတယ်"

"အဲဒါဆိုရင်လည်း သူတို့နှစ်ယောက်ကို ပေးစားစရာရှိ စောစောစီးစီးပေးစားလိုက်ပါလား ဖြူဖြူရယ်၊ တော်ကြာ မတော်တဆ ကောင်လေး စိတ်ပြောင်းသွားရင် ဘယ်လို လုပ်မလဲ"

"........."

"ဘာဖြစ်လို့လဲ၊ ဆွတ်က ငယ်နေသေးလို့လား၊ ဆွတ် အသက်က ၂၅ ဆိုတော့ မငယ်တော့ပါဘူး၊ ဆွတ်လည်း ကျောင်းတွေ ဘာတွေ ပြီးနေတာကြာပြီပဲ၊ ကောင်လေးက လည်း သူ့အဖေအလုပ်ခွင်ထဲ အခြေတကျ ဖြစ်နေပြီပဲ၊





ညည်းအိမ်ထောင်ပြုတဲ့အသက်နဲ့ ယှဉ်ကြည့်ရင်တော့ ဆွတ် က တစ်နှစ်တောင် ပိုကြီးနေပါပြီ ဖြူဖြူရယ်"

"ဖြူလည်း စဉ်းစားနေပါတယ် မမရယ်"

"သုဝဏ်က အိမ်သားလိုတောင် ဖြစ်နေပြီပဲ၊ သူတို့ဘက်က ရော ကြည်ကြည်ဖြူဖြူများ မရှိလို့လား"

"ကြည်ဖြူပါတယ် မမ၊ သုဝဏ်အမေ သူ့ဇာကလည်း ဆွတ်ကို သိပ်ချစ်ပါတယ်၊ သူတို့လည်း ကန့်ကွက်ဖို့မရှိ ပါဘူး"

"ဒါများ ဖြူဖြူရယ်"

ဆွတ်သည် မီးဖိုထဲမှ ပန်းကန်တချို့ သယ်ယူကာ ထမင်းစားပွဲပေါ် လာချပါသည်။

မြီးရှည်ဆိုတာကလည်း စုံအောင် ချဲ့ရင် ချဲ့သလို အမျိုးအမည်က အမယ်စုံလေရာ တို့တို့တိတိ လုပ်ရကိုင်ရမနည်း ပါ။

"ဒီလိုအဆင်ပြေနေတဲ့ဟာကို အချိန်ဆွဲနေတာ အဓိပ္ပာယ် မရှိပါဘူး ဖြူဖြူရယ်"

လှမ်းကြားလိုက်ရသော ကြီးကြီးကေသီ စကား ကြောင့် ပန်းကန်တွေ နေရာချရင်း ဆွတ်က နားစွင့်ထားလိုက် မိပါသည်။



www.burmeseclassic.com

www.burmeseclassic.com



"အိမ်ထောင်ပြုဖို့တို့ ဘာတို့နဲ့ ပတ်သက်လို့ရော ဆရာဝန်က ဘယ်လိုအကြံပေးထားလဲ"

"ပုံမှန်အတိုင်းပဲ ရည်းစားထား၊ အိမ်ထောင်ပြု ဘာမှကိစ္စမရှိဘူး ပြောပါတယ်၊ အိမ်ထောင်ပြုဖို့ တားမြစ်ထားတာတွေ ဘာတွေ မရှိပါဘူး မမ"

ဆွတ်က ပြုံးတုံ့တုံ့ကလေး လုပ်မိရင်း အုပ်ဆောင်းကိုယူကာ ပန်းကန်တွေပေါ်က ဖုံးအုပ်လိုက်သည်။ ဆွတ်အကြောင်းတိုင်ပင်နေကြတာကိုး။ ဆရာဝန်ကြီးက အိမ်ထောင်ပြုဖို့ မတားမြစ်ဘူးတဲ့။ ဒါဆိုရင် ဆွတ်ဟာ လူကောင်းပကတိနှင့်မခြား အိမ်ထောင်သားမွေးပြုလို့ ရတယ်ပေါ့။

သို့ပေမဲ့ သုဝဏ်ကတော့ ဆွတ်ကို နေမကောင်းမကျန်းမာလှဘူးပဲ ထင်နေလို့များလား။ ခုထိလက်ထပ်ကြပါစို့လို့ လုံးဝမပြောခဲ့ဘူး မဟုတ်လား။ ဆွတ်ဘက်ကလည်းပဲ ထူးထူးခြားခြား စဉ်းစားကြည့်မိတာမျိုး မရှိခဲ့တာပါ။ အခုတော့ ဒီစကားတွေ မမျှော်လင့်ဘဲ ကြားလိုက်ရတော့ ဆွတ် တွေးမိပြီ။

သုဝဏ်။

သုဝဏ်ကို ဆွတ် ချစ်သည်။ သူ့အလိုလို ရင်ထဲမှာရှိနေခဲ့တဲ့ အချစ်တစ်ခုကြောင့်ရော ခုနောက်ပိုင်း ဆွတ်အပေါ် အလိုလိုက် ဂရုစိုက် ချစ်ခင်မြတ်နိုးလှတဲ့ သူ့ရဲ့မေတ္တာတွေကြောင့်





ရော ဆွတ်လည်းပဲ သုဝဏ်အပေါ် ချစ်ခင်မြတ်နိုး အားကိုးလှပါသည်။

"ဒါဖြင့် ပေးစားလိုက်ပါတော့လား ဖြူဖြူရယ်"

"ဖြူက ဆွတ် အားလုံး အစစအရာရာ အကုန်ပြန်မှတ်မိလာတဲ့အချိန်ထိ စောင့်ကြည့်ရင် ကောင်းမလားလို့ပါ"

"ဘာဆိုင်လို့လဲ ဖြူဖြူရယ်၊ သူ သေသေချာချာ အမှတ်မရသေးတာတွေကလည်း မမှတ်မိလို့လည်း သူ့ဘဝအတွက် ဘာမှအရေးမကြီးတာတွေပဲ မဟုတ်လား၊ ပြန်မှတ်မိတော့မှ တစ်ခုခုအပြောင်းအလဲ ဖြစ်သွားနိုင်တာမျိုး အရေးပါတဲ့ အကြောင်းအရာတွေလည်း တစ်ခုမှမပါဘူး မဟုတ်လား၊ တစ်သက်လုံး မမှတ်မိတော့ဘူး ဆိုရင်တောင် ဘာမှအရေးမကြီးဘူး၊ မှတ်မိလို့လည်း အကြောင်းမထူး မမှတ်မိလို့လည်း အကြောင်းမထူးတာတွေပဲ မဟုတ်လား ...

အဲဒါ ဘာကြောင့် အကုန်ပြန်မှတ်မိတဲ့အထိ စောင့်နေဖို့ လိုသလဲ၊ အဓိပ္ပာယ်မရှိ အချိန်ဆွဲနေတာမျိုးပဲဖြစ်မှာပေါ့"

ဒေါ်ဖြူဖြူလွင်က နှုတ်ဆိတ်၍ ငိုင်နေမိပါသည်။ ဒီအကြောင်းကိစ္စကို အစ်မဖြစ်သူကိုလည်း ဖွင့်ပြောပြမနေလိုတော့ပါ။ တကယ်တော့ ဒီပြဿနာကြီး မဖြစ်ပွားမီတုန်းက ဆွတ်



www.burmeseclassic.com

www.burmeseclassic.com



ရွေးချယ်ထားခဲ့တဲ့ ဆွတ်ရဲ့ချစ်သူဟာ "အတုလ"ဆိုတာ ဆွတ်ကလေး မမှတ်မိသော်လည်း သူမ မှတ်မိနေတာပဲ။

တစ်နေ့သောအခါ ဆွတ် ပြန်လည်သတိရ မှတ်မိလာတဲ့အခါ ဆွတ်ရဲ့ချစ်သူဟာ အတုလ ဆိုတာ မမေသိသွားနဲ့လို့ သူ့ကို ပြစ်တင်ရန်တွေ့ခဲ့သည်ရှိသော် ဘယ်လိုလုပ်ရပါ့မလဲ။ သမီး ဆွတ်ဟာ ခုချိန်မှာ သုဝဏ်ကို ချစ်ခင်မြတ်နိုးတာ အားကိုးတာ တစ်နေ့မလာရင်တောင် သမီးက ပြဿနာရှာနေတာကို ဒေါ်ဖြူဖြူလွင် တွေ့နေ မြင်နေ သိနေပေမယ့် ဒါဟာ နောင်ဘယ်တော့မှ မပြောင်းလဲမယ့် ပုံမှန်ပကာတိစိတ် ဟုတ်ရဲ့လား၊ သူ့ချစ်သူဟာ အတုလ ဆိုတာ အမှတ်ရသွားတဲ့အခါမှာ သုဝဏ်အပေါ် တွယ်မိတွယ်ရာ အားကိုးမြတ်နိုးနေခြင်းဟာ ပြောင်းလဲသွားမလား ဆိုတာတွေကို ဒေါ်ဖြူဖြူလွင် မဝေခွဲနိုင်။

ခုချိန်မှာ သူ ဝင်ဆုံးဖြတ်လိုက်တာ တစ်ခုဟာ နောင်တစ်ချိန်မှာ မှားယွင်းသွားမလား တွေးကြောက်နေမိပါသည်။ ကံကြမ္မာကို မယုံရဲ။ သုဝဏ်ကို သူကိုယ်တိုင်လည်း ချစ်ခင်သဘောတူလှပေမယ့် စိုးရိမ်သောကကို မဖျောက်နိုင်ပါ။

"ဟိုတစ်ယောက်က ဘယ်လောက်ကျတာလဲ"

ဒေါ်ကေသီလွင်က မီးဖိုဘက်က မကြားနိုင်အောင်တော့ အသံကိုတိုးနှိမ့်လိုက်ပါသည်။





"ခုနစ်နှစ်"

"အို ... ကျွတ် ... ကျွတ် ... ကျွတ်"

"ဒါတောင် ပုဒ်မက ၃၀၄(က) သေစေလိုသောဆန္ဒမပါဝင်ဘဲ ပေါ့လျော့သောပြုမူမှုနဲ့ လူကိုသေစေတယ်ဆိုတဲ့ လူသေမှုနဲ့ စီရင်ချက်ချလိုက်လို့ မမ၊ နို့မို့ရင် ဒီထက်ပြစ်ဒဏ်ကြီးနိုင်သေးတယ်"

"အင်း"

"လူသေစေတဲ့ လက်နက်ကလည်း ဒီဘက်ကပါလာတာမဟုတ်ဘဲ ဟိုဘက်ကယူလာတဲ့ လက်နက်နဲ့ ဖြစ်ရတာမို့လေ၊ ပြီးတော့ အဲဒီသေတဲ့ကောင်လေးလည်း မသေခင် ဒီဘက်က ကလေးကိုလည်း သူ့လက်နဲ့ သေစေခဲ့တာကြောင့်လည်းပါတယ်"

တိုးတိုးအုပ်အုပ် အသံတစ်စွန်းတစ်စကလေးတွေဟာ မီးဖိုချောင်ထဲကဆိုရင်တော့ လုံးဝကြားနိုင်ဖွယ်ရာ အကြောင်းမရှိပေမယ့် ထမင်းစားခန်းထဲ ရောက်နေသော ဆွတ်နားထဲတော့ ပလုံးပထွေးနှင့် မသဲမကွဲ ကြားနေနိုင်ပါသည်။

ဆွတ်က မျက်ခုံးလေးတွန့်၍ မျက်မှောင်ကြုတ်ကာ အခန်းကူးခန်းဆီးစနား တိုးကပ်၍ ခြေစုံရပ်နေမိပါသည်။ မေမေ ပြောတာ ဘာလဲ။ ဘာအမိပ္ပာယ်လဲ။ ခုနစ်နှစ်။ လူသေမှုနဲ့စီရင်



www.burmeseclassic.com

www.burmeseclassic.com



ချက်ချလို့။ သေတဲ့ကောင်လေးကလည်း မသေခင် ဒီဘက်က ကလေးကိုလည်း သူ့လက်နဲ့ သေစေခဲ့တာကြောင့်။

ဆွတ်သည် ရင်လေး တဒိတ်ဒိတ် ခုန်လာပါတော့သည်။

မေမေ ဘာအကြောင်း ပြောနေတာလဲဟင်။

"အင်း ... ဒီရန်ပွဲအကြောင်း ကြားကြားချင်းကတည်းက ငါလည်း စိတ်ထဲမကောင်းလိုက်တာဆိုတာကွယ်၊ တစ်ယောက်ကသေ၊ တစ်ယောက်က ပြစ်ဒဏ်ကျခံရဆိုတာ ကြားတော့ ..."

"မေမေ"

ဆွတ်သည် ခန်းဆီးကွယ်မှ လှစ်ခနဲ ထွက်ကာ ခည့်ခန်းစပ်မှာရပ်ရင်း မေမေ့ကို မျက်လုံးဝိုင်းနှင့် စိုက်ကြည့်နေမိပါသည်။

"မေမေ"

"........."

မေမေ့မျက်နှာက ကွက်ခနဲပျက်သွားကာ ပါးစပ်အဟောင်းသားဟပြီး တစ်ခဏဆွံ့အနေပါသည်။

"မေမေ ... ဘာပြောနေတာလဲဟင်"

"သမီး ... ဆွတ်"





"မေမေ တစ်ယောက်ကသေ၊ တစ်ယောက်က ပြစ်ဒဏ်ကျခံရဆိုတာ ဘာကိုပြောတာလဲဟင်၊ ဘာအကြောင်းပြောနေတာလဲ၊ ဘယ်သူ့အကြောင်းလဲ၊ ဘယ်သူတွေလဲဟင်"

"သမီး ... အဲဒါ ..."

"ဆွတ်ရင်ထဲမှာ တစ်မျိုးပဲ မေမေ၊ ဘာလဲ မသိဘူး၊ တစ်ခုခုပဲ၊ တခုခုလို့ ဆွတ်ထင်နေတယ်"

ဆွတ် မျက်နှာကလေးက သွေးဆုတ်ကာ ဖြူဖပ်ဖြူရော် ဖြစ်လာပါသည်။

"ဘာဖြစ်လို့လဲ သမီးရဲ့၊ သမီး ဘာကိုထင်တာလဲ၊ ဘာမှမဟုတ်ပါဘူး"

ဒေါ်ဖြူဖြူလွင်နှုတ်မှ စကားလုံးတို့က ထစ်ထစ်ငေါ့ငေါ့ ပုံပန်းမကျ မှင်မသေစွာ ကပေါက်တိ ကပေါက်ချာ ထွက်ကျလာပါသည်။

"အဲဒါ ဘယ်သူတွေလဲ ... လို့"

ဆွတ်လေသံက ကတုန်ကယင် ဖြစ်လာသည်။

"သေတာ ဘယ်သူလဲ၊ ထောင်ခုနစ်နှစ်ကျတာ ဘယ်သူလဲ၊ ဘယ်ရန်ပွဲလဲ၊ အဲဒါ ဘယ်သူတွေလဲ မေမေ"

"သမီးလေး ဆွတ်၊ မထိတ်သာ မလန့်သာကွယ် သမီးရယ်၊ ဘာဖြစ်လို့လဲဟင်၊ ကြီးကြီးမိတ်ဆွေမိသားစုတစ်စုအကြောင်း ပြောနေတာလေ"



www.burmeseclassic.com

www.burmeseclassic.com



"ရှင်"

ဆွတ်က ကြီးကြီးကို တွေတွေငေးငေး အံ့အံ့သြသြလေး စိုက်ကြည့်နေရှာသည်။

"ကြီးကြီးရဲ့မိတ်ဆွေတွေလေ သမီး၊ ဒီက မိတ်ဆွေတွေ သတင်း အခု ဒီရောက်မှကြားလို့ စိတ်မကောင်းဖြစ်လို့ ကြီးကြီးက ဖြူဖြူ့ကိုမေးနေတာ၊ သူတို့သတင်းတွေ သေချာ မသိသေးတာနဲ့ ခုမှမေးရတာလေ၊ သမီးက ဘာဖြစ်လို့လဲ"

ဆွတ်က ငိုင်ငေးငေးကလေးနှင့် ...

"ဪ ... သမီးက ရန်ပွဲဆိုလို့ပါ"

"ဟုတ်တယ်လေ သမီး၊ ကြီးကြီးမိတ်ဆွေသားလေးတွေ ကားပြိုင်မောင်းကြရင်းက ရန်ဖြစ်ကြတယ်တဲ့လေ"

ဒေါ်ဖြူဖြူလွင်မှာ ရင်တထိတ်ထိတ်နှင့် အသက်ပြင်းပြင်းပင် မရှူရဲဘဲ ဆွတ်ကို စိုက်ကြည့် အကဲခတ်နေမိသည်။ ဆွတ်က မျက်နှာကလေးရှုမ်းနယ်ကာ ခပ်ငေးငေးလေးနှင့် ...

"ဟိုးတစ်ခါ သမီးသူငယ်ချင်းတွေ ရန်ပွဲဖြစ်ထားကြတာ ရှိလို့ပါ၊ အဲဒါ ကြီးကြီး မသိဘူးလားဟင်"

"ဪ ... ကြီးကြီး သေချာတော့ မသိဘူး၊ ဒါပေမဲ့ အဲဒါ ကြာပြီမဟုတ်လား သမီးရဲ့"





ဆွတ်က ရှေ့တိုးလာကာ ဧည့်ခန်းကခုံတွေမှာ ဝင်ထိုင်လိုက်ပါသည်။

"ဟုတ်တယ် ... ကြာပြီလေ ကြီးကြီး၊ ခုဆို နှစ်နှစ်လောက် ရှိပြီ၊ အဲဒီကတည်းက သမီးရဲ့ကျန်တဲ့သူငယ်ချင်းနှစ်ယောက်ကို သမီးပြန်မတွေ့ရတော့ဘူး၊ ပထမတော့ သူတို့နေမကောင်းကြသေးသလိုလို သူဝဏ်ကပြောတယ်၊ နောက်တော့ သူတို့ နိုင်ငံခြားပဲ ထွက်သွားကြသလိုလို မရေမရာနဲ့ ဆွတ်မေးရင် စကားလွှဲလွှဲပစ်တယ်၊ တစ်မျိုးပဲ ...

အခု ရန်ပွဲဆိုတာရယ်၊ တစ်ယောက်က ပြစ်ဒဏ်ကျခံရ၊ တစ်ယောက်က သေတယ်ဆိုတာကြားရတော့ ဆွတ်စိတ်ထဲမှာ သူတို့လားလို့ ထင်လိုက်မိတယ်၊ သူတို့တော့ မဟုတ်ပါဘူးနော်"

"သူတို့တော့ ကြီးကြီးမသိဘူးလေ၊ အခုဟာကတော့ ကြီးကြီး မိတ်ဆွေရဲ့သားလေးတွေပါကွယ်"

ဆွတ်က သက်ပြင်းလေးတစ်ချက်ချ၍ တောင့်တင်းနေသော ခန္ဓာကိုယ်လေးပါ အထိုက်အလျောက် ပြေလျော့သွား၍ ဒေါ်ဖြူဖြူလွင်လည်း သက်ပြင်းကိုတိတ်ချလိုက်ရမိပါသည်။

"မေမေ ... ဝေလျှံနဲ့အတူ ဘယ်မှာလဲဟင်၊ သူတို့ တကယ်ပဲ နိုင်ငံခြားသွားကြတာလား"



www.burmeseclassic.com

www.burmeseclassic.com



"အင်း ... အဲဒါက မေမေတောင် မမြတ်တို့ နှင်းမာတို့နဲ့ မတွေ့ဖြစ်တာကြာလို့ သေချာမမေးဖြစ်သေးပါဘူး သမီးလေးရယ်၊ သုဝဏ် ပြောတာ ဟုတ်မှာပေါ့"

တကယ်ဆို ဒေါ်နှင်းမာနှင့်က ခမည်းခမက်ချင်းမို့ ဝေလျှံ နိုင်ငံခြားသွားလျှင် မသိစရာအကြောင်းမရှိတာအထိ ဆွတ်က လိုက်တွေးကြည့်မိပုံမရ။ ငှက်ကလေးနှင့်သာ ခေါင်းလေးအသာဆတ်နေပါသည်။

✧ ✤ ✧





၁၅

"နေ့လယ်က မဖြူက ပြောတယ်၊ သူပြောတာတွေကတော့ ကွေ့ပတ်သွယ်ဝိုက်ပြီး လိုရင်းမရောက်ဘဲ ဖြစ်နေတာပါ၊ ဒါပေမဲ့ ခြုံငုံလိုက်ရင် သူ့ဇာ နားလည်လိုက်တာ တစ်ခုပဲ၊ မဖြူတို့ကြည့်ရတာ သားနဲ့ဆွတ် မင်္ဂလာကိစ္စကို စီစဉ်ချင်ပြီ ဖြစ်ပုံရတယ်၊ သူတို့က မိန်းကလေးရှင်မို့ စကားစရ ခက်နေတာပဲဖြစ်မယ်"

"........."

"အဲဒါ အဖေကြီး ဘယ်လိုသဘောရလဲ"

"ဩော် ... ဘယ်လိုသဘောရရမှာလဲ မိန်းမရယ်၊ မင်းသားသေလုအောင်ချစ်တဲ့ မိန်းကလေးပဲ ပေးစားရမှာပေါ့၊ ဟုတ်တာပေါ့၊ ယောကျ်ားလေးဘက်က အရင်စကားစရမယ့်ကိစ္စကို စ,မလာတော့ သူတို့ အပြောခက်နေမှာပေါ့"



www.burmeseclassic.com

www.burmeseclassic.com



သုဝဏ်က ဖေဖေ့စကားကြောင့် ပြုံးပြုံးလေးဖြစ်သွားပါသည်။

"သူ့ဇာက စကားမစဘူးဆိုတာ တခြားကြောင့်မဟုတ်ပါဘူး၊ ဆွတ်ကလေးက နောက်ကြောင်းမှာ သတိမရသေးတာလေးတွေ ကျန်နေတော့ တစ်နေ့နေ့မှာ ..."

"မင်းပြောတာ ကိုယ် သဘောပေါက်ပါတယ် သူ့ဇာရယ်၊ အဓိက အရေးကြီးတာက ခုချိန်မှာ ဆွတ်ဖြန်းမိုးက မင်းသားကို တကယ်ချစ်မချစ် ဆိုတာပဲ၊ သူတကယ်ချစ်တယ်၊ အရမ်းချစ်တယ်၊ လက်ထပ်ချင်တယ်ဆိုရင် တခြားဘာကိုမှ စဉ်းစားနေစရာ မလိုပါဘူး ...

အဖြစ်အပျက်တွေကလည်း နှစ်,နှစ်တောင်ကျော်လာခဲ့ပြီပဲ၊ ဒီကြားထဲမှာ မင်းရဲ့သားနဲ့ပဲ ချစ်သူတွေဖြစ်နေတာပဲဟာ၊ ကောင်မလေးက သုဝဏ်ကို ချစ်ရှာပါတယ်၊ မျက်နှာကိုမော့မော့ကြည့်နေပုံလေးကလည်း သိပ်အားကိုးအားထားနိုင်တာပဲ၊ လက်ကလည်း တရားဝင်ကို ချိတ်တွဲထားတာ ...

ကဲ ... မင်းကပြောလေ သား၊ မင်းက ကိုယ်တိုင်ခံစားရတာပဲ၊ မင်းသိမှာပေါ့၊ မင်းကို ဆွတ် ချစ်သလားမချစ်ဘူးလား"

"သားကို သူ သိပ်ချစ်ပါတယ် ဖေဖေ"





"အေး ... အဲဒါ အရေးကြီးတာပဲ၊ ဒါဖြင့်ပြီးရောပေါ့၊ မင်းက ဆွတ်ကိုမေးကြည့်ပေါ့၊ လက်ထပ်တော့မှလားဆိုတာ၊ သူ ခေါင်းညိတ်တယ်ဆိုရင် ရှေ့ဆက်လုပ်ဖို့ စကားသွားပြောဖို့ တောင်းရမ်းဖို့ ကြောင်းလမ်းဖို့ ကိုယ်တို့ တာဝန်ပေါ့ သူ့ဇာရဲ့"

သုဝဏ်ရဲ့အဖေက ထမင်းကို လက်စသတ်၊ ဖွန်းခက်ရင်းချကာ ဗေစင်မှာ ပါးစပ်ဆေး လက်ဆေး၊ လက်သုတ်၊ ရေသောက်၊ တရစပ်လုပ်ပြီး ထမင်းစားပွဲက ထွက်ခွာသွားပါသည်။ သူ့ရဲ့ဘောလုံးပွဲလွှင့်မည့်အချိန်က နီးကပ်နေပြီ မဟုတ်လား။

"သား"

"ဟုတ်"

"သား တကယ် ဆွတ်နဲ့ ချစ်သူတွေပီပီသသ ဖြစ်နေတာလား"

"ဗျာ ... မေမေကလည်း ဘာကိုမေးတာလဲ"

"ဩော် ... မင်းတို့က မွေးကတည်းက လည်ပင်းဖက်ကြီးပြင်းလာတော့ တော်ရုံလက်ချိတ်တာ လက်တွဲတာလောက်တော့ အရင်ကတည်းက ရှိနေတာပဲဟာ၊ အခု သူနဲ့သားရဲ့ ဆက်ဆံရေးက အရင်ကတည်းကအတိုင်း အရမ်းရင်းနှီးတဲ့ သူငယ်ချင်းတွေ ဆက်ဆံရေးမျိုးလား၊ ချစ်သူတွေရည်းစားတွေ ဆက်ဆံရေးမျိုးလား အဲဒါမေးတာ"



www.burmeseclassic.com

www.burmeseclassic.com



"ချစ်သူလို"

"သေချာလား သား"

"သေချာပါတယ်ဆို မေမေရယ်"

"ကဲဟယ် ... ငါ ရှင်းရှင်းပဲမေးမယ်၊ မင်း ဆွတ်ကို ကိုယ့်ရည်းစားကိုယ် ပုံစံနဲ့နမ်းဖူးသလား"

"အဟင်း ဟင်း ... မေမေကလည်း နမ်းဖူးတာပေါ့ ... အဟဲ"

"အဲဒီတော့ ဆွတ်က ..."

"ဟာ ... မေမေကလည်း ခက်ပါလားနော်၊ ဆွတ်လည်း ဒီအတိုင်းပဲပေါ့ မေမေရ၊ သား သူ့ကိုနမ်းရင်လည်း ကြည်ကြည်ဖြူဖြူပဲလေ၊ မေမေ့သားက အရမ်းချစ်ရင် အသည်းယားပြီး နမ်းရမှုဆိုတာ မေမေ အသိပဲမဟုတ်လား အဟီး"

သုဝဏ်က ပြောပြောဆိုဆို မေမေ့ခုံဘက် ကိုယ်ယိမ်းကာ မေမေ့ပါးကို အတင်းကြီးနစ်ဝင်အောင် ရှိုက်နမ်းလိုက်ပါသည်။

"သွားစမ်းပါဟယ် ဒီကောင်လေးဟာ၊ သိပါတယ် မင်းအကြောင်း၊ ဆွတ်တော့ အဘွားကြီးမဖြစ်ခင် စောစောစီးစီး ပါးချိုင့်မှာပဲ"

သုဝဏ်က သဘောတကျ တဟက်ဟက် ရယ်မောနေပါသည်။



ချစ်လွန်းအားကြီးလို့ နမ်းရှိုက်ချင်တာ သဘာဝမကျလို့လား။ ခေါင်းဖျားခြေဆုံး နမ်းချင်တာ။ အကြိမ်ကြိမ် အထပ်ထပ် နမ်းချင်တာ။ ဆွတ်ကို အရေးမကြီးတဲ့ စကားလေးတွေ ထိုင်ပြောနေရင်းနဲ့တောင် ကိုင်ထားတဲ့ လက်ဖျားလက်ခုံလေးတွေကို ဘာရယ်မဟုတ် မဆီမဆိုင် အကြိမ်ကြိမ် နမ်းရှိုက်နေမိတာ။

တစ်ခါတစ်ရံမှာ ချစ်သူကိုနမ်းတာ ဆိုပေမယ့်လည်း ယစ်မူးပူလောင်တဲ့ ညစ်ပတ်အာသာယူတဲ့ဆန္ဒမျိုးနှင့် မဟုတ်ဘဲ ချစ်စိတ်သန့်သန့်ကလေးနှင့်ကို ကလေးပေါက်စကလေးကို နမ်းရှုံ့မိတဲ့အလား အမှတ်မထင် နမ်းရှုံ့နေမိတာမျိုးပါ။

ဆွတ်ကို သူ အရမ်းချစ်ပါသည်။ ဟိုးအရင်ငယ်ငယ်ကလေးတည်းက ချစ်လာခဲ့တဲ့ မောင်နှမချစ် သူငယ်ချင်းချစ်။ အဲဒီကတစ်ဆင့်တိုးပြီး သူတို့သုံးယောက်လုံး ဝိုင်းချစ်မိခဲ့ကြတဲ့ အရွယ်ရောက် လူပျိုချစ်။ ချစ်သူလိုအချစ် အိမ်ထောင်ဖက်အဖြစ် လက်ထပ်ဖို့ ရည်ရွယ်ဆန္ဒရှိတဲ့အချစ်။

အဲဒါတွေရဲ့နောက် ဒီဆိုးဝါးတဲ့ အဖြစ်အပျက်ကြီး ဖြစ်ပွားပြီးတဲ့နောက်မှာ သနားချစ်၊ ကရုဏာချစ်၊ အားကိုးခံယူလိုတဲ့အချစ်၊ ပိုင်ဆိုင်လိုတဲ့အချစ် အချစ်မျိုးစုံသော ချစ်နည်းပေါင်းစုံနှင့် သူ့တစ်သက်မှာ ဆွတ်ဖြန်းမိုးဆိုတဲ့ ဒီမိန်းကလေးတစ်ယောက်တည်းကိုပဲ ချစ်မိခဲ့တာပါ။

www.burmeseclassic.com

www.burmeseclassic.com



လက်ထပ်ချင်ပြီဆိုတဲ့ စိတ်ကလည်း တစ်ပိုင်းသေပြီးသားပါ။ သို့ပေမယ့် အန်တီဖြူ စိတ်သဘောကို ရိပ်မိတဲ့အတွက် သူ ပူပူဆာဆာ ရှေ့မတိုးရဲခဲ့တာ။ အန်တီဖြူဟာ တစ်နေ့သောအခါ ဆွတ်အတိတ်ကို အလုံးစုံပြန်သတိရလာတဲ့အခါ တစ်မျိုးတစ်မည် ဆွတ်စိတ်ပြောင်းမှာ ပြဿနာတွေ ကြုံတွေ့မှာကို လိုလားပုံမရှိပါ။

"ကဲ ... အဲဒါဆိုရင်လည်း သား ဆွတ်ကိုမေးကြည့်လေ၊ သားလက်ထပ်ခွင့် တောင်းကြည့်ပေါ့၊ သူ ခေါင်းညိတ်ရင် မမဖြူတို့ဆီ မေမေတို့ တောင်းရမ်းလိုက်တော့မှာပေါ့"

"မေမေ့ကို အရမ်းချစ်တာပဲ၊ ကျေးဇူးလည်း အရမ်းတင်တာပဲ မေမေ၊ ဖေဖေကိုရောပဲ အတူတူပါပဲ၊ ဆွတ်ကို သားချစ်သလိုပဲ လိုက်ချစ်ပေးတဲ့အတွက် ဖေဖေနဲ့မေမေ့ကို အရမ်းကျေးဇူးတင်ပါတယ်"

"မလိုပါဘူး သားရယ်၊ မေမေတို့လည်း ဆွတ်ကို ငယ်ငယ်ကလေးတည်းက ချစ်လာခဲ့ကြတာပါပဲ"

"မနက်ဖြန် သား ဆွတ်ကို လက်ထပ်ချင်ပြီလို့ ပြောလိုက်တော့မယ် မေမေ၊ ဆွတ်ဆီက လက်ထပ်ခွင့်တောင်းလိုက်တော့မယ်"

သုဝဏ် အသံက စိတ်လှုပ်ရှားမှု ပေါ်လွင်နေပါသည်။

◇ ✤ ◇





"မိုးတွေအရမ်းရွာနေပြန်ပြီ သုဝဏ်ရယ်၊ ငါကြောက်လိုက်တာ"

မျက်စိမျက်နှာလေး ပျက်နေသော ဆွတ်ကိုကြည့်ကာ သုဝဏ်က ဆွတ်လက်ဖျားလေးကို ကိုင်စမ်းလိုက်ပါသည်။

"ဟင် ... လက်ဖျားတွေလည်း အေးစက်လို့ပါလား ဆွတ်"

သုဝဏ်က သူ့အတွက် ကော်ဖီလာချသော ရင်ရင့်ကို ...

"ရင်ရင် ... ဆွတ်ဖို့ အနွေးထည်လေးတစ်ထည်လောက် သွားယူပေးစမ်း"

"ဟုတ်ကဲ့ အစ်ကိုကြီး"

"သုဝဏ်"

"အင်း ... ပြောလေ ဆွတ်"

"မိုးတွေကလည်း ရွာရမယ့်အချိန်လည်း မဟုတ်တော့ဘဲနဲ့ အမြဲရွာနေတာပဲ၊ အခုဆို တန်ဆောင်တိုင်တောင်ကျော်သွားပြီ မိုးရပ်ရတော့မယ် မဟုတ်လား"



www.burmeseclassic.com

www.burmeseclassic.com



"ဒါတော့ ဒါပေါ့၊ ဒါပေမဲ့ ဆွတ်ရယ်၊ တစ်ခါတလေတော့လည်း ရာသီဥတုဆိုတာ အစိုးရတာမှ မဟုတ်တာ၊ ဒီနှစ်မိုးရာသီထွက်တာ နည်းနည်းနောက်ကျတယ် ပြောရမှာပေါ့၊ နေ့တိုင်းမှ မရွာတော့တာ"

"ဒါပေမဲ့ ရွာရင်လည်း ဖွဲဖွဲလေးရွာရင် တော်သေးတယ်၊ အခုက အရမ်းရွာနေတာပဲ၊ မိုးက ရိုးရိုးပဲရွာနေရင် ငါ မကြောက်ပါဘူးဟာ၊ မိုးတွေခြိမ်းရင် ငါ ကြောက်တယ်"

"မကြောက်ပါနဲ့ ဆွတ်ရယ်၊ အခု နင့်ဘေးမှာ ငါလည်း ထိုင်နေတာကို ဘာကြောက်စရာရှိလဲ"

ရင်ရင် ယူလာပေးသော အနွေးထည်ကို သုဝဏ်က ဆွတ်ကို ကိုယ်တိုင်ဝတ်ပေးနေစဉ် အိမ်ပေါ်ထပ်မှ ဆွတ့်အဖေနှင့် အမေဆင်းလာ၍ သုဝဏ်က ကိုယ်ရှိန်သတ်ကာ နေလိုက်ရပါသည်။

"သုဝဏ် ရောက်နေတာလားဟေ့"

"ဟုတ်ကဲ့ အန်ကယ်"

"မင်းအဖေရော နေကောင်းရဲ့လားကွ"

"ဟုတ်ကဲ့ ... ကောင်းပါတယ် အန်ကယ်"

"ဟိုတလောက သွေးတိုးလို့ဆို၊ မင်းအန်တီပြောပြလို့ သတင်းတော့ ကြားတယ်၊ အန်ကယ်လည်း သတင်းမေးလာချင်ပေမယ့် ကိုယ့်အလုပ်နဲ့ကိုယ် ရှုပ်ယှက်ခတ်ပြီး





လာတဲ့စခန်းကို မရောက်ပါဘူးကွာ၊ မင်းအဖေကိုပြောပါဦး၊ နေကောင်းတဲ့တစ်ရက် ဆန်းဒေးတစ်နေ့နေ့လောက် ဂေါ့ဖ်လေး ဘာလေး ချိန်းရိုက်ကြရအောင်လို့"

"ဟုတ်ကဲ့ အန်ကယ်"

"ခဏနေ ဘောလုံးပွဲ လာတော့မှာမို့ကွ၊ လာကြည့်ပါဦးလား သား"

ဆွတ်ဖေဖေက ဧည့်ခန်းရဲ့တစ်ဖက်က တီဗီထားတဲ့ အခန်းကျယ်ဆီ ချိုးကွေ့ခါနီး ခြေလှမ်းတုံ့ကာခေါ်လျှင် သုဝဏ်က ငြင်းရလည်းခက်ကာ ဆွတ်ထံ မသိမသာ ကြည့်လိုက်မိပါသည်။

"မကြည့်နဲ့၊ ဖေဖေကလည်း သုဝဏ်ကို မခေါ်ပါနဲ့၊ သူက ဖေဖေ့လောက် ဘောလုံးပွဲကြိုက်တာမှ မဟုတ်တာ"

"ဟား ဟား ... ဘောလုံးပွဲမကြိုက်တဲ့ယောကျ်ား ရှိလို့လား မိဆွတ်ရဲ့၊ အေးပါ ... ညည်းတို့စကားပြောနေရင် ပြောပါ မခေါ်ပါဘူး ... ဟား ဟား"

ဆွတ်ဖေဖေ ဝင်သွားလျှင် အန်တီဖြူက အနားမှာ ခဏဝင်ထိုင်ကာ ...

"မိုးတွေသည်းလာလို့ ဆင်းလာတာလေ၊ ကြောက်နေပြန်လား သမီးလေး ဟုတ်လား"



www.burmeseclassic.com

www.burmeseclassic.com

ဆွတ်မျက်နှာလေး နွမ်းနွမ်းအိုအိုလေး ဖြစ်နေပါသည်။ သူ့အမေမေးတာကိုပင် မဖြေဘဲ မျက်ဝန်းများက အနီးက ပြတင်းပေါက်ရဲ့အပြင်ဘက်ဆီ ကြည့်နေပါသည်။

"ဟုတ်တယ် အန်တီဖြူ၊ ကြောက်နေလို့တဲ့"

"မိုးရွာပြီဆို သုဝဏ်ကို သူ လှမ်းလှမ်းခေါ်တာကလည်း အလုပ်တစ်ခုကွယ်၊ သုဝဏ် တစ်ယောက်လည်း အားအား မအားအား ပြေးပြေးလာနေရတယ်၊ အားနာလိုက်တာ"

"ဆွတ်ခေါ်တာ မဟုတ်ပါဘူး အန်တီ၊ ကျွန်တော့်ဘာသာ လာတာပါ၊ မိုးစရွာလာကတည်းက တော်တော်သည်းမယ့်ပုံ ပေါက်နေလို့ ကျွန်တော် တမင်တကာ ထွက်လာလိုက်တာ"

"သား ထမင်းစားမလား ခူးလိုက်မယ်၊ ဆွတ်ကတော့ ခုန စားပြီးပြီ၊ သားအန်ကယ်ကတော့ တော်တော်မိုးချုပ်မှ စားလိမ့်မယ်၊ သူ ဘီယာသောက်လိမ့်ဦးမယ်၊ ပထမပိုင်း ပြီးလို့ ကြားကနားတဲ့အချိန်ကျမှ တက်သုတ်ရိုက် ထမင်း ပြေးစားပြီး ဒုတိယပိုင်းပြန်ကြည့်လိမ့်မယ် ...

သားဆာရင်စားနှင့် အန်ကယ့်ကို မစောင့်နဲ့ နောက်ကျမယ်"

"မဆာသေးပါဘူး အန်တီ၊ ဆာရင် ခဏနေမှစားပါ့မယ်၊ မဆာရင်လည်း မစားတော့ဘူး"





"အေး ... အေး"

"မေမေ ဟိုမှာကြည့်စမ်းပါ၊ ဟိုအပင်တောင် အရမ်းယိမ်းထိုးနေပြီ၊ လေတွေပါတိုက်နေပြန်ပြီ"

"သြော် ... မိုးရွာရင် များသောအားဖြင့် လေပါ,ပါတတ်တာမျိုးလေ သမီးရဲ့၊ ဒီလိုပဲပေါ့"

ဆွတ်မျက်နှာလေးမှာ တကယ့်ကို ဣန္ဒြေမဆောင်နိုင်အောင်ကို ပျက်နေတာပင်။ မျက်နှာလေးတင်မက အိမ်နေရင်း နှုတ်ခမ်းနီမဆိုးထားတဲ့ နှုတ်ခမ်းကလေးပါ ဖွေးဆွတ်ဖြူနေပါသည်။

"သုဝဏ်"

"မိဆွတ်"

"ငါ တစ်ခုမှတ်မိလာတယ် သိလား"

"........"

သုဝဏ် နှုတ်ဆိတ်သွားကာ ဒေါ်ဖြူဖြူလွင်လည်း ငြိမ်သက်သွားလျ၊ပဲ ဆွတ်ကို စိုက်ကြည့်နေမိကြပါသည်။

"မေမေ"

"သမီးလေး"

"အခုမြင်နေရတဲ့ ယိမ်းထိုးနေတဲ့ သနပ်ခါးပန်းပင်ကလေ အတု စိုက်ပေးတာ၊ ဟုတ်တယ် မဟုတ်လားဟင်"

"........"

www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ်မဟုတ်လား မေမေ"

"ဟင် ... အင်း ... ဟုတ်မယ်ထင်တယ် သမီး၊ အင်း ... ဟုတ်တယ်"

"ဟုတ်တယ်လေ၊ ဆွတ် အခုပဲ ဖျတ်ခနဲ သတိရလာတယ်"

သုဝဏ် မျက်နှာ သိသိသာသာ ပျက်သွားတာကို ဒေါ်ဖြူဖြူလွင်က ကြည့်ရင်း အနည်းငယ် ကိုယ်ကိုလှုပ်ရှားလျက် -

"အတု စိုက်ပေးတာလား၊ သုဝဏ် စိုက်ပေးတာလား"

"အတုလေ မေမေ၊ အတုစိုက်ပေးတာ"

"........."

"အဲဒီနေ့ကလည်း မိုးတွေရွာတယ်လေ၊ သုဝဏ် အဲဒီနေ့က ငါ့အိမ်ကို နင်တို့နှစ်ယောက် ဘာဖြစ်လို့ ရောက်မလာတာလဲ မသိဘူး၊ အတုတစ်ယောက်ပဲ ရောက်လာတယ် သိလား"

"........."

"ငါက အဲဒီသနပ်ခါးပန်းပင်လေး စိုက်ချင်တယ်ဆိုတော့ အတုက အဲဒီနေရာမှာပဲပေါ့ မြေကြီးတူးတယ်၊ သူကိုယ်တိုင် တူးတာ၊ ငါက မိုးသုပ်လေး ယေိထားတယ်၊ တွင်းတူးပြီး မြှုပ်စိုက်လိုက်ရုံပဲလေ၊ အဲဒီအပင်လေး နင်ကြည့်လိုက်"

သုဝဏ်က ယောင်ယမ်း၍ ပြတင်းပေါက်မှ မြင်နေရသော ယိမ်းထိုးနေသည့် အပင်လေးကို လှမ်းစိုက်ကြည့်နေမိပါသည်။





"တွေ့လား"

"အင်း ... အင်း ... တွေ့တယ်လေ"

"အဟင်း ... ငါတို့စိုက်နေတုန်းပဲ မိုးတွေရွာလာတာ၊ မေမေက ငါတို့နှစ်ယောက်ကို အိမ်ဝကနေ တက်တော့ဆိုပြီး ခေါ်နေတယ်၊ ငါကလည်း အိမ်ထဲပြေးတော့မလို့၊ အတုက ခေါ်မရဘူး၊ မြှုပ်ရုံ မြေဖို့ရုံပဲ ကျန်တာဆိုပြီး အဲဒီမှာ မပြီး့ပြီးအောင် မိုးထဲပေတေပြီး နေနေတော့ ငါလည်း အိမ်ပေါ်မတက်ဖြစ်တော့ဘူးပေါ့၊ ငါတို့နှစ်ယောက် ရွှဲနစ်နေတာပဲ၊ ကြွက်စုတ်လေးတွေ ကျနေတာပဲ သိလား သုဝဏ်"

"ဪ ... အင်း"

"အတုကိုရော ဝေလျှံကိုရော ငါ လှမ်းလိုက်တာ သုဝဏ်ရယ်"

ဒေါ်ဖြူဖြူလွင်သည် သုဝဏ်ရဲ့မျက်နှာကို ဆက်၍ မကြည့်ရက်အောင်ပင်။ ထိုင်ရာမှ ထရပ်လိုက်ရင်း ...

"မေမေ ဖေဖေဘာလိုသေးလဲ သွားကြည့်မေးလိုက်ဦးမယ်၊ ကောင်မလေးတွေ မြည်းဖို့လုပ်ပေးတာ အဆင်ပြေပါ့မလား မသိဘူး"



www.burmeseclassic.com

www.burmeseclassic.com



ပြောပြောဆိုဆိုနှင့် ဒေါ်ဖြူဖြူလွင်က ရှောင်ထွက်လာခဲ့ပါသည်။ သုဝဏ်တစ်ယောက် အဆင်ပြေသလို ပြောဆိုနှစ်သိမ့်ပါစေ။ သူရှိနေတဲ့အတွက် သုဝဏ် ပြောချင်တာ အပြောရခက်နေတာမျိုး ဖြစ်နေပါဦးမည်။

"သုဝဏ်"

"ဟင်"

"နင် ဘာဖြစ်နေလဲ"

"ငါ ... ငါလည်း အတုနဲ့ဝေလျှံကို သတိရသွားလို့ပါ"

တကယ်လည်း သုဝဏ် ရင်ထဲ သူငယ်ချင်းနှစ်ယောက်ကို လွမ်းဆွတ်သတိရလှသည်။ အတုနှင့်ပတ်သက်သောကိစ္စတွေ ဆွတ် တဖြည်းဖြည်း တစစ သတိရလာတာကို သူ့ရင်ထဲ စိုးထိတ်ပူပန်တဲ့သောက,က သတ်သတ်၊ သူငယ်ချင်းတွေကို ချစ်စိတ်ကြောင့် အောက်မေ့တမ်းတမိတာက သတ်သတ်ပါ။

"သုဝဏ်"

"ဟင်"

"ငါ နင့်ကို အဖြေပေးတဲ့နေ့ကိုလည်း မှတ်မိလာတယ်သိလား"

"ဟင်"





သုဝဏ်သည် တစ်ကိုယ်လုံး ခပ်တောင့်တောင့်ကြီးပင် ဖြစ်သွားရပါသည်။ သူက အလန့်တကြား အေးစက်တင်းတောင့်သွားပေမယ့် ဆွတ်ကတော့ သူ အမှတ်ရတာအပေါ်ကြည်နူးယစ်မူးသွားသော မျက်နှာမျိုးလေးနှင့် ယှဉ်ထိုင်နေသောသုဝဏ်ရဲ့အက်ကိုယ်ပိုင်ကာ သုဝဏ်ရင်ခွင်တစ်ခြမ်းပေါ် မှိမှိလေးခေါင်းငုံတိုးခွေ့ ပူးကပ်လာပါသည်။

"ငါ သိပ်ဝမ်းသာတာပဲ၊ ငါ မှတ်မိ,မှတ်မိလာတာ နင်ဝမ်းမသာဘူးလား သုဝဏ်"

"အင်း ... ငါလည်း ဝမ်းသာတာပေါ့ဟာ"

"အဲဒီနေ့ကလည်း နင့်ကို အဖြေပေးမယ် ခေါင်းညိတ်မယ်လို့ ဆုံးဖြတ်လိုက်တော့ ငါ အတုနဲ့ ဝေလျှံကို သိပ်အားနာခဲ့တာပဲ သိလား၊ ငါ သူတို့ကိုလည်း သိပ်ခင်သိပ်ချစ်ပါတယ်၊ ဒါပေမဲ့ ချစ်သူအဖြစ်ရွေးတော့မယ်ဆိုတော့နင့်ကိုပဲ ငါရွေးလိုက်တော့မယ်လို့"

"........."

"ငါ ဝေလျှံ့ကိုလည်း ဖုန်းဆက်ခေါ်လိုက်တယ်၊ အတုကိုလည်း ဖုန်းဆက်ခေါ်လိုက်တယ်လေ၊ နင့်ကို အဖြေမပေးခင်လေ၊ နင့်ကို ငါ ပြောပြပြီးပြီ မဟုတ်လား"



www.burmeseclassic.com

www.burmeseclassic.com



သုဝဏ်က ရင်နင့်နင့်နှင့် ခေါင်းကို အသာညိတ်လိုက်ပါသည်။ ဆွတ်သည် တစွန်းတစတော့ သတိရသော်လည်း သူ့စိတ်ထဲ သူ့ချစ်သူဟာ သုဝဏ်လို့ ယုံကြည်ထားသည်ဖြစ်၍ မှတ်မိသော အဖြစ်အပျက်ထဲမှာ သုဝဏ်နှင့် အတူလ နေ့ရာမှား နေခဲ့သည်တည်း။

"သူတို့နှစ်ယောက် တစ်ချိန်တည်း ငါ့အိမ်ရောက်လာကြတယ်လေ၊ သူတို့ကို ငါအရင်ပြောလိုက်တယ်၊ ငါ သုဝဏ်ကို ခေါင်းညိတ်လိုက်တော့မယ်လို့လေ၊ သုဝဏ်ကိုရွေးချယ်လိုက်တာဟာ နင်တို့နှစ်ယောက်ကို မချစ်လို့မဟုတ်ပါဘူးလို့ သူတို့ကို ပြောပြခဲ့တယ်"

"အင်း"

"သူတို့နှစ်ယောက် သနားပါတယ် သီလား၊ ဝေလျှံကတော့ နင်သိတဲ့အတိုင်း ဒီကောင်က ဟီးဟီးဟားဟားဆိုတော့ သူ့စိတ်ထဲ နည်းနည်းတော့ ခံစားရပေမယ့် ချက်ချင်းမေ့ပျောက်ပြီး မျက်နှာပြင်နိုင်တယ်၊ ချက်ချင်း တဟီးဟီးနဲ့ စကားတွေ ပြောနိုင်တယ် ...

အတူကတော့ သနားပါတယ် သီလား"

ဆွတ် ... ဆွတ်လေးရယ် ...





အဲဒါ ငါလေ ... အဲဒါ ငါပါ။ မျက်နှာမပြင်နိုင်အောင် အသည်းနှလုံးတစ်ခုလုံး ထုတ်ယူခံလိုက်ရသလို နင့်နင့်နိုက်နိုက် ခံစားပြီး ဘာစကားမှ မပြောနိုင်တော့ဘဲ ဖြစ်ခဲ့တာ ငါပါ။

"သူ နှုတ်ဆိတ်သွားတယ်၊ ဘာမှ မပြောနိုင်တော့ဘူး၊ ဝေလျှံ စကားတွေကို အလိုက်အထိုက် လိုက်ပြုံးရယ်နေရပေမယ့် သူ့မျက်နှာ အသက်မပါတော့တာ ငါသိပါတယ်၊ ဟန်မဆောင်နိုင်အောင် သူ့ခံစားလိုက်ရတာ ငါသိပါတယ်၊ ငါ အရမ်းစိတ်မကောင်းခဲ့ဘူး"

"........."

"ဒါပေမဲ့ အတူက သိပ်ချီးကျူးဖို့ ကောင်းပါတယ်၊ နောက်တစ်ရက် နှစ်ရက်မှာပဲ ငါတို့နှစ်ယောက်ကို ကြည်ဖြူတဲ့စိတ်သဘောကောင်းလေးနဲ့ သူ့စိတ်ကို သူဖြေသိမ့်ပစ်လိုက်နိုင်တယ်၊ ပြုံးပြုံးရွှင်ရွှင် ပြန်ဆက်ဆံနိုင်ခဲ့တယ်၊ နင်နဲ့ ငါနဲ့ ချစ်သူတွေဖြစ်ခဲ့တာကို သူတို့နှစ်ယောက်လုံး အံ့သြဖို့ကောင်းလောက်အောင် သဘောတူ ကျေနပ်ပေးခဲ့ကြတယ်နော်၊ ငါ သူတို့နှစ်ယောက်ကို သိပ်ချစ်တယ်၊ သိပ်လည်း သတိရတယ်ဟာ"



www.burmeseclassic.com

www.burmeseclassic.com



နင်ချီးကျူးချင်တဲ့သူဟာ ငါပါ။ ငါအရမ်းချစ်တဲ့နင် ... နင်ကိုယ်တိုင်ရွေးချယ်လိုက်တဲ့ နင်ချစ်တဲ့ ချစ်သူနဲ့ပျော်ရွှင်နေရင် ကျေနပ်ဝမ်းမြောက်တဲ့စိတ်၊ ငါ သိပ်ချစ်တဲ့သူငယ်ချင်းအတွက်၊ သူချစ်တဲ့ချစ်သူရဲ့ တုံ့ပြန်မှုကို လက်ခံရတာကို ကြည်ဖြူမုဒိတာပွားပေးနိုင်တဲ့စိတ်၊ အဲဒီစိတ်နှစ်စိတ်နဲ့ ငါဖြေသိမ့်နိုင်ခဲ့ပါတယ်။

ဒါပေမဲ့ အခုတော့လည်း မမျှော်လင့်ပဲ နင့်ရဲ့ချစ်ခြင်းမြတ်နိုး အားကိုးခြင်းကို ငါရလိုက်ပြီးတဲ့အခါ ပြန်ပြီးလက်လွှတ်ဆုံးရှုံးမခံချင် မခံနိုင်တော့တာ ငါ့ကို နားလည်ပေးပါ မိဆွတ်ရယ်။

"ဆွတ်"

"သုဝဏ်"

"ငါ နင့်ကို ပြောစရာရှိတယ်"

"ဘာလဲဟင် သုဝဏ်"

"ငါ နင်နဲ့ လက်ထပ်ချင်ပြီ"

"........."

ဆွတ် မျက်နှာလေးက သွေးရောင်ဆွတ်ဖျန်းလိုက်သလို ရဲခနဲ နီစွေးစွေးလေး ဖြစ်သွားရပါသည်။





"ဟုတ်တယ် ... ငါတို့လက်ထပ်ကြရအောင်နော် ဆွတ်၊ မေမေတို့ကိုလည်း ပြောပြီးပြီ၊ နင် ခေါင်းညိတ်ရင် မေမေတို့က အန်ကယ်တို့ အန်တီတို့ကို လာပြောလိမ့်မယ်"

ဆွတ်မျက်နှာလေးမှာ ကျေနပ်သော ရှက်ပြုံးကလေးနှင့် ဆွတ်က သုဝဏ်ရဲ့ရင်ဘတ်မှာ မျက်နှာလေး ဖွက်အပ်ထားလိုက်သည်။

✧✤✧



www.burmeseclassic.com

www.burmeseclassic.com

## ၁၆

သူ အတန်တန် စဉ်းစားကြည့်ပြီးပြီ။ သူ့ရင်ထဲမှာ ထိုဆန္ဒက ပြင်းပြင်းပြပြ ကိန်းအောင်းနေပါသည်။ ဆွတ်ကလည်း ခေါင်းညိတ်လက်ခံ၊ လူကြီးတွေကလည်းပဲ အားလုံးကျေနပ်ကြည်ဖြူကြပြီးပြီ။

သို့ပေမဲ့ သူ့စိတ်ထဲမှာ တစ်စုံတစ်ရာကို Gulity ဖြစ်နေသလို ကျေကျေလည်လည် ရှင်းရှင်းလင်းလင်း မဖြစ်ဘဲ ဆူးကလေးတစ်ချောင်း စူးနေဆဲ။ ဒီဆူးကလေးကို ထွင်ပြီးမှပဲ မင်္ဂလာကိစ္စကို သူ စိတ်ရှင်းရှင်း နောင်တကင်းကင်းနှင့် ဆောင်ရွက်လိုပါသည်။

ထို့ကြောင့် သုဝဏ်က "......"အကျဉ်းထောင်ကို ထောင်ဝင်စာ တစ်ရက်သွားတွေ့ဖို့ ဆုံးဖြတ်လိုက်ပါသည်။

✧ ♣ ✧





စိုက်ကြည့်နေမိကြတဲ့ မျက်ဝန်းနှစ်စုံမှာ ထင်ရှားနေသော အရိပ်အရောင်ကတော့ ဝမ်းနည်းဝမ်းသာဖြစ်ခြင်းပင်။ နှစ်ဦးလုံး မျက်ဝန်းကိုယ်စီမှာ မျက်ရည်ကြည် ရစ်လည်လာပါသည်။

"ဝမ်းသာတယ်ကွာ၊ မင်းကို တွေ့ရတာ"

"ငါလည်း အရမ်းဝမ်းသာတယ်"

"မင်း သိပ်စိတ်မကောင်း မဖြစ်ပါနဲ့ သုဝဏ်၊ ငါအေးအေးဆေးဆေးပါ၊ အဆင်ပြေပါတယ်"

"အေးပါ"

"ငါတို့အိမ်ဘက် ရောက်သေးလား"

"ငါ အမြဲရောက်ပါတယ်၊ အပတ်တိုင်း သွားပါတယ်"

"အေးကွာ ... ငါ့အမေကိုသာ နည်းနည်းသွားသွားတွေ့ပေးပါ၊ မေမေက မင်းကိုမြင်ရရင် ဘာပဲဖြစ်ဖြစ် နည်းနည်းတော့ အားတက်မယ် ဖြေသိမ့်လို့ရမယ်လို့ ငါထင်တယ် သုဝဏ်"

"စိတ်ချပါ၊ ငါ အမြဲသွားမှာပါ"

"မိဆွတ်လေးရော"

"........."



www.burmeseclassic.com

www.burmeseclassic.com



"နေကောင်းရဲ့လား"

"သူ နေတော့ကောင်းပါတယ်"

"သူ့အခြေအနေ ငါ ကြားတယ်လေ၊ အခုဆို အချိန်တွေ တော်တော်တောင် ကြာခဲ့ပြီပဲ၊ နှစ်နှစ်ခွဲလောက်ရှိတော့မယ် လေ၊ ခုထိ သူ အားလုံးပြန်အမှတ်မရသေးတာလား"

"တချို့ကို မှတ်မိတယ်ကွာ၊ တချို့ကိုမမှတ်မိဘူး"

"ငါ့ကိုရော မှတ်မိရဲ့လား"

"မှတ်မိပါတယ်"

"အေးကွာ"

"သူ မင်းတို့နှစ်ယောက်ကို ခဏခဏ မေးတယ်"

"………"

"ဆရာဝန်ကြီးက သူ စိတ်ထိခိုက်မယ့် အကြောင်းအရာ မျိုးဆိုရင် အသိမပေးပါနဲ့၊ သူ့ဟာသူ ပြန်သတိရရင်သာ ရပါစေဆိုလို့ အမှန်အတိုင်းတော့ ငါပြောလို့မရဘူး၊ ကြည့်ရှု ပြီး လှည့်ပတ်ပြောရတယ်၊ ဒါပေမဲ့ သူသိပ်ယုံပုံမရတဲ့ကြား က အဲသလိုပဲ လက်ခံထားပါတယ်"

"သနားပါတယ်ကွာ"

"………"

"ငါ အရမ်းစိတ်မကောင်းဘူး"





"မင်းတို့အကြောင်းတွေ သူ သေချာသိရင် အရမ်းစိတ်ထိ ခိုက်မှာပဲ"

"မပြောပါနဲ့ သုဝဏ်ရာ၊ လုံးဝမပြောပါနဲ့ကွာ"

"………"

"သူ မသိပါစေနဲ့၊ ငါ့ကို ကတိပေး"

"အေးပါ … ငါမပြောပါဘူး၊ ကတိပေးပါတယ်"

"မင်းလည်း အလုပ်ဝင်လုပ်နေပြီဆို"

"အေး"

"အဆင်ပြေတယ် မဟုတ်လား"

"အေး … ပြေပါတယ်"

"ငါလည်း ခဏပါကွာ၊ ခုတောင် နှစ်နှစ်ခွဲရှိပြီပဲ၊ ခုနှစ် နှစ်ဆိုတာ မျှော်လင့်ပြီး လက်ချိုးစောင့်နေရင်သာ တစ်ရက် ပြီးတစ်ရက် သိပ်ကြာတာ၊ ငါတို့ကြီးပြင်းလာခဲ့တဲ့ ရက်တွေ ဘယ်လိုကုန်သွားခဲ့မှန်းတောင် မသိတာ မဟုတ်ဘူးလား သုဝဏ်"

"………"

"ငါ အရမ်းစောင့်မျှော်မနေပါဘူး၊ သိပ်မကြာပါဘူးကွာ"

"အေးပါကွာ၊ ဒါပေမဲ့ ငါတို့တော့ မင်းကို မျှော်နေတယ်"



www.burmeseclassic.com

www.burmeseclassic.com



နှစ်ယောက်လုံး ရင်ထဲ ဆို့နင့်သလိုဖြစ်ကာ ခဏ စကားသံတိတ်သွားရပါသည်။ သုဝဏ်က စကားစ,ရခက်ကာ ခေါင်းငုံ့ငြိမ်သက်နေမိသည်။

"မင်းကို ငါ့ဆီ လာမတွေ့ဖို့မှာထားတာ ငါ့အမေ့ပြောတယ် မဟုတ်လား"

"ပြောပါတယ်"

"တခြားဘာကြောင့်မှ မဟုတ်ပါဘူး၊ ငါ မေမေ့ကိုလည်း မလာစေချင်ဘူးလေ၊ စိတ်မကောင်းဖြစ်မှာစိုးလို့၊ မင်းကိုလည်း ဒီလိုပါပဲ၊ မင်းနဲ့တွေ့ရရင် ငါရော မင်းရော ပိုစိတ်မကောင်းဖြစ်ရမှာစိုးလို့၊ ခုတော့ နှစ်တွေတောင် ကြာခဲ့ပြီဆိုတော့ ငါကတော့ အိုကေပါတယ်၊ မင်း စိတ်မကောင်းဖြစ်နေတယ် မဟုတ်လား သုဝဏ်"

"အေး ... ဟုတ်တယ်ကွာ"

"စိတ်မကောင်း မဖြစ်ပါနဲ့ကွာ"

"........."

"မင်း ငါ့ကို တစ်ခုခုပြောစရာများရှိလား သုဝဏ်"

"........."

"မင်း တစ်ခုခုပြောစရာရှိနေတယ် မဟုတ်လား"

"အေး"





"ပြောလေကွာ၊ ဘာပဲဖြစ်ဖြစ် ပြောသာပြောပါ၊ ငါစိတ်မကောင်းဖြစ်စရာဆိုရင်တောင် မှုမထားပါနဲ့၊ ငါခံနိုင်ရည်ရှိပါတယ်"

"စိတ်မကောင်း ဖြစ်စရာတော့ မဟုတ်ပါဘူးကွာ၊ ငါ မင်းကို ပြောပြချင်တာပါ"

"ပြောလေကွာ"

"ပြီးတော့ မင်း ကျေနပ်ရဲ့လား၊ မင်း လက်ခံနိုင်ရဲ့လား ဆိုတာလည်း ငါ အရေးတကြီး သိချင်လို့ပါ"

"........."

"ငါ ..."

"........."

"ငါ ... ငါ ... မိဆွတ်နဲ့ လက်ထပ်တော့မလားလို့"

"........."

"ပြောရရင် ခုလိုဖြစ်သွားရပုံက နည်းနည်းရှင်းပြရခက်တယ်ကွာ၊ မိဆွတ်ကလည်း တော်တော်များများကို မမှတ်မိဘူး၊ ဒီကြားထဲမှာ ငါ တစ်ယောက်တည်းပဲ သူ့အနားရှိနေတော့ သူ ငါ့ကို မျက်စိအောက်က အပျောက်မခံ အားကိုးလွန်းတာလည်း အမှန်ပါ၊ ပြီး ... ပြီးတော့ ... ဆွတ်က သူ ဘယ်သူ့ကို အဖြေပေးခဲ့တာလဲ၊ သူ့ချစ်သူ ဘယ်သူလဲဆိုတာ မေ့နေပြီ၊ ငါ့ကို သူ့ ... သူ့ချစ်သူလို့ ..."



www.burmeseclassic.com

www.burmeseclassic.com



သုဝဏ်ရဲ့အသံကတုန်ယင်ကာ ထစ်ငေါ့နေပါသည်။

"သုဝဏ်"

"………"

"မင်း ငါ့ကို ဒီလောက်ရှင်းပြနေဖို့ မလိုပါဘူးကွာ၊ ငါ မှန်းဆနိုင်ပါတယ်၊ ပြီးတော့ အခု မင်းတို့နှစ်ယောက် လက်ထပ်ဖြစ်တော့မယ်ဆိုတာ အရမ်းဖြစ်သင့်တဲ့ အခြေအနေတစ်ခုပါ၊ မင်း မိဆွတ်ကို စောင့်ရှောက်ရာလည်းကျတယ်၊ ငါ သိပ်သဘောတူပါတယ်၊ ငါ တကယ်ဝမ်းသာပါတယ်၊ ငါ အရမ်းကျေနပ်တယ် သုဝဏ်"

"………"

"မင်း ဘာမှမလိုအပ်တဲ့ အပိုတွေ မတွေးနေနဲ့ သုဝဏ်၊ ငါ ထွက်လာရင် မင်းတို့ကလေးကို ငါထိန်းမယ်ကွာ၊ ငါ ဒါပဲ ပြောမယ်"

သုဝဏ်က မျက်ရည်ပင် လည်သလိုဖြစ်နေကာ သူ့မျက်လွှာတို့ကို စိုက်ချထားပါသည်။ ကြားရတဲ့စကားအတွက် ဝမ်းနည်းဝမ်းသာနှင့် သူ့ရင်ထဲ လှိုက်လှဲပူနွေးလာသည်။ ရင်ထဲက အလုံးကြီးတစ်ခုလည်း ကျသွားရသလို စိတ်တွေလည်းပေါ့ပါးဒုံးဒုံးကျသွားရပါသည်။ ခပ်တိုးတိုးပဲ သူပြောမိသည်။

"ကျေးဇူးတင်ပါတယ် သူငယ်ချင်းရာ"

✧ ♣ ✧





သုဝဏ်နှင့် ဆွတ်တို့ နောက်နှစ်ထဲအကူး ဧပြီလထဲမှာ စေ့စပ်ပွဲကျင်းပခဲ့ကြပါသည်။ လက်ထပ်ရက်ကိုတော့ ဝါမဝင်ခင် ဇွန်လထဲမှာ သတ်မှတ်ခဲ့တာမို့ ဧပြီလကစပြီး သူတို့အလုပ်တွေ ရှုပ်နေကြပါပြီ။

မင်္ဂလာကိစ္စနှင့် သုဝဏ်နှင့်တစ်မျိုး၊ မေမေနှင့်တစ်မျိုး၊ ယောက္ခမလောင်း အန်တီသူဇာပါ ပါ၍တစ်မျိုး၊ နေ့စဉ်တိုင်းလိုလို အပြင်ထွက်ဖြစ်ဖြစ်နေခြင်းရဲ့ ထူးခြားချက်မှာ ဆွတ်သည် ရက်ခြားရက်ခြားဆိုသလို အဖြစ်အပျက်သေးသေးကလေးတွေကို တစ်စတစ်စ တစ်ခုချင်း သတိရရလာတာပင်။

"မေမေ … ဆွတ် ခုတလော စိတ်တွေကြည်လင်ပြီး ပျော်နေလို့လား မသိဘူး၊ ခဏခဏအသစ်တွေ မှတ်မိမှတ်မိလာတယ်"

"အေး … ကောင်းတာပေါ့ သမီးရယ်"

တကယ်တော့ ဒေါ်ဖြူဖြူလွင်ရင်ထဲ ဝမ်းသာခြင်းတစ်ဝက်၊ စိုးရိမ်ပူပန်မကင်းခြင်းက တစ်ဝက်သာပင်။



www.burmeseclassic.com

www.burmeseclassic.com



"ဆွတ်က အပြင်တွေ သိပ်မသွားဖြစ်တာလည်း ကြာပြီ မဟုတ်လား၊ အခုက အပြင်တွေ့ နေရာအနှံ့ ခဏခဏသွား နေရတော့ မှတ်မိစရာ နေရာလေးတွေ တိုက်တိုက်ဆိုင် ဆိုင် ပြန်ရောက်ရင် ဖျတ်ခနဲ သတိရသွားတာလေးတွေ ရှိတယ်"

"အင်း"

"တစ်ခါတလေ ဆွတ်မှတ်မိတာက အဲဒီဆိုင်လေးကို ဆွတ်နဲ့ အတူနဲ့ ရောက်ဖူးတယ်ဆိုတာမျိုး သတိရလာတာ နှစ်ခါရှိပြီ မေမေ"

"………"

"သမီးတို့ အမြဲလိုလို လေးယောက်တတွဲတွဲ မခွဲဘဲသွား တာက များတာလေ၊ ဘာဖြစ်လို့ အတူနဲ့ နှစ်ယောက်တည်း ရောက်ဖူးတာလဲဆိုတာ စဉ်းစားမရဘူး၊ ဆွတ် မှတ်မိတာ များ လွဲနေတာလား မသိဘူး၊ လေးယောက်တူတူ လာခဲ့ ဖူးတာကို ကျန်တဲ့နှစ်ယောက် ပါတာ ဆွတ်မမှတ်မိဘဲ အတူတစ်ယောက်ကိုပဲ မှတ်မိနေတာလား မသိဘူး၊ မှတ် မိလာတာတွေ ရှိပေမယ့် မှန်ရဲ့လားဆိုတာတော့ သေချာ မသိဘူး ဖြစ်နေတယ် မေမေ"

"………"

ဒေါ်ဖြူဖြူလွင်က နှုတ်ဆွံ့နေပါသည်။





"ဒါပေမဲ့ ထားလိုက်ပါ၊ ဘာပဲဖြစ်ဖြစ်ပါ"

"………"

"ဆွတ် လက်မထပ်ခင် အစစအရာရာ အားလုံးကို ပြန် မှတ်မိချင်တယ် မေမေ"

"ဘာဖြစ်လို့လဲ သမီးရယ်၊ လက်မထပ်ခင် အားလုံးသတိ ရရ မရရ ဘာမှမဖြစ်ပါဘူး၊ အဲဒီလို သောကမထားပါနဲ့၊ တော်ကြာ အကုန်ပြန်မမှတ်မိသေးရင် သမီးလေး စိတ် အနှောင့်အယှက် ဖြစ်နေမိပါဦးမယ်"

"ဘာဖြစ်လို့လဲဆိုတော့ သမီး သုဝဏ်ကို ချစ်လို့မေမေ"

"ဘာဆိုင်လို့လဲ သမီးရယ်"

"သုဝဏ်ကလေ ဆွတ် ခုလို ဟိုဟာမေ့ ဒီဟာသတိမရ အားနည်းချက် ချွတ်ယွင်းချက်တွေ ရှိနေပေမယ့် ဆွတ် အပေါ် အကြင်နာလည်းမပျက် အချစ်လည်းမပျက်ဘူး၊ ချွတ်ယွင်းချက်လို့လည်း သူ မသတ်မှတ်ရှာဘူး"

"တကယ်လည်း ချွတ်ယွင်းချက်မှ မဟုတ်ဘဲကွယ်၊ ငါ့သမီး က လူကောင်းပကတိပဲ"

"လူကောင်းပကတိလို ဖြစ်နေပေမယ့် အတိတ်က တချို့ အဖြစ်အပျက်လေးတွေ ကွက်မေ့ပြီး ကျန်နေတာ တကယ် တော့ Normal မှမဟုတ်တာ မေမေရယ်၊ အဲဒါ abnormal



www.burmeseclassic.com

www.burmeseclassic.com



လေ၊ ပုံမှန်တော့ မဟုတ်ဘူးပေါ့၊ မကျန်းမာဘူးလည်း ပြောလို့မရ၊ ကျန်းမာတယ်လည်း ပြောလို့မရ ...

ဆွတ် စိတ်ထဲမှာ လွန်ခဲ့တဲ့ နှစ်,နှစ်လောက်အထိ အဖြစ်အပျက်တွေ ဖြစ်ပွားခဲ့တာ တစ်နှစ်နီးပါးအထိ ကိုယ့်ကိုယ်ကိုယ် အစစအရာရာ ငါပြန်မှတ်မိပါတော့မလား လို့ ယုံကြည်ချက်မရှိဘူး၊ ဘာမှ ပြန်မမှတ်မိတော့ရာက နေ ရူးများသွားမလားတောင် ဆွတ် တွေးပြီး ကြောက်မိတာ၊ ဒါပေမဲ့ တဖြည်းဖြည်းချင်းလေး မှတ်မိ မှတ်မိလာတယ်၊ အခုဆို တော်တော်များများကို သတိရနေပြီ”

တစ်ခါတစ်ရံမှာတော့ ဟိုတုန်းက အဖြစ်အပျက်တစ်စုံတစ်ရာကို ပြန်စဉ်းစားကြည့်လိုက်ချိန်မှာ တွေးရင်းက တစ်နေရာမှာရပ်တန့်ပြီး ရှေ့ဆက်မတက်ဘဲ ကွက်လပ်ဖြစ်နေတာမျိုးလေးတွေ ရှိတော့ရှိသေးသည်ပင်။ သို့ပေမဲ့ တော်တော်များများလေးကိုတော့ မှတ်မိ မှတ်မိလာသည်။ အစကလေးတစ်ခု ဖျတ်ခနဲ သတိရရာမှ ပြန်တွေးကြည့်ရင်း အဖြစ်အပျက်တစ်ခုလုံးကို မှတ်မိသွားတာမျိုး ဖြစ်ဖြစ်လာသည်။

ဒါကြောင့် ဆွတ်ပျော်သည်။

“သုဝဏ်က သမီးကို အရင်အတိုင်းထက်မလျော့တဲ့အပြင် အရင်ထက်တောင် ဂရုတစိုက် ကြင်ကြင်နာနာနဲ့ ချစ်နေတာ





သိရတော့ သမီးစိတ်ထဲမှာ လုံးဝပကတိ ပြန်ကောင်းချင်မိတာပါ၊ သမီး မှတ်မိသည်ဖြစ်စေ မမှတ်မိသည်ဖြစ်စေ သုဝဏ် ဘယ်လိုမှမနေဘူး၊ မပြောင်းလဲဘူး ဆိုတာ သမီး သေချာသိပါတယ် ...

ဒါပေမဲ့ သိပ်ချစ်နိုင်တဲ့ သူ့အချစ်ကို ဂုဏ်ပြုတဲ့အနေနဲ့ အပြည့်အဝ စင်းလုံးချော ပြည့်စုံခြင်းကိုပဲ သမီးပြန်ပေးချင်တယ်၊ သမီးဆီက သုဝဏ် ပြန်ရနိုင်တာထဲမှာ အကောင်းဆုံးအခြေအနေကိုပဲ သုဝဏ် ရစေချင်တယ် မေမေ၊ အဲဒါတစ်ခုတည်းကြောင့်ပါ”

“သမီး သုဝဏ်ကို သိပ်ချစ်တာပဲ မဟုတ်လား ဟင်”

“ဟုတ် ... မေမေ၊ ဆွတ် သုဝဏ်ကို အရမ်းချစ်ပါတယ်”

“အမြဲပဲ ဒီလိုချစ်သွားနော်၊ သုဝဏ်က သမီးကို သိပ်မြတ်နိုးရှာတာပါ၊ ငါ့သမီးလေး လက်ထပ်ပြီးသွားတဲ့နောက်မှာလည်း အပြည့်အဝပျော်ရွှင်တဲ့ အိမ်ထောင်ရေးကိုပဲ ရစေချင်တယ်၊ သမီးရော သုဝဏ်ရော ပျော်ရွှင်ချမ်းမြေ့တာပဲ မေမေ မြင်ချင်တယ်”

“အဲလိုပဲ ဖြစ်မှာပါ မေမေ၊ မပျော်ရွှင်စရာ မချမ်းမြေ့စရာ အကြောင်းမှမရှိတာ”



www.burmeseclassic.com

www.burmeseclassic.com



ခေါ်ဖြူဖြူလွင်သည် ရင်လေးခြင်း ရင်မောခြင်း တချို့ တစ်ဝက် ဘယ်လိုမှ မကျေပျက်နိုင်သေးပါ။ သို့ပေမဲ့ ကိုယ်တိုင် ဘာမှတတ်နိုင်တဲ့ကိစ္စ မဟုတ်ပေရာ မချိတရိလေးသာ နေရသည်။

အခု လက်ထပ်မင်္ဂလာကိစ္စဟာလည်း ဆွတ်ကိုယ်တိုင် မိဘထံခွင့်ပန်ခဲ့တာပဲ မဟုတ်လား။ သုဝဏ်က လက်ထပ်ခွင့်တောင်းတာကို ဆွတ်ကလေးက ကြည်ကြည်ဖြူဖြူချက်ချင်း ခေါင်းညိတ်လိုက်ပြီးတဲ့နောက် မေမေကတစ်ဆင့် ဖေဖေ့ကိုလည်း ခွင့်ပန်ပေးပါဆိုပြီး ...

"သုဝဏ်နဲ့သမီး လက်ထပ်ပါရစေနော် မေမေ"လို့

ရင်ခုန်တုန်ယင်စွာ သူကိုယ်တိုင် တောင်းဆိုခဲ့တာပဲ မဟုတ်လား။

သူတို့ အလုပ်တွေရှုပ်နေကြသော နေ့များထဲက တစ်ရက်မှာ ဆွတ်ရဲ့တစ်ဦးတည်းသော မိန်းကလေးသူငယ်ချင်း ကြယ်စင် အလည်ရောက်လာခဲ့ပါသည်။

UFL တက်တဲ့တစ်လျှောက်လုံး တွဲလာခဲ့တဲ့ ကြယ်စင်နှင့် ဆွတ်တို့ တော်တော်ခင်မင်ခဲ့ပါသည်။ သို့ပေမဲ့ ပြဿနာတွေဖြစ်ပွားပြီးတဲ့နောက် ကြယ်စင်နဲ့ ပြန်တွေ့ခွင့်ရတဲ့ရက်တွေမှာ သတင်းမေး ရောက်လာတဲ့ ကြယ်စင့်ကို ဆွတ်က ဟက်ဟက်ပက်ပက် ခင်မင်ရင်းနှီးလို့ မရခဲ့တော့။





ဒါဟာ အဲဒီအချိန်က ရှုပ်ထွေးပွေလီနေတဲ့ အမှတ်သညာများနှင့် အမြဲဝမ်းနည်းစိတ်ရှုပ်နေခဲ့သော ဆွတ်ရဲ့စိတ်မကြည်သာမှုများကြောင့်လည်း တစ်ကြောင်းပါပါသည်။ အဲဒီတုန်းက ကြယ်စင်ကို ဆွတ်က မမှတ်မိ။ "ကြယ်စင်လေ"ဟု ပြောပြလို့သာ ကြယ်စင်လို့ မှတ်ထားလိုက်ရပါသည်။

ကြယ်စင်က အပြင်ထွက်ဖို့ လာခေါ်တတ်ခဲ့ပေမယ့် မိမိကိုယ်ကို မလုံခြုံသော ယုန်ကလေးတစ်ကောင်လို ဖြစ်နေတဲ့ ဆွတ်က မလိုက်ချင်။ ငြင်းရင်း ငြင်းရင်းက ကြာတော့လည်း ကြယ်စင် ကိုယ်တိုင် ဆွတ်ထံ အရောက်အပေါက်ကျဲသွားခဲ့ပါသည်။

အဲဒီရဲ့နောက်မှာ ကြယ်စင်သည် အင်္ဂလန်မှာနေထိုင်သော သူ့အစ်မနှင့်အတူ ခဏသွားနေဖို့ ထွက်သွားခဲ့တာ တစ်နှစ်ကျော်ပါပြီ။

အစ်မဖြစ်သူက ကလေးမီးဖွားထားကာ အလုပ်ပြန်ဝင်ရတော့မည့်အချိန်မှာ ကလေးက ခြောက်လလောက်နှင့် အဆင်မပြေဖြစ်နေတဲ့အတွက် ကြယ်စင့်ကို တစ်နှစ်လောက် အတူလာနေပေးဖို့ ခေါ်ယူတာဖြစ်သည်။

အခု ကလေးက နှစ်နှစ်ပြည့်ခါနီး nursary ပို့ရန်တောင့်တောင့်တင်းတင်းလေး ဖြစ်နေပြီဖြစ်တဲ့အရွယ်မို့ တစ်ပိုင်းသေ လိန်ပိန်အောင် ပြန်ချင်နေတဲ့ ကြယ်စင်က မြန်မာပြည်ပြန်လာဖြစ်တာပါ။



www.burmeseclassic.com

www.burmeseclassic.com



သူပြန်ရောက်ပြီး နှစ်ရက်မြောက်လောက်မှာပင် ဆွတ်ထံ အလည်ရောက်လာပါသည်။ ဆွတ်အတွက်ဝယ်လာသော လက်ဆောင်ပစ္စည်းလေးတွေပေးရင်း ဆွတ်ကိုလည်း သတင်းမေးရင်း ...။

ကြယ်စင်ရောက်လာချိန်မှာ ဆွတ်သည် ထမင်းစားစားပွဲပေါ် မင်္ဂလာဆောင်ဖိတ်စာအဟောင်းတစ်ထပ် ပွကျဲပြီး စာရွက်တချို့နှင့် တကုပ်ကုပ် အလုပ်ရှုပ်နေချိန်ပင်။

"မိဆွတ်"

"ဟယ် ... ဟယ် ... ကြယ်စင်"

ဝမ်းသာအားရ ဖြစ်သွားတဲ့ ဆွတ် ပုံစံကြောင့် ကြယ်စင်ပါ ဝမ်းမြောက်ရပါသည်။ လာသာလာရသည်။ ဆွတ်က မသိတသိ အင်တင်တင်ပဲ ဖြစ်နေဦးမှာလားလို့ စိတ်ထင့်ထင့်နှင့် လာရတာမို့ပင်။

"အမယ်လေး မိဆွတ်ရယ်၊ ငါ အရမ်းလန့်ပြီး ဝမ်းသာလိုက်တာဟယ်"

"ဟင် ... နင် အကြောင်းမကြား ဘာမကြား ရောက်လာလို့သာ ငါက ရုတ်တရက် လန့်ရမှာ၊ ပြီးတော့ ငါကဝမ်းသာရမှာလေ"





"နင်က ဘာလို့ဝမ်းသာရမှာလဲ"

"ဟင် ... ငါ့မှာ မိန်းကလေးသူငယ်ချင်းရယ်လို့ ဖြစ်ဖြစ်မြောက်မြောက် နင်တစ်ယောက်တည်းရှိတာ၊ နင်ပြန်ရောက်လာတော့ ငါ ဝမ်းသာတာပေါ့၊ အခု ငါ့မှာ အဖော်ဆိုလို့ သူဝဏ်တစ်ယောက်တည်း ရှိတာလေဟာ"

"အေးဟာ၊ ငါဝမ်းသာတာကကျတော့ ဟိုးအရင်အခေါက်တွေက နင်က ငါ့ကို စိမ်းတိမ်းတိမ်းကြီးနဲ့ရယ်လေ၊ အခု ငါ့ကိုတွေ့တွေ့ချင်း ထ,တောင်အော်ပြီး ဝမ်းသာအားရဖြစ်သွားတာ မြင်ရတော့ ငါ ပျော်တာပေါ့ဟဲ့၊ ဝမ်းသာလိုက်တာ၊ နင် နေကောင်းတယ်နော်"

"ကောင်းပါတယ်၊ ဟိုးအရင်က ငါ့စိတ်တွေက ထုံထိုင်းပြီး မကြည်မလင် ဖြစ်နေတာလေ၊ အခုက တဖြည်းဖြည်းနဲ့ ငါ အရင်အတိုင်း ပကတိလို ဖြစ်နေပြီ ကြယ်စင်"

"ဟုတ်လား ဝမ်းသာလိုက်တာဟယ်၊ နင် အကုန်လုံး ပြန်သတိရပြီပေါ့နော် မိဆွတ်"

"အကုန်လုံးလိုလိုလို့ပဲ ဆိုပါတော့ဟာ၊ နင် ဒီအချိန်ပြန်ရောက်လာတာ အတော်ပဲ၊ ငါ အားကိုးရပြီ"

"ဘာဖြစ်လို့လဲ"



www.burmeseclassic.com

www.burmeseclassic.com



"ခုချိန်မှာ မိန်းမဖော်သူငယ်ချင်း လိုအပ်တယ်ဟဲ့"

"ဘာလို့လဲ"

ကြယ်စင့်က ထမင်းစားပွဲပေါ် ပုံ့ကွဲနေသော မင်္ဂလာဖိတ်စာပေါင်းတွေကိုတစ်လှည့် ဆွတ်ရေးခြစ်နေတဲ့ စာရွက်ကိုတစ်လှည့်ကြည့်သည်။

"အဟင်း ... ငါ ဖိတ်စာအကြမ်း ရေးနေတာ ကြယ်စင်"

"ဖိတ်စာ ... ဘယ်သူ့အတွက်လဲ"

"အဟင်း"

"ဟင် ... နင်လား၊ နင် လက်ထပ်တော့မယ်လား ဆွတ်"

"ဟုတ်တယ် ကြယ်စင်၊ အဲဒါကြောင့် နင်ပေါ်လာတာကို ငါတကယ်ဝမ်းသာတာ သိလား ကြယ်စင်၊ ငါ့မှာ အစစအရာရာ မေမေနဲ့ အန်တီသူဇာနဲ့ပဲ တိုင်ပင်နေရတယ်၊ ရွယ်တူမိန်းကလေးချင်း တိုင်ပင်ချင်သေးတယ်လေဟာ"

"ဆွတ် ... နင် ဘယ်သူနဲ့လက်ထပ်မှာလဲဟင်"

"သုဝဏ်လေဟယ်၊ ဘယ်သူရှိလို့လဲ"

"........."

ကြယ်စင်က ပြုံးပျော်ရွှင်ကာ ကြည်နူးမြူးထူးနေသော ဆွတ်ရဲ့မျက်နှာလေးကို ငေးငေးကြီး စိုက်ကြည့်နေမိသည်။





ဆွတ် တကယ် ပျော်ရွှင်နေတာ။ တကယ် ကြည်နူးနေတာ။ အဲသလိုပဲ ကြယ်စင် အကဲခတ်မိပါသည်။

သို့ပေမယ့် ကြယ်စင့်ရင်ထဲ တစ်မျိုးလေးတော့ ဆွေးတေးတေး ဖြစ်သွားရပါသည်။အတုလ ...။ အတုလကို ဆုံးရှုံးပြီးတဲ့နောက် သုဝဏ်ကိုပဲ ဆွတ်က ရွေးချယ်လိုက်သည်မှာ အံ့သြစရာတော့ သိပ်မရှိပေမယ့် ဆွတ်မျက်နှာ ဒီလောက်ထိ ချစ်ရည်ရွှန်းလက် တောက်ပနေတာကတော့ အနည်းငယ် အံ့သြမယ်ဆို အံ့သြချင်စရာပဲမို့လား။

"ဘာဖြစ်လို့လဲ ကြယ်စင်"

"ဟင့်အင်း ... ဘာမှမဖြစ်ပါဘူး"

"ဖြစ်ပါတယ်၊ တစ်ခုခု ဖြစ်တယ်၊ နင် ငေးငိုင်သွားသလိုပဲ၊ ဘာဖြစ်လို့လဲဟင်၊ ငါ သုဝဏ်နဲ့ လက်ထပ်မယ့်ကိစ္စမှာ နင်စိတ်အနှောင့်အယှက်ဖြစ်ရာများ တစ်ခုခုရှိလို့လားဟင်"

"ကြံကြီးစီရာ ဆွတ်ရယ်၊ စိတ်အနှောင့်အယှက် ဖြစ်စရာ မရှိပါဘူး"

ကြယ်စင်သည် ဆွတ် ကျန်းမာရေး စတင်ထိခိုက်ကာစကတည်းက ဆွတ်ကို အချို့အရာတွေပြောလို့ရသည်။ အချို့ပြောလို့မရ၊ ဆန့်ကျင်ဘက်မပြုရ ဆိုတာမျိုးတွေ ဆရာဝန်ကြီး



www.burmeseclassic.com

www.burmeseclassic.com



မှာကြားသမျှ ဆွတ်အမေထံမှ သိကြားဖူးခဲ့သူပင်။ ထို့ကြောင့် ခုချိန်မှာ ဘာတွေပြောလို့ ရ,မရဆိုတာ သူ ဆင်ခြင်ရလိမ့်မည်။ ဆွတ်အမေနှင့်လည်း မတွေ့သေး စကားမပြောဖြစ်သေးဘူး မဟုတ်လား။

“နင် တစ်ခုခု ပြောစရာရှိသလိုပဲ၊ ပြောလေ ကြယ်စင်”

“ဘာမှမဟုတ်ပါဘူးဟယ်၊ နင် သုဝဏ်ကို ချစ်သလားလို့ပဲ ငါမေးမလို့ပါ”

“ဟင် ... သုဝဏ်နဲ့ ငါနဲ့ ချစ်သူတွေဆိုတာ နင်သိပြီးသား မဟုတ်လား ကြယ်စင်၊ သုဝဏ်ကို ငါရွေးတော့မယ်ဆိုတော့ ငါ နင့်ကို ပြောခဲ့တယ်လေ၊ အတုလနဲ့ ဝေလျှံကို အရင်ခေါ်ပြီး ပြောမယ် နှစ်သိမ့်မယ်ဆိုတာတောင် နင်နဲ့ ငါ တိုင်ပင်ခဲ့သေးတယ်၊ အဲလို ငါ မှတ်မိနေတယ်၊ ဟုတ်လားဟင်”

ကြယ်စင်က မျက်တောင်ကလေး ပုတ်ခတ်ခတ်နှင့် ...

“အင်း ... မှတ်မိပါတယ်၊ နင်လည်း ပြန်မှာ်မိသားပဲကိုး”

မှတ်မိခြင်း၌ လှုလွဲနေသည်မှာ ဘယ်လိုပါလိမ့်။ ကြယ်စင်က တစ်စုံတစ်ရာကိုတော့ သိချင်စိတ် ထိန်းမရစွာ မရဲတရဲနှင့်ပင် ...





“အခု ဝေ ... ဝေလျှံတို့ အတုလတို့ ဘယ်မှာလဲ နင်သိလား ဆွတ်”

“သူတို့ နိုင်ငံခြားထွက်သွားကြတယ်တဲ့၊ ငါ့ကို အဲလိုပြောကြတာပဲ၊ အဲဒါ ဟုတ်လားဟင် ကြယ်စင်”

✧ ✤ ✧



www.burmeseclassic.com

www.burmeseclassic.com



## ၁၇

"အန်တီ ... အန်တီဖြူ"

အိမ်ထဲ ကမူးရှူးထိုး ပြေးဝင်လာသော သုဝဏ်ကို ဒေါ်ဖြူဖြူလွင်က တအံ့တသြနှင့် ...

"ဘာလဲ သား၊ အလန့်တကြား ရှိလိုက်တာ"

"ကျွန်တော် ဖုန်းခေါ်နေတာ မအားတာနဲ့ လမ်းကနေ ဒီကိုပဲ ဝင်လာလိုက်တော့တာ အန်တီဖြူ"

"အင်း ... အိမ်ဖုန်းက အန်တီ ခုနမိတ်ဆွေတစ်ယောက်နဲ့ ပြောနေလို့ အန်တီ့ဟဲန်းဒ်ဖုန်းက အပေါ်က အခန်းထဲမှာ ထင်ပါရဲ့"

"အန်တီ ... မိဆွတ်ရော"

"ဆွတ် ခုန အပေါ်ထပ်မှာ၊ ဘာလဲ သား၊ ဘာဖြစ်လို့လဲ ရင်ထိတ်လိုက်တာ ပြောပါဦး"





သုဝဏ်က မောကြီးပန်းကြီး အသက်ရှူမှားနေဆဲ အသံနှင့် ...

"အန်တီ ရှေ့တစ်ပတ်ထဲ လွတ်ငြိမ်းချမ်းသာခွင့်တွေပေးမယ်တဲ့၊ လူထောင်ချီပြီး လွှတ်ပေးမယ်တဲ့"

"ဟင် ... ဒါဆို"

"အဲ ... အဲဒါ ... ကျွန်တော်ကြားလာလို့ ဒီကောင့်ရှေ့နေကို ဖုန်းဆက်မေးပြီးပြီ၊ ပါနိုင်တယ်တဲ့"

"ဟင် ... ဒါဆို လွတ် ..."

"သုဝဏ်"

တစ်ဖက် တီဗီခန်းထဲက ထွက်လာသော ဆွတ်ကို မြင်လျှင် သူတို့ပြောလက်စ,စကား တိခနဲ ရပ်သွားကြပါသည်။

"ဘာလဲဟင် ... လွတ်ငြိမ်းချမ်းသာခွင့်ဆိုတာ ထောင်ကျနေတဲ့သူတွေကို လွှတ်ပေးတာ မဟုတ်လား"

"........."

"ဘယ်သူ ထောင်ကျနေတာလဲဟင်၊ ဘယ်သူ ..."

"အာ ... မဟုတ်ပါဘူးဟာ၊ နင်ကလည်း ဘယ်သူက ထောင်ကျနေရမှာလဲ၊ ငါက သတင်းအဖြစ်ကြားလာလို့ အန်တီ့ကို သတင်းထူးပြောပြနေတာပါ"

"ရှေ့နေကို မေးကြည့်တယ်ဆို၊ ဘယ်သူ့ရှေ့နေလဲ"



www.burmeseclassic.com

www.burmeseclassic.com



"ငါ့အသိရှေ့နေတစ်ယောက်နဲ့ စကားစပ်လို့ ဘယ်နှယောက် လောက် လွှတ်မှာလဲ မေးကြည့်တာပါ၊ ထောင်ချိုးပြီးလွှတ် မယ်တဲ့၊ အဲဒါပြောတာ"

ဆွတ်က သုဝဏ်ကိုတစ်လှည့် မေမေကိုတစ်လှည့် ကြည့်နေမိသည်။ သူတို့နှစ်ယောက်လုံး ပုံစံကပြုံးပြုံးပျာပျာ တုန်တုန်လှုပ်လှုပ်နှင့်လိုပင်။ ဆွတ်သိတဲ့ တစ်ယောက်ယောက်များ ထောင်ကျနေတာလား။ ဘယ်သူလဲ။ အတုန့် ဝေလျှံလား ဒါမှ မဟုတ် သူတို့ထဲက တစ်ယောက်လား။ နိုင်ငံခြားသွားတယ်ဆို တာ နှစ်ယောက်လုံး ဟုတ်ရဲ့လား။

ဆွတ်က ရုတ်တရက် ခေါင်းအုံချင်သလိုရှိကာ ခြည်မှန်းထဲက ဆိုဖာတစ်ခုပေါ် ဝင်ထိုင်လိုက်ပါသည်။ သုဝဏ်ထံ မှာ လျှို့ဝှက်မှုတစ်ခုခု ရှိနေသလားလို့ တစ်ခါတစ်ရံ ထင်မိသည်။ ဖုံးဖိနေသလို ထင်မိသည်။ ဖုံးကွယ်နေတာဆိုလျှင် မေးလည်းထူး မည်မဟုတ်၍ ဆွတ်မေးမနေချင်တော့ပါ။

ခုတလော မှတ်ဉာဏ်အပိုင်းအစလေးတွေတချို့ ဖျတ် ခနဲပေါ်လာလိုက်၊ ဖမ်းဆုပ်သေချာမရှိခင် ဖျတ်ခနဲ ပြန်ပျောက် သွားလိုက်။ တချို့အရာလေးတွေသည် မြုပ်ချည်ပေါ်ချည် အာရုံ မှာ လူးလွန့်ကာ ကွက်လပ်လေးတွေ ဖြစ်နေသည်။

"ဒါ ... ဒါဆို ... ကျွန်တော် ပြန်လိုက်ဦးမယ် အန်တီဖြူ"





"အေး ... အေး"

"နင် ဘာလာလုပ်တာလဲဟင် သုဝဏ်၊ ခုပဲရောက် ခုပဲပြန် ဘာအရေးကြီးတာရှိလို့လဲ"

"ဟို ... မေမေ မှာလိုက်တာ လာပြောတာ"

"ဘာမှာလိုက်တာလဲဟင်"

"ဟိုဟာလေ ... ဟို ... သန်ဘက်ခါ ဖိတ်စာတွေရွေးရ မှာဆိုတော့ အတူတူသွားမလားဆိုတာ မေမေက မေးခိုင်း တာ၊ ဟို ... ငါ ဖုန်းဆက်တော့ ဖုန်းမအားတာနဲ့ ဒီနား လည်း ရောက်နေတာနဲ့ ဝင်လာလိုက်တာ"

"ဖိတ်စာတွေက နင်သွားရွေးမှာ မဟုတ်ဘူးလားဟင် သုဝဏ်"

"ငါရွေးဖို့တော့ စီစဉ်ထားတာပဲ၊ အဲဒီနေ့ကိစ္စလေးတစ်ခု တော့ ရှိနေလို့၊ ငါမရွေးနိုင်ရင် မေမေနဲ့ အန်တီ သွားဖို့ပါ၊ ဒါပေမဲ့ ငါလည်း သွားနိုင်ရင် သွားနိုင်မှာပါ၊ ငါမသွား နိုင်မှပါ"

သုဝဏ် စကားတွေက လုံးလုံးထွေးထွေး။ ဒေါ်ဖြူဖြူ လွင်ကပင် ဝင်ကာ ...

"ကဲ ... သား ... သွား ... သွား ... အလုပ်ရှိသေးတယ် ဆို၊ သား ရွေးနိုင်မရွေးနိုင် ဖုန်းထပ်ဆက်နော်၊ သားမသွား နိုင်ရင် အန်တီတို့ သွားလိုက်မယ် ... နော်"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ကဲ့ ... အန်တီ"

သုဝဏ်က ဆွတ်ဘက်လှည့်ကာ ...

"ငါ သွားလိုက်ဦးမယ် ဆွတ်၊ ညကျ ဖုန်းဆက်မယ်နော်"

ဆွတ်က ခေါင်းလေး အသာအယာညိတ်ကာ သုဝဏ် ထွက်ခွာသွားတဲ့ နောက်ကျောပြင်ကို တွေတွေငေးငေးကြည့်ရင်း ကျန်ရစ်ခဲ့ပါသည်။

✧ ♣ ✧





## ၁၈

အငြိုးတကြီး အုန်းအုန်းသည်းသည်း ရွာနေသော မိုးသံက ဆူညံနေပါသည်။ လျှပ်စီးဝင်းဝင်းပြက်ပြီးလျှင် မကြာခင် ကျယ်လောင်သော မိုးခြိမ်းသံက ကပ်ပါလာသည်။ ပြတင်းပေါက်မှန်ချပ်ကတစ်ဆင့် သည်းကာမည်းနေသော မိုးမြင်ကွင်းကို လှမ်းပြီးမြင်နေရပါသည်။

မိုးထဲမှာ လေပါရော၍ သည်းနေသောအခါ ခြံထဲက အပင်တွေ ဒယီးဒယိုင် ယိမ်းငိုက်ယမ်းခါနေကြတာကို မြင်နေရခြင်းက ဆွတ်ရဲ့ရင်တွေကို လှိုက်ဖိုကာ အလန့်တကြားဖြစ်စေသည်။ တဒိန်းဒိန်း ဆူညံသော ရင်ခုန်သံတွေက အပြင်ကမိုးသံနှင့်အပြိုင် ပြောင်းဆန်နေပါသည်။



www.burmeseclassic.com

www.burmeseclassic.com



ဆွတ်က လက်ထဲက ဖိတ်စာရဲ့မျက်နှာဖုံးကို စိုက်ကြည့်နေမိသည်။

"မောင်သုဝဏ်နှင့် မဆွတ်ဖြန်းမိုး"

ဟင့်အင်း … ဟင့်အင်း …

မဟုတ်ဘူး မှားနေပြီ …

အားလုံး မှာ ယွင်းနေပြီ …

အားလုံးမှားယွင်းနေတယ်ဆိုတာ ဆွတ်သိပြီ။

ဆွတ်က ဖိတ်စာကို စားပွဲပေါ်ချလိုက်ကာ တဒိန်းဒိန်း ခုန်နေသော ရင်ခုန်သံပြင်းပြင်းနှင့် သုဝဏ်ကို ခပ်ငေးငေးကြီး စိုက်ကြည့်နေပါသည်။

"ဆွတ်"

"………"

"ဆွတ်လေး … ဆွတ် ဘာဖြစ်နေတာလဲကွာ၊ ဘာဖြစ်လို့ ငါ့ကို အဲလိုကြီး စိုက်ကြည့်နေရတာလဲ"

သုဝဏ်ရဲ့လက်များက ဆွတ်ပခုံးမှတစ်ဆင့် ကျောပြင်ကိုကျော်ကာ သိုင်းဖက်လိုက်ပါသည်။ ဆွတ်က အလန့်တကြားရုန်းကန်ကာ ခြေနှစ်လှမ်းလောက် နောက်ဆုတ်လိုက်ရင်း …

"သုဝဏ် … ကျေးဇူးပြုပြီး နင် … နင် … ဟိုခုံမှာ ငြိမ်ငြိမ်လေး ထိုင်နေပေးပါ သုဝဏ်"



"ဘာဖြစ်လို့လဲ၊ ဘာဖြစ်လို့ ထိုင်နေရမှာလဲ မထိုင်နေချင်ပါဘူး၊ မိုးတွေလည်း ရွာနေလို့ ကိုယ့်ချစ်သူလေး ကြောက်နေမလားလို့ ကိုယ့်ချစ်သူကို ကိုယ်ဖက်ထားချင်လို့လေ၊ ဘာဖြစ်လဲ အဲဒါ"

အမှန်တော့ သုဝဏ်သည် ထူးခြားနေသော ဆွတ်ရဲ့အမူအရာများကိုကြည့်ကာ ဆွတ်ရဲ့စိတ်ကို အာရုံပြောင်းပေးနိုင်ရန် အားထုတ်မိတာဖြစ်သည်။

……… ……… ………

……… ……… ………

……… ……… ………

"ဆွတ် … ဘာဖြစ်နေတာလဲကွာ"

ဆွတ်ရဲ့ခန္ဓာကိုယ်လေးက တဆတ်ဆတ် တုန်ယင်လာပါသည်။ ဒီလို တင်းကျပ်တဲ့ အတွေးအမွေ့တွေ။ ပါးပြင်ထက်က နှုတ်ခမ်းလွှာများပေါ်က ဖိကပ်မွှတ်သိပ်သောအနမ်းတွေ။ ဒါတွေ အယ်နကြိမ်တောင်လဲ။ နေ့ပေါင်း ရက်ပေါင်း လပေါင်းများစွာ နှစ်တွေတောင် ချီလာတဲ့အထိ အကြိမ်ကြိမ် အထပ်ထပ် အဖန်ဖန်အခါခါ။

အို … ခွင့်လွှတ်ပါ … ခွင့်လွှတ်ပါ အတုရယ်

www.burmeseclassic.com



ဆွတ်က မူးဝေလာတဲ့ခေါင်းကို လက်နှစ်ဖက်နှင့် အုပ်ကိုင်ကာ အာရုံထဲ မြင်ယောင်လာတဲ့ မြင်ကွင်းယောင်းတွေ၊ တလျှပ်လျှပ်ပြေးနေတဲ့ စိတ်အလျဉ်အသိတွေကြားထဲ ခန္ဓာကိုယ်ရော စိတ်အစဉ်ပါ တုန်ခါလာခဲ့သည်။

"ငါ သိပြီ ... သုဝဏ် ... ငါသိပြီ၊ နင် ... နင် ငါ့ချစ်သူ မဟုတ်ဘူး သုဝဏ်"

"ဘာ"

"နင် အဲဒါကို မသိဘဲနေမလား၊ နင် အသိဆုံးပဲ"

"........."

"နင် ... လူလိမ် ... လူညာ"

......... ......... .........

......... ......... .........

......... ......... .........

"နင် ... နင့်သူငယ်ချင်းအပေါ်လည်း သစ္စာမရှိဘူး၊ ငါ့ **အပေါ်လည်း သစ္စာမရှိဘူး၊** ငါတို့ရဲ့ဒုက္ခအခက်အခဲတွေကို **အခွင့်ကောင်းယူပြီး** ... နင် ... ..."

"**တော်စမ်း** ဆွတ်၊ နင် ရူးနေလား၊ နင် ဘာတွေလျှောက်ပြောနေတာလဲ ဆွတ်"



......... ......... .........

......... ......... .........

"နင် ငါ့ချစ်သူ မဟုတ်ဘူး၊ ငါ့ချစ်သူက အတုလ"

အတုလ ...

သုဝဏ် ...

ဝေလွှံ ...

ဆွတ် သိပ်ချစ်သော သူငယ်ချင်းသုံးယောက်။ ဆွတ်ကိုလည်း သိပ်ချစ်ကြတဲ့ သူငယ်ချင်းသုံးယောက်လေ။ **အဲဒီ နေ့က** ခြိမ်းခြိမ်းသည်းသည်း မည်းမှောင်နေတဲ့ **မိုးထဲလေထဲမှာ။** သွေးတွေ သွေးတွေဆိုတာ မိုးရေနှင့်ရောကာ ကျဲတောက်**နီရဲ** သော အရည်တွေအဖြစ် ကတ္တရာလမ်းပေါ်မှာ။

......... ......... .........

......... ......... .........

ဆွတ်ကပြင်းထန်သည်းမည်းသော မိုးလေထဲသို့ **ရုတ်**အတင်း ပြေးထွက်လိုက်ပါသည်။

"ဆွတ်"

"........."

"ဆွတ် ... နင် ရူးနေလား မိုးသည်းထဲကို"

www.burmeseclassic.com

www.burmeseclassic.com



အတုရေ ...

ဆွတ်ချစ်တာ အတုကိုလေ ...

ဆွတ်ချစ်သူက အတုလေ ...

နှစ်တွေချီပြီး အားလုံးမှားယွင်းနေခဲ့တာ ...

အားလုံးကို အခု ဆွတ် သိပြီ ...

ဆွတ်သည် ချမ်းတုန်အေးစက်နေသော မိုးထဲ၌ အပြေးတစ်ပိုင်းနှင့် ဝိုရှိုက်လာမိသည်။ ရင်ထဲမှာ နာကျင်ဝမ်းနည်း ထိခိုက်နေတာပဲ သိသည်။ ခြေလှမ်းများက ခြံဝင်းရှိရာလမ်းသွယ် လေးမှ လမ်းမထိပ်သို့။

အတု ... နင် ... နင် ... ထောင်ကျနေတယ် မဟုတ်လားဟင်။

နင် ထောင်ထဲမှာ မဟုတ်လား အတုရယ်။

သည်းလွန်းတဲ့မိုးထဲ မျက်ရည်ပြည့်သော မျက်ဝန်း တို့က ဘာကိုမှသဲကွဲစွာမမြင်၊ ကားမီးရောင်တန်းကြောင့် လမ်းမ ကြီးပေါ် ရပ်နေမိတာ သိသည်။ ရှေ့ဆက်တိုးရ ကောင်းနိုး၊ နောက်ဆုတ်ရ ကောင်းနိုး။ နီးကပ်လာသော ကားမီးစူးစူးကြီး တစ်ခုနှင့်အတူ တစ္စုံတစ်ရာက ကိုယ့်ကို တိုးတိုက်သွားသလို ဆွတ် လွင့်ထွက်သွားပါသည်။





ရှေ့တိုးရမလား။

နောက်ဆုတ်ရမလားဟင်။

ဆွတ် ဘာလုပ်ရမလဲ။

✧ ♣ ✧



www.burmeseclassic.com

www.burmeseclassic.com



## ၁၉

မဆုံးနိုင်သော အိပ်မက်ရှည်ကြီးကို တမေ့တမော တရှည်တလျား မပြီးမဆုံး မက်နေရသည်နှင့်ပင် တူသေးတော့။

ဟိုးငယ်ငယ်ကစပြီး ခုချိန်ထိ ဘဝတစ်လျှောက်လုံးကို အပြည့်အစုံ ရိုက်ကူးထားသည့် ရုပ်ရှင်ကားရှည်ကြီးကို ကြည့်နေရသည်နှင့်လည်း တူသေးသည်။ အားလုံးဟာ မြင်ကွင်းထဲမှာ အသေးစိတ်စိတ် ကွက်ကွက်ကွင်းကွင်း ရှိလှသည်။

ပျော်ရွှင်စရာ လွမ်းမောစရာ ထိတ်လန့်ချောက်ချားစရာ ရင်တလှပ်လှပ်ခုန်လျက် ထိုအိပ်မက်ကို တမက်တမော မက်နေမိလေသည်။

ဆွတ်ရဲ့ချစ်သူဟာ ... သူ ...။

ဟင့်အင်း ... မဟုတ်ဘူး၊ သူ ...။





ဟင့်အင်း ... ဟင့်အင်း ... သူပါ။ ချစ်သူက သူပါ။

"သမီးလေး ... သမီးလေး"

"ဆွတ် ... သမီး"

အနည်းငယ်ကလေး လူးလွန့်လိုက်သည်နှင့် ခေါ်သံတွေက အနားမှာ ဆူဆူညံသွားသည်။ ဖေဖေ ... မေမေ ...။ ဆွတ် နိုးလာတာလား။ ဆွတ်သတိရလာတာလား။

"သမီး သတိရလာပြီလား"

ဆွတ်က မျက်လုံးကို အသာအယာ ဖွင့်ကြည့်လိုက်ပါသည်။

ဖေဖေရယ်၊ မေမေရယ်၊ ဆရာဝန် ဆရာမတွေရယ်။ သူရော ...။ သူရောဟင်။

"သမီး သတိရပြီနော်"

"သမီး ... သမီး ... သတိလစ်သွားတာလား"

"ဟုတ်တယ် သမီး၊ အခု သမီး ကောင်းကောင်းသတိရလာပြီ၊ သမီး ...ားမှာရှိတဲ့သူတွေ အားလုံးကို သမီးသိတယ်နော်"

ဆွတ်က ခေါင်းလေးညိတ်လိုက်ပါသည်။ ဟုတ်ကဲ့ သမီးသိပါတယ်။ အားလုံးကို သိပါတယ်၊ မှတ်လည်းမှတ်မိတယ်။ ဒါပေမဲ့ သူရော ...။



www.burmeseclassic.com

www.burmeseclassic.com



"သမီးကို ကားတိုက်မိတယ်၊ ဒါပေမဲ့ ကားကအရှိန်သတ်နိုင်ပါတယ်၊ အရှိန်မပြင်းဘူး၊ သမီးဒဏ်ရာကြီးကြီးမားမား မရဘူး၊ အဲဒါရော သမီးသိတယ် မဟုတ်လား"

"ဟုတ်ကဲ့ ... ကားတိုက်ခံရတာ သမီးသိပါတယ်"

"သမီး အခု ဝေဒနာခံစားရတာ ရှိသလား၊ နာတာကျင်တာ ခေါင်းမူးတာ အန်ချင်တာ ဘာဖြစ်သလဲ"

"ဆွတ် ဘာမှမဖြစ်ဘူး ဆရာကြီး"

"Good ၊ သမီး နေကောင်းပါတယ်၊ ကဲ ... ဘာမှမစိုးရိမ်ကြနဲ့တော့"

ဆရာကြီးတို့ ဆရာဝန် ဆရာမများအုပ်စု နောက်ဆုတ်ထွက်ခွာသွားလျှင် ဖေဖေနှင့် မေမေက အနားတိုးကပ်လာပါသည်။

"ဝမ်းသာလိုက်တာ သမီးလေးရယ်၊ မေမေ ပူလိုက်ရတာ၊ သမီး နှစ်ရက်တောင် သတိမရဘူး၊ ဖျားပြီး ကယောင်ကတမ်းတွေလည်း ပြောနေတယ်၊ မေမေ စိတ်တွေပူလိုက်ရတာ၊ အခု သမီး ဘာမှမဖြစ်တော့ဘူးနော်"

"ဘာမှမဖြစ်ပါဘူး မေမေ"

ဆွတ်က ဖေဖေနှင့် မေမေ့ကိုကျော်ကာ အခန်းထဲမှာ ဝေ့ဝဲရှာဖွေကြည့်လိုက်ပါသည်။ နာ့စ်တစ်ယောက် ကျန်သေးတာကလွဲရင် တခြား ဘယ်သူမှ မရှိပါလား။





"မေမေ"

"သမီးလေး"

"သူ ... သူရော"

"ဘယ်သူလဲ သမီးလေး"

"သုဝဏ်လေ မေမေ"

ဖြေရင်းက ဆွတ် မျက်ဝန်းထဲ မျက်ရည်ကြည်တွေစိမ့်တက်လာသလို မေမေ့မျက်ဝန်းမှာလည်း မျက်ရည်လည်လာသည်။

"ဆွတ် ... သုဝဏ်နဲ့ တွေ့ချင်တယ်၊ သူ့ခေါင်းကို ဆွတ် ပန်းအိုးနဲ့ရိုက်လိုက်မိတယ်၊ သွေးတွေရဲလို့၊ သုဝဏ် နေကောင်းရဲ့လားဟင်"

"ကောင်းပါတယ် သမီး၊ သုဝဏ် အခန်းပြင်မှာ ရှိပါတယ်၊ အပြင်မှာ အန်တီသူဇာတို့လည်း ရှိတယ်၊ သုဝဏ်က နှစ်ရက်လုံးလုံး သမီးနားမှာပါ၊ သမီး သတိရလာရင် သူ့ကို တွေ့ချင် မတွေ့ချင်ဆိုတာ သူ စိုးရိမ်လို့ အပြင်ထွက်လိုက် အထဲဝင်လိုက် လုပ်နေရှာတာ၊ အခု အပြင်မှာရှိနေတယ်လေ"

"ဆွတ် ... သုဝဏ်ကို တွေ့ချင်ပါတယ် မေမေ"



BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com



"မေမေ ခေါ်ပေးမယ်၊ သမီးလေး နောက်ထပ်တစ်ယောက် ရှိသေးတယ်၊ ဒီနေ့ပဲရောက်လာတယ်၊ သမီး သတင်းကြားတာနဲ့ ရောက်လာပါတယ်"

"ဟိုတစ်နေ့က မေမေတို့ ပြောနေတဲ့ လွတ်ငြိမ်းချမ်းသာနဲ့ ထောင်က လွတ်လာမယ်ဆိုတာ မဟုတ်လား ဟင်"

"ဟုတ်တယ် သမီး"

"သမီး တွေ့ပါ့မယ်၊ သူ ဘယ်သူဖြစ်ဖြစ် သမီး ... သမီး တွေ့ချင်ပါတယ်"

"အေး ... အေး ... မေမေ ခေါ်လိုက်မယ် သမီး"

"မေမေ"

"သမီး"

"သူ ဘယ်သူပဲ ဖြစ်ပါစေ သမီး ... သမီး သုဝဏ်ကို လက်ထပ်မှာပါ၊ သုဝဏ်ကို သမီး သိပ်ချစ်ပါတယ်ဆိုတာ ခေါ်မလာခင် ပြောခဲ့ပေးပါနော်"

"ဝမ်းသာလိုက်တာ သမီးလေးရယ်၊ စိတ်ချ ... မေမေပြောခဲ့မယ်"

မေမေ အခန်းတံခါးဝဆီသွားစဉ် ဆွတ်က မျက်လုံးလေးအစုံကို ခေတ္တမှိတ်ထားလိုက်မိသည်။ တစ်ယောက် ကွယ်လွန်ခဲ့သည်။ တစ်ယောက် ထောင်ကျခဲ့သည်။ ဒါကို ဆွတ် သိ





နေပါပြီ။ အဲဒီအတွက် သူငယ်ချင်းနှစ်ယောက်ကို သနားလွန်းလို့ ရင်တွေနာရပါသည်။

ဒါပေမဲ့ ... ဒါပေမဲ့ ...

ဆွတ်ကို ခွင့်လွှတ်ပါတော့ အတုရယ်။ ခွင့်လွှတ်ပါနော်။

"ဆွတ်"

"မိဆွတ်"

အသံတိုးတိုးဖွဖွနှစ်ခုက ညင်ညင်သာသာ။ ဆွတ်က မျက်လုံးလေး အသာအယာဖွင့်ကာ ကြည့်လိုက်ပါသည်။ သုဝဏ်ကို မြင်မြင်ချင်း ဆွတ်ရင်ထဲ နင့်သွားမိပါသည်။ ခေါင်းမှာ ပတ်တီးဖြူဖြူနှင့်။ မျက်နှာက နှစ်ရက်လုံးလုံး ငိုကြွေးထားခဲ့သလို မျက်ခွံသားများ ဖောင်းအစ် နီမြန်းနေသည်။

သုဝဏ် လက်တစ်ဖက်ကို ဆွတ်က လှမ်းဆုပ်ကိုင်လိုက်ပါသည်။

သုဝဏ်ဘေးက သူငယ်ချင်းကို စေ့စေ့ကြည့်ရင်း ဆွတ်မျက်ဝန်းအိမ်မှ မျက်ရည်ပေါက်ကြီးများ တလိမ့်လိမ့်စီးကျလာသည်။

"ဝေလျှံ"

"မိဆွတ်"



www.burmeseclassic.com

 www.burmeseclassic.com

"နင် ... နင် ... ခုမှ လွတ်လာတယ်၊ နင့်ကို ခုလိုပြန်တွေ့ရတာ ငါဝမ်းသာလိုက်တာဟာ"

"အေးပါဟာ၊ ငါလည်း အရမ်းဝမ်းသာတယ် မိဆွတ်ရယ်၊ မငိုပါနဲ့ဟာ၊ နေမကောင်း ဖြစ်နေဦးမယ်"

"ဝေလျှံ"

"အေး"

"သုဝဏ်"

"ဆွတ်"

"အတု ... အတု ဆုံးသွားတာပေါ့နော်"

"........."

"ငါ စိတ်မကောင်းလိုက်တာဟာ၊ ငါ စိတ်မကောင်းလိုက်တာ"

ဆွတ်က ရှိုက်သံလေးသဲ့သဲ့နှင့် တသိမ့်သိမ့် ရှိုက်ငိုလိုက်မိသလို သုဝဏ်နှင့် ဝေလျှံ နှစ်ယောက်စလုံးလည်း မျက်ရည်စကိုယ်စီနှင့်။ ဆေးရုံခန်း ဖြူဖြူကလေးထဲမှာ သူတို့အပြင် အခြားသော ဝိညာဉ်ကလေးတစ်ခု ရှိနေလိမ့်ဦးမည်လို့ သူတို့ထင်မှားယုံစားနေမိကြလေသည်။

**လမင်းမိုမို**

BURMESE CLASSIC .com
www.burmeseclassic.com